www.burmeseclassic.com

ကလျာ
(ဝိဇ္ဇာသိပ္ပံ)

# မြနှင်းမုံ

(ဒုတိယအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com

# ကလျာ (ဝိဇ္ဇာ–သိပ္ပံ)

၏

# မြန်နန်းမို

ပထမအကြိမ် - ၁၉၈၆ ခု၊ ဇွန်လ
ဒုတိယအကြိမ် - ၂၀၁၀ ခု၊ ဩဂုတ်လ

www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

### ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စာမူခွင့်ပြုချက်အမှတ်
၅၀၁၃၅၇၀၉၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၇၆၇၀၆၀၉
**ထုတ်ဝေသူ**
ဦးမောင်မျိုး
ကြောင်နှစ်ကောင်စာပေ
**ပုံနှိပ်သူ**
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်
**ထုတ်ဝေခြင်း**
ဒုတိယအကြိမ် ၂၀၁၀ ခုနှစ်
အုပ်ရေ ၁၀၀၀၊ တန်ဖိုး ၁၀၀ ကျပ်

မြန်နန်းမုံ/ကလျာ။ −ရန်ကုန်၊ ၈၉၅.၈၃
ကြောင်နှစ်ကောင်စာပေ၊ ၂၀၀၉။
၃၉၈ −စာ ၊ ၁၇ X ၁၂ စင်တီ။ (၁)မြန်နန်းမုံ

www.burmeseclassic.com

www.burmeseclassic.com

## ဒုတိယအကြိမ်ထုတ်ဝေခြင်းအတွက် အမှာစာ

ဤမြနန်းမုံဝတ္ထုကို... လွန်ခဲ့သော ၂၄ နှစ် ခန့်ကာလက တောင်ကြီးကောလိပ်ဆရာမများအဆောင်မှာ ကျွန်မ တစ်လတာမျှ နေထိုင်၍ ရေးသားခဲ့ပါသည်...

ဇာတ်လမ်းမှာပါရှိသော တောင်ပိုင်းရှမ်းနယ်မှ အတွေ့အကြုံမျိုးစုံနှင့် အထူးသဖြင့် သမိုင်းဝင် 'မိုင်းပွန်မြို့'နှင့် တောတောင်ဝန်းကျင်ကို အသေးစိတ်ရေးသားနိုင်အောင် ကူညီခဲ့သော ညီမလေး စဝ်မြင့်ကြည်၏ ကျေးဇူးတရားများကို ပြန်လည်အမှတ်တရဖြစ်စေခဲ့ပါသည်...

စဝ်မြင့်ကြည်နှင့် ကျွန်မမှာ ငယ်သူငယ်ချင်းများ ဖြစ်ကြသော်လည်း သူက ကျွန်မထက်ငယ်ပါသည်... ဆယ်နှစ်ကျော်လောက် ဝေးကွာသွားကြပြီးမှ သူက ကျွန်မကို ရှာဖွေဆက်သွယ်ခဲ့ရာသည်... ထိုအချိန်မှစပြီး သူ၏ နောက်ဆုံးအချိန်အထိ ကျွန်မနှင့် အဆက်သွယ်မပြတ်ခဲ့ပါ...

www.burmeseclassic.com

www.burmeseclassic.com



သူက စာကြည့်တိုက်ပညာ ဒီပလိုမာရရှိပြီးနောက်မှာ တောင်ကြီးကောလိပ်၏ စာကြည့်တိုက်မှူးအဖြစ် ပြောင်းရွှေ့တာဝန်ထမ်းချိန်မှာ "မမလာခဲ့ပါ"ဆိုသော မှာကြားချက်အရ သူနှင့်အတူ သွားရောက်နေထိုင်ပြီး ယခုဝတ္ထုကို အစမှအဆုံးတိုင် တောင်ကြီးမြို့မှာ နေထိုင်ရေးသားခဲ့ပါသည်. . .

ဤဝတ္ထု၏ အဓိကဇာတ်ဝင်ခန်းဒေသဖြစ်သော "မိုင်းပွန်မြို့"သို့ convoy ယာဉ်တန်းနှင့် ခက်ခက်ခဲခဲ သွားရောက်ခဲ့ကြပြီး မိုင်းပွန်မြို့မှာ နေထိုင်ခွင့်ရသည်မှာလည်း ညီမလေး စဝ်မြင့်ကြည်၏ စီစဉ်ပေးမှုကြောင့်ပါပင်. . .

ပင်လုံနှင့် မိုင်းပွန်ဝန်းကျင်အနှံ့ လည်ပတ်လေ့လာကြချိန်မှာ. ရှေးယခင်က ဘုန်းမီးနေလ တောက်ပခဲ့ကြသော စော်ဘွားများ အစဉ်အဆက် စံမြန်းခဲ့ကြသည့်

'မိုင်းပွန်ဟော်'

သို့ ဝင်ရောက်ခဲ့ကြပါသည်. . . ယိုယွင်းယိုင်နဲ့ပြီး. . . ကျဆုံးခြင်း သရုပ်များဖြင့် ဟောင်းနွမ်းညှိုးလျော်နေသော ဤဟော်ကြီးကို ကြည့်ပြီး ညီမလေးစဝ်မြင့်ကြည် ကြေကွဲစွာ ငိုကျွေးရှာသည်. . .

ဗိုလ်ချုပ်အောင်ဆန်းတို့နှင့်အတူ ကျဆုံးခဲ့ရှာသော အာဇာနည်ခေါင်းဆောင် မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်းနှင့် မဟာဒေဝီတို့၏ သားသမီးလေးဦးအနက် အငယ်ဆုံးသမီးထွေးလေးမှာ. ဤညီမလေး စဝ်မြင့်ကြည်. . . ဖြစ်ပါသည်. . .

သူ့မိခင် မဟာဒေဝီမှာ သူငယ်စဉ်ကပင် ကွယ်လွန်ခဲ့



ရှာသည်. . . စော်ဘွားကြီးမှာလည်း ကျဆုံးခဲ့လေပြီ

ဤမိုင်းပွန်ဟော်မှာ စော်ဘွားအဆက်ဆက် စိုးစံခဲ့ကြပြီး နောက်ဆုံး စော်ဘွားကြီးမှာ စဝ်စံထွန်းဖြစ်ပါသည်။

ဤမိုင်းပွန်ဟော်မှ ကန်တော့ခံအဆောင်ကြီးကို မြင်ရချိန်မှာ စော်ဘွားများ၏ ဘုန်းသမ္ဘာအရှိန်အဝါကို မျှော်မှန်းကြည့်နိုင်ပါသည်. . .

ဤဟော်နန်းကြီးကို ကြည့်ပြီး အငယ်ဆုံးမျိုးဆက်သွေး ညီမလေး စဝ်မြင့်ကြည် မပြောနှင့် ကျွန်မပင် မျက်ရည်ဝိုင်းခဲ့ရပါသည်. . . ကြေကွဲမှုများနှင့်အတူ တိတ်ဆိတ်ငြိမ်သက်စွာ 'ဟော်' ထဲမှ ပြန်ထွက်ခဲ့ကြရပါ၏။

ထို့နောက် တောင်ကြီးသို့ပြန်ပြီး ဤဝတ္ထုကို ဆက်ရေး၍ ပြီးဆုံးမှ ကျွန်မ ရန်ကုန်သို့ ပြန်ခဲ့ပါ၏။

နောက်ပိုင်းတွင် သူ ရန်ကုန်ပြန်ရောက်လာတော့လည်း အမြဲလို တွေ့ဆုံပြီး တခြားခရီးများကို အတူထွက်ဖြစ်ကြပြန်သည်. . .

နောက်ဆုံး သူ့ခင်ပွန်း လေတပ်မှ တပ်ကြပ်ကြီး အငြိမ်းစားယူပြီးနောက် ခဏ အိမ်ငှားနေကြသည်. . . ထို့နောက်တွင်မြင့် သူ့ကိုချစ်သော အမျိုးသမီးနှစ်ဦးတည်းနေထိုင်သည့်အိမ်သို့ သူတို့ ပြောင်းရွှေ့လာကြပါသည်. . . သူ့မှာ သားသမီးလည်း မရှိပါ။

'မမနဲ့လည်းနီးအောင်'ဆိုပြီး ညီမလေး ပြောင်းရွှေ့လာသည့်အိမ်မှာ သုဝဏ္ဏမှ ကျွန်မနေထိုင်သည့် အိမ်နှင့် ဟိုဘက်

www.burmeseclassic.com

www.burmeseclassic.com



လမ်း သည်ဘက်လမ်းဖြစ်၍ နေ့စဉ်နီးပါး ဆုံဖြစ်ကြ။ အတူသွားကြ၊ အတူစားကြနှင့် ချစ်ခင်ရင်းနှီးစွာ နေထိုင်နေဆဲကာလမှာ. . .

နေ့လယ်အထိ အကောင်းပကတိ. . . ညဉ့်နက်တော့မှ. . . ဝေဒနာဖောက်လာပြီး. . . ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်နေ့ မနက်မိုးမလင်းမီမှာ ကွယ်လွန်သွားရှာသည်။

ဤမြန်နန်းမုံဝတ္ထု ဒုတိယအကြိမ် ပြန်လည်ထုတ်ဝေရန်. . . ကျွန်မ စာမူကြမ်းကို ဖတ်ရှုရချိန်မှာ သူနဲ့အတူနေထိုင်ခဲ့သွားလာခဲ့ကြသည်များကို အသေးစိပ် ပြန်လည်သတိရပြီး ကြေကွဲဝမ်းနည်းလှပါသည်. . .

ကံမဆိုးလှသော်လည်း ကံမကောင်းရှာသော ကျွန်မ၏ ချစ်ညီမလေး စဝ်မြင့်ကြည်၏ ကျေးဇူးတရားများကို ပြန်လည်တသ သတိရစွာဖြင့် ဤအမှာစာကို မှတ်တမ်းတင်ရေးသားရခြင်း ဖြစ်ပါသည်။

လေးစားစွာဖြင့်<br>
ဒေါ်ကလျာ<br>
၁၄-၅-၂၀၁၀



## အခန်း ။ ၁ ။

ပွန်ချောင်းသည် မိုင်းပွန်မြို့ဦးမှနေ၍ ရစ်ခွေစီးဆင်းနေပေသည်။

ကျောက်တောင် ကျောင်းနှင့် စေတီတော်များ တည်ရှိရာ တောင်ကုန်းမြင့်ပေါ်မှ လှမ်းကြည့်လိုက်လျှင် 'မိုင်းပွန်မြို့'လေးသည် ရောင့်ရဲခြင်း၊ သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း စသော အမြတ်တရားများကို ရင်ခွင်ပိုက်ကာ ငြိမ်းအေးစွာ ငြိမ်သက်နေရှာသည်။

မောရှမ်းမြေ၏တောင်ပေါ် သဘာဝမြို့များအတိုင်း အနိမ့်အမြင့် အဆင့်ဆင့်ဖြင့် ဆောက်တည်ထားသော အိမ်ငယ်များ၊ အိမ်ကြီးများတို့၏ နောက်ဘက်တွင် ကမ္ဘာ့သက်တမ်း နီးပါးတမျှ ခိုင်ကျည်ခဲ့ပြီး ကမ္ဘာနှင့်အတူသာ ပျက်သုဉ်းလေမည့် ရှမ်းရိုးမတောင်စွယ်တောင်တန်းများက ခိုင်ခိုင်မာမာ ထီးထီးမားမား. . .

မိုးတိမ်နှင့် ထိမိအောင် လွင့်ပျံ့သွားကြမည့် တောင်ခိုးငွေ့တို့က ခဲသားရောင် ဖျော့ဖျော့ စပ်ထားသော အဖြူရောင်လိုအဆောင်ကြောတစ်ဝိုက်မှာ ရှင်သန်လွင့်မျောနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျောက်တောင်ဟု အမည်ပေးထားရလောက်အောင်ပင် မြေသားမရှိ ပကတိကျောက်စွန်းကျောက်ဆွယ် ကျောက်တုံးကြီး ငယ်တို့ဖြင့်သာ ဖွဲ့စည်းထားသော 'ကျောက်တောင်ကျောင်း' ဆရာတော်ဘုရားကို ပါလာသော မုန့်များကို ဆက်ကပ်လှူပြီး အဖော်များနှင့်အတူ ကျောက်တောင်ထိပ်ဖျားမှ ပြန်ဆင်းရန် ဖိနပ်ကို ငုံ့ယူနေစဉ်. . .

"မမမုံ"

"ဟဲ့. . . စိုင်းပါလား"

"ဟုတ်တယ်"

"ဒီနေ့ ကုန် ရခဲ့လို့လား"

"ကုန်လည်းရတယ်၊ လူလည်း ရလာတယ်ဗျ"

စိုင်းလွှမ်းအောင်က ခပ်ပြုံးပြုံးဖြေ၏။

ဤကောင်လေးသည် ဟိုင်းလပ်(စ်)ကား တစ်စီးဖြင့် တောင်ကြီး မိုင်းပွန် ပြေးဆွဲနေသော ကားသမားလေး. . .

"ကုန်ရောလူပါ ရလာတော့ ဒီအခေါက် စိုင်းတို့ ငွေ အများကြီး ရပြီပေါ့လေ"

"လူခမယူခဲ့ပါဘူးဗျာ၊ အလကား တင်လာတာပါ"

"ဒါဆိုလည်း ကုသိုလ်ရတာပေါ့"

"ဟိုလူဆီက ကုသိုလ်မရချင်ဘူး၊ မမမုံ ဆီကပဲ ကုသိုလ် ရချင်တာ"

"ဘာပြောတာလဲ စိုင်းရဲ့"

"အဲဒီစိုင်း အလကားတင်လာခဲ့တဲ့လူက မမမုံရဲ့ညီ့သည်





တဲ့ဗျ၊ ရန်ကုန်ကနေ မမမုံဆီ လိုက်လာခဲ့တာတဲ့"

"အို. . . မဖြစ်နိုင်တာပဲ"

"မမက မဖြစ်နိုင်ဘူးပြောနေ၊ ဟိုမှာ အကောင်လိုက်ကြီး ပါလာတာကို"

"အို. . ."

"မမမှာ ရန်ကုန်ကလာမယ့် ညီ့သည်တစ်ယောက်မှကို မရှိပါဘူး၊ စိုင်းလည်း အသိပဲလေ"

"မသိဘူးဗျာ၊ မမမုံသာလိုက်ခဲ့၊ ဟိုမှာ သူစောင့်နေတယ်"

စိုင်းလွှမ်းအောင်က စိတ်ရှုပ်ဟန်နှင့် ရှေ့မှ ဆင်းသွားနှင့်၍ နောက်မှကပ်လျက် လိုက်ဆင်းခဲ့မိသည်။ အုတ်လှေကား အကွေ့အချိုးရောက်စော့. . .

အရပ်ရှည်ရှည် အသားညိုညို သန့်သန့်ပြန့်ပြန့် သားသား နားနားနှင့် အကောင်းစား အဝတ်အစားများကို ဆင်မြန်းထား သော အမျိုးသားတစ်ဦးယောက်ကို ဘွားခနဲ တွေ့လိုက်ရသဖြင့် ရင်ပင်ခုန်သွားမိသည်။

"အစ်ကိုတွေ့ဖို့ လိုက်လာတဲ့ မြနန်းမုံ ဆိုတာ သူပဲ"

"မြနန်းမုံ. . ."

သူ့ထံမှ ပထမဆုံးသော ကြားရသည့် စကားသံက မိမိ အမည်ကို အံ့ဩသလို ရွတ်ဆိုလိုက်ပြီး ထူးဆန်းသော သတ္တဝါ တစ်ကောင်လို စူးစူးရှရှကြီး စိုက်ကြည့်နေ၍. . .

"ဟုတ်ကဲ့၊ ကျွန်မ မြနန်းမုံ ပါ၊ ဘာ. . . ဘာကိစ္စနဲ့ ကျွန်မ ကို တွေ့ချင်ရတာပါလဲရှင်"



www.burmeseclassic.com

www.burmeseclassic.com



သူက ဘာမှမဖြေဘဲ သူ့ဂျာကင်အိတ်၏ အတွင်းပိုင်းကို နှိုက်ပြီး စာတစ်စောင် ထွက်လာတော့မှ. . .

"ကျွန်တော့်ကိုယ်ကျွန်တော် မိတ်ဆက်ပေးနေလို့လည်း သိမှာမဟုတ်ဘူး၊ ရော့. . . ဒီစာကိုသာ ဖတ်ကြည့်ပါ"

မြနန်းမုံ. . .

သရုပ်ပြဆရာမ

ဓာတုဗေဒဌာန

တောင်ကြီးကောလိပ်

ပင်လုံဆောင်. . . ဖုန်း (. . . . . .)

လိပ်စာတ မိမိသို့ ရည်ညွှန်းထားကြောင်း အတိအကျမို့ ဖွင့်ဖတ်လိုက်တော့. . .

သမီး မြနန်းမုံ. . .

ယခု လာသူမှာ 'ကိုပိုင်စိုး' ဖြစ်ပါတယ်၊ သူက စာရေးဆရာပဲ။

မိုင်းပွန်နယ်မြေနဲ့ သမိုင်းကြောင်းကို သိချင်လို့တဲ့။

အဲဒါ သိသလောက်ပြောပြလိုက်ပါ။

သမီး မြနန်းမုံ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေ။

အမေ ဒေါ်လှရင်





မြနန်းမုံက စာကိုခေါက်၍ အိတ်ထဲသို့ထည့်ရင်းက. . .

"ဒေါ်လှရင် ဆိုတာ ဘယ်သူလဲဟင်"

"ဗျာ. . . "

ဧည့်သည်က တက်ကြွနေသော စိတ်များကို ဆွဲဖယ်ပစ်လိုက်သည်သို့ပင် အံ့သြအားငယ်သွားဟန်ဖြင့်. . .

"ဒေါ်လှရင် ဆိုတာကို တကယ်ပဲ မသိဘူးလားဟင်"

"ဟုတ်ကဲ့၊ ဒီအမည်နဲ့ နန်းမုံရဲ့အသိထဲမှာ တစ်ယောက်မှ မရှိပါဘူးရှင်"

"ဟာဗျာ. . . ဒုက္ခပါပဲ"

"ပြစမ်း မမ"

စိုင်းလွှမ်းအောင်က မြနန်းမုံ၏လက်ထဲမှစာကို ဆွဲယူ၍ ဖတ်ကြည့်လိုက်ပြီး. . .

"ရေးပေးလိုက်တာကတော့ အပိုင်ပဲ၊ မမမုံကို သမီးတဲ့၊ မမမုံရဲ့အမေကဖြင့်"

"ဟဲ့. . . စိုင်း"

မြနန်းမုံသည် သူ့မိခင်ဆိုသူ၏ အကြောင်းကို စိုင်းလွှမ်းအောင် ဆက်ပြောလိုက်မှာ ကြောက်လန့်တကြီးဖြင့် တားမြစ်လိုက်ရင်း. . .

"အင်းလေ- ဘာပဲဖြစ်ဖြစ် ရောက်လာမှတော့ နန်းမုံသိသမျှ ပြောပြလိုက်ပါ့မယ်၊ ဘာသိချင်လို့လဲဟင်၊ မေးပါ"

မြနန်းမုံ ပုံစံက အင်တာဗျူးဖြေသူလို တစ်ထိုင်တည်းမေး၊ တစ်ထိုင်တည်း ဖြေလိုက်မည့် အသွင်သဏ္ဍာန်မျိုး။



www.burmeseclassic.com

www.burmeseclassic.com



စာထဲကအတိုင်း ဒီဘက်က သိလိုသမျှဖြေပြီးရင် မြနန်းမုံ၏ကိစ္စ ပြီးပြီ၊ ဝတ္တရားကျေပြီဟူသော သဘောဖြင့် ပြောနေခြင်းဖြစ်ကြောင်း ကိုပိုင်စိုး သိလိုက်ရသည်။

ခက်ချေပြီ။

လွယ်လွယ်နှင့်လာ၍ရသော အရပ်ဒေသ မဟုတ်။

ကွန်ဗွိုင်(Convoy)ခရီး၊ တစ်စီးချင်း သွားခွင့် မရှိ၊ စောင့်ရှောက်ရေး လက်နက်ကိုင်တပ်ဖွဲ့နှင့်မှ လာ၍ရသောလမ်း။ ကိုးနာရီတစ်ကြိမ်၊ ဆယ့်နှစ်နာရီ တစ်ခါသာ သွားကြ လာကြမည့် မော်တော်ယာဉ်များကို စုပေါင်းစီတန်းပြီးမှ တစ်ကားလျှင် ရဲအစောင့်ရှောက် တစ်ယောက်စီ လိုက်ပါပို့ဆောင်ပေးရသော တောင်ပေါ်ဒေသခရီးရှည်။

ယခု ကိုပိုင်စိုး လိုက်လာရသည်က ဆယ့်နှစ်နာရီခေါက်နှင့်မို့ ယနေ့အဖို့တော့ နောက်ကြောင်းပြန်စရာ ကားမရှိတော့၊ အကယ်၍ သုံးနာရီခေါက် ထွက်ပေးလျှင်လည်း 'ထမ်(မ)ဆမ့်'မှာ ညအိပ်ချင်အိပ်ရမည်ဟု ကြားခဲ့ရသည်။

ယနေ့ညတော့ ဤမိုင်းပွန်မှာ မအိပ်၍ မရတော့။

"သိချင်တာ မေးပါနော်၊ အားမနာပါနဲ့"

"တစ်လုံးမေး နှစ်လုံးမေးနဲ့ မေးပြီး ပြန်လို့ရတာမျိုး မဟုတ်ဘူးခင်ဗျ၊ ကိစ္စမရှိဘူးလေ၊ မြို့ထဲကို ပြန်သွားပြီး တစ်ယောက်ယောက်ကို အကူအညီတောင်းရမှာပဲ"

"အစ်ကို ကျွန်တော်နဲ့ လိုက်. . ."

စိုင်းလွှမ်းအောင်၏စကား မဆုံးဖြစ်လိုက်။





မြနန်းမုံက တစ်စုံတစ်ခု မျက်ရိပ်ပြလိုက်သဖြင့် စိုင်းလွှမ်းအောင်၏စကား ရပ်ဆိုင်းသွားရကြောင်းကို မမြင်ရဘဲနှင့် ကိုပိုင်စိုး သိနေပါ၏။

သူ့ကို ယုံကြည်ခြင်း မရှိကြကြောင်း ဝမ်းနည်းစွာ တွေ့မြင်ရ၍. . .

"ကျေးဇူးတင်ပါတယ် မြနန်းမုံ၊ ကျွန်တော် သွားလိုက်ပါဦးမယ်"

"အစ်ကိုက ဘယ်လဲ၊ အသိတစ်ယောက်မှ မရှိဘူးဆို"

"ရတယ် ညီလေး၊ ကူညီသူ တစ်ယောက်ယောက်တော့ တွေ့နိုင်ကောင်းပါရဲ့လေ၊ ယောကျ်ားပဲကွာ၊ မြေကြီးပေါ်မှာ အိပ်လည်း ဖြစ်ပါတယ်၊ သွားလိုက်ဦးမယ်၊ ကားထဲက အိတ်ကို အစ်ကို ယူသွားတော့မယ်နော်"

စိုင်းလွှမ်းအောင်က သူနှင့်အတူ တစ်ခရီးလုံး စကားတွေပြောလာကြပြီး ပြေလည်လာခဲ့သော ခင်မင်မှုကို နှင်လွှတ်လိုက်သလို ဖြစ်ရသည့်အတွက် အားနာတာထက် အစ်ကို့ကို သနားနေမိသည်။

မြနန်းမုံ အနေနှင့်လည်း သူမသိသော ရန်ကုန်မှ ဧည့်သည်တစ်ယောက်ကို ဆိုသူ၏စာနှင့် သူစိမ်းယောကျ်ားတစ်ဦးကို ဘယ်လို ကူညီရပါ့မလဲ။

"နေဦးလေ အစ်ကို၊ ဒီနေရာနဲ့ မိုင်းပွန်က လှမ်းသေးတာပဲ လိုက်ပို့ပေးမယ်လေ"

"လာလမ်းအတိုင်း ပြန်ရမှာ မဟုတ်လား၊ အစ်ကို



www.burmeseclassic.com

www.burmeseclassic.com



မြန်တတ်ပါတယ်"

"ကျွန်တော် ကူသယ်ပေးမယ်လေ"

"နေပါစေ ငါ့ညီ၊ အစ်ကို့အိတ်က နံနေမှာ၊ မန္တလေးကတည်းက မလျှော်ရသေးတဲ့ အဝတ်တွေ ပါလာတာ"

ကိုပိုင်စိုးနှင့် စိုင်းလွမ်းအောင်တို့၏ စကား မဆုံးသေးမီ...

"မန္တလေး"

ဆိုသော စကားတစ်လုံး ကြားလိုက်ရသည်နှင့်ပင် မြနန်းမုံ ဆတ်ခနဲ တုန်သွားမိ၏။ အသိအာရုံတွင်းသို့လည်း ဝင်းခနဲ ရောင်ခြည်သစ်တစ်ခု တိုးဝင်လာ၏။

"ဒေါ်လှရင်"

"အမေ့ ဒေါ်လှရင်"

မြနန်းမုံ၏ မန္တလေးတက္ကသိုလ် သက်တမ်းတစ်လျှောက်လုံးမှာ ကူညီခဲ့သော ဒေါ်လှရင်၊ အမေဟုပင် မိခင်ကိုယ်စားပြု၍ ခေါ်ဝေါ်ခဲ့ရဖူးသော ကျေးဇူးရှင် အမျိုးသမီးကြီး။

"ဟာ... နေ... နေပါဦးရှင့်"

မြနန်းမုံ၏ အထိတ်တလန့် အသံလေးကြောင့် ကျောက်ဆွယ်စွန်း တစ်ခုကို ကိုင်ရင်း သူ နောက်ဘက်သို့ လှည့်မော့ကြည့်လာ၏။

လှေကား ဆယ်ထစ်စာမျှ အကွာမှနေ၍ မြနန်းမုံက...

"သူ... သူ... မန္တလေးက လာတာလား ဟင်"

"ဟုတ်တယ်လေ"





"ဒါဖြင့် ဒီစာဟာ ရွှေကျေးဥတိုက်က ဒေါ်လှရင်က ပေးလိုက်တာလား"

"ဟုတ်တယ်လေ"

ကိုပိုင်စိုး၏ အဖြေက အင်အားမပြည့်ဝလှ၊

"အို... ဒါနဲ့ ရန်ကုန်ကလာတာဆို၊ မန္တလေးက လာတာလို့ နန်းမုံ မသိလို့ပါ"

"ပိမြကလည်းဗျာ၊ အခုမှ"

စိုင်းလွမ်းအောင်က ငယ်ငယ်က ခေါ်နေကျအတိုင်း ရှမ်းလိုခေါ်ပြီး ဒေါသလေသံနှင့် ပြော၍ မြနန်းမုံက သူ့ထက်ပို၍ ကျယ်လောင်သောလေသံဖြင့်၊

"ဘာအခုမှလဲ၊ စိုင်းပဲပြောတော့ ရန်ကုန်က ဧည့်သည်ဆို"

"အေးလေ၊ အစ်ကိုက ရန်ကုန်က စာရေးဆရာပဲ ဆို"

သူတို့နှစ်ဦး၏ အချေအတင်စကားကို ကြားရလေမှ ကိုပိုင်စိုးက ပြုံးရွှင်ရယ်မောစွာဖြင့်...

"အကုန်ရှုပ်ကုန်ပြီ၊ ဒီလိုပါ၊ ကျွန်တော်ရှင်းပြပါ့မယ်၊ ကျွန်တော်က ရန်ကုန်ကပါ၊ အလုပ်က စာရေးဆရာ၊ ဒါကြောင့် စာရေးနိုင်ဖို့ နယ်မြေသစ် ဗဟုသုတရှာဖို့ ထွက်ခဲ့တာပါ၊ ရန်ကုန်ကလာ ကျွန်တော်ဟာ ရန်ကုန်ကနေ တောင်ကြီးကို တိုက်ရိုက်လာတာမဟုတ်ဘဲ မန္တလေးကတစ်ဆင့် ကားနဲ့ တောင်ကြီးကို လာခဲ့တာပါ"

"ဪ... ဟုတ်ပြီ... ဟုတ်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ရှမ်းပြည်နယ်ကို လာပေမယ့် တောင်ကြီးလို ကလောလို မြို့ကြီးတွေကိုသာ ရောက်ချင်တာမဟုတ်ပါဘူး၊ အကြောင်းကိစ္စမကြီးမားဘဲ မရောက်ရှိနိုင်တဲ့ ရှမ်းရဲ့ ပြည်နယ်တွေကို သွားချင်တယ်လို့ ပြောမိတာနဲ့ ကျွန်တော့်သူငယ်ချင်း မြတ်မော်ရဲ့ အဒေါ် ဒေါ်လှရင်နဲ့ အဆက်အသွယ် ရခဲ့ပါတယ်၊ ဒါနဲ့ ဒီစာကိုကိုင်ပြီး လိုက်လာခဲ့တာပါပဲ မြနန်းမုံ"

"စိုင်း စကားမရှင်းတာနဲ့ နန်းမုံက ရန်ကုန်ကပဲထင်ပြီး ဒေါ်လှရင်ဆိုတာ မသိဘူးလို့ ပြောမိခဲ့တာပါ၊ ဒီအတွက် နန်းမုံ တောင်းပန်ပါတယ်ရှင်"

"မလိုပါဘူး ဗျာ၊ အခုလို ရှင်းသွားတယ် ဆိုတာကိုပဲ ကျွန်တော် ဝမ်းသာလှပါပြီ"

"ဟုတ်ပါတယ်၊ ဒေါ်လှရင်ဆိုတာ နန်းမုံတို့ဖခင် လက်ထက်က မိတ်ဆွေရင်းတွေပါ၊ နန်းမုံရဲ့အဖေ ဆုံးတော့လည်း အမေဒေါ်လှရင်က ပစ်မထားဘဲ နန်းမုံရဲ့ တက္ကသိုလ်စာသင်နှစ်တစ်လျှောက်လုံး ကူညီထောက်ပံ့ခဲ့တဲ့ ကျေးဇူးရှင်ပါ"

"သူကလည်း မြနန်းမုံဟာ သူ့သမီးလေးလို ပါပဲတဲ့၊ မင်းသိချင်တာမေးပါ၊ ဒေါ်ဒေါ်က လွှတ်လိုက်တာဆိုရင် သူ ကူညီမှာပါတဲ့"

"ဟုတ်ကဲ့၊ ဟုတ်ပါတယ်၊ ရှင် လိုအပ်တာ ပြောပါ၊ နန်းမုံ ကူညီပါ့မယ်"

"အေးလေ. . . ခုမှ၊ စောစောတုန်းကဆို အစ်ကိုကင်းလာညာသလိုလိုနဲ့၊ ပိမြ မျက်နှာက. . ."





"ဝင်မပါစမ်းနဲ့"

မျက်နှာတည်တည်နှင့် လှည့်ပြောတော့ စိုင်းလွမ်းအောင် ငြိမ်သွားသော်လည်း ကြောက်ရွံ့သွားပုံမရပါ။ သူတို့နှစ်ဦး၏ ရင်းနှီးမှု အတိုင်းအတာမှာ ကာလများစွာကတည်းက ဆိုသည်ကို ကိုပိုင်စိုး မှန်းဆနိုင်ပါ၏။

စိုင်းလွမ်းအောင်ထံမှ 'ပိမြ'ဟု နှစ်ခါခေါ်သံကြားခဲ့ရသည်။ ပိဟူသည် အစ်မဟု အဓိပ္ပါယ်ရ၏။ မြနန်းမုံက အစ်မမြဟု မခေါ်စေချင်၊ မမမုံဟုသာ ပြောစေချင်သော မြနန်းမုံက မျက်စောင်းတင်းတင်း ထိုးပစ်လိုက်သည်ကိုလည်း မြင်တွေ့လိုက်ရသည်မှာ နှစ်ခါလုံးပါ။

"ဩော်. . . နောက်တစ်ခု တစ်ဆက်တည်း တောင်းပန်ပါရစေဦး"

"ပြောပါ ကိုပိုင်စိုး၊ ဒါပေမယ့် ဒီလှေကားပေါ်မှာ မတ်တတ်ကြီး မကောင်းပါဘူးရှင်၊ ဆင်းကြပါစို့နော်"

"ဖြစ်နိုင်ရင်တော့ အဲ့ဒီ ကျောက်စွန်းလေးမှာ ခဏထိုင်ပါရစေလား၊ ခရီးပန်းလာသမျှ ရင်ကို အေးသွားတာပဲဗျာ"

"ထိုင်ပါကိုပိုင်စိုး၊ နန်းမုံတို့ရဲ့ ရှမ်းမြေကတော့ ဘယ်နေရာပဲဖြစ်ဖြစ် ရင်ကို အေးစေပါတယ်ရှင်"

"အလကား အစ်ကို၊ သူကိုယ်တိုင် နေချင်တာကျတော့ မြို့တုန်းနဲ့ မန္တလေးဗျ၊ အလုပ်က တောင်ကြီးမှာ ရလို့သာ"

မြနန်းမုံက စိုင်းလွမ်းအောင်ကို မျက်စောင်းစူးစူးထိုးရင်း "သွားစမ်း၊ ကားထဲက သွားစောင့်နေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟား. . . ဟား နေပါစေဗျာ၊ စိုင်းလွှမ်းအောင်က တကယ်ပွင့်လင်းရိုးသားတယ်၊ ကလေးဆန်တယ်ဆိုတာ လာကတည်းက ကျွန်တော်သိပါတယ်"

"ဒီလိုပဲ၊ နန်းမုံဆို သူ့အမြဲ နှောင့်ယှက်နေကျ"

"မြနန်းမုံတို့ မောင်နှမချင်း ပြောကြဆိုကြတာ ဘေးက ကျွန်တော်တောင် ပျော်မိတယ်၊ ကဲ. . . စောစောက ကျွန်တော် စထားတဲ့ စကားကို ပြန်ဆက်ပြီး တောင်းပန်ပါရစေဦး"

"ဘာမှ တောင်းပန်စရာ မလိုဘူး၊ အစ်ကိုက ဧည့်သည်၊ အသာစီးရပြီးသား၊ အိမ်ရှင်ဆိုတာ ခွင့်လွှတ်ရမှာပေါ့ဗျ"

"စိုင်း တောင်အောက်ကို ဆင်းနေမလား၊ ပါးစပ်ကို ပိတ်ထားမလား၊ ဒါပဲပြော"

စိုင်းလွှမ်းအောင်က ဘာမှ အဖြေမပေးဘဲ သူ့ပါးစပ်ကို လက်ချောင်းများနှင့် တန့်လန့်ဖြတ် ပိတ်ထား၍ ကိုပိုင်စိုးက ရယ်ပြီး မြနန်းမုံက ပြုံးဖြစ်လေသည်။

"ဒီလိုပါ မြနန်းမုံ"

ကိုပိုင်စိုးက မြနန်းမုံသို့ စူးစူးနစ်နစ် ကြည့်ပြီးမှ အားနာသွားသလို မျက်နှာကို လွင်ပြင်ဘက်သို့ လွှဲပစ်လိုက်ပြီး. . .

"ဒေါ်လှရင် စာပေးလိုက်တာက မြနန်းမုံကို တောင်ကြီးမှာတင် တွေ့ဆုံမေးမြန်း လမ်းညွှန်ခိုင်းဖို့ပါ"

"ဟုတ်ကဲ့"

"ဒါပေမယ့် မနေ့က ညနေက ကျွန်တော် မြနန်းမုံနေတဲ့ ပင်လုံဆောင်ကိုရောက်တော့ မြနန်းမုံ မိုင်းပွန် ပြန်သွားတယ်လို့





ပြောပါတယ်၊ မှာစရာရှိရင် မှာခဲ့ပါလို့ ဆရာမတွေက ဂရုဓမ်းပေးမယ့် ကျွန်တော် မှာခဲ့လို့လည်း မဖြစ်ဘူးလေ၊ ကျွန်တော် သိမှာမှ မဟုတ်တာ. . .

"ဟုတ်တာပေါ့"

"ဒါနဲ့ပဲ တည်းခိုခန်းပြန်ပြီး စဉ်းစားမိတယ်၊ မိုင်းပွန် ကားဂိတ်ကိုလည်း စုံစမ်းမိတယ်၊ ညကပဲ ဆုံးဖြတ်လိုက်တယ်၊ ဘာပဲဖြစ်ဖြစ် မိုင်းပွန်ကို ငါ လိုက်သွားမယ်၊ ဟိုမှာ ဆုံဖြစ်မှ သိလိုသမျှ ပိုပြီး တိကျမယ်ဆိုပြီး ကျွန်တော် မဆင်မခြင် လိုက်လာခဲ့မိတာပါ"

"ရပါတယ်"

"တောင်ကြီးကုန်တိုက်ရှေ့က မိုင်းပွန်ကားဂိတ်ကို သွားတော့ ကားရှေ့ခန်းက စီးခွင့်ရခဲ့တယ်လေ၊ ဒါနဲ့ စိုင်းလွှမ်းအောင်ကို မေးမြန်းတော့ မြနန်းမုံဆိုတာ သူ့အစ်မဆိုတာ သိရလို့ ကျွန်တော် သိပ်အားတက်သွားမိတာပေါ့" ၄

"နန်းမုံကိုလည်း တွေ့လိုက်ရရော တက်သမျှအားတွေ ကျကုန်ရော ဆိုပါတော့နော်"

ရယ်မောမိကြသည်။

"အဲ. . . တောင်းပန်မယ်ဆိုတာက ခွင့်မတောင်းဘဲ လိုက်လာခဲ့မိတာကိုပါ"

"ရပါတယ်၊ နန်းမုံကတောင် အားနာသွားတာပါ"

"ကျွန်တော့်အတွက်တော့ တာဝန်မပိုစေချင်ပါဘူး၊ ထမင်းဆိုင်မှာစားပြီး တည်းခိုခန်းမှာ အိပ်ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"မြန်မာထမင်းဆိုင်ရယ်လို့ သီးသန့် မရှိပါဘူး၊ တရုတ်ခေါက်ဆွဲဆိုင်တွေတော့ ရှိပါတယ်၊ နောက်ပြီး ဒီမိုင်းပွန်မှာ တည်းခိုခန်းလည်း မရှိပါဘူး"

"ဟင်. . ."

"ဒါပေမယ့် ကိစ္စမရှိပါဘူး၊ အိပ်ဖို့စားဖို့အတွက်က ဒီအရပ်ဒေသမှာ ဘာမှပူစရာ မရှိပါဘူး၊ နန်းမုံတို့အိမ်မှာ အိပ်လည်း ဖြစ်ပါတယ်၊ စိုင်းတို့အိမ် လိုက်သွားလည်း ရပါတယ်"

သည်တော့မှ မြနန်းမုံနှင့် စိုင်းလွမ်းအောင်တို့သည် သီးခြားစီနေသူများ ဖြစ်ကြောင်း ကိုပိုင်စိုး သိလာရပါ၏။

"စိုင်းရော နက်ဖြန် ကားပြန်ထွက်မှာလား"

"ထွက်ရမှာပေါ့"

"ဟာ. . . ဒါဆို ခက်တာပဲ"

"ဘာဖြစ်လို့လဲဟင်"

"နန်းမုံလည်း နက်ဖြန် ပြန်ရမှာ"

"ဟာ. . ."

အားတက်ရွှင်လန်းနေသော စိတ်တို့ အရှိန်လျော့သွားရပြန်သည်။

"မဟုတ်ရင် နေပါတယ်၊ စနေ တနင်္ဂနွေ ကျောင်းပိတ်ရက်ကလေး ခဏပြန်လာခဲ့လို့ပါ"

"နက်ဖြန် ဘယ်အချိန် ပြန်မှာလဲ"

"ရတယ်လေ၊ သုံးနာရီခေါက် ကားမထွက်ဖြစ်ဘူးဆိုရင် ဆယ့်နှစ်နာရီကားနဲ့ ပြန်ကြတာပေါ့၊ ဒီနေ့ညနေနဲ့ နက်ဖြန်မနက်





တစ်ပိုင်းတော့ အချိန်ရပါသေးတယ်"

မြနန်းမုံ၏ စကားထဲတွင် 'ပြန်ကြတာပေါ့' ဆိုလာ၍ သူပါ နက်ဖြန် ပြန်ရမည့်သဘော ပါရှိ၏။

နယ်မြေသစ် တစ်ခုကို တစ်ညအိပ်လောက် လေ့လာရုံနှင့် မပြန်ချင်။

သမိုင်းကြောင်း ကျယ်ဝန်းသော ဤမိုင်းပွန်မြို့ကိုလည်း အသေအချာ လေ့လာချင်ပါသေးသည်။ ဘယ်လိုလုပ်ရပါ့။

တည်းခိုခန်းမရှိသော တောင်ပေါ်မြို့လေးမို့ အိမ်ရှင်တို့ လက်ခံနိုင်သော အတိုင်းအတာအထိသာ နေခွင့်ရှိပါလေမည်။

"ကဲ. . . ပြန်ကြရအောင်လေ၊ အိမ်မှာ ခဏနား ရေချိုး ထမင်းစားဖို့ စီစဉ်ပြီးရင် ဘုရားနဲ့ "ဟော်'ဘက် သွားကြတာပေါ့"

ဒေသခံ အိမ်ရှင်တို့က ဦးဆောင် ခေါ်ယူသွား၍သာ နောက်က လိုက်လာရသည်။ ဤနေရာလေးမှ မပြန်ချင်သေး။

"အစ်ကိုကို ကျောက်ဂူထဲ ဝင်ပြဦးမလား မမမုံ"

"အချိန်မရှိဘူး၊ ဖယောင်းတိုင်နဲ့ လက်နှိပ်ဓာတ်မီးတွေလည်း ဘာမှမပါဘူး၊ နောက်ပြီး လုံခြုံရေးကလည်း လိုသေးတယ်၊ ပြန်ကြတာပဲ ကောင်းပါတယ်လေ"

မြနန်းမုံ၏ ဆုံးဖြတ်ချက်ဖြင့် နေချင်သေးသော ကျောက်တောင်ချွန်းကုန်းမြေပေါ်မှ ပြန်ဆင်းခဲ့ရသည်။

အရိုးဂူ ဖြစ်ပုံရသော အပေါ်၌ စေတီတည်ထားခြင်းမှာ တော်ဘွားအရိုးလား၊ မဟာဒေဝီ၏ ရုပ်ကြွင်းများလား၊ သဘာဝ အရ ချွန်ထွက်နေသော ကျောက်စွန်းများပေါ်မှ စေတီကြီးသည်



www.burmeseclassic.com

www.burmeseclassic.com



များ၊ ကိုးမြို့ရှင် နတ်ကွန်း စသည်တို့၏ သမိုင်းကြောင်းများ။

ပွန်ချောင်းတစ်လျှောက်မှာ ကြီးမားလွန်းသောရေရဟတ်ကြီးများကိုလည်း အနီးကပ် ကြည့်ချင်သော်လည်း ခွင့်ပန်၍ မတော်သေးသဖြင့်သာ. . .

ရှင်းပြန့်သော လွင်ပြင်အလှ၊ တောင်တန်းနှင့် တောင်ခိုးဝေနေခြင်းများ၊ မိုင်းပွန်မြို့ဦးကို ရစ်ခွေစီးဆင်းနေသော ပွန်ချောင်း၏ လွမ်းမောစရာမြင်ကွင်းများကို မဝတဝ ကြည့်ပြီး သူတို့နှင့်အတူ ဆင်းခဲ့ရသည်။

"မြနန်းမုံ"

သူမကို ရှေ့မှ စကားပြောခဲ့ပြီးပြီ။ ယခု ဘေးမှလည်းကောင်း၊ နောက်ဘက်မှလည်းကောင်း မြင်နေရပါ၏။

"သွားသာ သွားပါ၊ မြနန်းမုံ ဆိုတာ သဘောလည်းကောင်းတယ်၊ သိပ်လည်း လှတယ်"

ဒေါ်လှရင်၏ အမှာစကားဖြစ်၏။

'သိပ်လည်း လှတယ်'ဆိုသော စကားသည် မြနန်းမုံ အတွက် ပြည့်စုံခြင်းမရှိသေးပါ။

ကျောက်တောင်ပေါ်တွင် ပထမဆုံး စတင်မြင်ရစဉ်ကဝင် ကိုယ်ခန္ဓာ၏ လှုပ်ရှားမှုများအားလုံး စက္ကန့်ပိုင်းမျှ ရပ်ဆိုင်းသွားခဲ့သည် ထင်မိ၏။

ရန်ကုန်၌ နေသော ရန်ကုန်သားမို့ သန်းနှင့်ချီနေသော ရန်ကုန်သူ အလှအပများစွာကို မြင်ဖူး၊ လေ့လာဖူး၊ ရေးဖွဲ့ဖူးခဲ့သော စာရေးဆရာပါ။





ဘယ်ပန်းချီရေးလို့မမီ ဆိုသော ပန်းချီဆရာ၏ ရှုထောင့်မှ ခဖော်ပြနိုင်သော အလှတရားကို တင်စားထားသည်မှာ ...တိုင်း ကြားဖူးနေကျပါ။

ယခု သူက စာရေးဆရာ။ ရေးသားသီဖွဲ့မှု အတတ်ပညာ ...ဖြင့် အလှရှင်ကို စာဖတ်သူတို့စိတ်၌ ထင်မြင်လာစေရအောင် ...ရေးဖွဲ့နိုင်စွမ်းမည်မထင်။

သန့်ရှင်းမွေးမြနေသော ဆံပင်က လက်နေအောင် ...တ်ပြီး ရိုးရိုးလေးပင် ထုံးဖွဲ့ထားသော ဆံပင်အုံက မြနန်းမုံ၏ ...ထမဆုံးသော အလှကျက်သရေ။

ဖိနပ်ချွတ်၍ လျှောက်ဆင်းလာရသော လမ်းမို့ ခြေခုံ မို့မို့ ...ည့်ပြည့်လေးက ဖွေးဖွေးအိနေသည်။

သူမိခင်က လူ၏အသားနှင့် ရွှေမှုန့်တို့ ရောစပ်ပြီးများ ...ွှေးဖွားထားလေသလားကွယ်။

မြနန်းမုံ၏ တစ်ကိုယ်လုံးမှာ အထင်ရှားဆုံးနှင့် အလှဆုံး ...ာ ဝါရွှေသော အသားအရေ။

ကိုယ်ခန္ဓာက ကျစ်လျစ်ကြော့ရှင်းပြီး ဖြောင့်မတ်လှပစွာ ...လျှောက်လှမ်းပုံက အမြင်ကို လွဲမပစ်လိုက်ချင်။

နဖူးပြေပြေပေါ်မှာ ဆံပင်ကို သည်အတိုင်း လှန်ဖြီးထား...ဖြင့် ဦးစွန်းချွန်ချွန်လေးက ထင်ရှားနေသည်။

အထူးခြားဆုံးက ဆွဲခြယ်သထားသည့်သို့ပင် အပြား...နည်းငယ်ကြီးသော မျက်ခုံးထူထူနက်နက်က နှာခေါင်းထိ...



www.burmeseclassic.com

www.burmeseclassic.com



အထိ ဆက်နေပြီး လက်ယာဘက်မှက်ခုံးရင်းမှာ မှဲ့ညိုတစ်လုံးထ
ထင်ရှားနေသည်မှာ ကျက်သရေရှိလှစွာ၏။

မြနန်းမုံ၏ မျက်လုံး၊ နှာခေါင်း၊ နှုတ်ခမ်း စသည်တို့ကို တစ်ခုချင်း ထုတ်ယူပြီး အလှရှင်များစွာနှင့် ယှဉ်ပြိုင်ကြည့်လျှင် နိုင်ချင်လည်း နိုင်မည်၊ ရှုံးချင်လည်း ရှုံးမည်။

သို့သော်လည်း. . .

၎င်းအလှအစိတ်အပိုင်းများအားလုံး စုစည်းပိုင်ဆိုင်နေသော အလှရှင် မြနန်းမုံလို ပြည့်စုံစွာ လှသော အလှမျိုး ကိုပိုင်စိုး၏ အသက်နှင့်အမျှ မမြင်ဖူးခဲ့သေးပါ။

သူ့အလှကိုကြည့်၊ သူ့အလှကိုတွေးပြီး ဝတ္ထုထဲမှာ ရေးဖွဲ့နိုင်ဖို့ အတော်ပင် အားထုတ်ရပါဦးမည်သာ။

ရင်အေးဖွယ် မောရှမ်းမြေမှ ငြိမ်သက်နေသော အလှများစွာ၏ အလယ်မှာ ရှင်သန်နေသော မြနန်းမုံ၏ အလှဆုံးရုပ်လွှာကြောင့်. . .

မိုင်းပွန်မြေမှာ ပထမဆုံး ရင်ခုန်လှုပ်ရှားရသော အတွေ့အကြုံဦးကို ရေးကွက်ရှာရန် ရောက်လာသော စာရေးဆရာကိုယ်တိုင် ခံစားနေရပါလေပြီ။

◆ ◆ ◆



အခန်း ॥ ၂ ॥

"ကဲ. . . စိုင်း၊ ဆရာ့ကို ရေချိုးဖို့ ရေတွင်းလိုက်ပြပါ။ မမုံ ဒီမှာ ညနေစာအတွက် ပြင်ထားလိုက်မယ်"

"ကျွန်တော့်အတွက် ဘာမှ တာဝန်မကြီးပါနဲ့နော်၊ ဘာပဲဖြစ်ဖြစ် ကျွန်တော်စားလို့ရပါတယ်၊ ဒေါ်ဒေါ် ဒေါ်လှရင်က ပြောလိုက်တယ်၊ မိုင်းပွန်ပဲပုပ် နာမည်ကြီးတယ်တဲ့၊ ပဲပုပ် တစ်ခွက်နဲ့လည်း ဖြစ်ပါတယ်"

"ဟုတ်ကဲ့၊ ဒီမှာ ကင်နေပါတယ်"

"အဲဒါ တစ်ခွက်ရရင် တော်ပါပြီ"

"မဟုတ်တာ၊ နန်းမုံတို့ ရှမ်းပြည်နယ်မှာ ဧည့်သည်ကို ဒီလို မရက်စက်တတ်ပါဘူး"

မြနန်းမုံ ပြုံးပြုံးရွှင်ရွှင်ပြောတော့ ကိုပိုင်စိုးပါ ကြည်နူးသွားရပါ၏။

"အိမ်ကတော့ မလှည်းမကျင်းဘဲ ပစ်ထားတာကြာလို့ ခြင်ချင်တိုင်း ဖြစ်နေတယ်၊ အားနာလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ပြောရမယ့် စကားတွေပါ"

"ကဲ. . . အားနာ ညီမျှခြင်း အားနာ၊ အားလုံးကျေ
သွားကြစို့"

စိုင်းလွမ်းအောင်က ပြုံးပြုံးရွှင်ရွှင် ဝင်၍ပြောရင်း ဆင
သွားသည့်နောက်က လိုက်ခဲ့ရ၏။

ခြံဝင်းက အကျယ်ကြီး၊ ထောပတ်သီးပင်၊ သရက်သီးပ
ရှမ်းကျွဲကောသီးပင်၊ ဩဇာသီးပင်၊ ဆီးပင် စသော မြေလတ်ပိုင
ဒေသမှာ ပေါက်ရောက်သော သီးပင်မျိုးစုံစွာ တွေ့နေရ၍. . .

"ပြည်မက အပင်မျိုးတွေ ဒီမှာလည်း တွေ့နေရသား
နော် ညီလေး"

"မိုင်းပွန်က ပူရင် တအားပူတာ အစ်ကိုရ၊ ဒါကြော
အပင်မျိုးစုံ ပေါက်လို့ရတာထင်တယ်၊ မိုင်းပွန်က ချိုင့်ဝှမ်းလ
ဖြစ်နေတာ၊ ပေ သုံးထောင်ကျော်ရုံလေးပဲ ရှိတယ်"

"အင်း. . . တောင်ကြီးထက် အများကြီး နိမ့်တာပေ
ဟိုက ပေလေးထောင့် ခုနစ်ရာကျော် မြင့်တာပဲ"

"ဒီမှာ ပိတောက်ပင်လည်း ရှိတယ်အစ်ကို"

"တောင်ပေါ်မြေမှာ တော်ဝင့်ပိတောက်ပန်း မရှိဘူးဆို

"မပေါက်တဲ့မြို့တွေ ရှိလို့နေမှာပေါ့"

"ဒါပေါ့ကွာ၊ ဒါနဲ့ ဒီခြံဟာ မြနန်းမုံတို့ရဲ့ခြံလား"

"ဟုတ်ပါတယ် အစ်ကို"

"အကျယ်ကြီးပါလား"





"ဟုတ်တယ်၊ သူ့အဖေက သိပ်တော်တာ၊ သနပ်ဖက်
င်န်းလုပ်ရင်း ကြီးပွားခဲ့တာ အစ်ကိုရ၊ အိမ်လည်း ကြည့်ပါ
နှစ်ထပ်ပျဉ်ထောင်၊ အဆောင်တွေနဲ့ အကြီးကြီးပဲ"

"အင်း. . . ခုတော့ အတော်လေး ယိုယွင်းနေရှာပြီ၊
န်းမုံရဲ့အဖေတော့ ဆုံးတာ ကြာပြီလို့ ဒေါ်ဒေါ် ဒေါ်လှရင်က
ာလိုက်တယ်၊ သူ့အမေရော"

စိုင်းလွမ်းအောင် ငြိမ်နေသည်။

"မြနန်းမုံက တစ်ယောက်တည်းသော သမီးလားဟင်"

စိုင်းလွမ်းအောင် မဖြေမြန်။

"ဟေး. . . ညီလေး၊ အရှေ့က စိုက်စိုက် စိုက်စိုက်နဲ့ ဆင်း
ားလိုက်တာ အစ်ကိုမေးတာတွေ မကြားဘူးထင်တယ်"

"ကြားပါတယ်အစ်ကို၊ မမမုံတို့ရဲ့ မိသားစုကိစ္စကိုတော့
မုံကိုပဲ မေးကြည့်ပါလေ"

"အို. . . ဘာဖြစ်လို့လဲ၊ အမေက ဘယ်မှာ ညီအစ်ကို
ောင်နှမက ဘယ်နှယောက်ဆိုတာတွေဟာ လူတိုင်း လူတိုင်း
းလို့ရတဲ့ မိသားစုကိစ္စပဲ"

"မမမုံက သူတို့အကြောင်း ဆရာ့ကို ဘာမှမပြောရဘူးလို့
ပြာထားလို့ပါ"

"ဒီမှာညီလေး"

"ဗျာ. . ."

မြနန်းမုံဟာ အစ်ကိုရောက်လာတာကို နည်းနည်းလေးမှ
တျနပ်ဘူး ထင်တယ်နော်၊ ယောက်ျားပဲကွာ၊ စပ်စုချင်တဲ့စိတ်



www.burmeseclassic.com

www.burmeseclassic.com



မရှိပါဘူး မိတ်ဆွေတစ်ယောက်ရဲ့ သိသင့်တဲ့ မေးခွန်းထက် လည်း အစ်ကို့မေးခွန်းက စွန်းထွက်မနေပါဘူးလေ"

"အစ်ကို မသိဘူးနော်"

"ဘာတုံလဲ"

"မမမုံရဲ့ ဘဝပေါ့"

"ဘယ်လို"

"မမမုံဟာ သိပ် သနားစရာကောင်းပါတယ်ဗျာ"

"သူဘာတွေ ဖြစ်နေလို့လဲဟင်"

"လူတွေသူတွေသိလို့ မဖြစ်နိုင်တဲ့ သူတို့ရဲ့ မိသားစု ကိစ္စကို သူတစ်ယောက်တည်း ခံစားနေရတာ"

"ဟင်"

"မမမုံဟာ တကယ် သနားစရာပါ အစ်ကိုရာ၊ ကဲ... သူက အစ်ကို မသိစေချင်ဘူးတဲ့၊ ဒါကြောင့် ကျွန်တော်မပြော ပါရစေနဲ့"

"အစ်ကို နားလည်ပါတယ် ညီလေး"

တွေ့စမြင်စကပင် ရင်ကို လှုပ်ခတ်စေနိုင်သော မိန်း ကလေး၊

သူ့ဘဝ အကြောင်းအရာကလည်း သနားစရာဟု ဆိုလာ သဖြင့် သိချင်စိတ်က ပြင်းပြလှသော်လည်း လူမှုရေးအပိုင်းအရ သည်မျှထက် မကျော်လွန်သင့်ကြောင်း ကိုပိုင်စိုး နားလည်ပါ၏။

မြေနိမ့်ဆင်ခြေလျှောကို ဆင်းလာပြီး သစ်ပင်တစ်ပင်ရှေ့ မြေပြင်ပေါ်မှာ ရပ်လိုက်ပြီး သစ်ကိုင်းပေါ်မှာ မျက်နှာသုတ်ပဝါ ကို တင်လိုက်သည်။ ဤနေရာ ဝန်းကျင်၌ ရေချိုးစရာ ရေတွင်း တစ်တွင်းမှ မတွေ့ရ၍...

"ရေတွင်းက ဘယ်နေရာမှာလဲ ညီလေး"

"ဒီမှာလေ"

"ဟင်... ဒါ ရေတွင်း"

မြေပြင်နှင့် တညီတည်း နေရာမှာ အုတ်ဘောင်လေး တစ်တောင်လောက် ပတ်လည်ခတ်ထားသည့်အတွင်းမှာ ရေအိုင်ငယ်ငယ် သေးသေးလေးတစ်ခု ဘောင်ကိုပင် ကျော်လွန် မြည့်လျှံ၍ မြေပြင်နှင့် ထိညီနေ၏။

"တောင်ပေါ်မြို့ပေမယ့် ရေရှားသားနော်"

"အစ်ကို ဘာပြောတာလဲ"

"ဒီရေတွင်း ပေါက်စလေးထဲကို ရေထမ်း ဝယ်ထည့် ထားရတာလား"

"ဟား... ဟား... အစ်ကိုက တကယ် ရယ်ရတယ် ဗျာ"

"ဘာလို့လဲကွ"

"အဲဒီထဲ ဘယ်သူခပ်ထည့်မှာလဲဗျ၊ အစ်ကိုချိုးကြည့်ဦး လေ၊ ဒီမှာ အစ်ကို မကြာမကြာပဲ တပ်မတော်ယာဉ်တန်းတွေ ဆင်းလာတဲ့အခါ မိုင်းပွန်မှာ အမြဲနားတယ်၊ ထမင်းချက်ကြ၊ ရေချိုးကြတယ်၊ ကျိုင်းတုံဘက်က ကွန်ဗွိုင်ယာဉ်တန်းတွေလည်း အမြဲလို ဆင်းကြတက်ကြတယ်"

"ကျိုင်းတုံ တာချီလိတ်အထိ ကုန်းလမ်းကသွားရင်







www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်လမ်းပဲ ရှိတယ်နော်"

"ဟုတ်တယ် အစ်ကိုရ၊ နေပါဦးဗျ၊ ကျွန်တော်တို့ ရေတွင်းကို ဆက်ညွှန်းပါရစေဦး"

"တဲ့. . . ညွှန်းပါဗျာ"

"အဲဒီလိုအခါမှာ စစ်တပ်ကြီးတစ်တပ်လုံး လာချိုးကြတာတောင် ဒီရေတွင်းက မလျော့ဘူး အစ်ကိုရဲ့"

"ဟေ. . ."

ကိုပိုင်စိုး မျက်လုံးပြူးသွားသည်။ ဘေးမှာ စီချထားသော အုတ်ခဲလေးများပေါ်မှာ ထိုင်ချလိုက်ပြီး ရေတွင်းထဲကို လက်နှိုက်ကြည့်လိုက်တော့ မြေပြင်နဲ့ မထိမီ. . .။

"လက်နဲ့မထိပေမယ့် သိပ်လည်း မနက်ပါဘူး အစ်ကို၊ ဒါပေမယ့် အမြဲ စိမ့်ထွက်နေတယ်လေ၊ နွေတောင် ရေမခန်းပါဘူး၊ ဘေးကို လျှံလျှံကျလာလို့ ဘောင်လေးခတ်ထားပေးရတာ၊ 'ရေထွက်'လို့ ခေါ်ပါတယ်အစ်ကို"

"ရေထွက်"

မြန်မာပြည် အနှံ့အပြားသို့ သွားလာဖူးသော ကိုပိုင်စိုးမှာ ရေတွင်းပေါင်းများစွာကို တွေ့ခဲ့ဖူးပါသော်လည်း ဤမျှ လွယ်ကူသက်သာစွာ ပေးစွမ်းနေသော သဘာဝ၏ စိမ့်စမ်းရေမျိုးကို တစ်ခါမျှ မကြုံဖူးခဲ့။

"တောင်ပိုင်း ရှမ်းပြည်ရဲ့ ဒီဘက် တောင်ပေါ်မြို့တွေမှာ သစ်ပင်ကြီးငယ်တွေလည်းပေါ၊ တောလည်းထူတော့ စိမ့်ရေတွေဟာ အမြဲထွက်၊ စမ်းရေတွေဟာ အမြဲကျနေတာပဲ၊ တကယ်ကို





ရင်ချမ်းမြေ့စရာကောင်းလှတဲ့ သဘာဝရဲ့ အလှတရားတွေပဲဗျာ၊ မိုင်းပွန်လာရတာ အစ်ကို တကယ်စိတ်ချမ်းသာသွားပြီ"

ကိုပိုင်စိုးက အကျီချွတ်လိုက်၏။ ကျစ်လျစ်သော ကိုယ်ခန္ဓာမှ ကြွက်သားစိုင် မာမာကြီးများကို စိုင်းလွှမ်းအောင်က အားကျစွာ ကြည့်နေသည်။

အပေါ်မှ ရေညှိပင် စိမ်းစိမ်းများကို ခတ်ထုတ်လိုက်တော့ အလွန့်အလွန် ကြည်လင်အေးမြနေသော စိမ့်ရေကြည်ကို အားပါးတရ ခပ်ချိုးလိုက်သည်။ နွမ်းမောလာရသမျှအားလုံး ရေဆေးချလိုက်သလို တစ်ကိုယ်လုံး လန်းဆန်းကြည်လင်သွားရပါပြီသေး

"တော်တော့လေ အစ်ကို၊ အေးနေဦးမယ်"

"ချမ်းတော့လာပြီ၊ ဒါပေမယ့် စိတ်ကြည်လွှန်းလို့ ထပ်ထပ်ချိုးနေမိတာပါ"

ထိုင်လျက်နှင့် ဘေးဘက်က ရေအိုးတစ်လုံး ချပေးထားသည်ထက်ပင် ခပ်ရလွယ်ကူနေသော ရေထွက်ဆိုသည့် ရေတွင်းမှရေများကို အားပါးတရ တစ်ဝကြီးချိုးပြီး ပြန်တက်လာကြတော့ မြနန်းမုံ၏ ထမင်းဝိုင်းက အဆင်သင့်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



ကိုပိုင်စိုးက ဂျင်းပဲန်၊ တီရှပ်နှင့် ဂျာကင်ကို ထပ်ဝတ်လိုက်သည်။

အပြင်မှာ ဆည်းဆာရောင်က တောက်ပနေဆဲမို့ ညေ... သည်တစ်ယောက် လမ်းထွက်ရန် အကောင်းဆုံးအချိန်ဖြစ်... လျှောက်လည်ရန် အဆင်သင့်ဖြစ်နေချိန်မှာ. . .။

မြနန်းမုံသည် ... ွယ်တာအနက်ကို ထပ်ဝတ်လိုက်ပြီး က... ာရှိပုံစံနှင့်ပင်. . .

"ကိုပိုင်စိုး ခဏလေးနေခဲ့ပါဦးလားနော်၊ နန်းမုံနဲ့ စိုင်း... အရေးကြီးတဲ့ကိစ္စလေးရှိနေလို့ အပြင်သွားလိုက်ဦးမယ်"

"ပိမြကလည်း အစ်ကိုတစ်ယောက်တည်း ကျန်ရစ်ခဲ့... ဖြစ်ပါ့မလား"

"ကျန်ခဲ့လို့ မဖြစ်ဘူးဆိုပေမယ့် လိုက်လို့လည်း မဖြစ်ဘူး... လေ စိုင်းရဲ့"

"ကျွန်တော့်အတွက်နဲ့ မောင်နှမချင်း ရန်မဖြစ်ကြပါနဲ့... သွားကြပါ၊ ကျွန်တော်တစ်ယောက်တည်း နေခဲ့လို့ ဖြစ်ပါတ...





တွေ့ခဲ့ ကြုံခဲ့သမျှ ကိစ္စတွေကို မှတ်တမ်းရေးထားရဦးမယ်"

"အစ်ကို ကျွန်တော့်ကားအကြောင်းနဲ့ ကျွန်တော် ကားခောင်းကျွမ်းကျင်ကြောင်းလည်း ထည့်ရေးပါနော်"

"စိတ်ချ၊ ညနေကချိုးရတဲ့ ရေတွင်းလေးအကြောင်းတောင် ပါဦးမယ်"

"ဇာတ်လမ်းထဲမှာ ကျွန်တော့်ကို ဇာတ်လိုက်မင်းသားနေရာထားဗျာ နော"

"မင်းသမီးရောကွ"

"အစ်ကို ဖန်ဆင်းပေးနော် လှလှလေး"

"ကဲ. . . စိုင်း သွားစို့၊ ဟိုက သိတဲ့အတိုင်း"

စိုင်းလွှမ်းအောင် ပျော်နေသလို မြနန်းမုံမှာ မပျော်နိုင်ရှာ။ ...န်စိုးရိမ်သော မျက်နှာနွမ်းလေးနှင့် အိမ်ပေါ်ကအလျင် ဆင်းသွားနှင့်၏။ ခြံဝနား ရောက်လာခါနီးမှ မြနန်းမုံက ပြန်လှည့်...တ်. . ,

"ဒီည အတူလာအိပ်ကြမယ့် ကျောင်းသားလေး ...ယောက်ကို ကြိုလွှတ်ပေးလိုက်မယ်၊ ဆရာမပျင်းရအောင်ပါ"

"ကိစ္စမရှိပါဘူး မြနန်းမုံ၊ ကျွန်တော့်အတွက် တာဝန်...ားပါနဲ့ ကျွန်တော်တစ်ယောက်တည်း နေခဲ့လည်း ဖြစ်ပါ...ယ်"

မြနန်းမုံတို့ ကွယ်ပျောက်သွားတော့ နှစ်ထပ်ပျဉ်ထောင် ...ကြီးအတွင်းမှာ ကိုပိုင်စိုးတစ်ယောက်တည်း။

အလယ်ခန်းမှ တံခါးမကိုသာ ဖွင့်ထားသည်။ ဘေးတံခါး...



www.burmeseclassic.com

www.burmeseclassic.com



ကြီးနှစ်ပေါက်နှင့် ပြတင်းပေါက်များအားလုံး ပိတ်ထား၍ တစ်အိမ်လုံး ခပ်မှောင်မှောင် ဖြစ်နေလေသည်။

ခပ်ဝေးဝေးဆီမှ ခိုတစ်ကောင် ညည်းသံလို ညည်းညူသံတစ်ခုကို ခပ်သဲ့သဲ့ ခပ်မှန်မှန် ကြားနေရလေသည်။

အာရုံကြီးစွာ မစိုက်မိပါဘဲနှင့် မြနန်းမုံတို့ တစ်အိမ်လုံးသို့ လျှောက်ကြည့်နေမိသည်။

ကျွန်း မှန်ဗီရိုကြီး၊ ဘဲဥပုံ စားပွဲဝိုင်းကြီးများက ရှေးဟောင်းပစ္စည်းများသဖွယ် အိုမင်းလှချေပြီ။

လွန်ခဲ့သော နှစ်ပေါင်းများစွာက ကြွယ်ဝချမ်းသာခဲ့ဖူးသော မိသားစုတစ်စု ဖြစ်ကြောင်းတော့ သက်သေခံနေ၏။

ယခုအချိန်၌မူ ကျဆုံးခြင်းများစွာဖြင့် အားလုံး လိုအပ်ခြင်းဖြင့်သာ ပြည့်စုံနေသော အိမ်တစ်ဆောင်၊ မိသားစုတစ်စု ဖြစ်နေကြောင်း ညွှန်းဖော်နေပေသည်။

“အင်း. . . ဟင်း. . . ဟင်း”

“ဟင်း. . .”

ဟူသော ညည်းညူသံက ပိုမိုနီးကပ်လာခဲ့သဖြင့် ကိုပိုင်စိုး အာရုံစိုက်လိုက်ပြီး. . .

“လူတစ်ယောက်ယောက်များ ညည်းနေတာလား”

“ဟင်း. . . အ. . . မယ်. . . လေး”

သေချာပြီ လူတစ်ယောက်၏ အော်ညည်းသံ။

ကိုပိုင်စိုးသည် အသက်ရှူပင် ရပ်ဆိုင်းကာ နောက်ထပ်ပျံ့လွင့်လာမည့်အသံကို အာရုံစိုက်နေဆဲ။





“ဟော. . . ကြားရပြန်ပြီ၊ ဒါ. . . ဒါ လူတစ်ယောက်ရဲ့အသံပဲ၊ အပေါ်ထပ်က သေချာပြီ”

ဘာပဲဖြစ်ဖြစ် တက်ကြည့်ရန် ဆုံးဖြတ်လိုက်ချိန်မှာ လှေကားရှာမတွေ့။

“နှစ်ထပ်အိမ်ပဲ၊ လှေကားတော့ ရှိရမှာပေါ့”

သည်အတွေးဖြင့် အိမ်လုံးအနှံ့ ရှာသော်လည်း မတွေ့။

“ဟော. . . ဒီဘေးမှာတော့ တံခါးတစ်ချပ်၊ ဖွင့်ကြည့်မှပဲ”

ကန့်လန့်သစ်သားမင်းတုပ် အကြီးကြီးကို မ,ဖြုတ်ပြီး တံခါးကို အသာလေး ဖွင့်လိုက်တော့ အလယ်၌ အဆောင်ငယ်တစ်ခု တစ်ဆင့်နိမ့်ထား၏။

အောက်သို့ မဆင်းသေးဘဲ ခေါင်းပြူပြီး ဝဲယာကြည့်လိုက်တော့. . .

တွေ့ပြီ အခိုင်အခံ့ လှေကားကြီးတစ်ခု။

ကိုပိုင်စိုးက လှစ်ခနဲ ဆင်းချလိုက်ပြီး လှေကားအတိုင်း ထွက်လပ်စွာ တက်သွားမိ၏။ လှေကားအလယ်၌ တံခါးတစ်ချပ်ရှိ၏၊ စေ့ရုံစေ့ထားသဖြင့် တွန်းဖွင့်နေဆဲမှာ. . .

“အို. . . ငါက ဧည့်သည်ပဲ၊ မြနန်းမုံတို့ရဲ့ ပိတ်ဆီးထားတဲ့ အပေါ်ထပ်အထိ တက်ကြည့်ဖို့တော့ မသင့်ဘူးထင်ပါရဲ့လေ”

အတွေးမှန်ဖြင့် လှည့်ပြန်ရန် တံခါးကို ပြန်ဆွဲပိတ်နေဆဲမှာ. . .

“အ ဟင်း. . . ဟင်း. . .”

“အီး. . . ဟီး. . . ဟီး. . . ရာပါ”



www.burmeseclassic.com

www.burmeseclassic.com



"လာပါ ဟူသော အသံနက်ကြီး မပီမသကို ကြားလိုက်ရသဖြင့် ကျောထဲက စိမ့်တက်လာအောင် ကြောက်သွားမိသည်။

"အိုး. . . ဟိုး. . . အီး. . ."

အသံကြီးက ပိုကျယ်လာသဖြင့် ကြက်သီးများ ဖြန်းခနဲထသွားမိသည်။ သူ့တစ်သက်တွင် သည်မျှလောက် ချောက်ချားစရာမျိုးကို တစ်ကြိမ်တစ်ခါမျှ မခံစားဖူးခဲ့ပါ။

အချိန်က မှောင်ရီဖျိုးဖျ။

ကြီးမားသော အိမ်ကြီးအတွင်းမှာ ညည်းညူသံကြီးနှင့် သူ နှစ်ယောက်တည်း။

"ငါ့ကို တမင် အပေါ်ရောက်အောင် သွေးဆောင်ပြီး ခေါ်နေတာလား"

"တကယ် ဒုက္ခရောက်လို့ ညည်းနေတာလား"

"မဖြစ်ပါဘူး၊ အိမ်ရှေ့ခန်းပြန်သွားတာပဲ ကောင်းပါတယ်"

ဟူသော ဆုံးဖြတ်ချက်ဖြင့် လှေကားရင်းရောက်ပြီးကာမှ. . .

"မဟုတ်သေးဘူး ငါယောက်ျားပဲ၊ ပြီးတော့ လူနေခဲ့တဲ့ အိမ်ထဲမှာ ပြဿနာကို ဘာလို့ရှောင်ပြေးရမှာလဲ၊ ငါတက်ကြည့်မယ်၊ ကယ်တင်ကူညီစရာရှိလည်း ကယ်တင်ရအောင် ဒီကိစ္စကို မြနန်းမုံတောင် သိချင်မှသိမှာ"

ဆုံးဖြတ်လိုက်တော့လည်း ခြေလှမ်းများက တွန့်ဆုတ်ခြင်း မရှိတော့။





အပေါ်ထပ်ရောက်တော့ အိုက်လှောင်မွန်းပိတ်သလို ခံစားလိုက်ရသည်။ တံခါးပေါက်များအားလုံး ပိတ်ထားသဖြင့် သန့်ရှင်းသော လေရော အလင်းရောင်ပါ ပျောက်ဆုံးနေလေသည်။

ခဏရပ်ပြီးမှ ခပ်ဖျော့ဖျော့တိုးဝင်နေသော အလင်းရောင်ဖြင့် အရာအားလုံးကို မြင်သာလာခဲ့သည်။

အလယ်တွင် အခန်းကျယ်ကြီးတစ်ခန်း ခေါင်းရင်းထိပ်တွင် ပန်းများ နွမ်းခြောက်နေသော ဘုရားစင်တစ်စင်နှင့် ဘေးမှာကပ်လျက် အိပ်ခန်းတစ်ခန်း။

အပေါ်ထပ်မှ အသံလာစရာဆို၍ ပိတ်ထားသောအခန်း တံခါးသာရှိ၏။

ကိုပိုင်စိုးက ဆုံးဖြတ်ချက်အတိုင်း အပေါ်ထပ်၏ ခန်းမဆောင်းသို့ ခပ်သွက်သွက် လှမ်းဝင်လိုက်မိသည်နှင့်. . .

"ဟာ. . ."

လူဝင်လာသံကြောင့် လင်းနို့များ လန့်ထပျံပြေးသွားသံက ချောက်ချားစရာကောင်းလှပေသည်။

လန့်မအော်ဖြစ်အောင် စိတ်ကိုထိန်းရင်း ခြေခပ်ဖွဖွနင်းလျက် အခန်းတံခါးရှေ့ရောက်လာတော့ တံခါးကို အပြင်မှ သော့ပိတ်ခတ်ထားသည်။

ဘာသံဆို ဘာသံမှ မကြားရ။

အခန်းကို လက်နှစ်လုံးခန့် သစ်သားချောင်းလေးများနှင့် ကွာအောင် ဆက်စပ် ရိုက်ကာထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အသေပိတ်ထားပါလား"

တစ်နေရာမှ လစ်ဟနေသော နေရာမရှိ၍ ကိုပိုင်စိုး တွေဝေနေမိသည်။

အသံလာရာသည် ဤအခန်းတွင်းမှ ဟုတ်ပါရဲ့လား။

စပ်ထားသော ပျဉ်များကို တစ်ချောင်းချင်း လိုက်စမ်းကြည့်လိုက်တော့. . .

"ဟာ. . . ဒီမှာ အပေါက်လေးတစ်ပေါက်"

ဝမ်းသာစွာဖြင့် အပေါက်လေးမှ ချောင်းကြည့်လိုက်တော့ ပထမ အထဲမှာ မည်းမှောင်နေသည်။ ဘာကိုမှ မမြင်ရ။

အနီးမှ တံမြက်စည်းကိုယူပြီး ဖုန်လူးနေသော ထရံနှင့် အပေါက်ကြားကို လှည်းချပြီး ကြည့်လိုက်တော့မှ အခန်းတွင်း၌ ခုတင်တစ်လုံး ရှိနေသည်ကို မြင်သာလာရသည်။

"မည်းမည်းအပုံကြီးဟာ ဘာလဲ"

"လူလား"

ခုတင်ပေါ်မှာ အနက်ရောင် ပုံပုံကြီးတစ်ခုကို တွေ့လိုက်ရသဖြင့် ချောင်းကြည့်နေဆဲမှာပင်. . .

လှုပ်လာသည်။

လူတစ်ယောက် ရှိနေသည်ပဲ။

သော့ခတ်ထားသော အခန်းတွင်းမှာ လူတစ်ယောက် ရှိနေသဖြင့် ထူးဆန်းစွာ ကြည့်နေဆဲမှာ ခြေထောက်နေရာက လှုပ်ရှားမှုများတော့ အနက်ရောင်စောင်ကြီး လွတ်ထွက်ပြီး ခြေအစုံ ပေါ်လာသည်။





"ဟာ. . . ဟာ"

ကိုပိုင်စိုး အကြီးအကျယ် လန့်ဖျပ်အံ့သြသွားရပါပြီ။

ထိုလူ၏ ခြေနှစ်ချောင်းလုံး ခုတင်၏ခြေရင်းတိုင်နှင့် ...ပ်ချည် တုပ်နှောင်ထားလေသည်။

ထိုစဉ် အောက်မှ လူသံများကြားရပြီး နားစွင့်လိုက် ...တော့. . .

"ဆရာမ လွှတ်လိုက်လို့"

"ဇည့်သည် ဘယ်ရောက်သွားလဲဗျ"

အသံများ ကြားလိုက်ရသည်နှင့် အခန်းဝမှ လှစ်ခနဲ ...တ်ပြေးပြီး လှေကားအတိုင်း ပြေးဆင်းမိလျက်သား ဖြစ်သွား ...သည်။

လှေကားလယ်မှ တံခါးကို ပိတ်နေစဉ်မှာမှ အပေါ်ထပ် ... တံခါးကို မပိတ်ခဲ့ရသေးကြောင်း သတိရလာသည်။

မတတ်နိုင်တော့။

ဘေးတံခါးပေါက်မှ အိမ်ထဲသို့ ပြန်ဝင်လိုက်ချိန်မှာ ...တန်း၊ ကိုးတန်းရွယ် လူပျိုပေါက် ယောကျ်ားလေးနှစ်ယောက် ... တွေ့လိုက်ရသည်။

"အစ်ကိုက ဧည့်သည်ဆိုတာလားဗျ"

"ဩော်. . . ဟော်. . . အေး. . . အေးကွဲ့"

ကလေးများ၏ မျက်လုံးမှာ ဘာသံသယမှ မတွေ့ရ၊ ...သို့ အပျံစားအဝတ်အစားနှင့် လူချောချော တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



သည် ခိုးကြောင်ခိုးဝှက်အလုပ်ကို လုပ်လာလိမ့်မည်ဟု ကလေး
များ တွေးမိကြဟန် မထင်ပါ။

ခဝ်တည်တည် မျက်နှာထားနှင့်ပင် တံခါး မင်းတုပ်ကို
ဖြန့်ထိုးပြီး ကလေးများကို ပြုံးပြလိုက်ရသည်။

ကလေးတွေကလည်း ကိုပိုင်စိုးကို စကားမပြောရဲကြ
ကိုပိုင်စိုး ကျောခိုင်းထားချိန်မျိုးမှာသာ သူတို့ချင်း တီးတိုးပြောနေ
တတ်ကြသည်။

"မင်းတို့ဆရာမက ဘယ်လိုမှာလိုက်လဲဟင်"

"ညှော်သည်တစ်ယောက်တည်း ထားခဲ့ရလို့ သွားစောင့်
ပေးပါတဲ့၊ လိုတာလည်း လုပ်ပေးလိုက်ပါတဲ့"

"ညှော်. . . ညှော်"

"နောက် အောက်မှာပဲနေတဲ့၊ အလယ်ခန်းမှာပဲနေတဲ့"

ကိုပိုင်စိုး ခေါင်းညိတ်မိသည်။

ကလေးများကိုလည်း ဘာမှ မေးမနေချင်တော့။

အပေါ်ထပ်မှ တုပ်နှောင်ခံ လူသားတစ်ယောက်နှင့် စော
စောဆီမှ ညည်းညူသံတို့သည် အတူတူပဲလား၊ တစ်ယောက်
တည်းလား၊ သို့မဟုတ် တစ်နေရာဆီကလား။

တစ်ဆက်တည်း အော်ညည်းသံကြောင့် အပေါ်ထပ်
တက်တော့လည်း လင်းနို့များ လန့်ပျံသံမှလွဲ၍ ဘာဆိုဘာမှ
မကြားရ။

တုပ်နှောင်ခံထားရရှာမက အခန်းတံခါးကိုပါ သော့ပိတ်၍
ဖမ်းဆီးပိတ်လှောင်ထားသောသူသည် ဘယ်သူပါလိမ့်။





ယောက်ျားလား၊ မိန်းမလား ဟူ၍ပင် သိခွင့်မရခဲ့မိ
အောက်သို့ ပြေးဆင်းလာခဲ့သည်။

ကလေးတို့ချင်း စကားသံက ကျယ်လောင်လာ၍ပဲလား
သိ၊ နောက်ထပ် ညည်းညူသံလည်း မကြားရတော့။

တောင်ပေါ်မြို့ငယ်လေး၏ သဘာဝအတိုင်း ည ၇ နာရီ
ထော်သည်နှင့် အားလုံး ငြိမ်သက်တိတ်ဆိတ်သွားခဲ့လေပြီ။
အမြဲရောင်နယ်မြေ မဟုတ်သဖြင့်လည်း ညဘက် လမ်းထွက်
သူ သိပ်မရှိကြ။

"မင်းတို့ဆရာမလည်း မလာသေးပါလားကွ"

"ဟိုလိုက်သွားလား မသိဘူး"

"ဘယ်ကိုလဲဟင်၊ ဘယ်လိုက်သွားတာလဲ"

ကိုပိုင်စိုး၏ မေးခွန်း မပြီးဆုံးမီ ခပ်ကြီးကြီးကောင်လေးက
အဖော်ကို ပခုံးနှင့်တိုက်ပြီး အချက်ပြလိုက်၍ စကားစ ဖော်
သော ကောင်လေးလည်း ဆိတ်ငြိမ်သွားတော့သည်။

ကိုပိုင်စိုးလည်း ဘာမှ ထပ်မမေးဖြစ်တော့။ အားလျော့စွာ
နေဆဲ၊ ၇ နာရီခွဲပြီးကာမှ နှင်းစက်တို့ စိုရွှဲလျက် မြနန်းမုံ
ရောက်လာသည်။

ဆွဲလာသော မီးအိမ်ကို စားပွဲပေါ်တင်လိုက်တော့မှ
တစ်ခန်းလုံး လင်းသွားတော့သည်။

"ဆောရီးပဲ ဆရာရယ်"

မြနန်းမုံ၏အသံများ တုန်လှုပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာတစ်ခုလုံးလည်း နီမြန်းလို့၊ မျက်ဝန်းတစ်ခုလုံး
လည်း ပိတ်မတတ်မှိုလို့။

"အို. . . မြနန်းမုံ အကြီးအကျယ် ငိုလာပါလား၊ ဘာ
နေရာသွားပြီး ဘာများဖြစ်လာခဲ့သလဲကွယ်"

သိချင် ကြားချင်သော်လည်း တိတ်ဆိတ်စွာသာ နေ
ပါလေမည်။ ဒါပေမယ့် တစ်ခုတော့ မေးဖြစ်လိုက်ပါ၏။

"ပြန်လာတာ မြနန်းမုံတစ်ယောက်တည်းလားဟင်
ညီလေး စိုင်းလွမ်းအောင်ရော"

"ပါပါတယ်၊ သူ့သူငယ်ချင်း ပြည်သူ့စစ်က ရဲဘော်လေး
တွေနဲ့ စကားပြောနေပါတယ်"

"ဒါနဲ့ မြနန်းမုံ ထမင်းမစားရသေးဘူး မဟုတ်လားဟင်
ကျွန်တော့်ကိုကျွေးပြီး ထွက်သွားလိုက်တာပဲ"

"နန်းမုံ ထမင်းလည်းမစားချင်တော့ပါဘူး"

သူ့ကိုဘာမှ ထပ်မမေးဖြစ်တော့။

မြနန်းမုံက ဗီရိုထဲမှ သိုးမွေးစောင်တစ်ထည်ကိုယူ၍ သိုင်း
ခြုံလိုက်ပြီး. . .

"ဟော. . . စိုင်းပြန်လာပြီ၊ ဆရာ့ကို တောင်းပန်ရတော့
မှာပဲ"

"ဘာများလဲ မြနန်းမုံ"

"နန်းမုံ ညဉ့်ဝတ်မကျေနိုင်တာကိုပါ"

"ဒါတွေ ပြောမနေပါနဲ့ မြနန်းမုံရယ်"

"ဒီညလည်း ဒီမှာအိပ်လို့မဖြစ်လို့ စိုင်းတို့အိမ်မှာပဲ လိုက်





လိုက်ပေးပါနော်၊ ဟိုမှာ စိုင်းလာနေပြီ"

"ကဲ. . . လာ အစ်ကို၊ ကျွန်တော်တို့အိမ်ပဲ လိုက်အိပ်
တော့၊ ဟော့. . . ညီလေးတို့လည်း လာကြ"

"ဟာ. . . ဒီကလေးတွေ ခေါ်လာခဲ့လို့ မြနန်းမုံ တစ်
ယောက်တည်း. . ."

"ရပါတယ် ကိုပိုင်စိုး"

"မဟုတ်သေးဘူးလေ၊ ဒီမှာ မြနန်းမုံတစ်ယောက်
တည်း. . ."

"လာစမ်းပါ အစ်ကိုရာ မမမုံနားမှာ ကျွန်တော်တို့ ရှိနေ
တာ မဖြစ်လို့"

"ဟင်. . ."

ရေးကွက်လာရှာသော စာရေးဆရာကိုယ်တိုင်ပင်
မျက်စရာဝေးလို့ ဇာတ်လမ်းကိုပင် မတွေးနိုင်သေးဘဲ သူကိုယ်
တိုင် ဝတ်ပါထဲမှာ ချာချာလည်သလို ခံစားနေမိရင်းက. . .

စိုင်းလွမ်းအောင်၏နောက်မှ အမှောင်လမ်းအတိုင်း လိုက်
ခဲ့ရပါလေတော့သည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ။ ၃

"အား. . . တကယ်ပူပါလား"

"အစမို့ပါဆရာ၊ တစ်ခါမှ မချိုးဖူးဘူးထင်တယ်နော်"

"လားရှိုး ရေပူတော့ ချိုးဖူးပါတယ်၊ ဒီလောက်မပူဘူးလာ
လို့"

"လားရှိုးလည်း နန်းမုံ ရောက်ဖူးပါတယ်၊ အတူတူ
လောက်ပဲ ရှိမယ်ထင်ပါတယ်"

"ဟုတ်မှာပါ၊ ချိုးစမို့ ဖြစ်လိမ့်မယ်၊ ကဲ. . . ဆက်ချိုး
လိုက်မယ်"

ကိုပိုင်စိုးက ရေပူများကို ဆက်ကာဆက်ကာ လောင်း
ရင်းက နှုတ်မှလည်း တရှူးရှူးတရှဲရှဲ အော်လျက် ပျော်ရွှ
မြူးတူးစွာပင် မိုင်းပွန်မြို့၏ ရေပူတွင်းမှ ရေများကို အားပါးတ
ချိုးနေလေတော့သည်။

မိုင်းပွန်မြို့၏ အရှေ့တောင်ဘက် 'နောင် ချို ကန် ကြီး
မရောက်မီ လက်ယာဘက်လမ်းသွယ်သို့ ချိုးကွေ့လိုက်လျှ
ဤရေပူတွင်းကို တွေ့နိုင်ပေသည်။





"မြန်မာသက္ကရာဇ် ၁၂၄၁-ခုမှ ၁၂၄၇-ခု (ခရစ်နှစ် ၁၈၇၉
- ၁၈၈၅)နှစ်များအတွင်းက မိုင်းပွန်မြို့၏ စော်ဘွားကြီး စဝ်ခွန်
ဆိုင်ဟာ လမ်းများဖောက်လုပ်ခြင်း၊ ဘုရားတည်ခြင်း၊ ချိုးရေကန်
ဆောက်ခြင်း၊ နောင်ချိုကန်ကြီးကိုလည်း ကြည်လင်သန့်ရှင်းစွာ ရှိစေ
ရန် တူးဖော်ခဲ့ရာ၌ ကိုယ်တော်တိုင် ယာယီတဲနန်း ဆောက်လုပ်
စံမြန်းပြီး ကြီးကြပ်ကွပ်ကဲခဲ့လေသည်။

ဤကာလများအတွင်းက ယခု ရေပူကန်ကိုလည်း အုတ်
အဆောင်များ အခိုင်အမာ တည်ဆောက်ပေးခဲ့ခြင်းဖြစ်သည်။

သဘာဝ၏ ပေးစွမ်းမှုများထဲမှ ချမ်းအေးလှသော ရှမ်း
ပြည်နယ်တွင်းမှာ ရေပူတွင်းများ ရှိနေခြင်းမှာ လူသားတို့အတွက်
အကျိုးသက်ရောက်လှချေသည်။

"ဆရာ ရေသိပ်အကြာကြီးတော့ မချိုးနဲ့နော်"

"ပြန်ချင်ပြီလား မြနန်းမုံ"

"မဟုတ်ဘူး ဆရာ၊ ရေပူကို အကြာကြီးချိုးရင် လူနုံး
တတ်တယ်"

"ဘာဖြစ်လို့လဲဟင်"

"ဘယ်လိုဓာတ်သဘာဝကြောင့်လဲတော့ မသိဘူး၊ ချိုးတဲ့
လူတွေတော့ လက်တွေ့ပဲ၊ အထူးသဖြင့် သက်ကြီးရွယ်အိုတွေ
ဆိုရင် အကြာကြီးချိုးပြီးရင် မူးနောက်နောက်နဲ့ နုံးပြီး မောနေ
တတ်တာပဲ"

"ကျွန်တော်ကတော့ သက်ကြီးရွယ်အို မဟုတ်သေးပါဘူး
ချိုးလို့ကောင်းကောင်းနဲ့ အကြာကြီး ချိုးလိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရတယ်ဆရာ၊ အချိန်လိုပါသေးတယ် ချိုးပါ"

မြန်နန်းမုံက သူ့လက်မှ နာရီလေးကိုကြည့်ပြီး ပြောလိုက်သည်။ အချိန်က ရှစ်နာရီ မိနစ်နှစ်ဆယ်ပဲ ရှိသေး၏။

ဒီနေ့ နေ့လယ် ဆယ့်နှစ်နာရီတွင် ကွန်ဗွိုင်ကားတန်းနှင့် ပြန်ကြပါမည်။

ရေချိုးနေစဉ် နောက်ထပ် စကားမပြောချင်တော့၍ မြန်နန်းမုံမှာ ရေပူရေချိုးဌာန၏ ပြင်ပရှိ လယ်ကွင်းများ၊ စိုက်ခင်းများ၊ ကျွဲဖြူကြီးများကို တက်စီးနေသော ယာတောမှ ကလေးငယ်လေးများကို ငေးကြည့်နေမိသည်။

ကိုပိုင်စိုးသည်မူ. . .

သွပ်မိုး ရာဇမတ်ကွက် သစ်သားကာများနှင့် ဆောက်လုပ်ထားသော ရေပူတွင်းလေးကို သဘောကျနေရှာသည်။

ရေပူထွက်ရာ နေရာကို အုတ်အင်္ဂတေတို့ဖြင့် အခိုင်အမာ ကာရံပေးထားခြင်းဖြစ်၏။

ရေပူကန်မှာ ရေနွေးအိုးဆူခါစလို ရေပွက်ကလေးများ ပလုံစီနေပြီး အငွေ့များ တထောင်းထောင်းထနေပါ၏။

ထိုကန်၏ အခြားတစ်ဖက်တွင် ပိုက်နှင့်သွယ်၍ကျဆင်းစေပြီး သည်ဘက်မှာ အုတ်ကန်ငယ်လေးနှစ်ခု လုပ်ထား၍ ရေပူတွင်းကြီးမှ ပုံးနှင့်ကဲ့ယူကာ ရေကန်မှာ ဖြည့်ပြီးမှ ရေချိုးနိုင်သည်။

ရေပူတွင်းမှရေက ပူလွန်းသဖြင့် အကျင့်မရှိလျှင် မလွယ်။ ပုံးငှားခြင်း၊ ရေချိုးခြင်းများအတွက် လူတစ်ဦးလျှင် ၂၅ ပြား သတ်မှတ်ထားလေသည်။





"ကျေးဇူးပဲ မြန်နန်းမုံရယ်၊ ချိုးလို့ပြီးပါပြီ၊ ပြန်ကြစို့လေ"

"ဟိုဘက်မှာ နောင်ချိုကန် သိပ်လှတယ်၊ ခဏလေး သွားကြည့်ရအောင်လေ"

"ဟာ. . . သိပ်ကောင်းပေါ့"

မြန်နန်းမုံက အဖော်အဖြစ် ခေါ်လာခဲ့သော ကျောင်းသူလေး မောင်နှမနှစ်ယောက်နှင့်အတူ အရှေ့ဘက်သို့ ဆက်လက်လျှောက်လာကြစဉ်မှာ. . .

"ဒီရှမ်းပြည်နယ်ဟာ သဘာဝအလှတရားတွေ အားလုံးများ တစ်ဦးတည်း သိမ်းယူပိုင်ဆိုင်ထားသလား မှတ်ရတယ်"

"ရှင်. . ."

"ကြည့်ပါဦး မြန်နန်းမုံရယ်၊ တကယ့် စိမ့်မြိုင်တောကြီးအလယ်က စိမ်းမြလှပလွန်းတဲ့ ကန်ရေကြည်ပဲဗျာ"

"နန်းမုံတို့ကတော့ မြင်နေကျမို့လားမသိဘူး မထူးဆန်းသလိုပဲ"

"ကျွန်တော့်အတွက်တော့ အထူးအဆန်းပါပဲလေ၊ ကြည့်. . . သစ်ပင်မြင့်ကြီးကနေပြီး နွယ်တွေ သွယ်ကျနေတာသည်း လှတာပဲ၊ အမျိုးပေါင်းစုံတဲ့ သစ်ပင်သစ်ရွက်ချင်း ယှက်ကာသိစ်နေတာလည်း ရင်အေးစရာပဲ၊ ခြေနင်းမြေမှာပဲ ကြည့်ပါဦး အလေ့ကျပေါက်နေတဲ့ ရောင်စုံမန်းလေးတွေက သနားစရာကောင်းခြင်းနဲ့အတူ လှပနေတယ်နော် မြန်နန်းမုံ"

အဲဒါတွေ ရှင့်စာထဲမှာပဲ ထည့်ရေးပါဟုသာ စိတ်ထဲညစ်နှင့် ပြောပစ်လိုက်ချင်ပါသော်လည်း သူက ညှော်သည့်မို့



www.burmeseclassic.com

www.burmeseclassic.com



သာ သည်းခံနေလိုက်ရပါသည်။

"ဟာ. . . ဒီတံတားကတစ်ဆင့် စီးကျနေတဲ့ရေကလည်း ရေတံခွန်ငယ်လေးတစ်ခုပါပဲလား"

"ဟုတ်တယ်၊ အဲဒါ အောက်ကန်ကို စီးဆင်းသွားတာ အဲဒီမှာလည်း ရေချိုးကြတာပဲ"

"ရေကတော့ အေးစိမ့်နေမှာပဲနော်"

"ဟုတ်ကဲ့၊ အဲဒါ နွေခါ ချိုးကြပြီး ဆောင်းခါကျမှပဲ ရေနွေး ကို ချိုးလေ့ရှိကြတယ်"

"ဒီမိုင်းပွန်မြို့ကလူတွေဟာ သဘာဝရဲ့ ချမ်းသာကြွယ်ဝ မှုတွေကို ပိုင်ဆိုင်လွှန်းကြပါတယ်ဗျာ"

သူ့ကိုဘာမှ ချေပဆွေးနွေးခြင်း မပြုတော့ပါဘဲ အပြန် လမ်းကို စတင်ဦးတည်လိုက်သည်။

"မြနန်းမုံ ပြန်လို့သာ ပြန်ရမှာ၊ ကျွန်တော် ဒီမှာနေလို့ မဝသေးဘူး"

"ဟုတ်ကဲ့၊ နန်းမုံကလည်း နက်ဖြန် စာသင်ခန်းဝင်ရမှာ ဆိုတော့ မပြန်လို့မဖြစ်ဘူးလေ"

"ကျွန်တော်နားလည်ပါတယ်၊ စိုင်းလွမ်းအောင်ရဲ့ကားက တောင်ကြီးပြန်ရမှာဆိုတော့ ကျွန်တော် နေခဲ့လို့မဖြစ်တော့ ဘူးလေ"

မြနန်းမုံမှာလည်း ညက ကြုံခဲ့ရသော အဖြစ်ကြောင့် ရှိ ဝေဒနာက မပြေပျောက် မသက်သာသေးချိန်မို့ သူ့ကို လိုက်လျော စွာ တုံ့ပြန်နိုင်ခြင်းမရှိပါ။





မနေ့ညနေကတော့ ရွှေတော်ဘုရား မဟာမြတ်မုနိ ဆင်းတုတော်ပုံစံအတိုင်း ဘုရားကြီးနှင့် ယိုယွင်းနေသော'မိုင်းပွန် ဟော်'တို့ကို လိုက်ပို့ပြီးခဲ့ပါပြီ။

ယခု ရေပူမှအပြန် မြန်မာ့လွတ်လပ်ရေးသမိုင်းဝင် ပုဂ္ဂိုလ် များနှင့်အတူ ဗိုလ်ချုပ်အောင်ဆန်းနှင့် တစ်ချိန်တည်း မသမာ သူတို့၏လက်ချက်ဖြင့် အသက်ဆုံးရှုံးခဲ့ရသော 'မိုင်းပွန်စော်ဘွား ကြီး စဝ်စံထွန်း'နှင့် သူ့ထက်စောစီးစွာ ကွယ်လွန်တော်မူခဲ့သော သူ၏ တစ်ဦးတည်းသော 'မဟာဒေဝီ'တို့၏ အုတ်ဂူများရှိရာသို့ သွားခဲ့ကြသည်။

သူတို့၏ ခမည်းတော်၊ မယ်တော်များ စသည့် စော်ဘွား ဆက်တို့၏ ရုပ်ကြွင်းပြာကို မြှုပ်နှံထားသော အုတ်ဂူများရှိရာ အာဇာနည်ကုန်းသို့ ဝင်ရောက်ခဲ့ကြပါသေးသည်။

မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၏ ရုပ်ကလာပ်ကိုရန်ကုန် မှ မိုင်းပွန်အထိ သယ်ဆောင်လာပြီး စော်ဘွားတို့၏ မသာတော် များ ရှိရာအတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပပြီး ရုပ်က လာပ်တို့ မီးသင်္ဂြိုဟ်၍ ပြာတစ်ဝက်ကို မိုင်းပွန်မှာ မြှုပ်နှံ၍ ပြာသာဒ်ပုံ ဂူဗိမာန် တည်ဆောက်ပြီး စော်ဘွားကြီး၏ရုပ်ကြွင်း ပြာတစ်ဝက်ကို ရန်ကုန်မြို့သို့ ပြန်လည်ပို့ဆောင်ပြီး အာဇာနည် ကုန်းမှာ မြှုပ်နှံခဲ့လေသည်။

မသမာသူတို့၏လက်ချက်ဖြင့် အာဇာနည်ခေါင်းဆောင် ကြီးများ ဇူလိုင်လ ၁၉ ရက်နေ့တွင် ကျဆုံးခဲ့ရသော်လည်း မိုင်းပွန်စော်ဘွားကြီးကို ဆေးရုံ၌ ကုသခဲ့ရာမှ ဇူလိုင် ၂၀ ရက်



www.burmeseclassic.com

www.burmeseclassic.com



နေ့တွင်မှ ကွယ်လွန်သည်။

နှစ်စဉ် ဇူလိုင်လ ၁၉ ရက်နေ့တိုင်း ပြည်သူတို့ မမေ့နိုင်သော အာဇာနည်နေ့အဖြစ် သမိုင်းတင်ခဲ့ကြပါပြီ။

ကိုပိုင်စိုးသည် မြနန်းမုံ ပြောပြချက်များနှင့် သူ၏အတွေးတို့ကို စဉ်းစားရင်း အမှတ် ၅ ရပ်ကွက်အဖြစ် သတ်မှတ်ထားသော နောင်နားရပ်ကွက်ရှိ မြနန်းမုံတို့အိမ်သို့ ပြန်လာခဲ့ကြရပါတော့သည်။

မြနန်းမုံ၌ ဤမျှ လျှို့ဝှက် ရင်ခုန်ဖွယ် အကြောင်းရာတို့ ရှိပေလိမ့်မည်ဟု ကိုပိုင်စိုး မတွေးမိ မသိရှိနိုင်သော်လည်း နှိမ့်နေသော မြနန်းမုံ၏ မျက်ဝန်းအိမ်လေးကို ကြည့်ပြီး မြနန်းမုံ ငိုထားကြောင်း သူအကဲခတ်နိုင်စွမ်းရှိပါ၏။

ညကလည်း ကျွန်တော့်တစ်ယောက်တည်းထားပြီး မြနန်းမုံ အကြာကြီး ထွက်သွားတယ်။

ဘယ်ကိုလဲ၊ ဘာအတွက်လဲ၊ ဘယ်လို သောကတွေများ ရှိနေသလဲ၊ မြနန်းမုံဆိုတဲ့ မိန်းမလှလေးရယ်. . .။

◆ ◆ ◆



အခန်း ။ ၄ ။

"ဘာလို့ ခုလို မြို့ဝင်ဂိတ်က ရဲစခန်းရှေ့မှာ ကားတွေ အကြာကြီး တန်းစီနေရတာလဲ. . . ညီလေး"

"ဟိုပုန်းက တက်လာမယ့် ကားတန်းမှာ ရဲအစောင့် ...တ်အဖြစ် ကားတစ်စင်းမှာ တစ်ယောက်စီ လိုက်ပါလာလိမ့် ...ယ် အစ်ကို"

"အင်း. . . အလာတုန်းက ပါလာတယ်လေ"

"ဟုတ်တယ်၊ အဲဒီ ရဲတွေက ကျွန်တော်တို့ကားနဲ့ ဟိုပုန်း ...တ်ကို ပြန်လိုက်ကြမယ်"

"ဩော်. . . အစ်ကို နားလည်ပြီ"

"တစ်ခါ လွိုင်လင်ဘက်က လိုက်လာပေးရှာတဲ့ ရဲတွေ ... အောက်ကတက်လာတဲ့ ကားတွေနဲ့ ပြန်လိုက်သွားကြမယ် ..."

"ဟုတ်ပြီ လွိုင်လင်က လိုက်လာတဲ့ ရဲက လွိုင်လင်ဘက် ...ဘက်ပြီး ဟိုပုန်းဘက်က တက်လာတဲ့ ရဲက ဟိုပုန်းဘက် ...ဆင်းဖို့အတွက် ကားချင်း ပြန်ပြောင်းတက်ရမှာပေါ့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် အစ်ကို"

ခက်ခဲစွာ လာခဲ့ရသောလမ်းကို ချက်ချင်း ပြန်ခဲ့ရ၍ ကိုပိုင်စိုး မကျေနပ်နိုင်သေး။

"အစ်ကို နောက်တစ်ခေါက် ရောက်အောင်ကို လာဦးမယ်ကွာ တကယ်ပြောတာ"

"ဟိုရွေ့က ပွန်ချောင်းကို ဖြတ်ပြီးပြီလား၊ ပွန်ချောင်းရေနဲ့ ထိပြီးပြီလားဟင်. . ."

"မနေ့ညနေက ရေသွယ်ယူနေတဲ့ ဝါးဒလက်ကြီးတွေ ဆင်းကြည့်ရင်း ရောက်တယ်လေ၊ ဘာဖြစ်လို့လဲ"

"ဒါဆို နောက်တစ်ခေါက် ကျိန်းသေ ပြန်လာရမှာပါ ပွန်ချောင်းရေကို ထိတွေ့ပြီးရင် နောက်တစ်ခေါက် ပြန်လာရရော"

"ပြောတဲ့အတိုင်း ဖြစ်ပါစေကွာ၊ အစ်ကို တကယ်ပြန်လာချင်တာ"

"ကျွန်တော်ကတော့ သွားလိုက် လာလိုက် ကုန်ရှာလိုက် လုပ်နေရတော့ ကိုယ့်မြို့ရောက်လည်း မအားရဘူး၊ အစ်ကို မမုံကိုသာ ကပ်ထားဗျ၊ သူက တစ်လနှစ်ခါတော့ အနည်းဆုံး ရောက်တာ. . ."

"သူ့ထပ်ပြီး ခေါ်လာချင်ပါစေလို့ပဲ ဆုတောင်းနေတာပဲ"

"မမုံက သိပ်သဘောကောင်းတာပါ"

"ဒါပေမယ့် အစ်ကို့ကို သိပ်စကားမပြောတော့ နေ





ထိုင်ရတာ အားတုံ့အားနာဖြစ်မိတယ်၊ ပြီးတော့ သူတို့ အိမ်ကြီးကလည်း တစ်မျိုးကြီးပဲနော်. . ."

"နေမယ့်လူမှမရှိဘဲ၊ မမုံတစ်ခါတစ်ခါ ပြန်လာမှသန့်ရှင်းအောင် လုပ်ရတာ၊ ဆောက်ထားတာကလည်း သူ့အဘိုး ခေတ်ထက်ကတည်းကဆိုတော့ ရဲတိုက်ကြီးလို အိမ်ကြီးကိုက ကြောက်ချားစရာပဲလေ"

ကိုပိုင်စိုးသည် ညက အတူလာအိပ်ကြသော ကျောင်းသားလေး မောင်နှမနှစ်ယောက်နှင့် စကားပြောရင်း မြနန်းမုံအလာကို လည်တဆန့်ဆန့်နှင့် မျှော်ခဲ့မိသည့်အဖြစ်ကို ပြန်သတိရနေသည်။

ပြန်လာတော့လည်း နှင်းများစိုနစ်ပြီး ထိတ်ထိတ်မျာမျာ ကြောက်ရွံ့ရွံ့ပုံစံနှင့် အိမ်စောင့် ကျောင်းသားလေးများကို

"မမကို ဘယ်သွားလဲလို့ ဘယ်သူတွေ လာမေးသေးလဲဟင်"

ဆိုသော စိုးရိမ်တကြီး မေးခွန်းများကို ပြန်လည် ကြားယောင်နေမိသည်။

နှုတ်ခမ်းလေးများပြာလာအောင် ခိုက်ခိုက်တုန် ချမ်းလာသော်လည်း နီမို့နေသော မျက်ဝန်းကြောင့် မြနန်းမုံ ငိုလာကြောင်း သိသာလှပါ၏။

အစားအသောက်အတွက် ဧည့်ဝတ်ကျေပွန်စွာ ပြုစုပါသော်လည်း မြနန်းမုံ သူ့ကို စကားမပြော၍ ဘာမှ မမေးရဲခဲ့။

ယခု ကားပေါ်မှာထိုင်ရင်း စိုင်းလွှမ်းအောင်မှတစ်ဆင့် များ သိရလေမလားဟူသော အတွေးဖြင့်. . .



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ ညက မြနန်းမုံ ထွက်သွားလိုက်တာ အကြာကြီးပဲ ဘယ်သွားတာလဲ ညီလေး သိလားဟင်. . ."

"သူ. . . သူ့ရဲ. . . အဲ. . . ဟို. . . အို ကျွန်တော် ပြောလို့ မဖြစ်ဘူးဗျ"

"ဘာဖြစ်လို့လဲဟင်၊ အစ်ကိုသိပ်သိချင်တာပဲ၊ မြနန်းမုံ ဘာတွေဖြစ်နေလဲဟင် ညီလေး. . ."

"ကျွန်တော်. . . ကျွန်တော်လည်း အသေးစိတ် မသိ ဘူးဗျ"

"သူမှာ မိဘ မရှိဘူးလား"

"ရှိ. . . အဲ မရှိ. . . ဟာ. . . အဲဒါလည်း ကျွန်တော် ပြောလို့မဖြစ်ဘူး"

"ဟာ. . . လူတစ်ယောက်ဟာ မိဘရှိလား သေဆုံးပြီ လားဆိုတာ ဘယ်လိုလူသားဖြစ်ဖြစ် ပြောလို့ရနိုင်တာမျိုးပါကွာ"

"မမမုံရဲ့အဖြစ်က တစ်မျိုး အစ်ကိုရဲ့၊ သိပ်ဆန်းတာပဲ"

"ဘာ. . . ဘာတွေ သူဖြစ်နေတာလဲဟင်"

"ကျွန်တော် ပြောလို့ မဖြစ်ဘူးဗျ"

ကိုပိုင်စိုးက စိတ်ပျက်စွာ စိုင်းလွမ်းအောင်ကို ကြည့်လိုက် ပြီး. . .

"ကဲ. . . မင်းပြောနိုင်လည်းပြော၊ မပြောနိုင်လည်းနေ အစ်ကိုတစ်ခုတော့ မေးချင်တယ်"

"ဖြေနိုင်ရင် ဖြေမယ်ဗျာ၊ မေး"

"မြနန်းမုံမှာ အိမ်ထောင်ရှိသလား"





"အိမ်ထောင်ဆိုတာ မိသားစုကိုမေးတာလား၊ ယောကျ်ား သလားလို့ မေးတာလား"

"သူမှာ ယောကျ်ားရှိသလားလို့ မေးတာပေါ့ကွ"

"ဟာ. . . ဘယ်ရှိမလဲ၊ အပျိုပဲ၊ မန္တလေးတက္ကသိုလ်က င်းပြီးတာနဲ့ တောင်ကြီးကောလိပ်မှာ ဆရာမလုပ်နေတာ၊ ယ်လိုယောကျ်ားရှိရမှာလဲ"

ရင်ကို အေးမြစေသော အဖြေ။

ကာမကို ပိုင်ဆိုင်သော လင်ယောကျ်ားရှိနေသော မိန်းမ ခဲ့လမ်း စိတ်ဝင်စားနေမိမှာ စိုးရိမ်၍ ကြိုတင်မေးမိရခြင်းပါ။ ပိုင်ဆိုင်သူမဲ့နေသော မြနန်းမုံ၌ ချစ်သူရှိစေဦး သူ စိတ်ဝင် ခွင့် ရှိပါလေမည်။

ယခုအချိန်မှာတော့ မြနန်းမုံ၏အလှ၊ မြနန်းမုံ၏ လျှို့ဝှက် နှင့် မြနန်းမုံ ကျိတ်မြိုခံစားနေရသည်ဟု ထင်ရသော သူမ၏ ဆွင်းသောကများကိုသာ စိတ်ဝင်စားခြင်းကြီးစွာ ဖြစ်နေရှ ပါ။

"မိုင်းပွန် တစ်မြို့လုံးဟာ လှတယ်၊ အားလုံးထက် ဟောဒီ လေးက ပိုပြီးလှတယ်နော် စိုင်းလွမ်းအောင်"

တန်းစီရပ်ထားသော ကားများအလယ်မှ စိုင်းလွမ်း င်၏ ကားပေါ်၌ ထိုင်ရင်း ကိုပိုင်စိုးသည် မိုင်းပွန်မြို့အဝင် ထိပ်မှ လှမ်းမြင်နေရသော မြင်ကွင်းကို ပြည့်မိအောင်မှ နိုင်ပါ့မလား။

'ကျောက်တောင်'ဟုသာ ခေါ်ကြသော ကျောက်တောင် တောင်ဆွယ်ပေါ်မှ မှန်စီ စေတီတော်များ၊ ငွေ့ဝေနေသော



www.burmeseclassic.com

www.burmeseclassic.com



တောင်ခိုးများ၊ ယာခင်းပြန့်ပြန့်နှင့် မြေနီနီများအလယ် ဖြတ်လျက် ကွေ့ပတ်စီးဆင်းနေသော ပွန်ချောင်း။

ခါတိုင်းဆိုလျှင် ဤလှပသော ရှုခင်းရှုကွက်များ ကြည့်ပြီး...

ဒီနေရာမှာ မင်းသားနဲ့ မင်းသမီး ချစ်ခွန်းခြွေခန်း ဖွင့်မည်

ဟိုတောင်ဆွယ်က လူဆိုးထွက်လာတယ်ဆိုရင် ကောင် မလား။

ချောင်းဘေးမှ လူသတ်မှု ဖြစ်တယ်လို့ပဲ ဇာတ်လမ် ဆင်ရလျှင် အဆင်ပြေနိုင်မလား ဟူသော... ခရီးသည် စာရေးဆရာတစ်ယောက်၏ ရေးကွက် ရွေးခန်းကာလ ဇာတ် လမ်းဆင်ဖို့ စဉ်းစား တွေးတောချိန်များ ဖြစ်နေထိုက် လျက်...

ကိုပိုင်စိုး၏ စိတ်ထဲတွင် ခါတိုင်း ခရီးသွားသလို ဇာတ် လမ်း၏ ဇာတ်ဝင်ခန်းများကို မတွေးဖြစ် မတွေးနိုင်၊ တွေးရန်ပင် မတွေးမိ။

"မြနန်းမုံမှာ ဘာတွေများ လျှို့ဝှက်ချက် ရှိနေလေသလဲ ဟူသော မြနန်းမုံ၏ ပဟေဠိဘဝသည်သာ အဖြေမသိနိုင်ပါဘဲ လျက် စိတ်ထဲမှာ လာ၍ ကြီးစိုးနေ၏။

"ဟော... ဟိုပုန်းက ကားတွေ တက်လာပြီ၊ ထွက်တော့ မှာအစ်ကို"

ဆယ့်နှစ်နာရီ ထွက်ရမည့်အစား တစ်နာရီပင် ထိုးပြီးနေ ပြီမို့ စိုင်းလွှမ်းအောင်က သွားရတော့မှာကို ဝမ်းသာသွားသလို ပြောလိုက်ပါ၏။





"မြနန်းမုံ ဒီနေ့ မပြန်ဖြစ်တော့ဘူးထင်တယ်နော်"

"ပြန်မှာပါ"

ကားထွက်ရေး၊ အက်စကော့အတွက် ရဲသား လာရေး၊ ားနံပါတ်ပေးရေး စသော ကားကိစ္စများနှင့်သာ စိုင်းလွှမ်း အောင် ရှုပ်နေ၍ သူ့ဘာမှ မမေးတော့ပါ။ မြနန်းမုံကို မျှော်စရာ ချိန်ကုန်သွားပြီဟူ၍ စိတ်လျှော့လိုက်ရပါ၏။ နောက်ဘက် ည့်ပြီး ကားမှန်ခြားထားပါလျက် ခရီးသည်များအတွင်းမှာ န်းမုံကို ရှာဖွေနေမိသည်။ မတွေ့။

"ချောက်"

ဆိုသော ကားတံခါးဖွင့်သံကြောင့် စောင်းလှည့်ထားနေ သော ကိုယ်ကို ရုတ်ခနဲ ပြန်လှည့်ကြည့်တော့ ကားတံခါးက င့်နေပြီ...

"ဆရာ အပြင်ဘက်က စီးလေ"

နှစ်ကာလများစွာ ကွဲကွာနေသော ဆွေမျိုး သို့မဟုတ် ချစ်သူငယ်ချင်း ချစ်မိတ်ဆွေ တစ်ဦးဦးကို ပြန်လည်တွေ့ဆုံလိုက် သည့်ထက်ပင် ရင်၌ လှိုက်လှိုက်လှဲလှဲ ဝမ်းသာသွားမိခဲ့သည်။

"မြနန်းမုံ အလယ်က စီးမလို့လား၊ ဖြစ်ရဲ့လား"

"ဖြစ်ပါတယ်၊ စီးနေကျပါ"

ထုံးစံအတိုင်း တည်တည်ငြိမ်ငြိမ်ဖြေ၍ ကိုပိုင်စိုးလည်း ဘာမှ ဆက်မမေးရဲတော့ဘဲ ကားအပြင်ထွက်ပေးလိုက်ရသည်။

စလင်းဘက်ကလေးတစ်လုံးသာ ပခုံးမှာ လွယ်ထားသော န်းမုံက ညင်ညင်သာသာလေး စိုင်းလွှမ်းအောင်၏ ဘေးတွင် င်၍ထိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မြနန်းမုံ၏ဘေးမှာ ဝင်ထိုင်ရသော ကိုပိုင်စိုးမှာ သူ့ မထိခတ်မိအောင် ကိုယ်ကိုပင် ယို့ကျုံ့ထားမိ၏။ မြနန်းမုံ ကြီးရင့်သော ဣန္ဒြေသိက္ခာသည် သူ့ကို စည်းတားထားသည် ရှိချေ၏။

"အစ်ကို လေ့လာချင်ရင် ပွန်ချောင်းထိပ်က အုတ် မှတ်တိုင်ကိုကြည့်"

"အင်း. . . တွေ့တယ်၊ ဟိုဘက်က ဟိုပုံးမြို့နယ်အ ဒီဘက်က လွိုင်လင်မြို့နယ်အစတဲ့"

"ဟုတ်တယ်အစ်ကို၊ ကျွန်တော်တို့ မိုင်းပွန်ဟာ အရင် မြို့ပါ၊ မိုင်းဆိုတာကိုက ရှမ်းဘာသာအရ မြို့ပါ၊ ပွန် ဆိုတာ တော့ ချောင်းရဲ့အမည်ပါ"

"အင်းလေ၊ မိုင်းပွန်မြို့ပဲ မဟုတ်လား"

"မဟုတ်တော့ဘူးအစ်ကို၊ မိုင်းပွန်ဟာ ရွာဖြစ်သွားပြီ"

"အို. . . ဟုတ်လား"

"ဟုတ်ပါတယ်၊ လွိုင်လင်မြို့နယ်ပေါ့"

"သြော်. . . ဟုတ်ပြီ၊ အောင်ပန်းနဲ့ ဟဲဟိုးတောင် အ တလော မြို့နယ်ထဲမှာ ပါသွားသလိုပေါ့နော်"

"ဟုတ်ပါတယ်အစ်ကို"

တစ်ချိန်တုန်းက ကျော်ကြားခဲ့သော မိုင်းပွန်သမိုင်း စော်ဘွားများမှတ်တမ်း စသည်တို့ကို ကြိုတင်လေ့လာထား ပါလျက် ပြန်တွေးမနေချင်တော့။

တကယ့်ကို သိချင်၊ ကြားချင် နားလည်ချင်သော ပြသ နာရှင်က ယခု သူ့ဘေးမှာ. . .





တား စထွက်ပါပြီ။

ဝင်ထိုင်ပြီးကတည်းက စကားတစ်ခွန်းမှ မပြောသေး သော မြနန်းမုံ. . .

တောင်စောင်း တစ်ကွေ့နှင့် ရောပြီး လူပါ စောင်းလျက် မြနန်းမုံကို ခိုးကြည့်မိ၏။

မြနန်းမုံမှာ ရှေ့သို့ကြည့်နေသော်လည်း ဤပတ်ဝန်းကျင် သို့ကြည့်နေခြင်း ဖြစ်ဟန်မတူ။

မြနန်းမုံမှာ အပြာနုရောင်အင်္ကျီ၊ အပြာရင့်ရောင် လုံချည် နှင့် ရိုးရိုးစင်းစင်းလေး ဝတ်ထားသော်လည်း မတရား ပြင်ဆင် ထားသလို လှနေသည်။

နက်မှောင်သော ဆံပင်လေးကို ရှင်းရှင်းသန့်သန့် ဖြီးထား သည်မှလွဲ၍ မျက်နှာပြင်မှာ ဘာတစ်ခုမှ လိမ်းခြယ်မထားပါ။

ညက တစ်ညလုံးများ ငိုထားလေသလားမသိ၊ မျက်ဝန်း အိမ် တစ်ခုလုံး နီမို့နေ၏။

"မမမုံ"

"အင်. . ."

"အစ်ကိုကို စကားလေးဘာလေး ပြောပါဦးဗျ၊ အလာ တုန်းက ဒါ ဘာရွာလဲ၊ ဘယ်နေရာလဲ မေးလာတာ၊ စိုင်းက ဆိုလို့ မဖြေခဲ့ရဘူး၊ မမမုံ အစ်ကိုကို ပြောပြလိုက်ဦးလေ"

"သြော်. . . အင်း၊ ဟုတ်ပါရဲ့ လေ့လာရေးလာတဲ့ နေရာကို လျစ်လျူပြုထားမိသလို ဖြစ်ရတာ ခွင့်လွှတ်ပါနော်၊ နန်းမုံလည်း ကိုယ့်သောကနဲ့ကိုယ်မို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"မြနန်းမုံ"

"ဟုတ်ကဲ့"

"ကျွန်တော် ဘာမှ မသိရလည်း နေပါစေတော့ဗျာ ကျွန်တော့်ကြောင့် စိတ်ပင်ပန်း မခံပါနဲ့တော့၊ ကျွန်တော် တစ် တော့ မေးပါရစေ"

"သြော်. . . မေးပါဆရာ"

"မြနန်းမုံပြောတဲ့ ကိုယ့်သောကဆိုတာ ဘာများလဲဗျာ ကျွန်တော်သိခွင့်ရှိရင် သိပါရစေ၊ အင်ကွစ်စစ်တစ်(ဖ်) ဖြစ်တ လို့ ထင်ချင်လည်းထင်ပါ၊ မေးမြန်းစပ်စုပါရစေတော့၊ အဲ ဘာအတွက်လဲဆိုတော့ မြနန်းမုံကို ကူညီချင်လို့"

"ဟင်. . ."

"မရဘူးအစ်ကို၊ အစ်ကို့လို ဧည့်သည်မပြောနဲ့၊ ကျွန်တေ တောင် ဝင်ကူလို့ရတာ မဟုတ်ဘူး"

"စိုင်း"

မြနန်းမုံ၏အသံ ကျယ်လောင်လွန်းတော့ စိုင်းလွမ် အောင် ကိုင်ထားသော စတီယာရင်ပင် ရမ်းသွား၍ ကား ခါသွားရ၏။

"ဒီလိုပါ မြနန်းမုံ"

သူမှားပြီဆိုသော အသိဖြင့် အစချီပြီး. . .

"ကျွန်တော် သိချင်တယ်ဆိုတာက ကူညီချင်တာပါ၊ ခုလ စိုင်းလွမ်းအောင်တောင် ကူညီလို့ မရဘူးဆိုရင်တော့လည်း ကျွန်တော်လည်း ဘာမှ တတ်နိုင်မှာမဟုတ်လို့ ဘာမှမသိရ





တော့ပါဘူးလေ၊ ကျွန်တော့်ကို နားလည်မယ်ဆိုရင်တော့ ခွင့်လွှတ်ပေးပါ"

မြနန်းမုံ လှည့်ကြည့်လာတော့ ကျဉ်းကျပ်သော ကား ခန်းအတွင်းမှာ နီးကပ်သော မျက်ဝန်းချင်း ဆုံဖြစ်၏။

သူသည် တစ်နေရာရာမှ နိုးထလာသူ သို့မဟုတ် သတိ မြောနေရာမှ သတိပြန်လည်လာသူ တစ်ယောက်လိုပင် ိုင်စိုးကို အားတုံ့အားနာနှင့် ကြည့်လိုက်ပြီး. . .

"ဆောရီးဆရာရယ်၊ တကယ်ပဲ အားနာမိပါတယ်၊ ခုချိန် နန်းမုံရဲ့ပြဿနာကို တွေးနေလို့လည်း အပိုပါပဲ၊ ဘာမှ လို့ ရတာမှမဟုတ်တော့တာ၊ ဆရာမှမဟုတ်ပါဘူး၊ ဘယ်သူ မှ ပြောလို့မဖြစ်တဲ့ ပြဿနာမို့ မပြောနိုင်တာကိုလည်း နန်းမုံ ခွင့်လွှတ်ပါ"

"ကျွန်တော် နားလည်ပါတယ် မြနန်းမုံ"

"တဲ. . . ပြီးပါပြီလေ၊ ပြဿနာဟာ မိုင်းပွန်မှာ ကျန်ခဲ့ပါပြီ စိတ်ထားလိုက်တော့မယ်၊ ဆရာ ဘာသိချင်လဲ၊ သိချင်တာ ပါနော်"

"ရပါတယ် မြနန်းမုံ၊ စိတ် သက်သက်သာသာ စီးပါဗျာ၊ တော့်ကို ဧည့်ခံမနေပါနဲ့တော့လေ"

မြနန်းမုံကို သနားစိတ်ဖြင့် သက်ညှာချင်မိသည်။ လမ်း ၏ အတွေ့ကြုံမှတ်တမ်းကို မရချင်လည်း နေပါစေတော့၊ မုံ နားပါစေ. . .။

"နန်းမုံတို့ ရှမ်းပြည်နယ်က လူတွေဟာ အင်မတန်မှ တော်ကျေးကြပါတယ်ဆရာ၊ ဆရာဟာ နန်းမုံရဲ့ ကျေးဇူးရှင်



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးက လွှတ်လိုက်သူလည်းဖြစ်တယ်၊ နောက်ပြီး အပျော်ခ
သက်သက် ထွက်လာတာလည်း မဟုတ်ဘဲ လာရောက်လေ့
သူတစ်ဦးလည်းဖြစ်လို့ နန်းမုံတို့အနေနဲ့ ပိုပြီး ဧည့်ဝတ်ကျေ
ပါတယ်၊ ဒါကြောင့် ညကကိစ္စအားလုံး မေ့လိုက်ပါနော်ဆ
ဒီလမ်းရဲ့အတွေ့ကြုံကို နန်းမုံသိသမျှ ပြောပြပါတော့မယ်နော်

"ဒီနယ်မြေတစ်ဝိုက်က တောင်ပေါ်ရွာအားလုံး
သနပ်ဖက်စိုက်ခင်းများနဲ့ အများဆုံး အသက်မွေးကြပါတယ်

"သနပ်ဖက်ရောင်းဝယ်သူနဲ့ ပွဲရုံပိုင်ရှင်တွေဟာ သူ
တွေချည်းပဲနော်"

"ခြံပိုင်ရှင်တွေလည်း ဝင်ငွေ ကောင်းကြပါတယ်၊
ဟိုဘေးမှာ မြင်နေရတဲ့ အပင် နိမ့်နိမ့်လေးတွေပါ"

"ဟာ. . . သနပ်ဖက်ပင်ဆိုတာ အမြင့်ကြီး မဟုတ်
လား၊ ခုဟာက နှစ်ပေလောက်ကလေးရယ်"

"ဆယ်ပေလောက်အထိ အမြင့်ရှိပါတယ်၊ အခုဟာ
က တန်ခူးလမှာ ခုတ်ထားလို့ အရွယ်တက်တုန်း ရှိသေး
ဆရာ့ကို သနပ်ဖက်စိုက်ခင်းနဲ့ သနပ်ဖက် လုပ်ငန်းအကြော
အဆင့်ဆင့် သီးသန့်ပြောပါ့မယ်၊ ကြုံရင်လည်း ပြပါ့မယ်"

"အဲဒီနေ့မျိုး ပြန်ရောက်ခွင့် ကြုံပါရစေ"

"စိတ်ချပါဆရာ၊ နန်းမုံလည်း အားနာမဆုံးပါဘူး၊
ကားဖြတ်နေတာ ဖက်ယမ်းအုပ်စုဖြစ်တဲ့ ပုန်းအယ်ရွာ၊ ပင်ဟဲ
တွေပါ၊ ဟောဟို တောင်ပေါ်က အိမ်ပျပျလေးတွေဟာ အား
ပအိုဝ်းတွေရဲ့ ရွာတွေပါ"





"နေနေကျတော့လည်း ပျော်နေမှာပဲနော်၊ ကျွန်တော်တို့
မြေပြန့်သားတစ်ယောက် အနေနဲ့တော့ အခုလို လွင့်မြင့်
တဲ့ တောင်ပေါ်မှာနေလို့ ဖြစ်မယ်မထင်ဘူး"

"သူတို့လည်း အဲဒီလိုပဲ တောင်ပေါ်မှာပဲ နေချင်တယ်တဲ့"

"ဇာတိမြေကို ခင်တွယ်တတ်တာ လူ့သဘာဝပဲနော်"

ကိုပိုင်စိုးနှင့် မြနန်းမုံတို့၏ စကားကို စိုင်းလွမ်းအောင်က
ဖြတ်ပြီး. . .

"မမမုံရော မန္တလေးနဲ့ ရှမ်းပြည် ဘယ်မှာပျော်လဲ"

"ဘယ်မှာမှ မပျော်ဘူး"

"တောင်ကြီးမှာရော"

"မပျော်ပါဘူးဆို"

"ပျော်ချင်ရင် အကြံဉာဏ်ပေးမယ်"

"ဘာလဲ"

"ရည်းစားတစ်ယောက် ထားလိုက်"

မြနန်းမုံက ဘာမှမပြောဘဲ စိုင်းလွမ်းအောင်ကို မျက်နှာ
တင်းတင်းနဲ့ လှည့်ကြည့်လိုက်တော့. . .

"အဟား. . . ဟ"

"ဟဲ့. . . ဟဲ့ စိုင်း"

"မကြောက်ပါနဲ့ မမမုံရဲ့၊ ဒီလမ်းကို ကျွမ်းပြီးသား၊ မျက်စိ
မှောင်းလို့ရတယ်"

"ညီလေးက ကျွမ်းပေမယ့် တောင်က အတက်ချည်းပဲဆို
တော့ အသည်းထိတ်စရာပဲကွ"



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို ကြောက်တတ်လား"

"ယောက်ျားပဲကွာ၊ မကြောက်တတ်ပါဘူး၊ ဒါပေမယ့် သိ
အတက်ကြမ်းတဲ့ တောင်ပေါ်လမ်းကိုတော့ သတိထားမော
ခရီးသည် အားလုံးရဲ့ အသက်ဟာ ကိုယ့်လက်ထဲမှာလေ"

"ဟော. . . ပြောရင်းဆိုရင်း တွေ့လား၊ ကားတစ်စ
မှောက်နေတာ၊ တို့စကားပြောတဲ့အထဲကို ဝင်မပါနဲ့၊ ကား
ဂရုစိုက်မောင်းစမ်း စိုင်း၊ လမ်းက ကွေ့ရုံမကဘူး လိမ်နေတာ

တောင်စောင်းဘေးမှာ ဂျီအမ်(မ်)စီ ကုန်တင်ကား
တစ်စင်း တုံးလုံးလဲလို့။

"ဒါမျိုးက ဖြစ်တတ်တယ်လေ၊ အတက်က သိပ်မတ်တ
ကြမ်းတုံးခုလည်း ကြမ်းတုံးကိုကျော်ပြီး လိမ့်ဆင်းသွားတာပဲ"

"တော်သေးတယ်နော် မြနန်းမုံ၊ ချောက်ဘက်မကျ
တောင်ရှိတဲ့ဘက် မှောက်သွားလို့"

"ဟုတ်တယ်၊ တစ်ခါတစ်ရံလည်း ဖြစ်သွားတာပါ
တောင်တွေက ပေခြောက်ထောင်ကနေ ရှစ်ထောင်လော
အထိ မြင့်ကြတယ်"

"လေယာဉ်ပျံ ပျံတက်သလောက်ကို ရှိတယ်၊ အခု
တောင်ပေါ်လမ်း လာရတာ အသည်းတလှပ်လှပ်နဲ့ပဲ မြနန်း
ရေ"

နွားကြီးတစ်ကောင်ကို ခွေးငယ်တစ်ကောင်စာလော
သာ မြင်ရသော တောင်တက်လမ်းမှနေ၍ ကွေ့ကာ ဝိုက်က
နှင့် အဆင့်ဆင့် တက်လာရသော ကတ္တရာလမ်း သုံးဆစ်ချိုး





ကြည့်ရင်း ကိုပိုင်စိုးက ကျေနပ်နေဟန် ရှိပါ၏။

"အခု ပြန်ဆင်းပါပြီ ကိုပိုင်စိုး၊ ရှေ့မှာ ရွှေစင်ဈေးနဲ့
ကျောက်တန်းရွာ၊ အဲဒါပြီးရင်တော့ ထမ်(မ်)ဆမ့်(မ်)ရောက်ပါပြီ၊
ဒီမှာ ကားတွေ တစ်ခါ စုရ၊ တန်းစီရပါတယ်"

"အဲ. . . ဟုတ်ပြီ၊ အလာတုန်းက ဒီမှာ အကြာကြီး ရပ်ပြီး
နေရတာ မှတ်မိပြီ၊ မုန့်လက်ကောက်လို မုန့်ကို ထန်းလျက်နဲ့
တစ်ခါတည်း စိမ်ပြီး ကြော်ထားတာတောင် ဝယ်စားဖြစ်သေး
တယ်"

"စိုင်းက ဘာမှ ပြောမပြဘူးလား"

"စိုင်းမှ ဘာမှ မသိတာ"

သည်လိုနှင့် ထမ်(မ်)ဆိုသည်မှာ ဂူ၊ ဆမ့်(မ်) ဆိုသည်မှာ
ဆင် ဟူ၍ ရှမ်းဘာသာအရ ခေါ်သော ဆင်ဂူ ရွာနှင့် စခန်း
ခြင်းကြောင်း ရှင်းပြပြီး ကားထွက်လာချိန်မှာ. . .

"ဟိုးက မြင့်မြင့်ညို့ညို့ကြီး မြင်နေရတာ ပေရှစ်ထောင်
ကျော်မြင့်တဲ့ 'မဲနယ်တောင်'ပဲ ကိုပိုင်စိုး၊ ရှမ်းပြည်နယ်မှာတော့
နယ်တောင်၊ နောက်ပြီး ပေခြောက်ထောင်ကျော် မြင့်တဲ့
နင်းတောင်'နဲ့ ပေ ခုနစ်ထောင်ကျော်မြင့်တဲ့ 'လွိုင်စန့်'
တောင်တွေဟာ အမြင့်ဆုံးတောင်တွေအဖြစ် ပထဝီ အနေ
ထားအရ သတ်မှတ်ထားကြပါတယ်"

"အဲဒီမှာတော့ လူတွေ မရှိဘူးပေါ့နော်"

"ဟာ. . . နေတာပေါ့၊ ရွာစဉ်တွေ ဆက်မတတ်ပဲ၊ ပအိုဝ်း
ရွာတွေ များတယ်၊ ရှမ်းရွာတွေလည်း ရှိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . ဒီလောက်မြင့်တဲ့ နေရာကြီးမှာ ဘာလုပ်နေကြတာလဲ"

"သနပ်ဖက် စိုက်ခင်းတွေပဲ အများဆုံးပါ၊ လက်ဖက်ခြောက်လည်း ထွက်ပါတယ်၊ မိုင်းပွန်ဘက်မှာတော့ ကာမိုင်းဘက်ကထွက်တဲ့ လက်ဖက်ခြောက်ဟာ နာမည်ကြီးပါတယ်"

"မိုင်းပွန်ကို မနှံ့သေးတာ အားမရသေးဘူးဗျာ"

"ထပ်ပြီး ရောက်ဖြစ်နိုင်အောင် စီစဉ်ပေးပါ့မယ်၊ မပြန်သေးဘူးဆို"

"ဟုတ်ကဲ့. . . ဒီမှာပဲ ဝတ္ထုတစ်ပုဒ်ရေးရင်း နေဦးမလားလို့"

"ဒီမှာရှိနေတဲ့အတွင်းမှာ နန်းမုံ တတ်နိုင်သမျှ ကူညီပေးမယ်"

"ကျေးဇူးပါပဲ မြနန်းမုံ"

"ဒါနဲ့ အစ်ကိုက တောင်ကြီး ဘယ်မှာ တည်းတာလဲ"

စိုင်းလွှမ်းအောင်က ပါးစပ် အငြိမ်မနေနိုင်ဘဲ ဝင်မေး၏။ တောင်စောင်း တောင်တက်လမ်း ကျဉ်းကျဉ်းလေးကို ကျော်လွှားလာခဲ့ပြီမို့ မြနန်းမုံ မဟန့်တားတော့။

"တောင်ကြီး ဟိုတယ်မှာပါ၊ ခုလည်း အဲဒီပဲ ပြန်မယ်"

မြနန်းမုံ နည်းနည်းတော့ အံ့သြသွားမိသည်။ တောင်ကြီး ဟိုတယ် ဆိုသည်မှာ အစိုးရပိုင် ဟိုတယ်နှင့် ခရီးသွားလာရေး ဌာနမှ ဖွင့်လှစ်ထားခြင်းဖြစ်သည်။





လူတစ်ယောက် တစ်ညတာတည်းခိုခနှင့် နံနက်ဦးစာအတွက် လေးဆယ်ကျော်ဖြစ်သည်။ ထိုဟိုတယ်မှာ ယကမာ ...သည်။ မြန်မာထမင်းဟင်းနှင့် အနောက်တိုင်း အစားအစာ ...သည်။ နံနက်စာ နေ့လယ်စာ ညနေစာများစား စဆုံးဖြစ်လျှင် လူတစ်ယောက်စရိတ်က တစ်နေ့ တစ်ရာကျော်ပေမည်။ ထို...မျိုးမှာ ရက်ပေါင်းများစွာ နေထိုင်တည်းခိုနိုင်သည်ဆိုသော ကိုပိုင်စိုး၏ ဝင်ငွေကလည်း နည်းမည်မဟုတ်။

"စောစောက မြနန်းမုံ ပြောထားတာလေးတွေ မှတ်လိုက်...ယ်နော်၊ ဖက်ယမ်းအုပ်စု၊ မဲနယ်တောင်၊ သနပ်ဖက်စိုက်ခင်း. . ."

ဟု နှုတ်မှရွတ်ဆိုပြီး သူမေ့သွားသည်များကို ပြန်လည်...လိုက်၊ သူ၏ မှတ်စုစာအုပ်အတိုလေးမှာ ရေးမှတ်လိုက်နှင့် ...စူးစိုက်စိုက်ထား၍ မှတ်သားနေသော ကိုပိုင်စိုး. . .

"ရှေ့မှာ ဟိုပုန်းရေထွက်ရောက်ပြီအစ်ကို"

တံတောင်ဆစ်ချိုးလို အကွေ့၏ အဆင်းလမ်းထောင့်ကို ...ပြီး ပြောတော့. . .

"ရေထွက်ဆိုတာ တကယ်ဆန်းတယ်။ အဲဒီလို ဘာကြောင့် ဖြစ်နေရတာလဲ"

"ဒီလိုပါ ကိုပိုင်စိုး"

စိုင်းလွှမ်းအောင် ရှင်းမပြဖြစ်အောင် မြနန်းမုံက ဝင်၍-

"လူဦးရေ ၃၁၇၈၂၁၄ ရှိပြီး ဧရိယာ စတုရန်းမိုင် ၆၁၁၂၃ ...ကျယ်ဝန်းတဲ့ ဒီရှမ်းပြည်နယ်မှာ စိမ့်စမ်းတွေ၊ ချောင်းတွေ



www.burmeseclassic.com

www.burmeseclassic.com



စမ်းရေတွေ၊ တောင်ကျရေနဲ့ ရေတံခွန်တွေဟာ သဘာဝ အလျောက် ဖြစ်ပေါ်တည်ရှိနေသလိုပဲ၊ ဟိုးအောက်ခြေကနေပြီး ကျောက်တုံးကျောက်ဆောင်တွေကြားကို ထိုးတက်ပေါ်ထွက် လာတဲ့ ရေထွက်ဦးနေရာတွေ အများအပြားရှိပါတယ်၊ အဲဒီ ရေထွက်တွေထဲက ဟိုပုန်းရေထွက်ဟာနာမည်ကြီး ရေထွက် တစ်ခုပါပဲ၊ တောင်ကြီးမှာလည်း ရေထွက်တဲ့နေရာကို အစွဲပြုပြီး ရေထွက်ဦးလမ်းလို့ ခေါ်ကြတာပါ"

"ရေထွက်တာကို ခပ်ယူရတာလား၊ မိုင်းပွန်က ရေတွင်း လိုလား"

"မဟုတ်ပါဘူး ကိုပိုင်စိုး၊ ဟော. . . ဟိုမှာ၊ ငုံ့ကြည့်လိုက် လက်ဝဲဘက်မှာ"

"ဟာ. . . ရေကန်ကြီးလိုပါပဲလား"

"ဟုတ်ပါတယ်၊ ထွက်လာတဲ့ရေတွေ ပြည့်လျှံနေတာပေါ့"

"တိမ်တိမ်လေးလား၊ နက်လားဟင်"

"လမ်းဘက်ကျတဲ့ ကျောက်ဆောင်တွေ ကြားကတော့ တိမ်လို့ ရေချိုးကြပါတယ်၊ ရေက အေးစိမ့်ပြီး ကြည်နေလို့ ချိုးလို့ ကူးလို့ ကောင်းပါတယ်၊ အလယ်ရေထွက် တည့်တည့်ကတော့ သိပ်နက်ပါတယ်"

"အဲဒီရေထွက်က လူစားတယ်ဗျ၊ တစ်နှစ် တစ်ယောက် လောက် သေတာပဲ၊ ဒေသခံနဲ့ မိန်းကလေးတွေ မသေကြဘူး လူစိမ်းယောကျ်ားချည့်သည်ဆို မကြာခဏ စားတယ် အစ်ကို"

"မလုပ်ပါနဲ့ကွာ၊ အဲဒီနေရာတော့ ရေချိုးမခေါ်ပါနဲ့





အတာထဲကအတိုင်း အသက် တစ်ရာနှစ်ဆယ် မရှည်ဘဲ နေပါ ဦးမယ်"

စိုင်းလွှမ်းအောင်က အသံထွက်အောင်ရယ်ပြီး မြနန်းမုံ ခါ ပြုံးလာသည်။

သြော်. . . လှပြီးသားလူများ ပြုံးလိုက်တော့လည်း ပိုလှ၊ နေတော့လည်း သနားစရာ၊ ဘယ်လိုဆုတွေများ တောင်းလာ လို့ ဒီလောက်လှနေရတာလဲ မြနန်းမုံရယ် ဟူသော သူ့ရင်တွင်းမှ စကားလုံးများကို မြနန်းမုံ မကြားသာ၍သာ တော်တော့သည်။

ဟိုပုန်းမြို့နှင့် တောင်ကြီးမြို့မှာ ဆယ့်နှစ်မိုင်သာ ဝေးကွာ သဖြင့် မိနစ်လေးဆယ် အတွင်းမှာပင် တောင်ကြီးမြို့အဝင် ဂိတ်တော့ဂိတ်သို့ ရောက်လာခါနီးပါပြီ။

ထိုနေရာမှာ ကျိုင်းတုံတာချီလိတ်ကားများ တောင်ကြီးသို့ ဝင်စရာ သည်တစ်လမ်းသာရှိပါ၍ ထိုဂိတ်နှင့် လ-ဝ-က-ရဲ အကောက်ခွန် စသော ဌာနဆိုင်ရာများ အမြဲ တာဝန်ကျသော နေရာဖြစ်ပါ၏။ လာသမျှကားတိုင်း ဂိတ်မှာ တန်းစီရပ်ရသည်။ စိုင်းလွှမ်းအောင်တို့ ယခုလာကြသော ကားတန်းကချည်း ဆယ့်နှစ်စီး။

"မမုံ ဒီကဆင်းမှာလား"

"အေး. . . ဒီကဆင်းလိုက်ရင် ကောင်းမယ်ထင်တယ်၊ ရော့တို့လည်း တောင်ကြီးဟိုတယ်ရှေ့မှာ ရပ်ပေးလိုက်ပေါ့၊ နာက မြို့ထဲသွားဦးမှာလား"

"ဘယ်လိုပဲဖြစ်ဖြစ် ရပါတယ် မြနန်းမုံ"



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို မြို့ထဲလိုက်ခဲ့ပါဦးလား၊ မမမုံကတော့ မြို့ထဲ
ကားပြန်စီးရင် ပိုက်ဆံတစ်ကျပ်ကုန်မှာစိုးလို့ ဒီကနေ ဆင်းပြီး
အဝေးကြီးလမ်းလျှောက်မှာ"

စကားများလေး စိုင်း၏ အမှန်စကားများကြောင့် ကိုပိုင်စိုး
ကိုပင် ရှက်သွားမိသလိုလို။

"ကိုပိုင်စိုးက ဒီမှာကြာဦးမှာလား"

"နေဦးမလားလို့"

"ကောင်းပါတယ်၊ တောင်ကြီးဟိုတယ်က မြို့ထဲ
တည်းခိုခန်းတွေနဲ့တော့ တခြားစီပဲ၊ သိပ်နားအေးမှာပဲနော်"

"ကျွန်တော် မြနန်းမုံနဲ့ ထပ်ပြီးတွေ့ပါရစေဦး"

"ဟုတ်ကဲ့. . . ဌာနကိုလာရင်လည်း ရပါတယ်၊ ဖုန်းဆက်
ချင်လည်း ဆက်ပါ၊ အဆောင်ထဲကိုသာ လာလို့မရတာပါ"

"ဟုတ်ကဲ့. . . ကျွန်တော့်ကို ထပ်ပြီး ဆုံတွေ့ခွင့်ပြုပါဦး
နော် မြနန်းမုံ"

"ကောင်းပါပြီ ကိုပိုင်စိုး"

"မမမုံ ဆင်းမှာလား"

"အေး. . . ကောလိပ်ထိပ်က လမ်းသွယ်မှာ ရပ်ပေး
ရလား"

"သိပ်ရ"

သူတို့သုံးဦးသား ကွန်ဗွိုင်ယာဉ်တန်းခရီးကို အတူစီးလာ
ရသော အချိန်လေး ပြီးဆုံးသွားပြီကို ကိုပိုင်စိုး နှမြောနေမိသည်။

ကားရပ်တော့ ကိုပိုင်စိုးက အရင်ထွက်ပေးလိုက်ရသည်။





မြနန်းမုံ ထွက်လာပြီး ကားတူရှင်ကို ချိုးချလိုက်သည်။ အတွင်းမှ
ခြင်းတစ်လုံးကို ထုတ်ယူကာ. . .

"မိုင်းပွန်ပဲပုပ် သိပ်ကောင်းလို့ အဆောင်မှာ စုစားကြဖို့
ယူလာတာလေ"

"ဩော်. . ."

"နန်းမုံ သွားတော့မယ်နော်"

"ကျွန်တော် ကျောင်းကို လာခဲ့ပါရစေနော် မြနန်းမုံ"

"ဟုတ်ကဲ့ လာခဲ့ပါ ကိုပိုင်စိုး"

ကားထွက်သွားသည်အထိ မြနန်းမုံက ခြင်းကလေးဆွဲပြီး
ကျန်ရစ်၏။

မြနန်းမုံကို ဖြတ်ကျော်လာသည့်တိုင် မြနန်းမုံ၏ ရုပ်လွှာ
သည် ကိုပိုင်စိုး၏ အတွေးထဲမှာ အမြင်ထဲမှာ အတူပါရှိလာ
သည်။

ဩော်. . . ကြည်နူးဖွယ်ခရီးတိုလေးကို တမ်းတခြင်းများ
နှင့်အတူ. . .

မြနန်းမုံ၏ လက်ရှိအခြေအနေနှင့် လျှို့ဝှက်ချက်အပေါင်း
ကို သိလိုခြင်းဆန္ဒ ပြင်းပြလှပါသော ကိုပိုင်စိုးဆိုသည့် နာမည်
ကျော် စာရေးဆရာတစ်ယောက်မှာ. . .

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ ၅

အနောက်ဘက်တောင်စောင်းတွင် ဆောက်တည်ထား သော 'စေတီရွာ'ကလေးသည် အုံ့မှိုင်းနေသော ကောင်းကင်ပြ အောက်တွင် ငြိမ်ဝပ်နေပါ၏။

မြေပြန့် လုံးဝမရှိသော တောင်စောင်းတွင် ကပ်တွယ် တည်ထားသော ရွာမှ အိမ်တိုင်း အိမ်တိုင်းသည် အဆင့်ဆင့်ပြ အနိမ့်အမြင့် ဖြစ်နေကြလေသည်။

တောင်ကြီးကောလိပ်၏ ပင်လုံဆောင်မှ လှမ်းကြည့်လိုက် လျှင် စေတီရွာ၊ ပင်စင်ရွာ အပါအဝင် ပတ်ဝိုင်းနေသော တော များနှင့် တောင်ခိုးဝေနေသော ရှုခင်းက ငိုချင်စရာကော လောက်အောင် လွမ်းဆွတ်ဖွယ်ချည်းသာ။

တောင်ကြီးကောလိပ်မှာ အမျိုးသမီး ဘော်ဒါဆော မထားရှိသေး၍ အဆောင်ငယ်ဆယ်လုံးနှင့် ထမင်းစားဆော ရေချိုးခန်း၊ ကြီးကြပ်အုပ်ချုပ်သူတို့ နေထိုင်ရာ၊ ပင်လုံဆောင်နှ တောင်ကြီးဆောင် ဝင်းကြီးတစ်ခုလုံး ကျောင်းသူများမရှိ။

ယခုမှ သင်ပြရသော ဆရာမများသာ ကိုယ့်အခန်းနှ ကိုယ် တစ်ယောက်တည်းဖြစ်စေ နှစ်ယောက်တွဲဖြစ်စေ နေထ ကြလေသည်။





ဒီဂရီကောလိပ် ဖွင့်ပြီးသည့်အခါတွင် ဤပင်လုံဆောင်နှင့် တောင်ကြီးဆောင်၌ မိန်းကလေး ကျောင်းသူများ ထားရှိပြီး ပင်လုံဆောင်၏ အတွင်းဘက်မှာ အောင်မြတ်နှင့် နောင်ချို ဆောင်များ၌ ကျောင်းသားများကို ဘော်ဒါအဖြစ် လက်ခံထားရှိ ပြီတု သိရလေ၏။

ယခု ပထမနှစ်နှင့် ဒုတိယနှစ်သာ ရှိသေး၍ အားနေ သော အဆောင်များက တိတ်ဆိတ်ငြိမ်သက်လွန်းလှသည်။ နောင်တွင် ဒီဂရီကောလိပ်ဖွင့်ပြီး စတုတ္ထနှစ်အထိ ထားရှိလာချိန် မှာ ဤပင်လုံဆောင်နယ်မြေ၌ အဆောင်နေ ကျောင်းသူများ၊ အဆောင်ကို အုပ်ချုပ်မည့် ဟောလ်ကျူတာများ၊ နောက်ထပ် ရောက်ရှိလာကြမည့် လက်ထောက်ကထိကများ၊ တွဲဖက် ပါမောက္ခများဖြင့် တင့်ဝေစိုပြည်ပေရောမည်။

ယခုတော့ စာစဉ်နည်းပြ၊ နည်းပြနှင့် သရုပ်ပြဆရာမ များ တစ်သိုက်က ကျောင်းသူလေးများသဖွယ် စုစုစည်းစည်း ပျော်ပျော်ပါးပါး ကျယ်ကျယ်ဝန်းဝန်း နေထိုင်ကြပြီး ဆရာမတိုင်း က ယွန်းစစ်မီးဖို တစ်ခုစီဖြင့် ချက်ပြုတ်စားသောက်ကြ၊ ပေါင်းဆုံ ပြီး စားသောက်ကြနှင့် ဘော်ဒါကျောင်းသူဘဝကိုပင် ပြန် ရောက်နေသလိုလို၊ ပျော်စရာ ဘဝလေးများကို ဖန်တီးယူနေကြ လေရော. . .

"နန်းမုံရယ်၊ မိုင်းပွန်က ပြန်လာတိုင်း အခုလို ငေးငေး ငိုင်ငိုင်ဆွေး ဖြစ်နေတာ ဘာဖြစ်လို့လဲဟင်၊ မမစိမ့်ကို ပြောမပြ ချင်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



မြနန်းမုံနှင့် တစ်ခန်းတည်း အတူနေသော မြန်မာစာဌာ
မှ ဆရာမလေး 'စိမ့်စမ်းအေး'က ကြင်နာစွာ ကြည့်ပြီး မေးလာ
သည်။

"ဪ. . . မိသားစုနဲ့ တကွဲတပြားစီ ဖြစ်နေရလို့ပဲ ဆို
တော့"

"ဘာပဲဖြစ်ဖြစ် ကိုယ့်ရင်ထဲက ဝန်ထုပ်ကြီးကို ခဏလေး
ဖြစ်ဖြစ် ဖွင့်ပြလိုက်ရင် နန်းမုံများ ရင်ပေါ့သွားမလားလို့ပါ"

"ပြောရင် ပိုဆိုးမယ်ထင်တယ် မမရယ်"

"ဒါဖြင့်လည်း မပြောနဲ့ကွာ၊ မမက နန်းမုံ စိတ်ချမ်းသာ
စေချင်လို့ပါ၊ ကိုယ့်ကို နားလည်တယ်နော် နန်းမုံ"

"နားလည်တယ်. . . သိပ်နားလည်ပါတယ်၊ နန်း
အတွက် အမြဲတစေ ကောင်းခဲ့တဲ့သူမို့ နန်းမုံ ချစ်လည်းချစ်တယ်
အားကိုးတယ်ဆိုတာ မမစိမ့်သိပါတယ်နော်"

"သိပါတယ်၊ နန်းမုံက မမကိုချစ်တာ အားကိုးတာ၊ မမစိ
က နန်းမုံကို သနားတာ၊ အကူအညီပေးချင်တာ"

"ဒါတွေ အားလုံးဟာ မေတ္တာတရား အခြေခံတွေပဲ
နော် မမ၊ နန်းမုံတို့နှစ်ယောက် နေရတာ တကယ် စိတ်ချမ်းသာ
ပါတယ်ရှင်"

မိန်းကလေးတို့ သဘာဝအရ တစ်ဦးနှင့်တစ်ဦး မ
လည်မှုလေးများ ရှိတတ်ကြခြင်းကို တခြားသော ဆရာမများ
အခန်းဖော်များ အတွင်းမှာ ရံဖန်ရံခါ တွေ့ရတတ်ပါသော်လည်း
သဘောထားကောင်းသော စိမ့်စမ်းအေးနှင့် မြနန်းမုံတို့ နှစ်ဦးမှာ





တစ်ဦးနှင့်တစ်ဦး အနေကြာလေ အချစ်ရင့်လေဖြင့် စိတ်
ချမ်းသာစွာ လက်တွဲခွင့်ရခဲ့ကြသောသူ နှစ်ဦးပါ။

"ဪ. . . မေ့နေလိုက်တာ ကြည့်စမ်း"

"ဘာလဲ မမစိမ့်ရဲ့၊ အလန့်တကြား"

"နန်းမုံ့ဆီကို ဧည့်သည်တစ်ယောက် လာတယ်၊ စာ
တစ်စောင်ကိုင်လို့"

"ဟုတ်လား ဘယ်သူများပါလိမ့်"

"စာပေးမှာဆိုရင် ပေးခဲ့လေ၊ ကျွန်မ သူ့အခန်းဖော်ပါလို့
ပြောတော့ ဒီစာက သူနဲ့တွေ့မှတဲ့၊ ဒီစာဖတ်ပြီးမှ သူက ကျွန်
တော် ဘယ်သူဆိုတာ သိမှာတဲ့"

"ဟုတ်ပြီ. . . မမစိမ့် သူ နန်းမုံ့ဆီ ရောက်လာတယ်"

"ဪ. . . တွေ့ပြီးကြပြီလား၊ ပုံက တကယ်မိတယ်
နော်၊ ကျောင်းမှာ ဒီနေ့မနက် ဆုံကြတာလား"

"မဟုတ်ဘူး မမစိမ့်၊ သူ မိုင်းပွန်ကို လိုက်လာတယ်"

"ဟယ်. . . ဒါနဲ့ သူ့ကို နန်းမုံ မသိဘူးဆို"

"ဟုတ်တယ်၊ မြင်တောင် မမြင်ဖူးပါဘူး၊ မန္တလေးက
မမလှရင်ရဲ့ စာနဲ့အတူ သူလိုက်လာခဲ့တာတဲ့"

"ဟယ်. . . ရဲလိုက်တာ၊ တစ်ခါမှ မမြင်ဖူးတဲ့ မိန်းကလေး
ယောက်ဆီကို လိုက်လာရတယ်လို့၊ မိုင်းပွန်ဆိုတာကလည်း
သွားအလာက လွယ်တာမဟုတ်ဘဲနဲ့"

"အင်းလေ မမစိမ့်ရယ်"

"ခုရော သူ"



www.burmeseclassic.com

www.burmeseclassic.com



"တောင်ကြီး ဟိုတယ်မှာတဲ့"

"ဘယ်တုန်းက ပြန်လာတာလဲ"

"နန်းမုံနဲ့ အတူတူပဲ"

"ဟိုက်"

"ဘာဖြစ်သွားတာလဲ မမစိမ့်ကလည်း"

"ဘာဖြစ်ရမလဲ၊ ဒီလောက်လှတဲ့ နန်းမုံကို သူစွဲသွား… မှာပေါ့"

"သူက ရန်ကုန်သား၊ နန်းမုံလိုတောသူမကို ဘယ်ကြိုက်… ပါ့မလဲ"

"ဘယ့်နှယ် မကြိုက်ရမှာလဲ၊ မမစိမ့် မြင်ဖူးသမျှ မိန်း… လေးထဲမှာ နန်းမုံလို လှတာမျိုး တစ်ခါမှ မတွေ့သေးဘူး"

"မိုင်းပွန်က အပြန် ပဲပုပ်ပဲပါပါတယ် မမစိမ့်ရယ်"

"ဒါနဲ့ နေစမ်းပါဦး တောင်ကြီးဟိုတယ်မှာတော… တည်းတယ်ဆိုတော့ သူဌေးပဲဖြစ်ရမယ်၊ အလုပ်ကိုင်က ဘာ… လဲ"

"စာရေးဆရာတဲ့"

"ဟေ"

စိမ့်စမ်းအေးက မျက်လုံးပြူးပြူး အံ့ဩသွားသလို… လိုက်သည်။ မမစိမ့်က ထွက်သမျှ ဝတ္ထုစာအုပ်ကို အမြဲဌား… သူ၊ ရေးသမျှ စာရေးဆရာတို့၏ စရိုက်နှင့် မစိမ်းသူတစ်ယော… မို့ အံ့ဩမှုဆုံးသည်နှင့်. . .

"နာမည်က ဘယ်သူတဲ့လဲ"





"ကိုပိုင်စိုးတဲ့"

"ကိုပိုင်စိုး ဟုတ်လား၊ ကလောင်နာမည်က ဘာတဲ့လဲ၊ …တွေရေးတာတဲ့လဲ"

"ဝတ္ထုရေးဆရာတဲ့၊ ကလောင်နာမည်ကလည်း ပိုင်စိုးပဲတဲ့ …မို့"

"အမယ်လေး လေး လေး၊ အို့ဟို"

"ဒါက ဘာဖြစ်သွားရတာလဲ"

"မတရား အံ့ဩသွားလို့"

"ဟင်. . ."

"အဲဒီစာရေးဆရာက နာမည်တအားကြီးနေတာ၊ သူ့ဝတ္ထု …ဆို ကောင်မလေးတွေက ဂျေညီညီသီချင်းလို စွဲနေပြီ ဖြစ်နေ … နန်းမုံရဲ့၊ အဲ. . . ပြီးတော့ ကျွန်မ ဒေါ်စိမ့်စမ်းအေးရဲ့ …ည်းစွဲ စာရေးဆရာရှင့်"

"ဟုတ်လား"

"သူရေးတဲ့ ဝတ္ထုတွေကို သူ့ထက်တောင် မမက ပိုပြီး …မှီဦးမယ်"

"ပိုလိုက်တာ"

"တကယ်ဟဲ့. . . စာရေးဆရာဆိုတာ ဝတ္ထုတစ်ပုဒ်ရေး …ထုတ်ဝေပြီးရင် အဲဒီဝတ္ထုကို သူ့ရင်ထဲက နှင်ထုတ်ပစ်ရတယ် …ဒါမှ နောက်ဝတ္ထုတစ်ပုဒ်ကို စဉ်းစားလို့ရတာတဲ့၊ သူ့အမှာစာ …တ်ဖူးတယ်၊ မယုံရင် အင်တာဗျူးလာလုပ်ပါ၊ အကုန်လုံး …ပြမယ်၊ ဝတ္ထုထဲက ဇာတ်ကောင်နာမည်တွေ မေးဦးမလား"



www.burmeseclassic.com

www.burmeseclassic.com



မေးပါလို့ ပြောလိုက်စမ်းပါ"

"နန်းမုံတော့လေ အမှန်ဝန်ခံရရင် သူ့နာမည်တော သတိမထားမိဘူး၊ တစ်ခါမှလည်း မဖတ်ဖူးဘူး"

"မမစိမ့် တောင်ကြီးဈေးရှေ့ဆိုင်က ငှားငှားဖတ်နေ လေ၊ သူ့ဝတ္ထုအများဆုံးပေါ့"

"ဟာ. . . မမစိမ့်က အမြဲငှားပြီး မပြတ်ဖတ်နေ ဘယ်မှတ်မိပါ့မလဲ"

"နေဦး သူနဲ့ခင်တယ်လို့ မမစိမ့်ရဲ့ မောင်တစ်ယောက် ရန်ကုန်မှာ တစ်ခါပြောဖူးတယ်၊ သူ့အကြောင်း မေးခိုင်းကြ ဦးမယ်၊ စုံစမ်းပြီးမှ ချစ်နော်"

"ဟာ. . . ဘာတွေမှန်းလည်း မသိဘူး အဲဒီမမစိမ့် က ဟိုကလည်း ရှိုးရှိုးရယ်ပါ"

"နန်းမုံကိုမြင်ရင် ဘယ်သူမှ မရှိုးနိုင်ဘူး၊ ကောင်လေး မပြောနဲ့ ကောင်မလေးတွေတောင် နန်းမုံရဲ့ အတန်းဆို ပို ကြတယ်၊ ဆရာမလှလှလေး ရှင်းပြနေတာ ကြည့်ကောင်းလို့

မြနန်းမုံ ပြုံးပဲနေလိုက်သည်။ ဘာမှ မပြောဖြစ်။

ပင်လုံဆောင် ဂိတ်တံခါးဝ၏ ရှေ့တည့်တည့်မှ မြင် သော ဖရယ်တောင်(ဘုရားတောင်)ပွံပွံလေး၏ အလယ်လော ဆီမှစပြီး တောင်ခိုးတွေ ဝေနေလေသည်။ ခတ်တော်ကြို ကိုပင် မြူခိုးငွေ့ကြားမှာ မှုန်ပျပျသာ. . . ဝန်းကျင်နှင့် တော ကင်တစ်ပြင်လုံးမှာလည်း နေမင်း၏ အလင်းရောင်သာ နေမင်းကြီးကို လုံးဝမမြင်သာ။





တောင်ကြီးကောလိပ်မှာ တောင်ကြီးမြို့လယ်နှင့် သုံးမိုင် ဝေးကွာ၍ တောတွေ တောင်တွေအလယ်မှာ တသီးတသန့် ကြီး ဖြစ်နေသည်။

အနောက်ဘက်တောင်ကုန်းဆီမှာ စောစီရွာနှင့် ပင်စင် ရွာတို့သာရှိပြီး လူနေအိမ်ခြေ နည်းလှချေသည်။

စောစီရွာရှေ့မှာ ဖောက်ထားသော ကျောက်တုံး လမ်း မ်းကြီးပေါ်မှာတစ်ခါ တစ်ခါ လူတွေကုန်တွေ အပြည့်တင် သော ဂျစ်ကား တစ်စီးတလေကို မြင်ရသည်။ မိုးပြေ၊ ဖယ်ခုံ ဘက်အထိ ပအိုဝ်းရွာများကို ဖြတ်သန်းပေါက်ရောက်သွား ည်ဟု သိရလေသည်။

"ဟိတ်. . . ကိုပိုင်စိုးအကြောင်း စဉ်းစားလှချည်လား"

"ဟင့်အင်း. . . မဟုတ်ဘူး မမစိမ့်၊ ဟိုတောင်ခိုးတွေ ည့်ပြီး ဒီဝန်းကျင်အကြောင်း ခေါင်းထဲပေါ်လာတာ"

"ဟုတ်ရဲ့လား"

"နန်းမုံမှ မညာတတ်တာ"

"ဟုတ်မှာပါလေ၊ မမ အလကားစတာပါ၊ အဲဒီစာရေး ဆရာ ဘယ်တော့လာဦးမလဲဟင်"

"မသိသေးဘူး မမစိမ့်"

"တို့ကို မိတ်ဆက်ပေးမလား"

"ပေးပါ့မယ်"

"သူက မာနကြီးပုံရလား"

"မသိဘူး၊ နန်းမုံ အကဲမခတ်တတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



အကဲခတ်တတ်သော အတတ်ပညာမရှိခြင်းထက် မိုးဖွဲ မြေမှာ ကိုယ်ပိုင် လျှို့ဝှက်သည်းထိတ်မှုများနှင့် သောကမှာ ကြောင့် သည်စာရေးဆရာ ဆိုသူကို အကဲ မခတ်မိခဲ့ခြင်းပါ။

အမှန်ပြောရလျှင် သူ လိုက်လာသည့်အတွက် စိတ်ပျက် စိတ်ညစ်မိခဲ့သည်။

ကျေးဇူးရှင် အမေ ဒေါ်လှရင်၏ မျက်နှာကြောင့်သာ အပြန်လမ်းမှာ ဂရုတစိုက် ရှင်းပြပြောဆိုမိခဲ့ခြင်းပါ။

သူသည် နားလည်မှုရှိသော သူတစ်ယောက်ဖြစ်ကြောင်း ကိုဖြင့် မြနန်းမုံကို ငဲ့ညှာစွာ ပြောဆိုတတ်သည့် စကားအ သိသာရပါ၏။

"တချို့စာရေးဆရာကျတော့လည်း ပရိသတ်နဲ့ တွေ့ချင် တယ်၊ ပရိသတ်နဲ့ ဆွေးနွေးရတာကို ပျော်နေ ဂုဏ်ယူနေ ရတယ်၊ တချို့ကျတော့လည်း တွေ့ချင်သလိုလို မတွေ့ချင် သလိုလိုနဲ့ မာနကြီးတတ်ကြတယ်"

"မမစိမ့်က တကယ်ကျွမ်းပါလား"

"ဒါက ကိုယ်စိတ်ဝင်စားတဲ့ အပိုင်းကိုး၊ ပြီးတော့ ရန်ကုန် မှာလည်း နေခဲ့တာဆိုတော့. . ."

"ဟုတ်မှာပေါ့၊ နာမည်ကြီးစာရေးဆရာတွေ အထူးသဖြင့် လုံးချင်းဝတ္ထုရှည်ရေးတဲ့ စာရေးဆရာတွေအားလုံး ရန်ကုန်မှာ နေကြတာနော်"

"ဟုတ်တယ် နန်းမုံ၊ ရန်ကုန်မှာပဲ စာပေစိစစ်ရေးရုံး တော့ အဲဒီမှာ တင်ပြအစစ်ဆေးခံ စက္ကူလည်း ရန်ကုန်မှာ





က်လို့ရတာမို့ ထုတ်ဝေရေးအားလုံးဟာ ရန်ကုန်ကပဲ လုပ် ပါတယ်"

"မန္တလေးမှာ နန်းမုံနေတုန်းက မန္တလေးမြို့မှာ စာပေ နာရှင်တွေ၊ စာရေးဆရာတွေ၊ စာပေရေးသားမှုမှာ သိပ် တဲ့လူတွေ ရှိတယ်၊ ကဗျာ ဆောင်းပါးဝတ္ထုအစုံ ရေးတတ် တာပါ၊ မြန်မာပြည်မှာ မန္တလေးလိုမြို့ကနေပြီး ထုတ်ဝေမှု ပိုင်းရှိရင် ကောင်းမှာပဲနော်၊ ရှိလည်း ရှိသင့်ပါတယ်"

"ဟုတ်တယ်နော်၊ ဒါနဲ့ နန်းမုံရဲ့ဖေဖေ့ဘက်က ဆွေမျိုး တွေ မန္တလေးမှာရှိသေးလို့လား၊ ဆရာကိုပိုင်စိုးကို မန္တလေး ဒေါ်လှရင်က လွှတ်လိုက်တာဆိုလို့"

"ဒေါ်လှရင်ဆိုတာက ဖေဖေ့ရဲ့မိတ်ဆွေပါ၊ ဖေဖေက ဖက်လုပ်ငန်းလုပ်ရင်း ဒေါ်လှရင်ကို အများကြီး ကူညီခဲ့ဖူး ဒေါ်လှရင် အခုလို ကြီးပွားချမ်းသာသွားတယ်လို့ ပြောပါ တယ်၊ ဒါကြောင့် ဖေဖေ သေဆုံးပြီးတဲ့နောက်မှာ နန်းမုံကို ဒေါ်လှရင်က သိပ်ဂရုစိုက်ခဲ့ပါတယ်"

"အေးပေါ့၊ ဒီလိုကျေးဇူးတရားကို ပြန်သိတတ်တယ် တာ လူ့လောကမှာ ရှားသားပဲ၊ အဲဒီလို ရှားရှားပါးပါး သိတတ် လူတွေပဲ ကြီးပွားတာများတာပဲ"

"ဟုတ်ကဲ့၊ သူ့အားကိုးနဲ့ပဲ နန်းမုံ ခုလို ပညာတတ်လာရ ပါ၊ ဖေဖေ့ရဲ့အစ်မ နှစ်ဝမ်းကွဲနဲ့ ညီတွေတော့ ရှိပါသေးတယ်၊ တလည်း နန်းမုံကို အမျိုးရယ်လို့ ဂရုမစိုက်လို့ နန်းမုံနဲ့လည်း အဆက်အသွယ်မရှိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"နန်းမုံဖေဖေတ မန္တလေးသွားနော်"

"ဟုတ်ပါတယ်၊ မေမေက မိုင်းပွန်သူပါ၊ ဟိုတုန်းက သ
ဘထ်ပွဲခွဲလုပ်ရင်းနဲ့ မိုင်းပွန်သူ မေမေနဲ့တွေ့ပြီး မိုင်းပွန်မှာ
နေပါတယ်၊ နန်းမုံကိုလည်း မိုင်းပွန်မှာပဲ မွေးတာပါ"

"ဒါကြောင့် မြန်မာသွေး ဖြစ်လျက်နဲ့ နန်းမုံဝဲနေ
ရေမြေကြောင့် တောင်ပေါ်မြို့သူကြောင့်ပဲ ဖြစ်မယ်ထင်တ
နော်၊ အဲဒီလို ခပ်ဝဲဝဲအသံလေးနဲ့ ပြောတတ်တာကိုက နန်းမုံ
ပိုပြီး ချစ်စရာကောင်းနေတာ"

"မမစိမ့်နဲ့နေရတာ စိတ်ချမ်းသာတယ်ဆိုတာ ဒါတွေ
ပြောတာပေါ့"

"တကယ်ပြောတာပါ ညီမလေးရယ်၊ ဒါနဲ့ နန်းမုံ မန္တလေ
မှာ သွားနေတော့ နန်းမုံ ဖေဖေ ရှိသေးလား"

"မရှိတော့ပါဘူး မမ၊ နန်းမုံ ခပ်ငယ်ငယ်ကတည်းက
ဆုံးသွားပါတယ်၊ ဖေဖေဆုံးပြီးမှ နန်းမုံ ဆယ်တန်းအောင်
မန္တလေးရောက်သွားတာပါ"

"ဆယ်တန်းကို မိုင်းပွန်က အောင်တာလား"

"မဟုတ်ပါဘူး မမ၊ မိုင်းပွန်မှာ ဆယ်တန်းစာစစ်ဌာ
မရှိပါဘူး၊ အခုထိ တွဲဖက်အထက်တန်းကျောင်းအဆင့်ပဲ ရှိ
သေးတယ်၊ နန်းမုံ ရှစ်တန်းကတည်းက တောင်ကြီးက အ
အိမ်မှာ ကျောင်းလာတက်တာပါ"

"ခုရော နန်းမုံ မေမေ နေထိုင်ကောင်းရဲ့လား"

မြနန်းမုံက ခေါင်းညိတ်ပြသော်လည်း အင်အားနည်း





သည်၊ သူမျက်ဝန်းလေး ပြန်လည် အရောင်မှိန်သွားသဖြင့်
အေး ထပ်ပြီး ဘာမျှမမေးတော့။ သူမိသားစုအကြောင်း
လတိုင်း ခုလိုမျက်နှာလေး ပျက်ပျက်သွားသဖြင့် မမေး
သဲ နေခဲ့မိသည့်အတွက် မြနန်းမုံ၏ မိုင်းပွန်မြေမှ လျှို့ဝှက်
များကို စိမ့်စမ်းအေး ဘာမျှ သိခွင့်မရခဲ့ခြင်းဖြစ်သည်။

"နန်းမုံရေ ညည့်သည်တဲ့"

အပေါ်ဘက် အဆောင်မှ လှမ်းအော်သံကြောင့် ပိတ်စ
သန့်ကာလေးကို ဖွင့်ကြည့်ပြီး. . .

"ဘယ်သူလဲ၊ ဝင်ခဲ့ခိုင်းလေ မမနီရာ"

"ဟဲ့. . . ယောကျာ်းဧည့်သည်၊ ပိုင်စိုးလို့ ပြောပေးပါတဲ့"

"အို. . ."

မြနန်းမုံ တကယ်ပင် ပူထူသွား၏။

အရှက်ငွေ့သည် သွေးကြောအနှံ့ တစ်ကိုယ်လုံး ပျံ့သွား
ရေမချိုးရသေးသည်ကို တစ်ဆက်တည်း နောင်တရသွား
ည၊ အဆောင်နေရင်း အဝတ်ကို လဲလှယ်ရမှာလည်း မမစိမ့်
ရှက်သွားသဖြင့် ဒီတိုင်း ထွက်သွားရန် လှမ်းခိုက်မှာ. . .

"နန်းမုံ ဖလန်နယ်အကျီကြီး ချွတ်ခဲ့ပါဟဲ့၊ ရော့ ဒီ
တာလေး လဲဝတ်သွား"

သူစကား နားထောင်သလိုလိုနှင့် ကိုယ့်ဆန္ဒပြည့်သွား၍
ကျေနပ်သွားရပါ၏။

"လာလေ မမစိမ့် သူနဲ့ မိတ်ဆက်ချင်တယ်ဆို"

"သွားစမ်းပါ၊ မမစိမ့် ပါလာလို့ ဟိုက စိတ်ညစ်သွားပါ



www.burmeseclassic.com

www.burmeseclassic.com



ဦးမယ်"

နှစ်ယောက်သား ရယ်ဖြစ်ကြပြီး နန်းမုံထွက်လာသော
အဆောင်များနှင့် ခပ်လှမ်းလှမ်း ဂိတ်၏ အတွင်းဘက်မှာ
ရပ်စောင့်နေသော သူ့ကို တွေ့ရလေသည်။

"အမျိုးသားများမဝင်ရ"

ဆိုသော စာတန်းရှေ့မှ သူ ရပ်စောင့်ရင်း မြနန်းမုံ
ပြုံးလျှက် ကြိုနေ၏။

"အလုပ်အားရဲ့လား မြနန်းမုံ"

"အားပါတယ်၊ မမစိမ့်နဲ့ ထိုင်စကား ပြောနေကြတာ"

"မမစိမ့်ဆိုတာက"

"မြနန်းမုံရဲ့ အခန်းဖော်ပါ၊ သူက ဆရာ့စာအုပ်တိုင်း
ဖတ်တာတဲ့၊ သိပ်ကြိုက်တယ်၊ မိတ်ဆက်ပေးပါလို့တောင်
နေတုန်း ဆရာရောက်လာတာပါ"

မမစိမ့်က စာရေးဆရာတိုင်းကို ဆရာလို့ ခေါ်နေသ
အတွက် မြနန်းမုံကလည်း ကိုပိုင်စိုးအစား ဆရာဟု ပြောင်း
ခေါ်လိုက်သည်။

"ရပါတယ်၊ ကျွန်တော့်စာဖတ်တယ်ဆိုသူတိုင်းကို ကျေး
အထူးတင်ပါတယ်"

"မမစိမ့်ကို သွားခေါ်လိုက်ရမလား"

သူက ခဏမျှ တုံ့ဆိုင်းပြီး. . .

"နောင်လာမှပဲ တွေ့ကြစို့လေ၊ သွားခေါ်နေရမှာ အား
စရာ"





"ရပါတယ်"

"ကျွန်တော် မြနန်းမုံနဲ့ပဲ စကားပြောပါရစေလား"

တည့်တည့်ပြောလာတော့လည်း အားနာသည်လား
သည်လား မသိ၊ ခံစားမှုနှစ်ခု ရောထွေး၏။

"ဒီမှာ နေရတာရော အဆင်ပြေရဲ့လား"

"အစိုးရဟိုတယ် ဆိုတော့လည်း အဆင်ပြေပါတယ်၊
မယ့် စာစရေးဖို့ ဘာအိုင်ဒီယာမှ မရသေးတော့ နေရထိုင်ရ
တာ အဆင်မပြေဘူးပဲ ပြောရမလား မသိဘူး"

"အစားအသောက်ရော"

"အစုံရပါတယ်၊ မြန်မာအစာ အနောက်တိုင်းအစာ"

စကားစ ပြတ်သွားကြသည်။ ရပ်နေရတာ ခပ်ကြောင်
ကြောင်မို့ သူ့ကို အားနာသလိုလို ဖြစ်နေမိဆဲ။

"ကျွန်တော်ခုလို လာစကားပြောနေလို့ရော တောင်းလား
ရဲ့ဟင်"

"ရပါတယ် ဆရာမတွေပဲလေ၊ ကျောင်းသူလေးတွေမှ
ဆုတ်တာ၊ တစ်ခါတလေ ခေတ္တခဏတော့ အခန်းထဲအထိ
ဆောင် လာလို့ရပါတယ်၊ နန်းမုံရဲ့ မောင်လေး စိုင်းလွှမ်းအောင်
ဆို လာနေကျပါ၊ ဆရာ့ကျတော့ မျက်နှာစိမ်းဖြစ်နေလို့ပါ"

"မြနန်းမုံ"

"ဟုတ်ကဲ့"

"ကျွန်တော် မြနန်းမုံနဲ့ စကားပြောချင်လို့ လာခဲ့တာပါ၊
ဖြစ်မလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ပါတယ်၊ ဆရာပြောစရာရှိတာပြောပါ၊ ဆရာသိချင်တာလည်း မေးပါ"

"ကျောင်းအရှေ့ဘက် လမ်းသွေ့ကြက်ကြရင်ရော ဖြစ်မလားဟင် မြနန်းမုံ"

မြနန်းမုံ တစ်ချက် တွေဝေသွားပြီးမှ သူက ငါ့ဖြည့်သည်ပဲလေ ဆိုသော အသိဖြင့်. . .

"ဖြစ်ပါတယ်လေ"

မြနန်းမုံကပင် ဦးဆောင်ပြီး ပင်လုံဆောင်၏ ပြင်ပသို့ထွက်ခဲ့ရသည်။

"နန်းမုံလည်း ဆရာရောက်လာတာ ဧည့်ဝတ်ဘာမှမကျေရလို့ အားနာနေမိတာပါ"

"ကျွန်တော့်အတွက် ဘာမှမလိုပါဘူး၊ မြနန်းမုံ အချိန်ပေးနိုင်မယ် ဆိုရင်သာ ခုလိုစကားပြောခွင့်ရချင်ပါတယ်၊ ဟောဒီကောလိပ်အကြောင်း၊ တောင်ကြီးအကြောင်း၊ မိုင်းပွန်အကြောင်း အို. . . အစုံကို သိချင်နေမိတာ"

"နန်းမုံသိသမျှ ပြောပြပါ့မယ်၊ ဆရာသိချင်တာထဲကနန်းမုံ မသိတာရှိခဲ့ရင် တတ်ကျွမ်းနားလည်သူကို မေးပေးပါ့မယ်ဆရာ၊ ဆရာက ဘာအကြောင်း သိချင်ပြီး ဘာအကြောင်းရေးမှာလဲဟင်"

အမှန်ဝန်ခံရလျှင် ကိုပိုင်စိုး၏ လုံးချင်းဝတ္ထုစာအုပ်များကိုတစ်အုပ်မှ မဖတ်ဖူးခဲ့၊ မမစိမ့်တို့လိုလည်း ဝါသနာ မပါရုံတင်မက ကိုယ့်သောကနှင့်ကိုယ်မို့ ဘာဝတ္ထုမှ မဖတ်ဖြစ်ခဲ့ချေ။





"ကျွန်တော်ရေးမှာကတော့ ဝတ္ထုရှည်တစ်ပုဒ်ပါ၊ ပါပေ. . . ဇာတ်လမ်းရဲ့ အခြေခံက ဘာမှမရှိသေးတဲ့အတွက် ဘာမှ. . . ဖြစ်သေးပါဘူး၊ ကြုံသမျှ၊ သိသမျှ၊ ကြားသမျှ မှတ်သား. . . ပြီးမှ ဇာတ်ဝင်ခန်းနဲ့ လိုက်ဖက်အောင် ထည့်သွင်းရမှာပါ၊ . . . တာကလည်း ကျွန်တော်တို့လို လုံးချင်းဝတ္ထုသမားတွေ. . . တွက် ဇာတ်လမ်းကို ဦးစားပေးရေးရတာမို့ ခုလိုနယ်မြေဗဟု. . . တွေ၊ 'ကျမ်းကိုး'များစွာတွေ သိပ်ထည့်လို့မဖြစ်တာမို့. . . များကြီးဖတ်မှတ်လေ့လာပြီးမှ ဇာတ်ဝင်ခန်းတွေထဲမှာ. . . သွင်းရပါတယ်၊ ကိုယ့်စာဖတ်သူလည်း မပျင်းရိ မငြီးငွေ့. . . ချင်ဘူး၊ တစ်အုပ်လုံးဖတ်ပြီး ဘာမှတ်သားစရာမှ မကျန်ခဲ့. . . လည်း မဖြစ်စေချင်တဲ့ စေတနာကြောင့် ပညာပေးအပိုင်း. . . ကြား ညှပ်သွင်းရင်း ကိုယ့်ရဲ့ စာဖတ်သူတွေ နှစ်သိမ့်စွာ. . . ဖြစ်ပါစေဆိုတဲ့ စေတနာနဲ့ ကျွန်တော် စာအမြဲ ရေးပါတယ်၊ . . . လို့ ခံယူချက်နဲ့ပဲ အမြဲတင်ပြခဲ့ပါတယ် မြနန်းမုံ"

ပြောသူတော့ မသိပါ၊ နားထောင်ရသူ မြနန်းမုံပင်လျှင်. . . ဆုံးတော့ မောဟိုက်သွားသလို ရှိရ၏။

"အင်း. . . ဆရာတို့လို ဗဟုသုတကြားညှပ်တယ်ဆိုတာ. . . ထင်တယ်၊ အပျော်ဖတ်စာပေတွေလို့ လက်ညှိုးထိုးနေကြ. . . နော်"

"မြနန်းမုံရယ်၊ တကယ်တော့ အဆိပ်မသင့်ရင် တော်ပါပြီ၊ . . . ဖတ်ဖြစ်ခဲ့ရင်တောင်မှ ဖတ်သူတစ်ယောက် ပျော်သွား. . . ဆိုရင် မကောင်းပေဘူးလားဗျာ၊ အနုပညာဆိုတာဟာ



www.burmeseclassic.com

www.burmeseclassic.com



အတတ်ပညာရှင်တွေရဲ့ ပုံသေနည်း နိယာမကျမ်းတွေ မဟုတ် ပါဘူး၊ အနုပညာဆိုတဲ့ အဓိပ္ပါယ်ကိုက ခံစားရခြင်းပါ၊ သူ ခံစားကြပါစေ၊ ပြုစုသူအနုပညာရှင်နဲ့ သူ့ရဲ့ ပရိသတ်တို့ သ ဇာတမျှနေဖို့သာ အရေးကြီးတာပါ"

"ဟုတ်ကဲ့"

"အနုပညာရှင်တစ်ယောက် ဖြစ်လာဖို့ဆိုတာ သင်ခန်း နဲ့လည်း သင်ယူလို့မရပါဘူး၊ ငွေများစွာနဲ့ လဲလှယ်ပြီး နာမည် အောင် လုပ်ယူလို့လည်း မရပါဘူး၊ သူ့ရဲ့အတိုင်းအတာ သူ့ရဲ့ ပရိသတ်ပါ"

"ဟုတ်မယ်နော်၊ ရုပ်ရှင်မှာဆို ပိုသိသာမယ်"

"ဒါပေါ့. . . မိဘကချမ်းသာ၊ ရုပ်ကလေးကလည်း တော့ နာမည်ကြီးမင်းသား မင်းသမီးဖြစ်အောင် ငွေထုပ် ဝင်လာသူတွေ လိမ့်ဆင်းသွားတာ အများကြီးပါ၊ ကျွန်တော် စာပေနယ်မှာလည်း ဒီလိုပါပဲ၊ ပရိသတ်က သူ့အလိုလို လ လာမှ အောင်မြင်တာပါ"

မြနန်းမုံ သည် ဟုတ်ကဲ့တစ်လုံးပင် မလိုက်မိတော့ သူ့ဘေးမှသာ ခပ်လေးလေး ခြေလှမ်းများဖြင့် လျှောက်လိုက် ဖြစ်သည်။

"အဟဲ. . . ဟဲ. . . ဒီလို မြနန်းမုံရေ၊ လူဆိုတာ ကို အားသန်ရာကို ဖိပြောတတ်ကြတယ်လေ၊ ကျွန်တော့်စကား ဟာ မြနန်းမုံနဲ့ အံမဝင်တာခွင့်လွှတ်ပါ၊ ကဲ. . . တခြားစ ပြောကြရအောင်"





"မဟုတ်ပါဘူး ပြောချင်တာပြောပါ၊ ဆရာက ညှို့သည် သေ"

"စာရေးဆရာဆိုတာ လူကဲခတ်နည်းလေး နည်းနည်း ပါးတော့ တတ်ပါသေးတယ်ဗျာ"

သူ့စကားအဆုံးမှာ သူ့ဘာသာသူ ရယ်လိုက်သည်။ မြနန်းမုံသည် သူ့စာဖတ်ပရိသတ်လည်း မဟုတ်၊ စာပေလောက စိတ်ဝင်စားသူလည်း မဟုတ်။

"ကျွန်တော့်မှာလည်း စကားပြောစရာ လူနဲ့ဝေးနေလို့ အားစကားတွေ စွတ်ပြောမိတာ ခွင့်လွှတ်ပါနော်"

"ကိစ္စမရှိပါဘူး ဆရာရဲ့၊ မြနန်းမုံ နားမလည်တဲ့ကိစ္စ ဖြစ် သယ့် ဆရာပြောနေတာ နားထောင်လို့ ကောင်းပါတယ်"

"တစ်ဖက်သား စိတ်ချမ်းသာအောင်လည်း ပြောတတ် သေး. . ."

သူရယ်တော့ ရောပြီး ပြုံးဖြစ်၏။

"တောင်ကြီးကောလိပ်ကျောင်းကြီးက သိပ်လှတဲ့ ဆရာမ တွေကို စိတ်မချဘူးထင်တယ်"

"ရှင်. . ."

"တောင်တွေကို စည်းရိုးလုပ်ထားလို့"

"ရှင်. . ."

"မြနန်းမုံ နားမလည်ဘူးလားဟင်"

"ဘာပြောတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေရာကနေပြီး လှည့်ပတ်ကြည့်လိုက်စမ်းပါ မြနန်း ရယ်"

သူပြောသလို လှည့်ပတ်ကြည့်မိ၏။ ဘာကို ဆိုလိုမှန်း မသိ။

"အနီးအဝေး အနိမ့်အမြင့်သာ ကွာခြားပေမယ့် တော ကြီးကောလိပ်ရဲ့ ပရဝဏ်ပတ်လည်မှာ အားလုံး တောင်တ တွေ ဝိုင်းကာထားတယ်လေ"

"သြော်. . . အင်း. . . ဟုတ်တယ်နော်၊ ဒီကောလိပ် ဟာ ချိုင့်ဝှမ်းမြေပြန့်လေးလို ဖြစ်နေတယ်လေ၊ အစက ဒီနေ မှာ ဂျပန်သချိုင်းတဲ့၊ ဂျပန်အလောင်းတွေ မြှုပ်ခဲ့ဖူးတာကို လ တူးဖော်သွားဖူးတယ်လို့ ပြောနေကြတာပဲ"

"ဒီနောက်က စာသင်ဆောင်တွေပဲလား"

"ဟုတ်ကဲ့၊ အဲဒါ အင်းလေးဆောင်၊ လွိုင်လင်ဆော လားရှိုးဆောင်တွေပါ၊ ပင်မကောလိပ် အဆောက်အ နှစ်ထပ်ကြီးကတော့ ပေလေးငါးခြောက်ရာလောက် ရှည်မ ထင်ပါရဲ့၊ နန်းမုံတို့နေတဲ့ နောက်ဘက်မှာ နောင်ချိုဆောင် အောင်မြတ်ဆောင်ဟာ အရင်က ယောကျ်ားလေးဘော် ဆောင်ပါ၊ အခုတော့ ဆရာတွေနဲ့ အိမ်ထောင်သည်ဆရာ မိသားစုတွေ နေကြပါတယ်"

"အဆောင်နာမည်တွေက အားလုံး ရှမ်းပြည်န တောင်ပိုင်း မြောက်ပိုင်းမှာရှိတဲ့ မြို့တွေရဲ့အမည်တွေပဲနော် ဒီဝန်းကျင်ဟာ တကယ်သာယာတယ် မြနန်းမုံရယ်"





"ဟုတ်ကဲ့၊ ဟိုတောင်ဘက်နားမှာ ရေကန်နှစ်ကန် ရှိပါ ယ်၊ အဲဒီဘေးက ဖြတ်ပြီး ဟိုးမှာမြင်ရတဲ့ အိမ်အဆင့်ဆင့်နဲ့ ာစီရွာကလေးကို နန်းမုံတို့ လမ်းလျှောက်လေ့ ရှိကြပါတယ်၊ ာ ဝန်ထမ်းအိမ်တွေလည်း ရှိပါတယ်၊ ဒီဘက်က ပင်စင်ရွာ ာမှာက ပင်စင်စားနဲ့ ဂေါ်ရခါးလူမျိုးတွေ နေထိုင်ကြပါ ယ်"

ကိုပိုင်စိုးက ဘာမှမပြောဘဲ မြနန်းမုံ၏စကားများကို လေးတစား နားထောင်ရင်း လျှောက်လာကြရာ၊ ပင်မကော ပ်၏ ရှေ့ဘက်သို့ ရောက်လာခဲ့ကြသည်။

မကြာမီ ဒီဂရီကောလိပ်အထိ တိုးမြှင့်ဖွင့်လှစ်မည် ဖြစ် ကြောင်းလည်း ရှင်းရပါ၏။

အတန်းများ ပြီးဆုံးချိန်မို့ ကျောင်းရှေ့မှာ လူရှင်းနေ၏။

ဂေါက်ကွင်း ဟိုဘက်ထိပ်ရှိ ကောလိပ်ကားဂိတ်မှ ကား း ထွက်လာသည်ကို သူ စောင့်ကြည့်ရင်း ကျောင်းရှေ့တွင် ောင်မျိုးစုံနှင့် ပန်းတိုင်းပွင့်နေ၊ ဖူးနေကြသော ကောလိပ် ြံကိုကြည့်မိ၏။ ပန်းအလှပြပွဲတစ်ခု ခင်းကျင်းထားသလို ှမ်းမြေ့စွာ မြင်ရသော ပန်းဥယျာဉ်လေးတစ်ခုပါ။ အလယ် ယ်တော်ရွက်ပုံ ရေကန်လေးတစ်ခု ဆောက်တည်ထားခြင်း ြင့် ကျက်သရေရှိလှပါပေသည်။

"အဲဒါက စိန်ပန်းပင်တွေနော်"

သိပ်ပြီး အပင်မကြီးလှသေးသော စိန်ပန်းပင် လေးပင် ာက်ခြေတိုင်းမှာ သစ်သားခုံတွေ ပတ်လည်ရိုက်ပြီး ဆေး



www.burmeseclassic.com

www.burmeseclassic.com



အငြာများ သုတ်ထား၏။

"အဲဒါ စိန်ပန်းအနီပင်လား အပြာပင်လားဟင်"

"လာ ဆရာ၊ နန်းမုံပြမယ်"

မြနန်းမုံက စိန်ပန်းပင်အောက် တည့်တည့်မှာ ရပ်
အဝင်ကို မော့ကြည့်သဖြင့် သူပါ လိုက်မော့ကြည့်မိ၏။

"အသီးတွေ တွဲနေကြတာ မြင်လား ဆရာ"

"အင်း မြင်တယ်၊ ခြောက်နေသလိုပဲ၊ ခပ်ညိုညိုနဲ့ အသီး
က ဝိုင်းဝိုင်းကြီး၊ ခုညင်းဒိုးလောက် ရှိမလားပဲ"

"ဟုတ်ပြီ ဆရာ၊ အဲဒီလို အသီးဝိုင်းသီးတဲ့ စိန်ပန်းပင်တို
ဟာ အပြာရောင်ပွင့်ပြီး ကင်ပွန်းသီးကြီးကြီးလို အရှည်သီး
အပင်တိုင်းဟာ စိန်ပန်းနီပွင့်ပါတယ်"

"ကျေးဇူးပါပဲ မြနန်းမုံရယ်၊ ကျွန်တော်မှတ်ထားမယ်
ပြီးရင် ကျွန်တော့်စာထဲမှာ အလျဉ်းသင့်သလို ထည့်ရေးမယ်
ဒါမှ စိန်ပန်းပွင့်ချိန်မဟုတ်တဲ့ရာသီမှာ ကျွန်တော်တို့လို မြေပြ
သားတွေ တောင်ပေါ်မြို့ကို ရောက်တဲ့အခါ အသီးသီးပုံ
ကြည့်ပြီး ဒါက စိန်ပန်းပြာပင်၊ ဒါက အနီပင်ရယ်လို့ ခွဲခြားတ
ပါစေဆိုပြီး ကျွန်တော် ရေးပြဦးမယ်ဗျာ"

"ဝမ်းသာပါတယ် ဆရာရယ်၊ နန်းမုံပြောပြတဲ့ အသေး
အဖွဲ့ အကြောင်းအရာလေးတွေဟာ ဆရာ့အတွက် အကျိုးသ
ရောက်မှုရှိတယ်ဆိုရင်ပဲ ဝမ်းသာလှပါပြီလေ"

"ဒါနဲ့ မြနန်းမုံ တောင်ကြီးဟိုတယ်တော့ ရောက်ဖူးမှာပေ
နော်"





"ဟုတ်ကဲ့. . . လမ်းလျှောက်ရင်း အဲဒီဘက်ကို အမြဲလို
ပါတယ်၊ အိမ်တော်ကိုဖြတ် စားမြိန်ရိပ်သာရှေ့က
ပြီး တောင်ကြီးဟိုတယ်နောက်က ပေါင်မုန့်နဲ့ တခြားမုန့်
ဝင်ဝယ်တတ်ကြပါတယ်"

"ဆရာမတွေစုပြီး လျှောက်ကြတာလား"

"ဟုတ်ကဲ့. . . နေသာရင် အဲဒီဘက်လည်း လျှောက်
နောက်ပြီး စက်မှုလက်မှုကျောင်းရှေ့မှာနေပြီး ဂေါက်ကွင်း
ဖြတ်ပြီးလည်း ကျောင်းကို ပြန်တတ်ကြပါတယ်"

"တို့နေ့က ကျွန်တော်ဖြတ်တော့ ဝင်ခွင့်မပေးဘူး"

"ဟုတ်တယ်၊ လူကြီးတွေ ဂေါက်သီးရိုက်နေရင် အစောင့်
ထားပြီး ဘယ်သူ့မှ ဖြတ်ခွင့်မပေးဘူးလေ"

ဆိုပိုင်စိုး ခေါင်းညိတ်၏။

"ဒါနဲ့ မြနန်းမုံ ဒီအပတ်ရော မိုင်းပွန်ကို ပြန်ဦးမှာလား
. ."

"ဒီတစ်ပတ် မပြန်တော့ပါဘူး"

"စိုင်းလွမ်းအောင်ကိုလည်း ကျွန်တော် တွေ့ချင်သေး

"မှာပေးမယ်လေ၊ ဘာကိစ္စရှိလို့လဲ ဆရာ"

"ကျွန်တော် မိုင်းပွန်ကို ပြန်လိုက်သွားချင်လို့"

"တင်. . ."

အံ့ဩစိတ်ကြောင့် သူ့မျက်နှာကို တည့်တည့်လှည့်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ဘယ်မှ သေသေချာချာ မရောက်ခဲ့သေး လေ၊ ကျွန်တော်ရောက်လာတဲ့ ညနေကလည်း မြနန်းမိ သွားစရာရှိတယ်၊ အိမ်မှာပဲ နေခဲ့ပါဆိုလို့ နေခဲ့ရတာ၊ မိုး သွားလို့ ထွက်ခွင့်မရလိုက်ဘူး၊ မနက်ကျတော့လည်း ရေပူ နဲ့ နောင်ချိုကန်ပဲ ရောက်ဖြစ်ခဲ့ကြတယ်လေ"

"ဆရာရယ်. . . နန်းမုံ ဧည့်ဝတ်မကျေတဲ့အတွက် အ ပဲ တောင်းပန်ပါတယ်၊ ထပ်ပြီးသွားနိုင်ဖို့ စီစဉ်ပေးပါ့မယ်၊ လွမ်းအောင်ကို မှာလိုက်ပါ့မယ်"

"ဒီချာတိတ်က ဘာမှမေးလို့ မရဘူး၊ ဖြစ်နိုင်ရင် နောက်တစ်ပတ်ခြား မြနန်းမုံပြန်ရင် ကျွန်တော်လိုက်ခဲ့ပါ လား"

မြနန်းမုံ တွေဝေစွာတွေးပြီးမှ. . .

"ဟုတ်ကဲ့ ပြန်ဖြစ်ရင် ပြောပါ့မယ်၊ ဒါပေမယ့် သိပ် နေလိမ့်မယ် ထင်တာယ်၊ တောင်ကြီးဟိုတယ်ကလည်း စရိတ် ကြီးပါဘိနဲ့"

"ရတယ်၊ ဒီမှာ အကြာကြီးနေပြီး စာရေးမလို့ လ တာပါ"

စာရေးခက ဘယ်လောက်တောင် ရလို့လဲ၊ မိသားစု က မမျှော်ဘူးလား၊ တခြားရုံးလုပ်ငန်း လုပ်သေးလား စ သူ့ဘဝ၏ ဖြစ်စဉ်များကို မေးချင်လှသော်လည်း မမေး အောင်ကို တမင်ကြိုးစားပြီး နေလိုက်ရပါတော့သည်။

"ဒီနေ့ဆိုရင်တော့ ဂေါက်ကွင်းဘက် လျှောက်လို့ရမ မသိဘူးနော်"





မြနန်းမုံနှင့် အတူသွားချင်သည့် စကားမှန်းသိ၏။ သင့် မသွားသင့် ချင့်ချိန်နေဆဲမှာပဲ. . .

လူရှင်းကားရှင်းနေသော လမ်းမြင့်ပေါ်မှ ထိုးကျမတတ် ဆင်းချလာသော မော်တော်ဆိုင်ကယ်တစ်စီးဆီသို့ အာရုံ ရောက်သွားမိကြသည်နှင့် စောင့်ကြည့်ဖြစ်၏။

သစ်တောဂိတ်မရောက်မီ လက်ယာဘက်ရှိ ကောလိပ် လမ်းခွဲအဆင်းသည် နိမ့်လျှောလှချေ၏။

ကြည့်နေဆဲမှာပင် အလျင်နှုန်းမြန်စွာဖြင့် မော်တော် ဆိုင်ကယ်က သူတို့နားသို့ ရောက်လာပြီး. . .

"ဆရာမဒေါ်မြနန်းမုံနော်"

"ဟုတ်ပါတယ်"

"ဒီမှာတွေ့ရတာ အခန့်သင့်ပဲ၊ အဆောင်ကို သွားပို့မလို့ ဆရာမကိုမြင်လို့၊ ကျွန်တော်ဒီကျောင်းက အောင်သွားတဲ့ ကျောင်းသားပါ၊ ဒီနေ့ရောက်လာတဲ့ ကျွန်တော်တို့ရဲ့ကားနဲ့ စာပါ လို့ လာပို့တာပါ၊ သိပ်အရေးကြီးတယ်လို့ ပြောပါတယ်"

"မိုင်းပွန်ကလားဟင်"

"ဟုတ်တယ်ဗျ"

"အေးကွယ် ကျေးဇူးပါပဲ"

"ရတယ် ဆရာမ၊ ကျွန်တော်သွားတော့မယ်"

မြနန်းမုံက ခေါင်းသာညိတ်ပြနိုင်သည်။ လက်ထဲမှ စာ လေးကို စိုရွံ့တကြီး ကြည့်လိုက်ပြီးမှ စာအိတ်ကို ဖောက်ပြီး ရှက်တည်းသော စာရွက်ကို ဆွဲထုတ်၍ ဖွင့်ဖတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မြနန်းမုံ
မြပန်းငုံ အိမ်မှာမရှိတော့ဘူး၊ အမြန်လိုက်ခဲ့ပါ။
ဦးရီးလုံးဆိုင်

စာရွက်ကို ကိုင်ထားသော မြနန်းမုံ၏ လက်ကလေးမျာ ဆတ်ဆတ်တုန်နေသည်။ မေ့မြောသွားတော့မတတ် နှုတ်ခမ်း များ ဖြူဆွတ်သွား၏။

ကိုပိုင်စိုးမှာ မြနန်းမုံ၏ကိစ္စကို သိချင်လှသော်လည်း မမေးထိုက်၍သာ ငေးကြည့်နေရပါ၏။

မြနန်းမုံသည်မူ သူကိုယ်တိုင် လဟာနယ်ထဲရောက်သွား သလို သူ့ဝန်းကျင်မှ အရာအားလုံး ပျောက်ဆုံးသွား၏။ ကိုပိုင် ကိုပင်လျှင် အနီးမှာရှိနေသည် ဆိုခြင်းကို မေ့လျော့သွားမိ

"ခက်တော့တာပဲ"

ညည်းသံနှင့်/သက်ပြင်းချသံလေးကြောင့် ကိုပိုင်စိုး မ နိုင်တော့ပေ။

"ဘယ်လိုပြဿနာများလဲ မြနန်းမုံရယ်"

သည်တော့မှ သတိလည်လာသူတစ်ယောက်လို ကိုပိုင် ကို ကြောင်ငေးငေးကြည့်ပြီး စာကို လှမ်းပေး၏။

နှစ်ကြောင်းတည်းသောစာကို ဖတ်ပြီးသည်နှင့်. . .

"မြပန်းငုံဆိုတာ မြနန်းမုံရဲ့အစ်မလားဟင်"

"ညီမပါ"

"သူဘာကြောင့် အိမ်မှာမရှိတော့တာလို့ ထင်သလဲဟ ဥပမာ သူချစ်သူနောက် လိုက်သွားတာမျိုး. . ."





"မဟုတ်ဘူး. . . မဟုတ်ဘူးရှင့်"

"ဒါဖြင့်ရင် တစ်စုံတစ်ခုသော အန္တရာယ် တွေ့နေပြီလို့ မုံ ထင်သလားဟင်"

သူ့ကို စာပင်ပေးဖတ်နေ၍ သူဆွေးနွေး မေးမြန်းရဲပါပြီ၊ မေးကို မြနန်းမုံက ခေါင်းညိတ်ဖြေ၏။

"ဟာ. . . မြနန်းမုံရယ်၊ မျက်ရည်တွေ ကျလာပါလား ဘယ်လိုအန္တရာယ်မျိုးမို့လဲဟင်၊ ကျွန်တော် ဘာကူညီနိုင် င်. . ."

"ဒီနယ်မြေကို မကျွမ်းတဲ့ ကိုပိုင်စိုး ဘာမှ ကူညီလို့ရမှာ ပါဘူးရှင်"

"မြနန်းမုံရယ်"

မျက်ရည်ပွင့်တွေဝေနေသော မျက်နှာကို မကြည့် . ။

"တစ်နေ့ကပဲ ပြန်လာတယ်၊ ကျောင်းလည်း ပိတ်ရက် ခွင့်တွေလည်း ယူရပေါင်းများလှပြီ၊ ခက်တော့တာပဲ"

"မြနန်းမုံ ဘာလုပ်မယ် စိတ်ကူးလဲဟင်"

"မြပန်းငုံဆိုတဲ့ နန်းမုံရဲ့ညီမလေးဟာ မိုက်တယ်၊ သိပ် ယ် ကိုပိုင်စိုးရယ်"

"အခု သူ ဘာဖြစ်နေမယ် ထင်လဲဟင်"

"တောထဲရောက်နေပြီ ထင်ပါရဲ့၊ ဘာပဲဖြစ်ဖြစ် နန်းမုံ ိုင်းပွဲ့ပွန်ကို အမြန်ဆုံးပြန်မှပဲ ဖြစ်တော့မယ်"

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ ၆

တောင်ကြီးကောလိပ်ဘက်မှစ၍ ဂေါက်ကွင်းနှင့် တူး တူး အမှတ်(၂)ကျောင်း၊ ဆေးရုံထောင့် မြသုခဈေးကြီးထိ ဖြတ်သန်းလာသော မင်းလမ်းသည် တစ်မြို့လုံးကို ပတ် စဝ်စံထွန်းဆေးရုံကြီးကိုလွန်၍ တောင်ကြီးမြို့ဝင်ဂိတ်ဆုံးအ ရှည်လျားစွာ ကွေ့ဝိုက်လိုက်၊ နိမ့်လိုက် မြင့်လိုက်ဖြင့် တည်ရှိ ပေသည်။

တောင်ကြီးဟိုတယ်အရှေ့ဘက်သို့ လျှောက်လာပြီး များ ကားများ သွားလာနေကြသည်ကို ကြည့်ရင်း မြို့ထဲသွား ကောင်းမလား စဉ်းစားမိ၏။

ရှုပ်ထွေးသော နေရာသို့လည်း သိပ်မသွားချင်၊ ရှုပ် တွေကလည်း ကြည့်ပြီးသား၊ ညစာကလည်း စားပြီးစမို့ ဘာ ရ ကောင်းမလဲဟု ရွေးရင်းနှင့်ပင် လမ်းဆက်လျှောက်ဖြစ် သည်။





အိမ်တော်ဟု ယခင်ကသတ်မှတ်ပြီး ယခုတိုင် ခေါ်နေ ကြ...။

တိုက်ကြီး၏ အရှေ့ဘက် ကျယ်ဝန်းလှသော မြေကြီးမှာ ...ားပြည်သူများ နားနေရန် သစ်ရိပ်များ၊ ပန်းခင်းများ၊ အမိုး ...သော သီးသန့်ထိုင်ခုံဝိုင်းလေးက ကုန်းမြင့်မှာ ခင်းပေးထား ...လည်း လုပ်သားပြည်သူများ တစ်ယောက်တလေမှ အပန်း ...နေသည်ကို မတွေ့ရ။

စုံတွဲလေး သုံးစုံသာ သီးခြားနေရာများမှာ ထိုင်နေကြ ...သည်။

အပန်းဖြေရာ နေရာ လှုမြင်ကွင်းရှေ့မှာ ထိုင်နေကြ၍ ...သူမြင်မြင် တင့်တယ်သည်။ အိမ်က လူကြီးမိဘများမှ ...ချင်ပေါ့လေ. . .။

ရဲလိုးဘောလ်ခေါ် ဂန္ဓမာပွင့် ဝါဝါကြီးများ၊ စနိုးဘောလ် ...များ၊ နှင်းဆီရောင်စုံပွင့်များ၊ အာဖရိကန်ဒေစီပန်းများ၊ ...ပန်းများက ဆေးစက်ရောင်စုံများ ဖျန်းပက်ထားသည် ...

အရောင်များစွာနှင့် ဇော်မွှားပင် နိမ့်နိမ့်လေးများ၊ ပွင့်တံ ...ည်ကြီးနှင့် ခရမ်းရင့်ရောင် ကတ္တီပါပန်းများ၊ ဟိုးလီဟော့ခ် ...ပန်းချဉ်ပေါင်ပွင့်ကြီးများ၊ ပန်းနုရောင်နှင့် ပန်းရင့်ရောင် ...ပန်းများ၊ ပန်းထိမ်ငိုဟုခေါ်သော ခရမ်းရောင် အဆုပ်လိုက် ...ပွင့်များ၊ မောနင်းဂလိုရီဆိုသော အနီရောင်နှင့် ပန်းခရမ်း ...အပွင့်လေးများစွာနှင့် အမျိုးအမည် မသိသော ပန်းပွင့်



www.burmeseclassic.com

www.burmeseclassic.com



ရောင်စုံများ၊ မစိုက်ရ မပျိုးရပါဘဲနှင့် သူ့အလိုလိုပွင့်နေသော အနင်းခံပန်းလေးများက လှချင်တိုင်းလှနေကြသည်။

"ဒီရှမ်းပြည်မှာက ပန်းတွေဟာ အလကားနေရင်း ပွင့်နေကြတာပဲ"

ကိုပိုင်စိုးတစ်ယောက်တည်း တွေးနေမိသည်။ တစ်လျှောက်လုံးမှာလည်း စိန်နားပန်လို ပန်းများပင် အရောင်စုံ အသွေးစုံ။

မြေပြန့်မှာလည်း သည်ပန်းမျိုးရှိပေမယ့် အရောင်အသွေး စိုပုံချင်းကိုက မတူဘူး၊ မြေဆီသြဇာနဲ့ သဘာဝရဲ့ ကွာခြား ကြောင့်လား ဆိုသည်ကိုတော့ ရုက္ခဗေဒပညာရှင်နှင့် မြေဆီ ကျွမ်းကျင်သူတို့သာ သိပေလိမ့်မည်။

ပြန့်ပြေသော မြေမရှိ၍ လျှောက်ခဲ့ရသော အဆ အတက်ကြောင့် မောလာသလိုလို ရှိသည့်ပြင် ဘယ်ကိုသွား ဟူသော ဦးတည်ချက်လည်းမရှိပါ၍ ခုံတန်းလျားတစ်ခုပေါ် ထိုင်မိသည်။

"ဟိုစုံတွဲလေး တစ်တွဲဟာ"

နောက်မှကြည့်ပြီး ပြုံးချင်သလိုလိုဖြစ်လာ၏။ တော လေးက ငယ်ပုံရသည်။ သူ့မမ၏ ပခုံးစွန်းမှာ ခေါင်းမှီထား ဘာတွေချွဲနေသည်မသိ။ သူ့ချစ်သူ မမကလည်း ကြည် ကြင်နာသော အပြုံးများဖြင့် သူ့ချစ်သူလေးကို တုံ့ပြန်နေ သည်။

ကိုပိုင်စိုးမျက်နှာ လွှဲလိုက်ရသည်။





လူသားတို့ ဖြတ်သန်းခဲ့ကြသော သက်တမ်းတစ်လျှောက် အတွင်းမှာ. . .

ချစ်သူဘဝဖြင့် ခုလို အေးငြိမ်းသော လွတ်လပ်သော ရာမှာ အကြင်အနာ အထိအတွေ့များနှင့် လွတ်လွတ် လပ် စကားပြောခွင့်ရချိန်မျိုးလောက် ကြည်နူးစရာကောင်း သော အဖြစ်မျိုး ရှိနိုင်မည်မထင်။

ချစ်သူတိုင်း အပိုင်းအခြား အဖျက်အဆီးများ ကင်းဝေး ကြပါစေ။

အခုလို ကြည်နူးချိန်မျိုး ရှည်ကြာစွာဖြင့် တစ်သက်တာ အတွက် လက်တွဲနိုင်ကြပါစေ။

ချစ်ကြသူတိုင်း သောကကင်းပါစေ၊ ပေါင်းသင်းကြရပါ စေတူသော စေတနာ ဆန္ဒအပြည့်ဖြင့် ရှေ့မှ အချစ်ဆုံး စုံတွဲ စ်ယောက်ကို ကြည့်ပြီး စေတနာဝေမိ၏။

စာရေးဆရာဆိုသည်က သာယာသောနေရာလေး တွေ့ လျှင် သည်နေရာမှာ ချစ်သူနှစ်ယောက် စကားပြောခန်း ဆုံတွေ့ ခန်း ထည့်ရကောင်းမလား၊ တောင်စောင်းမြင့်မြင့်တွေ့လျှင် သားမှောက်သည့်အကြောင်းရေးပြီး မိန်းကလေးက ဆရာဝန်မ၊ ဏ်ရာရသူ မင်းသားနှင့် စတင်တွေ့ဆုံကြသည့် အကြောင်း တ်အိမ်ဖွဲ့ရလျှင် ကောင်းမလား။

တောနက်နက်အတွင်းမှ ဖြတ်သွားချိန်မှာ သည်နေရာက ဆိုးတွေ ထွက်လာပြီး ဓားပြတိုက်တာမျိုး၊ ပြန်ပေးဆွဲတာမျိုး ပြီး မင်းသားက သတ္တိရှိရှိနှင့် ခုခံပုံမျိုး၊ သို့မဟုတ် ကြောင်



www.burmeseclassic.com

www.burmeseclassic.com



မလေးကိုဆွဲပြီး တောင်စောင်းမှာ ပုန်းကျန်ခဲ့မည်။ လူဆို
လက်ထဲ ပါမသွားသည့် အခန်းမျိုး ရေးရကောင်းမလား. . .

ဟူသော ဇာတ်ဝင်ခန်းများအတွက် ဇာတ်ကွက်ရှာရ
အချိန်ပြည့် ကြံစည်အားထုတ်နေရခြင်းမျိုးပါ။

စာရေးသူတို့ စာရေးဖို့ ခရီးထွက်လာလျှင် ဝန်ထုပ်ကြ
တစ်ခု ထမ်းထားရသလို ပန်းလျလှချေသည်။ အပန်းဖြေခရီ
မဟုတ်ပါ။

စာရေးသားဖို့အတွက် မဟုတ်ဘဲ လူမှုရေးကိစ္စတစ်ခု
ဥပမာ ရန်ကုန်မှ မန္တလေးသို့ မင်္ဂလာကိစ္စများ သွားရတာမျိုး
ရန်ကုန်မှ ပုသိမ်သို့ သင်္ဘောဖြင့် ဆွေရေးမျိုးရေးကိစ္စအတွက်
သွားရတာမျိုးဆိုလျှင် မပင်ပန်းလှ၊ အဖွဲ့များနှင့် ပျော်ရွှင်စရာပ
ကောင်းပြီး လွတ်လပ်စွာ လည်ပတ်ဖြစ်၏။

ဘေးအမြင်မှာတော့ ကိုပိုင်စိုးသည် တစ်ယောက်တည်
လာ၊ အကောင်းဆုံးဟိုတယ်မှာတည်း၊ ပန်းခြံဘေး ထင်းရှူ
တောများကိုလျှောက်၊ စားပွဲပေါ်ထိုင် စာလေးရေးနှင့် သတ်
သောင့်သက်သာရှိလှကြောင်း မြင်တွေ့နိုင်ပါလေမည်။

စာရေးသားခြင်းသည် အသက်မွေးမှုတစ်ခု ဖြစ်လာ
သည့်အခါတွင် ကိုယ်ကာယဖြင့် ရင်း၍ စီးပွားရှာရသော
လုပ်ငန်းမျိုးထက် သာလွန်ပင်ပန်းလှချေသည်၊ ပြောလျှင် ယုံနိုင်
စရာမရှိ၊ အချင်းချင်းမှ သိနိုင်ကြမည့်ကိစ္စမို့ ဝတ္ထုတစ်ပုဒ်
ရေးရတာ ပင်ပန်းလိုက်တာဟု လူရှေ့မှာ ညည်း၍ပင်မပြရဲ
စိတ်ဖြင့် လူတစ်ကိုယ်လုံးကို ချုပ်ကိုင်ခိုင်းစေထားသဖြင့် စားချိန်





န့်များ၌ပင် မလွတ်လပ်။ ထာဝရစိတ်ဖြင့် အလုပ် လုပ်
သော လုပ်ငန်းပါ။

သခုလည်း. . .

တိုပိုင်စိုး ရောက်ရှိလာခဲ့ခြင်းမှာ မိုင်းပွန်သို့ သွားမည်၊
လမ်းရှာမည်၊ တောင်ကြီးဟိုတယ်မှာ တည်းခိုရင်း
မည်၊ ဇာတ်၏ ကျောရိုးရပြီး ဇာတ်တစ်ဝက်လောက်
လျှင် ဇာတ်ဖြေဖို့၊ ဇာတ်သိမ်းဖို့လောက်တော့ ရန်ကုန်မှာ
လည်း ဖြစ်နိုင်ပါ၏ဟူသော ရည်ရွယ်ချက်ဖြင့် ထွက်လာ
ကိုပိုင်စိုးမှာ. . .

"ငါ့ခေါင်းထဲမှာ ဘာဆိုဘာမှ စဉ်းစားလို့ကို မရနိုင်ဘူး၊
ရဲ့ ကျောရိုးကိုတောင် စဉ်းစားလို့ မရပါလား. . .

ငါ့အတွေးထဲမှာ ရှင်သန်နေတာ မြနန်းမုံပဲ၊ ငါ့မျက်စိထဲမှာ
တာလည်း မြနန်းမုံပဲ. . .

အိုကွယ် ငါ့ရဲ့ ရင်ထဲမှာ သိချင်ခြင်း အဖြေမရခြင်းများ
ရှုပ်ထွေးနေရတာလည်း မြနန်းမုံရဲ့ လျှို့ဝှက်ဘဝပဲ. . .

မြနန်းမုံရယ်၊ ကျွန်တော်ဟာ မြနန်းမုံရဲ့ ကိုယ်ပွားဖြစ်ခွင့်
တယ်၊ ဒါမှ မြနန်းမုံအတိုင်း လှုပ်ရှားပြီး မြနန်းမုံ နှုတ်လုံ
လုံနေပါ့မယ်၊ အသက်နဲ့အမျှ ထိန်းချုပ်ထားပါဆိုလည်း
ချုပ်ပြီး ဘယ်သူ့ကိုမှ မပြောဘဲ ကျွန်တော့်ခန္ဓာနဲ့အတူ
မ်းခဲ့သွားပါ့မယ်။

မြနန်းမုံ ကျွန်တော့်ကို ယုံစေချင်တယ်၊ စိတ်ချစေချင်
ပြီးတော့ တိုင်ပင်စေချင်တယ်ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မြနန်းမုံရဲ့ အစ်ကိုတစ်ယောက် အနေမျိုး ဖြစ်ဖြစ်၊ မိတ်ဆွေကောင်း တစ်ယောက်အဖြစ်မျိုးနဲ့ ဖြစ် ကူညီချင်တယ်။

သန့်သန့်စင်စင် စေတနာနဲ့ ထိုက်ထိုက်တန်တန် ကူ ပေးပါရစေလား မြနန်းမုံရယ်။

ရင်မှာ တိုင်တည်နေခိုက်မှာပင် မြနန်းမုံ၏ သော မျက်နှာ၊ အားနာမျက်နှာ၊ လျှို့ဝှက်မျက်ဝန်းနှင့် ရှားရှားပါး အပြုံးမျက်နှာလေးများက. . .

ကိုပိုင်စိုး၏ မျက်ဝန်းအိမ်မှာ အချိန်ပြည့် မြင်ယောင် လျက်ပါ. . .။

မြနန်းမုံ မိုင်းပွန်ပြန်သွားတာ သုံးရက်ရှိခဲ့ပြီလေ၊ ဒီ လယ်က မြနန်းမုံတို့ရဲ့ ဌာနကို ဖုန်းဆက်ကြည့်တော ပြန်မရောက်သေးဘူးတဲ့. . .။

◆ ◆ ◆



## အခန်း ။ ၄ ။

ဦးရိုးဦးလုံးဆိုင်၏ မျက်နှာမှာ ကြေကွဲခြင်းနှင့် ဒေါသ ရားများ ရောယှက်စုပေါင်း ခံစားနေရရှာသည်။

မြန်းမုံက ဦးရိုးရှေ့မှာ ကျုံ့ကျုံ့လေးထိုင်ပြီး ငိုလို့. . .

"မငိုနဲ့သမီး မငိုနဲ့၊ ဒီကောင်မလေးဟာ တစ်သက်လုံး တ်မွှေနေတာ၊ ယောကျ်ားလေးဆိုလည်း ဦးရိုးကိုယ်တိုင်ဖမ်းပြီး ထောင်ထဲထည့်ပစ်လိုက်ပြီ၊ ခုတော့ မိန်းကလေးလည်းဖြစ်နေ အပြစ်ကလည်း ဖမ်းလောက်ဆီးလောက်အောင် မဟုတ်၊ ခက် တယ်ကွယ်"

"နန်းမုံ ဘာလုပ်ရမလဲ ဦးရိုးရယ်"

"ဘာမှလုပ်လို့မရဘူးလေ၊ ဒီနေ့ သူဟာသူ ပြန်လာမယ် လို့ မှာလိုက်တယ်မဟုတ်လား"

"နန်းမုံလည်း ကျောင်းပျက်လှပြီ၊ နန်းမုံ အမေအကြောင်း ပြောပြလို့ သနားပြီး ခွင့်လွှတ်နေကြတာ"

"အေးကွယ် ဦးရိုးမှာလည်း အသက်အရွယ်က ကြီးတော့ ကိုယ့်ကျန်းမာရေးတောင်ကိုယ် ဆေးမကုနိုင်လို့ သမီးရှိတဲ့ ထဲချားမှာ သွားနေရမှာ၊ ဦးရိုးတာဝန်ပျက်သလို ဖြစ်နေပြီ. . ."

"ဦးရိုး တာဝန်မပျက်ပါဘူး၊ နန်းမုံတို့ မိသားစုကိုက ကံဆိုး လွန်းလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း. . . မောင်အောင်မြသာရှိရင် ရင်ကွဲရှာမှာ၊ သူ့မယားနဲ့ သမီးလေးနှစ်ယောက်ကို စိတ်ချရှာတာ မဟုတ်ဘူး"

မြနန်းမုံ၏ဖခင်သို့ တမ်းတသော စကားမို့ မြနန်းမုံ၏ မျက်ရည်တို့ ထပ်မံကြွေကျလာသည်။

ဦးရီးဦးလုံးဆိုင်မှာ သူ၏ တစ်ဦးတည်းသော သမီး အိမ်ထောင်ကျပြီး 'လဲချားမြို့'သို့ ပြောင်းရွှေ့သွားသည့်နောက်မှာ လိုက်၍ နေရရှာမည်။

လဲချားဆိုသည်မှာ မိုင်းပွန်နှင့် မနီး၊ ပင်လုံသို့ သွားပြီးမှ ခက်ခဲစွာ သွားရသော လမ်းခွဲမြို့. . .

ဦးရီးဦးလုံးဆိုင်မှာ မြနန်းမုံတို့မိခင် 'ဒေါ်နန်းလှ'၏ တစ်ဦးတည်းသောအစ်ကိုအရင်း၊ အသက်ကကြီး လူကမကျန်းမာ၍ ဘာမှ ဦးဆောင်ဖန်တီးမပေးနိုင်ရှာတော့။

"တစ်ခုတော့ရှိပါတယ် ဦးရီးရယ်"

"ဘာလဲသမီး"

"ပန်းငုံဟာ ဘယ်လောက်ဆိုးဆိုး အမေ့ကို ပစ်မထားတာတော့ ကျေးဇူးတင်ရဦးမယ်"

"ဟုတ်တယ် မိခင်ပေါ်တော့ တကယ်ပြုစုပါတယ်၊ မရရသလို ရှာဖွေပြီး ကျွေးမွေးပြုစုတာတော့ ချီးကျူးရမယ်"

"နန်းမုံမှာကလည်း အခုမှ ဆရာမဖြစ်ကာစ လခရင်းက သုံးရာ့နှစ်ဆယ်၊ အဆောင်မှာ အလကားနေရပေမယ့် ချက်ပြုတ်စားရ၊ မိုင်းပွန်နဲ့ တောင်ကြီးသွားရ ပြန်ရနဲ့ လခက လောက်တယ်လို့ကို မရှိပါဘူး"





"အေးလေ၊ ကားခတွေကလည်း အရင်ကဆို ခုနစ်ကျပ်ရယ်၊ အခု ခတ်ဆိတ်ဈေး တစ်ဂါလံ ခုနစ်ဆယ်ဖြစ်တယ်ဆိုပြီး တစ်ယောက် သုံးဆယ်တောင်နော်"

"စိုင်းလွှမ်းအောင် ကားနဲ့ကြုံမှ အလကားလိုက်ခွင့်ရတာ၊ ဒီလို အရေးပေါ်လာရတော့ ငွေကကုန်ပြန်ရော"

"အေးကွယ်၊ ပန်းငုံက ထွက်သွား၊ နန်းလှကသောင်းကျန်း၊ ဦးရီးလည်း ဘာလုပ်လို့လုပ်ရမှန်း မသိအောင် ဖြစ်သွားတာနဲ့ တုံကြုံလို့ မှာလိုက်မိတာပါ"

"နန်းမုံ ပြန်လာရမှာပေါ့၊ အမေ့ကို ပစ်ထားလို့မှ မရတာ"

"အေး. . . သမီးညီမက ဦးရီးကို ဘာပြောသွားလဲ သိလား"

"ဘာပြောသွားလဲဟင်"

"ဦးရီး အမေ့ကို ခဏကြည့်ပေးပါတဲ့၊ အစ်မနန်းမုံကို လည်း မှာလိုက်ပါတဲ့၊ သူဘယ်လိုမှ နေလို့မဖြစ်လို့၊ သွားရမယ့် ကိစ္စက သိပ်အရေးကြီးလို့တဲ့၊ အကြာဆုံးတစ်ပတ်ပဲတဲ့"

"အင်း. . . တောထဲလိုက်သွားမှာပေါ့"

"ဦးရီးလည်း ကြည့်ပါသေးတယ်၊ နန်းလှက အနားမှာ သူ့သမီးတွေ တစ်ယောက်မှ မရှိရင် မနေနိုင်ဘူး မဟုတ်လား၊ ပိုဆိုးလာမယ်လေ၊ ဒါကြောင့် မှာလိုက်ရတာ"

"အခုတော့ နက်ဖြန်ပြန်လာမယ်လို့ လူကြုံနဲ့ မှာလိုက်တာ ပါတယ်"

"သူလာရင်တော့ စိတ်ချ၊ မိခင်ကိုတော့ တကယ်ပဲ ပြုစု



www.burmeseclassic.com

www.burmeseclassic.com



ရှာတာ၊ ဘယ်လောက်ပဲဆိုးဆိုး ဒီတစ်ချက်တော့ ပန်းငုံဟာ တကယ်တော်ရှာပါတယ်"

"နန်းမုံဟာ ညီမလေး ပန်းငုံကို သိပ်ချစ်တာ ဦးရှို အသိပါ"

"အင်း. . ."

အဘိုးကြီးက ခေါင်းညိတ်ပြီး သူ့ဆေးတံကို ဖွာရှိုက်ရင်း လွင့်မျောသွားသော မီးခိုးတန်းအတွင်းမှာ သူ့ညီမ မနန်းလှ၏ လွင့်ပြောင်းသွားသော အတိတ်ဇာတ်ကြောင်းများကို ပြန်လည်မြင်ယောင်လာမိသည်နှင့်. . .

"အင်း. . . နန်းလှ. . . နန်းလှ ယောက်ျားရ ကံကောင်း လှတယ်ဆိုပြီ သူ့အတွက် ဝမ်းသာမဆုံး ဖြစ်နေရတာ၊ အကြောင်း ကံ ဆိုးလွန်းတော့လည်း မောင်အောင်မြဟာ မသေသင့်သေး အရွယ်မှာ အသေဆိုးနဲ့ သေခဲ့ရရှာတယ်၊ ဒါကြောင့် နန်းလှ လည်း ဒီလိုဖြစ်သွားရရှာတာ"

သူ့ညီမ မိသားစု၏ နှလုံးသွေးပျက်ဖွယ် အတိတ်ဇာတ် လမ်းကို စဉ်းစားနေစဉ်အတွင်းမှာ အပေါ်ထပ် ဘုရားခန်းဘေး အိပ်ခန်းတွင်းမှ ညည်းညူသံသဲ့သဲ့ကို ကြားလိုက်ရလေသည်။

"ဟော. . . အမေနိုးပြီထင်တယ်"

မြနန်းမုံက စိုးရိမ်ကြီးစွာ ဆတ်ခနဲ ထလိုက်ချိန်မှာ. . .

"သူ့ခြေကို ခုတင်မှာ ကြိုးနဲ့ချည်မထားဘူးမဟုတ်လား သွား. . . သွား မြန်မြန်သွားလိုက်ဦး နန်းမုံ"

◆ ◆ ◆

အခန်း ॥ ၈ ॥

ဗိုလ်ချုပ်အောင်ဆန်းရှိစဉ်က ပြည်ထောင်စုကြီးတစ်ခုလုံး ညီညွတ်မှုအတွက် တိုင်းရင်းသား ခေါင်းဆောင်များ လက်မှတ်ထိုးကြမည့် ပင်လုံစာချုပ်အတွက် ဤလမ်းမှပင် သန်းသွားခဲ့ကြဖူးပေမည်။

ဤသည်ကို ဂုဏ်ပြုသောအားဖြင့် ယခု မိုင်းပွန်းမြို့ကို သန်းသွားသော လမ်းမကြီးကို 'ပြည်ထောင်စုလမ်း'ဟု ပြည့်ဝစွာ ခေါ်တွင်ခဲ့ကြလေသည်။

"မောပြီလား မမမုံ"

"တောင်ပေါ်သူပါကွာ၊ 'ချိုခမ်းရွာ' သုံးမိုင်လမ်းလောက် အသာလေးပေါ့"

ဦးရိုးလုံးဆိုင် ခိုင်းလိုက်သဖြင့် ရစရာငွေများ သွားတောင်း ပြီးပြန်လာခဲ့ကြခြင်းဖြစ်လေသည်။

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"မမ မမောပေမယ့် စိုင်းတော့ ဒီတောင်စွန်းလေးမှာ ခဏ ထိုင်လိုက်ဦးမယ်"

"မောလို့လား"

"မောတယ်ဆိုတာ ဘာလဲဟင်"

"မနောက်နဲ့"

"တကယ် မမမုံရဲ့၊ စိုင်းမှာ ရေးသားမှတ်ထားစရာ ရှိနေလို့"

"အောင်မယ် ကြီးကြီးကျယ်ကျယ်"

"တကယ်ပြောတာ"

စိုင်းလွှမ်းအောင်က ပြည်ထောင်စု ကားလမ်းမကြီး အထက် လူနှစ်ရပ်စာမျှသာ မြင့်သော ကျောက်တောင် လေးတစ်ခုပေါ်မှာ အကျအနတက်ထိုင်၍ သူလွယ်အိတ်ထဲ စာအုပ်ငယ်လေးနှင့် ဘောလ်ပင်နဲကို ထုတ်ပြီး. . .

အရှေ့ဘက်တောင်၏ အောက်ဘက်မှာ ကပ်လျှ နောင်ရာဆိုင်းရွာ၊ လွယ်မွတ်၊ နမ့်မော်နင်လိန်း၊ လုံခေါ်၊ လုံလွ နမ့်ထမို၊ နောင်ဆန်ပူး (သနပ်ဖက်အထွက်များ၍ နာမည်ကြီ အားလုံးလိုလို ပအိုဝ်းရွာများချည်း၊ လုံထွေနှင့် အိမ်ခြေလေး ကျော် ရှိသော ပန်လျှမ့်(မ်)ရွာက ရှမ်းရွာများ၊ ဘုန်းကြီးကျော ကို ရွှေချနိုင်အောင် ချမ်းသာကြ၊ သနပ်ဖက် လုပ်ငန်းပဲ။

အနောက်ဘက်မှာ ဝေ့ရေးခေါက်၊ ဝေ့လပ်(ပ်)စီ၊ မို ကော်၊ ပန်မိုင်း။

မြောက်ဘက်မှာ တိပေါးရွာ၊ ယခုလာသော ချိုမ်း





ရွာ၊ နမ့်မော်ခမ်းဆိုသော ပအိုဝ်းရွာကြီးရှိ၊ တွန်ဟိုင်း၊ တောက်၊ ကမ့်မန်းနှင့် ၇ မိုင်ဝေးသော ကားများစခန်းချရာ နဲ့ အထိ။

ဤရွာများအားလုံး ကားနှင့် လှည်းနှင့် ကုန်းကြောင်း ဖြင့် မိုင်းပွန်ဈေးနေ့ကို လာကြ၊

တောင်ဘက်မှာ ကုန်းမကားရွာ၊ လုံချိန်ရွာ။

မြနန်းမုံက စိုင်းလွှမ်းအောင်၏လက်ထဲမှ ဘောလ်ပင်နဲကို လိုက်ပြီး. . .

"ဘာတွေများ အတိုကောက်ရေးလိုက်မှတ်လိုက် လုပ်နေ သလဲ ဟင် စိုင်း၊ ဒီရွာနာမည်တွေက တို့ သိဖူး ကြားဖူး တွေချည်းပဲလေ"

"ဟာ. . . ဒါတွေ စိုင်း အားလုံးမသိပါဘူး၊ ချိုခမ်း(မ)ရွာ ဒီနန်းကို မေးလာခဲ့လို့ မေ့သွားမှာစိုးလို့ ထိုင်ပြီးမှတ်နေတာ"

"မှတ်တာဟုတ်ပါပြီ ပြောင်စပ်စပ်လုပ်မနေစမ်းနဲ့ အဲဒါ လုပ်မလို့လဲ"

"မှတ်တမ်းပြုစုနေတာလေ၊ ပုံနှိပ်စာလုံးနဲ့ မမမုံ မကြာခင် မှာ၊ ဒီမှာ မမမုံ၊ အဲဒါ ဘယ်သူ့အတွက်လဲ သိလား"

"အင်း မမမုံ သိပြီ၊ ဆရာကိုပိုင်စိုးက မှတ်ခိုင်းလို့ မဟုတ် "

"တော်တယ်၊ ဒါကြောင့် ပညာရှိဖြစ်တာ"

"ဟုတ်တယ်. . . ဟုတ်တယ်၊ တို့က ပညာရှိမှ ကြိုက်တာ၊ တန်းလေးအောင်ရုံနဲ့ ကားမောင်းစားမယ်ဆိုပြီး ဘဝကို



www.burmeseclassic.com

www.burmeseclassic.com



အလကား လွှင့်မပစ်လိုက်ဘူး သိလား”

“ရင်ဝကို တေ့ဖြုတ်တယ်ဆိုတာ ဒါမျိုးထင်ပါရဲ့”

“စာပေးစာယူလေးဖြစ်ဖြစ် တက်ပါဆို”

“ကောလိပ်ကျောင်းသား လုပ်ချင်လို့ဗျ၊ ပြီးတော့ မ
ကလည်း ဒီနှစ်မှ အလုပ်ရတာလေ၊ စိုင်းက ဆုံးဖြတ်ပြီးသား

“ကားသမားဘဝမှာပဲ ပျော်တော့မယ်လို့လား”

“မဟုတ်ပါဘူး မမမုံရဲ့ မမမုံရှိတဲ့ကျောင်းမှာ နေ
မမမုံသင်တဲ့အတန်းမှာ တက်မယ်၊ မမမုံ သင်ပြတဲ့
ဘာသာပဲ ယူမယ်လို့”

“ပြောလိုက်တာတော့ ပျံ့နေတာပဲ၊ တကယ် တက်မ
စောင့်ကြည့်ရဦးမယ်”

“မတက်ဘဲ နေပါ့မလား၊ မမမုံ ခုလို တောင်ကြီးနဲ့ မိုင်း
သွားလာနေလို့ ကားသမားလုပ်နေတာပါဗျာ၊ မမမုံ ဆရာ
ဆိုရင် စိုင်းက ကျောင်းသားပဲလုပ်မှာပေါ့၊ စိုင်းက မမမုံနဲ့မှ မခွဲ
တာပဲ”

သူက ပြောရိုးပြောစဉ်လိုပြောပြီး သူ့ရွာစဉ်များ
ဆက်၍ ရေးနေလေသည်။

ဘေးတိုက် အနေအထားနှင့် မြင်နေရသော စိုင်းလွ
အောင်၏ ကိုယ်ခန္ဓာထွားထွား မျက်နှာနုနုလေးနှင့် ခပ်ကြ
ကြမ်း ခပ်တောင့်တောင့် ပုံစံလေးကို စိုက်ကြည့်နေလိုက်မိသည်

စိုင်းသည် သူ့ရင်မှ ဖြစ်ထွန်းနေသော ဆန္ဒများကို အ
အတိုင်း ပြောကြားလိုက်ခြင်းသာ ဖြစ်လေသည်။





၍ဆန္ဒသည် နှလုံးသား၏ခံစားမှု ဝေဒနာ လက္ခဏာ
သည်ကို သူကိုယ်တိုင်လည်း သိပုံမရ။

မြနန်းမုံ အနေနှင့်လည်း စိုင်းထံမှ သည်သို့ စွဲလမ်းစကား
ကြားရလိမ့်မည်ဟုလည်း မတွေးတောမိခဲ့ဖူးပါချေ။

“မမမုံ ခုလို သွားလာနေလို့ ကားသမား လုပ်နေတာ”

“မမမုံက ဆရာမဆိုရင် စိုင်းက ကျောင်းသားပဲ လုပ်မှာ”

“စိုင်းက မမမုံနဲ့မှ မခွဲနိုင်တာ”

သူပြောလိုက်သော စကား၏ အဓိပ္ပါယ်ကို သူကိုယ်တိုင်
နားမလည်နိုင်စွာဖြင့် စာများကို ဆက်လက် ရေးသား
သည်။

စိုင်းသည် သူ၏ နှလုံးသားခံစားမှုကို သူကိုယ်တိုင်ပင်
သေးကြောင်း အံ့ဩစွာ တွေးနေရလေသည်။

နှလုံးသား၏ လှုပ်ရှားခြင်းများကို စကားအဖြစ် ပြောကြား
ခြင်းဖြစ်သော်လည်း သူ့ဟန်ပန်က ဘာမျှမပျက်ယွင်း၊
စွာ နဂိုနေအတိုင်းသာ. . .

စိုင်း မသိသေးသော ဝေဒနာကို မြနန်းမုံ သိနှင့်နေချေ
သား

စိုင်းလွှမ်းအောင်သည် ဆယ်တန်းအောင်ပြီးသောသူ၊
ရွယ်ရောက်နေသော လူပျိုလေးတစ်ယောက်ဟု၍ မြနန်းမုံ
ခါမျှ မတွေးမိခဲ့သေး. . .။



www.burmeseclassic.com

www.burmeseclassic.com



ငယ်စဉ်ကစ၍ တလုံးတထွေး နေခဲ့ကြသည်မို့ သူတို့
မောင်လေးအရင်းလို ချစ်ခဲ့ကြသည်။

စိုင်းကလည်း ဘယ်သူနှင့်မျှ မကစား၊ မြပန်းငုံနှင့် ရန်ဖြစ်
လိုက်၊ မြနန်းမုံကို အနိုင်ယူလိုက်နှင့် အချိန်ပြည့် အတူနေခဲ့ကြ
သူများပါ။

မြပန်းငုံသည် စိုင်းလွှမ်းအောင်နှင့် ဘယ်တော့မှ တည့်
သည်မရှိ လုံးထွေးသတ်ပုတ်သည်အထိ ရန်ဖြစ်ကြသော်လည်း
နှစ်ဆယ့်လေးနာရီပြည့်အောင် ဘယ်သူကမှ မခေါ်ဘဲ မနေနိုင်
ခဲ့ကြ။

ယခုမှ မြပန်းငုံသည်. . .

မြနန်းမုံ၏အတွေးကို ရပ်စေသူက စိုင်းလွှမ်းအောင်။

"ကဲ. . . လာ မမမုံ. . ."

သူက လက်ကို ဆွဲယူဆုပ်ကိုင်ပြီး တောင်စောင်းလေး
ပေါ်မှ လိမ့်လဲကျမတတ် တအားပြေးဆင်းလာစေခဲ့သည်။

သည်လိုက သွားနေကျ၊ လာနေကျ၊ ရင်းနှီးရော
နေကျ၊ သည်နှစ်ယောက်အတွက် ဘာမှ မထူးဆန်း၊ ညကိုပင်
အိမ်မှာ အဖော်လိုလျှင် အိပ်ဖန်စောင့်က စိုင်းလွှမ်းအောင်. . .။

ယခု စိုင်းလွှမ်းအောင်သည် သဘာဝတရားအရ ဘာ
မတော်သော မြနန်းမုံပေါ်တွင် စတင်၍ စိတ်ဆန်းဝင်လာ
ဖြစ်၏။ ယခုတော့ သူကိုယ်သူပင် မသိရှာသေး။

အကယ်၍ သိလာသည့်တိုင်အောင်၊ ဖွင့်ဟတောင်း
လာသည့်တိုင်အောင် မြနန်းမုံအနေနှင့် စိုင်းတစ်ယောက်





တော့ ငြင်းရပါလိမ့်မည်။

ဤကမ္ဘာပေါ်၌ ရှိသမျှသော ယောကျ်ားအားလုံးထဲမှ
တစ်ခုတစ်ယောက်ကို ချစ်မိကောင်း ချစ်မိလိမ့်မည်။ ဤတစ်ခု
တစ်ယောက်သည် စိုင်းလွှမ်းအောင် မဖြစ်စေရ။

သွားအတူ လာအတူ အိမ်မှာလာအိပ်နေသူ ကိုယ့်ထက်
ငယ်လေးနှင့် ဒီတစ်သက်မှာ အဖြစ်မခံနိုင်။

ကျောင်းမှာလည်း 'မြနန်းမုံ၏ မောင်လေး' ဟူသော
အသိဖြင့် ချစ်စရာ စိုင်းလွှမ်းအောင်ကို လက်ခံထားကြပါလျက်၊
'ဩော် ဒီလိုလား'ဆိုသော သိက္ခာကျအမြင်မျိုး မြင်မသွား
စေချင်ပါ။

ဘာပဲဖြစ်ဖြစ် မြနန်းမုံ သန့်စင်စွာ ချစ်ရသော မောင်လေး
သည် မြနန်းမုံအပေါ်တွင်လည်း ဆန်းပြားသော စိတ်များကို
နှိမ်နှိမ်ထားဖြစ်ပါစေ၊ သူ့လိုပင် 'မတော်ပါလား'ဟူသော အသိ
ဖြင့် လက်ရှိအတိုင်း အဖြူရောင်မေတ္တာများ ထားနိုင်ပါစေဟုသာ
မြနန်းမုံ ဆုတောင်းရပါလေတော့မည်။

"ဒီဘက်တိုးလေ မမမုံရဲ့"

ကားကြီးတစ်စီး ဖြတ်လာသဖြင့် ချောက်ဘက်အစွန်းမှာ
ကပ်မိလျက်သားဖြစ်၍ ရှေ့မတိုးရဲသော မြနန်းမုံ၏ ပခုံးကို လှမ်း
ဆွဲပြီး ကားအန္တရာယ်မှ ဝေးအောင် ရှောင်စေသည်။

"ဒါနဲ့ မမမုံ နက်ဖြန်ဖြန်ဖြစ်မှာလား"

"သူ ဒီညလာရင်ပေါ့"

"ပန်းငုံမလာဖြစ်ရင်တော့ ဆက်စောင့်နေနော်၊ နက်ဖြန်



www.burmeseclassic.com

www.burmeseclassic.com



သောကြာဆိုတော့ တနင်္ဂနွေ စိုင်းရဲ့ကားလှည့် ပြန်ရောက်မှာ

"အေးလေ၊ ကြည့်သေးတာပေါ့"

"နက်ဖြန် ကျွန်တော်ပဲ ပြန်သွားရင် အစ်ကိုဆီဝင်ဦးမှာ အဲဒီအစ်ကိုက တကယ်ခင်မင်ချစ်စရာကောင်းတာ၊ တောင်ကြီး ဟိုတယ်က တကယ်ဇိမ်ပဲဗျာ၊ တစ်ညလောက်တောင် အိပ်ချ တယ်၊ အဲဒီအစ်ကို ငွေတကယ်သုံးနိုင်တာ"

"စာရေးဆရာဆိုတာ ပိုက်ဆံအများကြီး ရလို့လား"

"မသိဘူး၊ ဒါပေမယ့် သူက လူပျိုဗျ၊ သူ့တစ်ယော တည်း သုံးရတာဆိုတော့ သူ ငွေ‌းလိုနေနိုင်တာထင်တယ်"

"မမမုံလည်း သူ့စာ တစ်ခါမှ မဖတ်ဖူးပါဘူး၊ အခုမှ စုံစ ကြည့်တော့ စာအုပ်တွေအများကြီး ထွက်တာပဲ၊ ပိုက်ဆံရမှာပေ ဒါနဲ့ လူပျိုလို့ သူက ကြေညာလို့လား"

"အင်းလေ၊ အစ်မချောချောမြင်လို့ တမင်များ ပြောထာ လားမသိ"

စိုင်းလွှမ်းအောင်၏ အရိုးခံမျက်နှာလေးကို ပြန်လည် မြင်တွေ့လာရသည်။

"ရန်ကုန်သားဆိုတာ လူလည်တွေတဲ့၊ သူတို့ပြောတိုင်း လည်း ဟုတ်ချင်မှဟုတ်မှာပါ"

"အစ်ကိုက မညာဘူးဗျ"

"အောင်မယ် ကြည့်စမ်း ကိုပိုင်စိုးလူတောင် ဖြစ်နေပြီ. . .

"ဩော်. . . မမမုံကလည်း စိုင်းကို အလည်ခေါ်နေတာ လေ၊ သူပြန်ရင် သူနဲ့ လိုက်လည်ပါတဲ့၊ သူ့အိမ်မှာ တည်းဝါ





စိုင်းဆိုတဲ့ကောင်က တကယ်လိုက်မယ့်ကောင်ဆိုတာ သိဘဲနေပါ့မလားဗျ၊ မဟုတ်ရင် ခေါ်ရဲပါ့မလား"

"အေးပါ. . . အေးပါ. . . ထားပါ"

မိမိနှင့် မိမိ၏ဘဝ၊ မိမိ၏ လှုပ်ရှားမှုများကို စိတ်ဝင်စား ကြီးစွာဖြင့် ကြည့်ကြည့်နေတတ်သော ကိုပိုင်စိုး၏ရုပ်သွင်ကို ားမိတော့. . .

အင်အားပြည့်လှသော သူ့မျက်ဝန်း စူးစူးနက်နက်ကို သည်မြင်တွေ့လာရသည်။

ရင်ခုန်စရာအကြည့်များကို ပြန်လည်မကြည့်ဖြစ်အောင် သုံးချင်းမဆုံမိအောင် ကြိုးစား၍ နေရသော ကာလများကို သည်သတိရစေသော စိုင်းလွှမ်းအောင်၏ စကားများ. . .။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၊ ၆

"တောင်ကြီးကောလိပ်ကပါလား ခင်ဗျာ"

"ဟုတ်ပါတယ်"

"အခု စကားပြောနေတာ ဆရာမများနေတဲ့ ပင်
ဆောင်ကလား ခင်ဗျ"

"ဟုတ်ပါရှင့်"

"အဲဒီမှာ မိုင်းပွန်က မြနန်းမုံများ ပြန်ရောက်ပါပြီ
ခင်ဗျာ. . ."

"အဲ. . . သူ့အခန်းတော့ စောစောက တံခါးဖွင့်ထား
တွေ့တယ်၊ ပြန်ရောက်ပြီထင်တယ်၊ ခေါ်ပေးရမလား၊ တ
သူ သူငယ်ချင်းဆရာမပါ"

"နေ နေပါစေခင်ဗျာ၊ ကျွန်တော် ခုပဲ ထွက်လာခဲ့ပါ

တယ်လီဖုန်းမှ သတင်းက မင်္ဂလာအပေါင်းနှင့် ပြည့်
ပါချေသည်။

ကိုပိုင်စိုး ပျော်သွား၏။

သန့်ပြန့်သော အဝတ်အစားကို အမြန်ဆုံး လဲလှ
အခန်းတံခါးပိတ် သော့ကို ရီဆက်(ပ)ရှင် ဌာနမှာ အပ်
မြနန်းမုံရှိနေ၍ တောင်ကြီးကောလိပ် ပရဝဏ်ဘတ်





တ်လက်သောခြေလှမ်းများဖြင့် လျှောက်ထွက်လာခဲ့သည်။

"လိုက်မလား အစ်ကို၊ ကောလိပ် ဂိတ်ဆုံး"

အမှတ်နှစ်ဂိတ်မှ စပယ်ယာလေး၏ အော်ခေါ်သံ
ကြောင့် တောင်ကြီးဟိုတယ်နှင့် ဒေသပါတီရုံး လမ်းကြားမှာ
မြန်မြန် ဆင်းလာပြီး လမ်းကို ဖြတ်ကူး၍ လူပြည့်နေသော
လပ်(က်စ်)ကား၏ ခြေနင်းခုံမှ တွယ်၍ လိုက်ခဲ့ရပါတော့
သည်။

ယခင် စော်ဘွားများ၏ သားသမီးများနှင့် မြေးများ၊
တော်မျိုးတော်များသာ တက်ရောက်သင်ကြားကြရသော
မွှာဇကျောင်းကို ယခုအခါ နိုင်ငံတော်အစိုးရက အမှတ်
 အထက်တန်းကျောင်းအဖြစ် ဖွင့်လှစ်ပေးခဲ့သဖြင့် ထို
ကျောင်းရှေ့ မှတ်တိုင်ကို အမှတ်နှစ်ဂိတ်အဖြစ် သတ်မှတ်ထား
ဖြစ်လေသည်။

"ကောလိပ်ပါတော"

စပယ်ယာလေး၏ မပီမသ စကားဆုံးသည်နှင့် ကားလုံးဝ
မိမှာပင် နောက်ပြန်ခြေချပြီး အသာလေး ဆင်းပစ်လိုက်
သည်။ ရန်ကုန်သားမို့ ဘတ်စ်ကား မတ်တတ်ရပ်ခြင်းနှင့်
ဆင်းအတက်က ကျွမ်းပြီးသား။

ရင်မှာ ရွှင်ပျစွာဖြင့် ပင်မကျောင်းဆောင်ကြီးကို တစ်ချက်
ကြည့်လိုက်မိသည်။ ပေငါးရာကျော်မျှလောက် ရှည်လျားသည့်
ပေါင်းစုံ သင်ကြားရာ နှစ်ထပ်ကောလိပ်ကျောင်းကြီး၏
ည်ကျက်သရေရှိမှုကို တစ်ချက် လှည့်ကြည့်ပြီး လက်



www.burmeseclassic.com

www.burmeseclassic.com



ဘက် လမ်းထဲသို့ ချိုးကွေ့ဝင်လာခဲ့သည်။

"ဟာ. . ."

မျက်နှာချင်းဆိုင်မှာ သူလာနေပါရောလား။

အဝေးကပင် မြင်နိုင်သော ထူးခြား ထင်ရှားလှသ
အလှရှင်။

လမ်းစဉ်လူငယ် ရန်ပုံငွေ စားသောက်ဆိုင်ရှေ့ ကုန်း
ပေါ် ညောင်ပိန္နဲပင်ကြီးအောက်မှာ မြင်ရသော စတော်ဘယ
ရောင် ဆွယ်တာနှင့် အနက်ပေါ်မှာ စတော်ဘယ်ရီရော
ပန်းပွင့်လေးများ ပါရှိသော လုံချည်နှင့် တရွေ့ရွေ့ ဆင်းလာ
သော မြနန်းမုံရယ်လေ. . .

ဆက်မလျှောက်တော့။

ကြည့်ကောင်းကောင်းနှင့် ရပ်ကြည့်နေလိုက်မိသည
သူက ပြုံး၍ကြိုနေသော်လည်း မြနန်းမုံက တစ်ချက်မျှ မပြုံး
နှင့် ခပ်သွက်သွက်ပင် ဆင်းလာနေ၏။

စောစောက ဖုန်းသတင်းရ၍ ထွက်လာခြင်းများလား

သူ တခြားကိစ္စရှိလို့ အပြင်ထွက်မလို့လား။ အို. . . ဘာ
ဖြစ်ဖြစ် မြနန်းမုံနဲ့အတူ သူသွားမယ့်နေရာကို ငါလိုက်ခွင့်တောင်း
ပြီး လိုက်သွားမယ်. . .

စဉ်းစားနေဆဲမှာပင် ကိုပိုင်စိုးနှင့် နီးသည်ထက် နီးလာ
သည်။

သူပြုံးပြီး ကြိုနေပါလျက် အကြည့်စိမ်းများနှင့် ကြည့်
လေသော မြနန်းမုံ. . .





နီးသည်ထက် နီးလာပြီး လက်တစ်ကမ်းစာအကွာ မျက်နှာ
င်အရပ်မှာ ရှိနေပါလျက် သူ့ကို ခပ်တည်တည် ကြည့်နေ

"မြနန်းမုံ ဘယ်တုန်းကရောက်နေတာလဲဟင်၊ ကျွန်တော်
စောက ဖုန်းဆက်သေးတယ်"

"ဟုတ်လား"

"အခု ဘယ်သွားမလို့လဲဟင်"

"မြို့ထဲ"

"ကျွန်တော် မြနန်းမုံဆီ လာခဲ့တာ"

"ဘာကိစ္စရှိလို့လဲ"

"ကိစ္စရှိမှပဲ လာရတော့မတဲ့လား မြနန်းမုံရယ်၊ ကျွန်တော်
မြနန်းမုံရဲ့မိတ်ဆွေပါ၊ မြနန်းမုံနဲ့ တွေ့ဆုံဖို့သက်သက်
စ်စောင်ကိုင်ပြီး ရောက်လာခဲ့တဲ့ ပိုင်စိုးပါဗျာ"

"အဟားဟား. . . ဆောရီး ကိုပိုင်စိုးရာ၊ မြနန်းမုံလည်း
သိပ်သတိမေ့တတ်နေတာ၊ ဒါကြောင့် မြင်ဖူးပါတယ်ဆိုပြီး
ည့်နေတာ၊ လာလေ ဘာကြောင်နေတာလဲ၊ မြနန်းမုံနဲ့ မြို့ထဲ
လိုက်ခဲ့ပေါ့နော် အဟဲ"

သူက ရယ်ရယ်မောမော ဆိုးဆိုးဆတ်ဆတ် ပြောဆိုပြီး
ဆင်းသွားနှင့်သည်။

ကိုပိုင်စိုး တွေဝေလေးလံသော ခြေလှမ်းများဖြင့် မြနန်းမုံ
နောက်မှ လိုက်လာမိသည်။

"ဟော. . . ကားတစ်စီး လာနေပြီ၊ ပြေးသွားရင် မီနိုင်



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ လာလေ"

"နေပါဦး မြနန်းမုံ၊ ကျွန်တော့်ကို စကားနည်း
လောက် ပြောခွင့်ပြုပါ"

"ပြောလေ. . . ခွင့်ပြုပါတယ်၊ လာ. . . နောက်
တစ်စီးစောင့်ရင်း စကားပြောကြတာပေါ့"

ရှေ့မှ သွားနှင့်သော မြနန်းမုံ၏ခြေကို မနည်းပင်မီအော
လိုက်ခဲ့ရသည်။

ကျောင်းရှေ့ စိန်ပန်းပြာပင်အောက်မှ သစ်သား
ထိုင်ခုံပေါ် သို့အရောက် ခပ်ပြေးပြေးလေးလျှောက်ပြီး
လက်စွာ ထိုင်ချလိုက်တော့ သူ့နောက်မှာ ရပ်နေသော ကို
နှင့် မျက်နှာချင်းဆိုင်။

လွင်လွင်ကြည်ကြည် ပြုံးရင်း ကိုပိုင်စိုးကို မော့ကြည့်
သော မြနန်းမုံ၏ မျက်နှာကို ကိုပိုင်စိုးသည် မျက်တောင်ခတ်
မေ့လျော့စွာပင် ငေးစိုက်ကြည့်နေ၍. . .

"မြနန်းမုံကိုများ မမြင်ဖူးတာ ကျနေတာပဲ၊ အထ
ဟင်း. . . ကြည့်နေလိုက်တာ မတရားကြီး"

ကိုပိုင်စိုးသည် လက်ကိုပိုက်ပြီး တည်ကြည်သော မျက်
ငြိမ်သက်သော အကြည့်ဖြင့် သူ့ကို ခပ်အေးအေးပင် ကြည့်
ပြီး. . .

"ခင်ဗျား မြနန်းမုံ မဟုတ်ဘူး"

"အိုး. . ."

"ကျွန်တော့်ရဲ့ မြနန်းမုံက ခင်ဗျားလို မဟုတ်ပါ





"အာ. . . ဟ ကျွန်တော့်ရဲ့ မြနန်းမုံ ဆိုပါလား"

"ခင်ဗျားဟာ မြနန်းမုံရဲ့ညီမ မြပန်းငုံပဲ ဖြစ်ရမယ်"

"လူတိုင်းက ကျွန်မကို မြနန်းမုံပဲထင်နေတာ၊ ရှင် ဘယ်
သိလဲဟင်"

"သိပ် သိသာတာပေါ့ဗျာ၊ ကျွန်တော့်ရဲ့ မြနန်းမုံက
ာန်မှ တည်ကြည်ငြိမ်သက်ပြီး ကြွရွေ့သိက္ခာကို ကိုးကွယ်
ဲ့ မိန်းမမျိုးပဲ"

"ဒါပေါ့လေ. . . သူက ဒီကျောင်းတော်ကြီးက ဆရာမ
န်းငုံတို့ဘဝကတော့ ကျရာမှာနေ ကြုံရာကိုသွား ဆိုတော့
ာ်လှတဲ့ ကြွရွေ့ဝတ်ရုံကြီးကိုလည်း မခြုံနိုင်ပါဘူး၊ ဒါနဲ့
ဦး. . ."

"ပြောပါ"

"ကျွန်တော့်ရဲ့ မြနန်းမုံဆိုတော့ ရှင်ဟာ ကျွန်မ အစ်မရဲ့
သူလား"

"မဟုတ်ပါဘူး၊ မိတ်ဆွေအဆင့်ပဲ ရှိပါသေးတယ်"

"ဖြေပုံကို ကြိုက်သွားပြီ"

"ဗျာ. . ."

"မိတ်ဆွေအဆင့်ပဲ ရှိပါသေးတယ်ဆိုတော့ ရှေ့မှာ ပရို
င်း ရစရာရှိသေးတယ်ဆိုတဲ့ သဘောပေါ့နော်. . .
ဲ. . . ဟဲဟဲ. . ."

ကိုပိုင်စိုးမှာ သူ့မျက်နှာကို မနည်းပင် တည်ငြိမ်အောင်



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစား၍ နေလိုက်ရသည်။

မြနန်းမုံ၌ မြပန်းငုံဆိုသော ညီမတစ်ယောက်ရှိ ကြောင်း ဟိုတစ်ပတ်ကပင် သည်နေရာ၌ လာပေးသောစာ သိရှိခဲ့ရပြီး ဖြစ်သော်လည်း. . .

မြနန်းမုံနှင့် မြပန်းငုံဆိုသည်မှာ 'အမြွှာညီအစ်မ'ဖြစ် မည်ဟု မထင်ခဲ့။

သိုသိပ်ဝှက်ကွယ်နိုင်လွန်းသော မြနန်းမုံကလည်း မိသားစု၏ အကြောင်းအရာများကို တစ်စွန်းတစ်စမျှ ပြော ခဲ့ပါ၍ မြနန်းမုံဟုပင် ထင်မိခဲ့ရာမှ. . .

ကိုပိုင်စိုး ပထမဆုံး အံ့သြမိသည်က သူ့အမူအရာ

ဒုတိယ သံသယဖြစ်လာရသည်က 'နန်းမုံ'ဟု ကိုယ် ပြုလေ့ရှိပါလျက် မြနန်းမုံဟု ပြောခြင်းက စခဲ့သည်။

နောက်တော့ သိပ်ထင်ရှားပါသည်။

မျက်ခုံးနှစ်ခုကြားမှ မှည့်တစ်လုံး ပျောက်ဆုံးနေ သည်။

ဒါက သူသည် မြနန်းမုံ မဟုတ်ကြောင်း ညွှန်းပြနေ သည်။ မြပန်းငုံဆိုသော အမည်ကိုလည်း သိထားပြီးမို့ ဤ ကလေးသည် မြနန်းမုံနှင့် စရိုက်ချင်းကွာခြားလှသော မြ ဆိုသည့် အမြွှာညီမသာ ဖြစ်ရမည်ဟူ၍ သူတွေးယူနိုင်ခဲ့ ဖြစ်ပါလေ၏။

"မြနန်းမုံရော အဆောင်မှာ ရှိနေသလားဟင်"

တွေ့ချင်မြင်ချင်စိတ်ဖြင့် မျှော်လင့်စွာ မေးမိသည်။





"ဟင့်အင်း. . . သူမပါဘူး၊ မိုင်းပွန်မှာ ကျန်ခဲ့တယ်"

"ဒါဖြင့် သူဘယ်တော့လာမှာလဲ"

"ပန်းငုံ နက်ဖြန်ပြန်မယ်၊ တနင်္ဂနွေနေ့ သူအရောက်လာ ပေါ့"

ရင်ထဲမှာ ဟာသွားရသည်။ မြနန်းမုံကို ယခုပင် တွေ့မြင် သော ဆန္ဒတို့ တစ်စစီ လွင့်ပြယ်ရလေပြီ။

"ဒါနဲ့ မိုင်းပွန်တောင် လိုက်လာသေးတယ်ဆို"

"ဟုတ်တယ်"

"မမမုံနဲ့တော့ အတော်ခင်နေကြပြီထင်တယ်၊ မမမုံနဲ့ နဲ့ သူ့အကြောင်းပဲ ပြောနေကြသံကြားတယ်"

အနောက်ဘက် တောင်ကုန်းပေါ်တွင် လေတစ်ချက် လိုက်၍ တောင်ကြီးကိုဖုံးနေသော တောင်ငွေ့များ လွင့်ပြယ် းလွှားသွားကြသည်။

ကိုပိုင်စိုး၏ရင်မှာလည်း မှိုင်းဝေနေရာမှ မြပန်းငုံ၏ ကားကြောင့် ကြည်လင်ချမ်းမြေ့ခဲ့ရပါပြီ။

သူ အချိန်နှင့်အမျှ တမ်းတနေသလို မြနန်းမုံနှင့် ညီ ကလည်း သူ့ကို သတိတရရှိနေကြသည် ဆိုပါလား ယ်. . . .။

"ဒီလိုပဲလေ ပန်းငုံကတော့ သိတဲ့လူရှိလည်း ပန်းငုံအဖြစ် နေပြတယ်၊ မသိတဲ့လူကျတော့လည်း မမမုံအဖြစ်နဲ့ 'ကြောင်' လိုက်တာပဲ"

"ကျွန်တော့်ကျတော့ မြပန်းငုံ အရှုံးပေးလိုက်ရပြီနော်"



www.burmeseclassic.com

www.burmeseclassic.com

"ကိုပိုင်စိုးက မမမုံရဲ့မျက်နှာကို အလွတ်ကျက်ထားထ
ထင်တယ်နော်"

အရှက်ဝေသော အပြုံးကို လွင်လွင်ကြည်ကြည်
ပြုံးဖြစ်ပါ၏။

"မြို့ထဲ လိုက်မလား"

ကိုပိုင်စိုး တွေဝေသွားမိ၏။ မြပန်းငုံထံမှ မြနန်းမုံ
ပတ်သက်သော သတင်းစကားလေးများ ကြားချင်ရုံမှလွဲ၍
မြပန်းငုံနှင့်အတူ သွားလာချင်စိတ် မရှိပါ။

"ဘယ်ကိုသွားမှာလဲ"

"မိုင်းပွန်မှာက ရုပ်ရှင်ရုံ မရှိဘူးလေ၊ ဒါကြောင့် ရဲရွာ
လမ်းက ဝန္နလရုပ်ရှင်ရုံမှာ ကားသစ်လဲလို့ သွားကြည့်မ
ပြီးတော့ ရုပ်ရှင်ရုံနဲ့ ကပ်နေတဲ့ မြေကြူးဟိုတယ်မှာ တစ်
စားရအောင်လေ"

"နေပါစေဗျာ့ မြပန်းငုံ၊ ကျွန်တော် မလိုက်တော့ပါ
ဗျာ"

"ပန်းငုံက တကာခံမှာပါနော်"

"ဒါကြောင့် မဟုတ်ပါဘူး၊ အဲဒီရုပ်ရှင်က ကြည့်ပြီးသာ
မို့ပါ"

"ဒါဆိုလည်း ရတယ်လေ၊ နေခဲ့ပေါ့"

"တစ်ခု မေးပါရစေ"

"မေး"

"ဒီကောလိပ်ကိုလာတာ မြနန်းမုံအဖြစ်နဲ့ ရောက်လာထ





ောင်"

"မဟုတ်ပါဘူး၊ မမမုံနဲ့ အတူနေတဲ့ မမစိမ့်ကလည်း ပန်းငုံ
သိပြီးသားပါ"

"ဩော်. . . ဩော်"

"အဟင်းဟင်း စိတ်ချပါရှင်၊ ကိုပိုင်စိုးရဲ့ မြနန်းမုံအဖြစ်နဲ့
ဝင်ပြီး အခွင့်အရေးတွေ၊ ရပိုင်ခွင့်တွေ လိမ်ညာယူမသွား
နော်"

"ဩော်. . . လူတစ်ဖက်သား၏ ရင်တွင်းစိတ်ကို သိပဲ
လွန်းတဲ့ မြပန်းငုံရယ်"

ကိုပိုင်စိုးက မြပန်းငုံ၏ အကင်းပါးမှုကို အထင်ကြီးစွာ
အမှတ်ပြုမိပါ၏။

သူပြောသလိုပင် မြပန်းငုံအနေနှင့် မြနန်းမုံ ဟန်ဆောင်
မြနန်းမုံ သိက္ခာပျက်စေမည့် အမှုကိစ္စမျိုးကို အစားထိုး
င်ရွက်သွားမှာ စိုးရိမ်နေမိသည်။

"ဟော်. . . ကားလာပြီ၊ ပန်းငုံသွားတော့မယ်"

"ကောင်းပါပြီ မြပန်းငုံ"

"ကိုပိုင်စိုးတစ်ယောက် မမမုံကို အကြီးအကျယ် မျှော်နေ
လို့ မမမုံကို ပြန်ပြောပြလိုက်မယ်နော် စိတ်ချ"

မျက်နှာပြင်မှာ အရှက်ငွေ့ကြောင့် ပန်းရောင်သွေး
အောင် နွေးသွားသော်လည်း နှလုံးအိမ်တွင်းမှာ အေးသွား
သော မြပန်းငုံ၏ နှုတ်ဆက်စကားများပါတကား။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ ၁၀

"ဟဲ့. . . ပန်းငုံ ဆေးတွေက များလှချည်လား"

"အမေ နေမကောင်းနေတာလည်း သိကြသားနဲ့၊ အ
အတွက် ဆေးလာဝယ်တာပါဆိုမှ"

"နင့်ဟာက ဆေးဆိုင်တစ်ဆိုင်တည်လို့ ရလောက်အော
ပါပဲလား"

"တောင်ကြီးကို တစ်ခါတလေ လာရတုန်း အစုံဝယ်
ရတာပေါ့ ဦးလေးရဲ့"

"နင့်ဟာက များလွန်းလို့ လမ်းမှာ စစ်ဆေးတဲ့အ
ပြဿနာတက်မှာ စိုးလို့ပါ"

"ဦးလေးနဲ့ မဆိုင်ပါဘူး၊ ပန်းငုံ့ဘာသာ ဖြေရှင်းမှာ
"ဟ. . . ငါက ကားရှင်၊ နင်တစ်ယောက်တည်း ပြဿ
တက်မှာ မဟုတ်ဘူး၊ ငါပါ အဆစ်ပါနေမှာ"





သူကိုယ်ပိုင်ကားကို သူကိုယ်တိုင်မောင်းပြီး စီးပွားရှာနေ
ဦးကျောင်းလုံက မြပန်းငုံ့အတွက် စိတ်ညစ်နေရ၏။

"ဒီဆေးတွေ မိုင်းပွန်မှာ မှောင်ခိုရောင်းစားနေတာ
ရင် ဦးလေးကိုယ်တိုင် ရဲလက်အပ်လိုက်ပေါ့ ဦးလေးရဲ့၊
တာက ဆရာဝန်ရဲ့ ဆေးစာလည်းပါတယ်၊ အမေလည်း
ကြီးအကျယ် နေမကောင်းဖြစ်နေတာ အားလုံးအသိ၊ ဒီမှာ
ပြဿနာဖြစ်ရင် ဦးလေးဘာမှ မဖြစ်စေရပါဘူး စိတ်ချ၊
ဖြေရှင်းတတ်ပါတယ်"

"ပြီးရော. . . ပြီးရော၊ ကဲ. . . ကဲ ကားပေါ်တက်ကြ
ထွက်တော့မယ်"

မြပန်းငုံ့ ရှေ့ခန်းမှမစီး၊ ခရီးသည်များနှင့် ရောနှောပြီး
၏နောက်ခန်းမှာပင် ထိုင်စီး၍ လိုက်လာခဲ့သည်။

ဈေးတောင်ဘက်လမ်း ကုန်တိုက်ရှေ့ မြို့မဈေးထိပ်
ပွန်ကားဂိတ်မှ ကားထွက်တော့ နံနက် ခုနစ်နာရီခွဲလေ
. . .။

ရှစ်နာရီကျော်ကျော်မှာ ဟိုပုန်းမြို့ရောက်ပြီး လုံခြုံရေး
စီအစဉ် ယာဉ်တန်းဖြင့် ထွက်ခွာရန် ကားများ တန်းစီစောင့်
နေရပါ၏။ ၉ နာရီကျော်တော့ ကားကြီးကားသေးများ
အားလုံး ဆယ့်နှစ်စီး စီတန်းပြီး ဟိုပုန်းမြို့ ဂိတ်မှ ထွက်ခွာခွင့်
ပါ၏။

ဟိုပုန်းရေထွက်၊ နောင်ခါးရွာ၊ ထမ်ဆမ့်ကားဂိတ်၊
အယ်၊ ပင်ဟဲ စသည် ရွာစဉ်များကို အစဉ်လိုက် ဖြတ်သန်း



www.burmeseclassic.com

www.burmeseclassic.com



ပြီး၊ မိုင်းပွန်မြို့ရှိရာ ပွန်ချောင်းမရောက်မီ သုံးလေးမိုင်ခန့်အ ဟိုပုန်းမြို့နယ်အတွင်းမှ ရွာငယ်လေးတစ်ရွာ၏ ရှေ့မှာပ ကားက ခေတ္တရပ်သွားသည်။

မြပန်းငုံ၏ ကြိုတင်မှာကြားထားချက်အရ ကားရပ်ပေ ရခြင်းဖြစ်လေသည်။

ပိန်းပိတ်နေသော အနက်ရောင်ထဘီနှင့် ဂျင်းအကျီနှင့် ဦးထုပ်တစ်လုံးကို ဆောင်းထားသော မြပန်းငုံ။

ကြီးမားသော ခရီးဆောင်လွယ်အိတ်ကြီးကို ကားခေါင်မိုး မှ သယ်ချပေးပြီးသည်နှင့် စွေ့ခနဲလွယ်ကာ တောင်ပေါ်ရွာလေး ဆီသို့ တရွေ့ရွေ့ တက်လှမ်းသွားတော့သည်။

ခရီးသည်တင် တိုယိုတာဟိုင်းလပ်(က်စ်)ကားလေးသည် လည်း မိုင်းပွန်မြေသို့ ဆက်လက်ထွက်ခွာသွားလေပြီ။

မြပန်းငုံသည်မူ တောင်ကုန်းပေါ်မှ ရွာငယ်လေးကို ဖြတ် ကျော်ပြီး တောလမ်းခရီးတွင်းသို့ တစ်ယောက်တည်း အိတ်ကြီး တစ်လုံးကို လွယ်လျက် ခပ်သွက်သွက် လျှောက်လှမ်းသွားနေ လေတော့သည်။

◆ ◆ ◆



## အခန်း ။ ၁၁ ။

လက်(ပ)ဝမ်းမှာ လက်တွေ့လုပ်နေကြသော ကျောင်း းများကို စောင့်ရင်း ထမင်းဘူးကိုဖွင့်ပြီး စားနေမိ၏။ ဌာနမှာ ည်း အသက်အငယ်ဆုံး ဆရာမလေးမို့ အားလုံးက ညှာကြ သော်လည်း ကိုယ့်ဘက်က အလိုက်သိစွာ တာဝန်ကျေပွန်ခဲ့ပါ သော ဓာတုဗေဒဌာန၏ သရုပ်ပြဆရာမလေး မြနန်းမုံ. . .

စာသင်ရသော လက်ချာချိန်က တစ်ပတ်လုံးမှ လေးငါး ချိန်ထက်မပို၊ တစ်ခါဝင်မှ မိနစ်ငါးဆယ်သာ၊ စာသင်ချိန်က ထက်တန်းဆရာမများထက် များစွာလျော့နည်းပါသော်လည်း ၏တာဝန်များ၊ ကျောင်းကိစ္စအဝဝ အားကစား၊ လူမှုရေးနှင့် ာသာရေးကိစ္စများကလည်း ရှိသေး၏။

အဆောင်မှာကလည်း ကိုယ့်ထမင်းဟင်း ကိုယ်ချက်စား ိုယ့်အဝတ်ကိုယ်လျှော်၊ ကိုယ့်အခန်းကိုယ်ရှင်းနှင့် တစ်နေ့ စ်နေ့မှာ အားရနားရသည် မရှိလှဘဲ အချိန်တွေ ဘယ်လို ုန်ဆုံးကုန်မှန်း မသိအောင် ချာလပတ်လည်နေတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ယနေ့လည်း တောင်ကြီးဈေးနေ့မို့ အစောကြီး ဈေးသွာ ဟင်းသီးဟင်းရွက်အစုံဝယ်၊ အသားသုံးရက်စာလောက် ပြု တန်ပြုတ်၊ ချက်တန်ချက်၊ ကြော်တန်တာကြော်၍အချိန်မ ဖြစ်ခဲ့ရသည်။ လက်ချာချိန်မရှိသည့်တိုင် တာဝန်အရ နံန ကိုးနာရီ၊ ကိုးနာရီခွဲထက်တော့ နောက်ကျ၍မဖြစ်။

မနက်က ထမင်းမမိ၍ နေ့လယ် ဆယ့်တစ်နာရီ မိန နှစ်ဆယ်မှ ဆယ့်နှစ်နာရီအတွင်း အားလုံး အားလပ်ချိန် ကျောင်းနောက် ရေကန်အနီး မုန့်ဆိုင်တန်းမှ ကြာဆံဟင်းခါး ဗိုက်ဖြည့်ပြီး အဆောင်သို့ အပြေးပြန် ထမင်းဘူးထဲ ကြက်သ တစ်တုံးနှင့် ရှမ်းပြည်မှာ အညွန့်လေးများသာ ခူး၍ ရောင်း ရှိသော ဆူးပုပ်နှင့် စွယ်တော်ရွက်နုကို ရောရ၍ ကြက်သွန် နိုင်နိုင်နှင့် ကြော်ထားသော ဟင်းရွက်ကြော်တို့ကို ထည့်လာ ရသည်။

ဆာလွန်းသဖြင့် ကျောင်းသားများ လက်တွေ့လုပ် သည်ကို ကျောခိုင်း၍ ပြတင်းဘက်လှည့်ကာ စဉ်းစားရင်း နေမိပါ၏။

မြနန်းမုံတို့ဌာနက တောင်ကြီးကောလိပ်ကျောင်းကြီး အရှေ့မြောက်ဘက် ခပ်ကျကျ အပေါ်ထပ်မှာ ဖြစ်ပြီး အော တည့်တည့်က ရူပဗေဒဌာန၊ အနောက်တောင်ဘက်မှာ သတ္တဗေဒ-ရုက္ခဗေဒ စာသင်ခန်းနှင့် လက်တွေ့ခန်းမ အလယ်မှာက ဝိဇ္ဇာဘာသာရပ်များ၊ သူ့ဌာနနှင့်သူ အသီးသီး ခံ့ထည်ကျက်သရေရှိစွာ တည်ရှိနေကြပါ၏။





ထမင်းစားရင်း ပင်လုံဆောင် အဝင်လမ်းဘေးမှ ဘော တွင်းနှင့် တောင်တန်း၏တောင်ခြေတို့ကို ငေးနေစဉ်. . .

"အို. . . ဟိုမှာ ကိုပိုင်စိုးပါလား"

ရေးကြီးသုတ်ပျာ ဝင်သွားသော ကိုပိုင်စိုးကို အားပါး တရ ခေါ်မိမတတ် ဖြစ်ပြီးမှ ထိန်းထားလိုက်ရသည်။ ကျောင်း သားများ ရှေ့ထားပြီး အော်ကြီးဟစ်ကျယ် ခေါ်လို့လည်း ဖြစ် တဲ့လား။

ထမင်းဘူးကို မြန်မြန်ပိတ်၊ လက်သုတ်ပဝါနှင့် ပါးစပ်ကို သုတ်ရင်း နာရီကြည့်လိုက်တော့ သုံးနာရီပင်ခွဲပြီးပြီ၊ ကျောင်း သားများလည်း ပြီးသူပြီးနေပြီမို့ ခါတ်ခွဲခန်း ကိစ္စပြီးလျှင် နားဝင်ပြီး ပြန်ရုံသာပါ။

"ကိုပိုင်စိုး ခါတိုင်းလာရင် ငါးနာရီလောက်မှာပါ၊ အခု ဘာကိစ္စများ အရေးကြီးလာပါလိမ့်"

ကျောင်းသားများ၏ ပရယ်တီကယ်ကိစ္စကို စစ်ဆေးရင်း ခန်းပေါ်သို့ မျှော်ကြည့်ရင်း လုပ်နေမိ၏။

ကိုပိုင်စိုး ပြန်ထွက်မလာသေး။

"သူ အဆောင်ရှေ့မှာ စောင့်နေမယ်ထင်တယ်၊ ငါ အမြန် ပြန်သွားမှပဲ၊ ဘာကိစ္စများ ရှိလို့ပါလိမ့်"

မြနန်းမုံမှာ ဆောင်ရွက်ဖွယ်ရာ တာဝန်များကို ပြီးဆုံး အောင် အမြန်ဆုံး ဆောင်ရွက်ပြီးသည်နှင့် ကျောင်း၏ ဘေးဘက်မှ ခပ်သွက်သွက် ထွက်လာခဲ့ရသည်။

"အို. . . သူနဲ့ မမစိမ့်နဲ့ ဆုံနေကြပါရောလား"



www.burmeseclassic.com

www.burmeseclassic.com

စိတ်သက်သာစေသော မြင်ကွင်း။

မြနန်းမုံ လျှောက်လာသည်ကို သူတို့ အဝေးကပင် မြင်[...] အပြုံးဆင်တူနှင့် စောင့်ကြိုနေကြသည်။

"ဒီနေ့ ပရယ်တီကယ်လ် ဝင်ရမယ်၊ လာခါနီးပါပြီ ဆို[...] မမဧည့်ခံထားတာ"

"ကျေးဇူးပဲ မမရယ်၊ ဆရာကိုပိုင်စိုး ဒါမြနန်းမုံနဲ့ အ[...] နေတဲ့ မမစိမ့်လေ၊ ကိုပိုင်စိုးရဲ့ စာဖတ်ပရိသတ်ပါ"

"ဟော့. . . တော် တော်ပါ၊ ဒီထက် ပြည့်စုံတဲ့ အချ[...] အလက်တွေနဲ့ ကိုယ့်ကိုယ်ကိုယ် မိတ်ဆက်ပြီးပြီ၊ သူထွက်ပြီးသ[...] စာအုပ်စီးရီးစ်တောင် ရွတ်ပြလိုက်ပြီးပြီ နန်းမုံရေ"

"ကျေးဇူးတင်ပါတယ်ဗျာ"

"ကျွန်မတို့မှာဖြင့် ကိုပိုင်စိုးရဲ့စာအုပ်ကို ဖတ်ရတာ ခံစား[...] လွန်းလို့ နှလုံးရောဂါဖြစ်မတတ်ပဲ"

အားလုံး ရယ်မိကြသည်။

"ကိုပိုင်စိုး နန်းမုံဆီလာတာ ကိစ္စရှိလို့လားဟင်"

"ဟုတ်ကဲ့၊ ကျွန်တော် ရန်ကုန်ပြန်ရမှာမို့ပါ"

"ဩော်. . . ဒါကြောင့် လာနှုတ်ဆက်တာလား"

"နှုတ်ဆက်ဖို့ မဟုတ်ပါဘူး မြနန်းမုံ"

"ရှင်"

"ကဲ ကဲ စကားပြောကြဦးနော်၊ နောင်ချိုဆောင်မှာ နေ[...] ဆရာစိုက်ထားတဲ့ ပန်းခင်းထဲက ဘုရားတင်ဖို့ ပန်းသွား[...] လိုက်ဦးမယ်"





မမစိမ့်စမ်းအေးက အလိုက်သိစွာ နားလည်စွာဖြင့် နှုတ်[...]ဆက်ပြီး ထွက်ခွာလေမှ မြနန်းမုံက သူ့ကို မကြည့်မိအောင် [...]ထား၍ နေရင်းက. . .

"ဘယ်တော့ ရန်ကုန်ပြန်မှာလဲ"

"လေယာဉ်နဲ့ ပြန်ချင်တာ၊ ရုံးမှာတော့ ပြောထားတယ်၊ [...]ရင် ကားနဲ့ပဲ သွားရမှာပေါ့"

"ဩော်. . . ပြန်တော့မှာကို"

"ဟင့်အင်း. . . ပြန်တာမဟုတ်ဘူး၊ ခဏသွားတာ"

"ရှင်"

"ကျွန်တော် ပြန်လာခဲ့မှာပါ၊ ကိစ္စပြီးပြီးချင်း ပြန်လာခဲ့မှာ [...] ဒါကြောင့် မြနန်းမုံကို လာနှုတ်ဆက်တာ မဟုတ်ပါဘူးလို့ [...]တာပေါ့"

"ဩော်. . ."

သူ့ရှေ့မှာ နေရတာ စိတ်ကျဉ်းကျပ်နေသလိုလို ဖြစ်သော်[...]ည်း သူပြန်သွားမှာကို စိုးရိမ်သလိုလို အားနာသလိုလို။

"မြနန်းမုံလည်း စာသင်ခန်းက အပြန် မောလာမယ် [...]တယ်၊ သွားနားချင်နားပါ"

မြနန်းမုံ ဘာပြန်ပြောရမှန်း မသိမိမှာပင်. . .

"မြနန်းမုံနဲ့ ကျွန်တော် အေးအေးဆေးဆေး စကားပြော[...]ချင်ပါတယ်၊ ကျွန်တော် ဒီကပဲ စောင့်နေရမလားဟင်"

သူ့စကားကို ဘယ်လိုနားလည်ရမှန်းမသိ ဖြစ်နေသော [...]မုံ့ကိုကြည့်ပြီး သူ လိုက်လိုက်လှဲလှဲကြီးပြုံးလျက်. . .



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်စကားနဲ့ ကျွန်တော် လည်နေပြီထင်တ ဒီလိုပါ ကျောင်းက ပြန်စမှီ အဝတ်လဲတာတို့ ရေချိုးတာ လုပ်ချင်လုပ်ပါ၊ ကျွန်တော် အဆောင်ရှေ့ကပဲ စောင့်နေပါ့မ မြနန်းမုံကိုစွပြီးရင် လမ်းလျှောက်ရင်း စကားပြောချင်လို့ပါ မြ မုံ၊ ပြီးတော့ တစ်ခုခုလိုက်စားလို့ ဖြစ်မလားဟင်"

"နန်းမုံ လိုက်မစားရဲပါဘူး"

ကျောင်းနှင့်မဝေးလှသော စိန်ပန်းပြာ လက်ဖက်ရည်ဆိ မှာပင် မထိုင်ရဲသော မြနန်းမုံပါ။

စိုင်းမှလွဲ၍ ဘယ်သူနှင့်မှလည်း အတူမသွားဖူး၍ သူ နှစ်ယောက်တည်းမသွားရဲပါ။

"ပြောစရာကိစ္စရှိတာကို အခုတစ်ခါတည်း ဒီမှာပဲပြော ပါ ကိုပိုင်စိုး"

"ကိစ္စရှိလို့ လာစကားပြောတယ်ဆိုတာက အသိအကျွ အဆင့်လောက်ပဲ ရှိတာလေ"

"ရှင်. . ."

"မြနန်းမုံနဲ့ ကျွန်တော်က အသိအကျွမ်းအဆင့်မှ မဟု တာပဲ"

"ဟင်"

"မိတ်ဆွေတွေလေ၊ ကျွန်တော့်စိတ်ထဲ မြနန်းမုံ သိပ်ရင်းနှီးတဲ့ မိတ်ဆွေတစ်ဦးလို့ သတ်မှတ်ထားမိပါတယ်"

"ဟုတ်ကဲ့ ကျေးဇူးပါပဲ"





"မြနန်းမုံကတော့ ကျွန်တော့်ကို ကျွန်တော့်လောက် မခင် ဘူးလို့ပဲ"

"ဒီလိုလည်း မဟုတ်ပါဘူးလေ"

"ဘာပဲဖြစ်ဖြစ် ကျွန်တော့်အနေနဲ့ကတော့ မြနန်းမုံဟာ မှာရော ရှမ်းပြည်နယ်ကြီးတစ်ခုလုံးမှာပါ ကျွန်တော့်ရဲ့ ရင်းနှီးဆုံးမိတ်ဆွေတစ်ယောက်အဖြစ်နဲ့ သတ်မှတ်မိလို့ မြနန်း နဲ့အတူ စကားပြောခွင့် ဆွေးနွေးနေခွင့် ရချင်တာမျိုးပါ"

သူ၏ တစ်နံတစ်လျား ရှည်လျားသော စကားတို့ကို ဆစ်တစ်ပိုင်းမှနေ၍ပင် မတုံ့ပြန်တတ်တော့။

အဆောင်ထဲပဲ ပြန်ရမလား၊ သူ့ကို စောင့်ခိုင်းရမလား၊ လွှတ်ရမလားဟူ၍ ကွဲကွဲပြားပြား စဉ်းစားနိုင်စွမ်းအား တော့ပါ။

အခက်အခဲကြုံနေသော မြနန်းမုံ၏ မျက်နှာလေးကို ပိုင်စိုးက စိုက်ကြည့်ပြီး. . .

"ကျွန်တော်ရောက်လာတဲ့အတွက် စိတ်အနှောင့်အယှက် သွားသလား မြနန်းမုံရယ်"

"အို. . . ဒီ. . . ဒီလိုလည်း မဟုတ်ပါဘူး"

"ကျွန်တော်ပြန်ရတော့မလားဟင်၊ မြနန်းမုံ ပြန်စေချင်ရင် ပြောပါ၊ အားမနာပါနဲ့"

"ဟိုလေ ပြန်စေချင်တာတော့ မဟုတ်ပါဘူး၊ ကိုပိုင်စိုး ပြောသလို အချိန်ကြာကြာ ဆွေးနွေးဖို့သာ နေရာမရှိတာ၊ အဆောင်ရှေ့မှာ နေစရာ ထိုင်စရာလည်း မရှိဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် နားလည်ပါတယ်၊ ကျွန်တော့်အတွက် ပင်ပန်းမခံပါနဲ့၊ ကျွန်တော်ပြန်မယ်လေ နော်"

"ရန်ကုန်ပြန်မှာက နက်ဖြန်လားဟင်"

"လက်မှတ်ရရင်ပေါ့"

"မရရင် သန်ဘက်ခါ ပြန်လို့ရော ဖြစ်လို့လား"

"ဖြစ်ပါတယ်၊ ဘယ်အချိန်သွားသွား ဖြစ်ပါတယ်၊ မြနန်း ဘာကိစ္စရှိလို့လဲ"

"ကိစ္စမရှိပါဘူး၊ နက်ဖြန်ဆိုရင် စိုင်း ကားအလှည့် စိုင်း တောင်ကြီးကို ပြန်ရောက်လာတော့မှာ၊ ဒါကြောင့် နန်း နှစ်ယောက် သူနဲ့ မြို့ထဲသွားပြီး ညစာ စားကြတာပေါ့နော်၊ န ကျွေးပါရစေ၊ ဘာမှလည်း ဧည့်ဝတ်မကျေလိုက်ရလို့ပါ"

"မြနန်းမုံကျွေးမယ့် ညစာကို ကျွန်တော်စားချင်ပါတ စိုင်းလွမ်းအောင်နဲ့လည်း ဆုံချင်ပါတယ်၊ ဒီလိုဆိုရင် နက် ညနေ ကျွန်တော်လာခဲ့ရမလား၊ ဘယ်မှာစောင့်ရမလဲ ဟင်"

"စိုင်းလာတော့ ကိုပိုင်စိုးဆီကို လွှတ်လိုက်ပါ့မယ်"

"ကောင်းပါပြီဗျာ၊ ဘာလက်မှတ်ပဲရရ သိပ်ခက် ရွှေညောင်ရထားရဲ့ အိပ်ခန်းက လက်မှတ်ပဲ အလကား နက်ဖြန် ကျွန်တော် မပြန်တော့ဘူး"

သူ၏ ရွှန်းဝေသော အပြောနှင့် အပြုံးကြောင့် မြနန်း လည်း ကြည်နူးမိသလိုလို ရှက်သွားသလိုလိုနှင့် ရင်ထဲ လှုပ်လှုပ်ခတ်ခတ်ကလေးတော့ ခံစားလိုက်ရသားလေ။

"ကျွန်တော်ပြန်မှ ကောင်းမယ်ထင်ပါရဲ့နော်"





"ကိုပိုင်စိုး သဘောပါ၊ ဒါနဲ့ ရန်ကုန်ကို ဘာကိစ္စနဲ့ ပြန်ရ တာင်"

"စာအုပ်ထုတ်ဝေရေးကိစ္စကြောင့် ပြန်ရမှာပါ"

"ဩော်. . . ဒါဆို ကြာဦးမှာပေါ့နော်"

"ကိစ္စပြီးတာနဲ့ ပြန်ပြေးလာခဲ့မှာပဲ"

"ဒီမှာရော စာရေးနေတာလား"

"အင်း. . . ရေးဖို့လာတာပဲ၊ ဒါပေမယ့် စာရေးတာထက် အရေးကြီးတဲ့ အကြောင်းအရာတွေပဲ ခေါင်းထဲမှာ တွေး ဖြစ်ဖြစ်နေလို့ စာရေးလို့ကို မရသေးတာပါ"

သူဟာသူ ပြောတာလား၊ မိမိကို ရည်ညွှန်းတာလား ည်များကို မြနန်းမုံ မတွေးတတ်တော့ပါ။

မြနန်းမုံ အနေနှင့်လည်း သူနှင့် အကြောင်းအရာသစ် ပြောကြားနေရခြင်း၌ စိတ်ဝင်တစား ရှိပါ၏။

သို့ပါသော်လည်း. . .

ဝန်းတွေတစ်ပွေ့ကြီးနှင့် မမစိမ့်ပင်လျှင် ပြန်လာနေပြီ သူကို နှုတ်မဆက်၍ မဖြစ်တော့၊ ဤနေရာ၌လည်း ရှည်ကြာစွာ ဆက်လက်၍ ရပ်မနေချင်တော့ပါ။

"ခုလောက် အချိန်ပေးတာကို ကျေးဇူးတင်လှပါပြီ မြနန်း "

"ဟုတ်ကဲ့ နက်ဖြန်မှ ဆုံကြတာပေါ့နော်၊ ကဲ. . . စိုး ပြန်တော့လေ"

"မြနန်းမုံ အရင်ဝင်သွားပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . ."

"ကျွန်တော်က အရင်စတင်ပြီး ခွဲခွာသွားရတာ ဘယ်သောအခါမှ မဖြစ်မခံနိုင်လို့ မြနန်းမုံအဆောင်ထဲ ဝင်ခဲ့ ပြီးမှပဲ ကျွန်တော် ပြန်ပါရစေတော့"

"အို. . ."

"ကဲ. . . သွားတော့လေ မြနန်းမုံ၊ ဟိုမှာ ဒေါ်စိမ့်စမ်းေ ပြန်လာနေပြီ၊ မြနန်းမုံကို သူ နောက်နေပါဦးမယ်ဗျာ"

"အင်း. . . သွားတော့မယ်နော်"

"နက်ဖြန်တော့ ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် ဆုံခွင့်ပေးပါေ မြနန်းမုံ"

"ဟုတ်-ဟုတ်ကဲ့ပါ"

စကားဆုံးသည်နှင့် အဆောင်ဘေးမှ တံခါးေ အောက်က ငုံ့ဝင်ပြီး အမြန်လျှောက်လာခဲ့တော့သည်။

ရပ်ကြည့်နေမည့် သူ့ကိုလည်း လှည့်မကြည့်ရဲတော့

ကိုပိုင်စိုးသည် မည်သို့သောအရာများ သူ့ရင်ထဲသို့ ပေးလိုက်သည်မသိ။

မြနန်းမုံ၏ရင်မှာ သိပ်သည်းကျစ်လျစ်သော အရာတ သယ်ဆောင်လာရသလို လေးလံတင်းကျပ်စွာဖြင့်. . .

◆ ◆ ◆



အခန်း ။ ၁၂ ။

မမမုံ

စိတ်ပူနေတယ်ဆိုလို့ စာရေးလိုက်တာပါ၊ ဘာမှမပူနဲ့၊ အမေ့ကို ပန်းငုံ လုံးလုံးလျားလျား တာဝန် ယူထားပါတယ်ဆိုနေမှ စိတ်အေးအေးနေစမ်းပါ။

ပန်းငုံဝယ်လာတဲ့ ဆေးတွေနဲ့ တည့်တယ် ထင်တယ်၊ အမေ ကောင်းကောင်းအိပ်နေပါပြီ။

အိမ်အတွက်ရော အမေ့အတွက်ရော ဘာမှ စိတ်မပူပါနဲ့၊ ပန်းငုံက လုပ်မယ်ဆိုရင် တကယ်လုပ် တယ်ဆိုတာ မမမုံလည်းအသိ။

ဒါကြောင့် ပန်းငုံ သိက္ခာကျအောင် အိမ်ကို စိတ်မချဘူးဆိုတဲ့စကား နောက်မပြောနဲ့နော်သိလား။



www.burmeseclassic.com

www.burmeseclassic.com



မမမုံရေ. . .

မမမုံရဲ့ စာရေးဆရာကြီးက မမမုံကို တ
ချစ်နေပြီဆိုပါလား၊ စိတ်ကူးမလွဲနဲ့၊ ဟိုက ကြိုက်
လို့ ပြောတာနဲ့ လိုက်မယ်လို့ပြောပြီး တစ်ခါတ
လိုက်သွား သိလား၊ အဟားဟား. . .။

သိပ်လည်း အိုက်တင်တွေ ခံမနေနဲ့ဦး ဆ
ကြီးရေ၊ သူနဲ့ကြိုက်ဖြစ်ပါစေလို့ ပန်းငုံ ဆုတောင်း
မယ်သိလား။

ဒါမှ မမသိပ်တက်ချင်နေတဲ့ မာစတာဒီ
ဆိုတဲ့ မဟာသိပ္ပံဘွဲ့ကို ဆက်တက်နိုင်မှာလေ၊ မ
ရန်ကုန်မှာမှ ပိုပြီးတက်ချင်တယ်လို့ ပြောဖူးတ
မဟုတ်လား။

ပန်းငုံတို့ကတော့ ရှစ်တန်းကြီးများတော
မအောင်ခဲ့လို့ ရွာမှာ ဘာမှလုပ်စရာမရှိဘူးလေ။

ပန်းငုံရတဲ့ ငွေနဲ့လည်း မမမုံကို ကျောင်းထ
မပေးလောက်၊ တကယ်လို့ ထားပေးနိုင်ရင်လည်
'မသန့်တဲ့ငွေ' ဆိုပြီး မမမုံက လက်ခံမှာမှမဟုတ်
လေ၊ ဘာပဲပြောပြော 'သူ'က ပန်းငုံတို့အတွက်တော
တကယ်ကူညီနေရှာတာပါလေ။

မမမုံရေ ပန်းငုံတို့နှစ်ယောက်ကို လူတွေတော
တော်များများ မှားကြပေမယ့် စာရေးဆရာကြီး
မမှားဘူးရှင့်၊ မမမုံရဲ့ မျက်နှာကို ဘယ်လောက်မျ





အလွတ်ကျက်ထားလဲ မသိဘူး။

ကိုယ့်ပိုင်နက်ထဲ တိုးဝင်လာတဲ့ ယုန်ကလေးကို မွေးရမယ်တဲ့၊ ကိုယ့်ပိုက်ကွန်ထဲ ရောက်လာတဲ့ ငါးကို စားကောင်းတယ်တဲ့။

ဒါပဲ. . . ဒါပဲ။

လက်မလွှတ်စေနဲ့နော် မမမုံရေ၊ အဟဲဟဲ နှုတ်ခမ်းစူနေပြီလား. . .

မမမုံရဲ့ချစ်ညီမ
မြပန်းငုံ

မြပန်းငုံ၏ စာကိုဖတ်ပြီး ရယ်ရအခက် စိတ်ဆိုးရအခက် အိတ်ထဲ ပြန်ထည့်ရင်း. . .

"တော်တော်ဆိုးတဲ့ ကောင်မလေး"

"ဘာတွေ ရေးထားလို့လဲ မမမုံရဲ့"

"အလကားပါ၊ လျှောက်နောက်ထားတာ"

"သူလည်း ဟိုလူနဲ့ အတော်ပြေလည်နေပုံရတယ်. . ."

"အေး. . . အဲဒါကို စိတ်အညစ်ဆုံးပဲပေါ့ စိုင်းရယ်"

"ဒါဖြင့် အဲဒီကိစ္စကို ဘယ်လိုလုပ်ကြမလဲဟင် မမမုံ. . ."

"မမမုံလည်း ဘာမှမလုပ်တတ်လို့ ဘာမှမလုပ်နိုင်လို့ တိုင်း ကြည့်နေရတာပေါ့ကွယ်"

"ပန်းငုံက မလွယ်ဘူးဗျ"



www.burmeseclassic.com

www.burmeseclassic.com



"အေး တကယ်တဖွတ်ထိုး၊ အထူးသဖြင့် အဲဒီကိစ္စ နည်းနည်းလေးမှ ပြောလို့မရဘူး၊ ပြောမိတာနဲ့ စိတ်ဆိုးတာ ရန်မူတာပဲ"

"ဒါပေမယ့် အမေ့ကို ကောင်းကောင်း ကြည့်ပေးနေ ပဲ ကျေးဇူးတင်နေရသေးတယ်"

"အင်း. . . ဒါပေမယ့် တစ်နေ့နေ့တော့ ဒုက္ခတွေ့ မယ်ထင်တယ် စိုင်းရယ်"

မှုန်သီရီဝေသော မျက်ဝန်းများကို မြင်လိုက် သည်နှင့်. . .

"ကဲ တော်ပါတော့ မမမုံရာ၊ ဒီအကြောင်း ရပ်ကြ ပန်းငုံက အလည်ပါ၊ သူ့ဇာတ်သူ နိုင်မှာပါ"

စိုင်းလွမ်းအောင်က စကားပြောရင်း နာရီကိုတစ်ချက် ကြည့်လိုက်ပြီး. .

"လုပ်လေဗျာ အကျီလဲ၊ အစ်ကိုနဲ့ ချိန်းထားပြီးသား စောင့်နေရောပေါ့"

အစစအရာရာ အားကိုးရသော မောင်လေးပါပင်၊ စိုင်း လွမ်းအောင်ဟူသည် မြနန်းမုံ၏ မောင်ငယ်လေးအဖြစ်နှင့် သိထားကြ၍ စိုင်းလာလေတိုင်း မြနန်းမုံ၏ အခန်းသို့တိုင် ဝင်ရောက်လာထိုင်နေကျ။

ယခုလည်းသူက မဂ္ဂဇင်းငုံဖတ်နေ၍ မြနန်းမုံက နေ့လယ် ကတည်းက စီစဉ်ပြီးသား အကျီလုံချည်ကို ကောက်ဝတ်လိုက် ရသည်။





လျှပ်စစ်မီးက ၂၄ နာရီလုံးလာပြီး ဆရာမများ မီးသုံးခွင့် ရှိသဖြင့် အခန်းတိုင်းမှာ လျှပ်စစ်မီးဖိုနှင့် ချက်ကြသည်။ မီးပူ တိုက်ကြသည်။ မြနန်းမုံမှာ မီးပူမရှိ၍ နေ့လယ်ကပင် တစ်ခန်း ကျော်မှ မမမြင့်၏အခန်းမှာ ယနေ့ညနေ ဝတ်စုံအတွက် သွား တိုက်ကာ မီးပူတိုက်ထားပြီးပါပြီ။

အဝါရောင်ဝတ်စုံလေးနှင့် မြနန်းမုံကိုကြည့်ပြီး. . .

"တို့အစ်မက တကယ်လှတယ်ဗျာ"

"စိုင်းနော်"

"အနွေးထည်ယူဦးလေ"

"ရတယ်"

"မရပါနဲ့ အပြန်နောက်ကျချင် ကျမှာ၊ လှချင်တာနဲ့ပဲ အေးမိနေပါဦးမယ်၊ ဆွယ်တာတစ်ထည်တော့ ယူခဲ့ပါ"

စိုင်းစကားကို မခံချင်ဖြစ်မိပါသော်လည်း မှန်တာအပြော ခံရ၍ ပြန်ပြီး စောဒကမတက်ရဲ။

ယခု ဝတ်ထားသော အဝါရောင်ဝတ်စုံလေးက အသစ် မိမိနှင့်လည်း လိုက်ဖက်ကြောင်း သိနေသဖြင့် အပေါ်က ဆွယ်တာမထပ်ချင်။ မြနန်းမုံမှာ ဆွယ်တာကောင်းကောင်း လည်း မရှိ၊ အနက်ရောင် နိုင်လွန်ဆွယ်တာကလည်း ဟောင်း ခဲ့ပြီ။

တောင်ကြီးတွင် နွေရာသီမှလွဲ၍ နေကို မြင်ရခဲသဖြင့် အနွေးထည်အကျီသည် မရှိ၍မဖြစ်သော ပစ္စည်း. . .။

ဆွယ်တာလှလှလေးတစ်ထည်လောက်ဝယ်၍ ဝတ်ချင်



www.burmeseclassic.com

www.burmeseclassic.com



သည်မှာ ကြာခဲ့ပြီဖြစ်သော်လည်း မြနန်းမုံမှာ တစ်ကိုယ်
စားစရိတ်နှင့် မိုင်းပွန် အသွားအပြန် စရိတ်များကြေ
လောက်သေည်ပင် မရှိခဲ့ပါ။

အပြန်ချမ်းမှာ သေချာ၍ ယောင်းနေပြီဖြစ်သော အ
ထည် အနက်ရောင်ကို လက်ကကိုင်၊ စလင်းဘက်(က်)အဖြ
လွယ်ပြီး အဖြူရောင် ဒေါက်ဖိနပ်ကလေးစီးလိုက်တော့လ
မြနန်းမုံ၏ ခြေဆုံးခေါင်းဆုံး တစ်နေရာမှ အပြစ်ပြစရာ နေ
မရှိအောင် လှပဲလှလွန်းနိုင်လွန်းသော မြနန်းမုံပါလေ။

စိုင်းလွှမ်းအောင်၏ ကားပေါ်သို့တက်ပြီး အဆော
ထွက်လာခဲ့ကြလေသည်။

သူတို့ဦးတည်ရာနေရာက ကိုပိုင်စိုးရှိနေသော တောင်
ကြီးဟိုတယ်သို့. . .။

◆ ◆ ◆



အခန်း ။ ၁၃ ။

တောင်ကြီးကောလိပ်မှလာပြီး ယူကလစ်ပင်ဖွေးဖွေး
အရွက်ဖြာဖြာများနှင့် ပြည့်ဝေနေသော ဂေါက်ကွင်းကို ကျော်၍
အသွားအပြန် လမ်းလွှဲထားသည့် တောင်ဝိုင်းပုံ့ပုံ့လေးကို ကွေ့
ကာလျက် စက်မှုကျောင်းကို ကျော်ကာ မင်းလမ်းအတိုင်း
ဆင်းပြီး မကြာခင်မှာပင် တောင်ကြီးဟိုတယ်သို့ဟု မြားပြထား
သော လမ်းအတိုင်း လက်ယာဘက်သို့ စိုင်းလွှမ်းအောင်က
ကားကို ချိုးကွေ့လိုက်သည်။

"တောင်ချွန်း"

ဟူ၍ တောင်ကြီးမြို့မှ နာမည်ကျော် လွင့်လွင့် မြင့်မြင့်
တောင်ချွန်းချွန်းကြီးနှင့် တည့်တည့်ဖောက်လုပ်ထားသော လမ်း
အတိုင်း ကားကို မောင်းဝင်လာခဲ့သည်။

တောင်ချွန်းပေါ်မှာ စေတီငယ်တောင်ချွန်းဘေးမှာ
ရှုဘုန်းပွင့်စေတီ'နှင့် မိုက်ကရိုဝေ့ဖ်တိုင်ကြီး။



www.burmeseclassic.com

www.burmeseclassic.com



ထိုတောင်ချွန်းနှင့် ဆက်သော တောင်ကြောအတိုင်း ဖရယ်တောင်(ဘုရားတောင်)သည် မြနန်းမုံတို့၏ ပင်လုံဆော ရှေ့တည့်တည့်မှ တောင်ဖြစ်လေသည်။

ထိုဘုရားတောင်ပေါ်မှ စေတီနှင့် အောက်တစ်ဆင့် ဓာတ်တော်ကြိုစေတီတို့တိုဖြင့် မြနန်းမုံတို့ နေ့စဉ်မြင်တွေ့ ရပေသည်။

လမ်းဘေးဝဲယာမှာ ထင်းရှူးပင်မြင့်မြင့်များနှင့် မြေ မှာ အလေ့ကျပေါက်နေသော ရောင်စုံပွင့် ရင်ငြိမ်းပန်းလေး က မြေပြင်ပေါ်မှာ တစ်ထွာမျှသာ မြင့်နေပါ၍ မြင်ကွင်း ရှင်းပြန့်လှချေ၏။

တောင်ချွန်းတည့်တည့်ကို မြင်နေရသော ဒေသပါတီ ဘေးလမ်းမှ ကုန်းတက်အတိုင်း တက်၍ လက်ယာဘက် ကွေ့ချိုးပြီး ခဏအထွင်းမှာပင် ကိုပိုင်စိုး တည်းခိုနေ တောင်ကြီးဟိုတယ်ရှေ့သို့ ဆိုက်ရောက်ခဲ့ပါပြီ။

"အစောကြီးကတည်းက မျှော်နေတာ"

တည်းခိုရာ အိပ်ခန်းဆောင်များနှင့် ထမင်းစားခန်းမ သွားသော ဆောင်ကူးလမ်းကြားလေးထိပ်မှ စောင့်ကြိုရ လှိုက်လှိုက်လှဲလှဲ ပြုံးရွှင်စွာ ကြိုနေရှာသော ကိုပိုင်စိုး။

သူ့ဘက်မှ တံခါးကို ဖွင့်ပေးလိုက်ပြီး မြနန်းမုံကို ဆင်း သက်စေသည်။

"တောင်ကြီးမှာသာနေတာ၊ ဒီဟိုတယ်ကို တစ်ခါ မရောက်ဖူးဘူး"





"မမမုံကလည်းဗျာ ဒီမှာက တစ်နေ့ကို လူတစ်ယောက် အတွက် တည်းခိုခနဲ့ နံနက်ဦးစာဘရိတ်ဖတ်စ်အတွက် သုံးဆယ့် ငါးကျပ်နဲ့ ပြားခြောက်ဆယ်ကျတာတဲ့၊ နေ့လယ်စာနဲ့ ညစာတွေ ကလည်း မှာ မှာသလို တစ်ခါစား အနည်းဆုံး တစ်ယောက်ကို ခြောက်ဆယ်ကျော်ဗျ၊ ဒါကြောင့် အစ်ကိုတို့လို သူဌေးတွေမှ တည်းခို နိုင်တဲ့နေရာ"

"ဟာ. . . ညီလေးကလည်းကွာ အစ်ကို သူဌေးမဟုတ် ပါဘူး၊ မြို့ထဲက တည်းခိုခန်းတွေက အခန်းကျဉ်းကျပ်ရုံ့ မကဘူး ညည်ညံလွန်းလို့ အေးအေးဆေးဆေး စာရေးချင်တာနဲ့ ဒီရောက် လာတာပါ၊ လာကြ အထဲကိုဝင်ရအောင်၊ ညီလေးကားကို ဘေး ထိုးလိုက်ဦးလေ"

စိုင်းလွှမ်းအောင်က ကားကို ဘေးသို့ ရွှေ့ရပ်ပြီးချိန်မှာ ကိုပိုင်စိုးက ဦးဆောင်၍ ခေါ်သွားသည်။

ထမင်းစားခန်းမ၏ဘေးမှ ဖြတ်ခေါ်သွားတော့ ချိတ်ထား သော တိုင်းရင်းသား သရုပ်ဖော်ပန်းချီကားများကို မြနန်းမုံ ငေးရင်း လိုက်ပါလာမိသည်။

"ဒီမှာ ခဏလေးထိုင်ကြဦးနော်"

ကြမ်းပြင်မှာ အနီရောင်ကတ္တီပါမွေးပွ ကော်ဇောခင်းထား သည်။ ဆိုဖာဆက်တီများ အခန်းပြည့်မျှ ခင်းထားပြီး လူရှင်းနေ၍ စိုင်းလွှမ်းအောင်နှင့် မြနန်းမုံတို့ ဝင်ထိုင်ကြရပါ၏။

"တီဗွီပေါ်က ကျွဲရုပ်ကြီးက အကြီးကြီးပဲနော် မမ"



www.burmeseclassic.com

www.burmeseclassic.com



စိုင်းလွှမ်းအောင်က နားနားကပ်ပြီး ကလေးလေး... ပြောနေသည်။

အနီးမှာ ဘယ်သူမှ မရှိသော်လည်း ခံ့ညားထည်ဝါ... သော ဧည့်ခန်းဆောင်ကြီးမို့ အသံမထွက်ရဲကြ။

ခဏအကြာမှာ ကိုပိုင်စိုး ပြန်ရောက်လာပြီး. . .

"ကဲ လာကြ၊ လာပါ မြနန်းမုံ"

သူဦးဆောင်ခေါ်သည့် စောစောက လမ်းအတိုင်း ... နောက်မှ လိုက်ခဲ့ကြရသည်။

သူတွန်းဖွင့်လိုက်သော တံခါးအတွင်း ဝင်လိုက်တော... ကျောက်ကွက်ကြီးများသဏ္ဍာန် ဖော်ထားသည့် ထမင်းစား... ခန်းမကြီးကို အခန့်သား တွေ့လိုက်ရသည်။ တစ်ဖက်မှာ... ဘားခန်း။

"လာထိုင်ကြပါ. . . ဒီမှာပဲ ညစာ စားလိုက်ရအောင်..."

မြနန်းမုံနှင့် စိုင်းလွှမ်းအောင်တို့ တစ်ယောက်မျက်... တစ်ယောက် ကြည့်မိကြသည်။

မြနန်းမုံလည်း ရင်ခုန်ရပါပြီ. . .။

ယနေ့ ညနေစာကို သူကျွေးပါမည်ဟု ပြောထားပြီးသား...

"အိတ်ထဲမှာ ငွေတစ်ရာစွန်းရုံလေးသာ ပါသည်၊ ဒီထမင်း... ဝိုင်းမျိုးနှင့် လောက်မှလောက်နိုင်ပါ့မလား၊ မပြည့်ရင်တော့... အရှက်ကွဲရချည်ရဲ့"

သည်အတွေးများဖြင့် ထမင်းမစားဖြစ်မီမှာပင် ရင်...





...တက်လာရသော ဝေဒနာကို စိုင်းလွှမ်းအောင်က ဆေးကု... ...။

"အစ်ကိုကလည်းဗျာ အစ်ကိုက ဧည့်သည်ပဲ ဘယ့်နှယ် ...တို့က ပြန်ကျွေးနေရတာလဲ"

"ညီလေးနဲ့ မြနန်းမုံတို့ ကျွေးတာကို မစားရက်လို့ပေါ့ .... . ."

"ဒီနေ့ နန်းမုံ ကျွေးမယ်လို့ ပြောထားတာရော"

ရှမ်းပြည်နေသူတို့၏ စကားအဆုံးတွင် 'ရော'ဆိုသံ ဝဲဝဲ ...ကို ကိုပိုင်စိုး မကြာခဏ သတိထားမိသည်။ ချစ်စရာ ...နှင့် လေ့လေးတစ်ခုပါ။

"စားတာတော့ အားမနာကြပါနဲ့လေ၊ ခုလို မိတ်ဆွေ ...ခွင့်ရပြီး သွားလာလည်ပတ်ရာမှာ ဦးဆောင်ပို့ပေးတာလည်း ...မုံက ပြောပြတာတွေဟာ ကျွန်တော့်အတွက် အဖိုးတန် ...ရာ ရရှိသလိုပါပဲ"

"အစ်ကိုကလည်းဗျာ ဒီလောက်ကြီးလည်း မဟုတ်သေး ..."

"အစ်ကို့အတွက်တော့ တကယ်ပဲ အဖိုးတန်ပါတယ်၊ ...ခံတွေရဲ့ တိကျမှန်ကန်တဲ့ ပြောပြချက်တွေကို စုဆောင်း၊ ...ဆိုင်ရာ ကျမ်းများနဲ့ ညှိနှိုင်းပြီး စာတွေရေးသားပြုစုနိုင်ပါပြီ၊ ...သူတွေ မရောက်ဖူးတဲ့ဒေသ ဗဟုသုတ၊ မကြားဖူးတဲ့ ...ထုံးစံတွေကို တင်ပြချင်လွန်းလို့ အခုလို ကူညီတာကို ...ရုံးတင်လှပါပြီဗျာ၊ 'ကဲပါ. . . စားဝါ ထည့်စားကြ...



www.burmeseclassic.com

www.burmeseclassic.com



ပါ. . .ပြီးရင် လမ်းလျှောက်ကြရအောင်နော်၊ နောက်ဘယ်
လမ်းပေါ်ကို မရောက်သေးဘူး၊ သိပ်သာယာတယ်ဆိုပဲ"

မြန်မာထမင်းနှင့်ဟင်းကိုပင် ညနေစာအဖြစ်စား
သဘော်သီးကို သံပုရာရည်ညှစ်၍ အချိုစာ စားသော
နောက်မှာ. . .

ကိုပိုင်စိုး၏ ရွှန်းရွှန်းဝေသောစကားများ ညှို့ခံကျွေး
များကို အားတုံ့အားနာခံယူပြီး တောင်ကြီးဟိုတယ်မှ ထွက်
ဖြစ်ခဲ့ကြလေသည်။

စိုင်းလွှမ်းအောင်၏ ပစ်ကပ်(ပ)ကားလေးရှေ့မှာ
သုံးယောက်။

သူတို့နှစ်ယောက်၏ အလယ်မှာတော့ မြနန်းမုံ။

စိုင်း၏ကားမှာ ကက်ဆက်ပါသည်။

ကိုပိုင်စိုးက သူ ယူဆောင်လာသော တိတ်ခွေလေး
ကက်ဆက်မှာ ထည့်ဖွင့်လိုက်သည်။

ကိုသိန်းတန်၏ နှင်းပွင့်သစ္စာ သီချင်းဟောင်းလေး

×××တောင်ပြာတန်းကငိုမယ်××× မောင်
တော့မျက်ရည်လည်××× မခေါ်ပါဘဲ အစ်ကိုရော
တယ်××× မနှင်ပါဘဲ××× အသည်းပြန်တယ်
တာရှည်ကျတော့မပြေလည်××× နှစ်ယောက်သ
ခက်နေမယ်×××

×××ကြာရင် ဒီထက်ပိုအသည်းငြိတွယ်
ဒီမောင်ရင်ကွဲရမယ်ကွယ်×××





အခြေအနေတွေ××× ဆွေးနွေးပြီးရင်×××
နောက်တစ်ခေါက်ထပ်လာမယ်ကွယ်×××

တောင်ပေါ်သူ××× ထားတဲ့မေတ္တာ×××
အဆင့်မြင့်မြင့်××× ဂုဏ်ယူဖွယ်××× နောင်တစ်နေ့
မှာ××× မောင်မမေ့ပါ××× နှင်းပွင့်သစ္စာ××× ပမာ
လားကွယ်×××

ဖြူစင်သဘောထားတွေဖလှယ်××× အဆင်
ပြေမှတွေ့မယ်ကွယ်×××ဒီအချိန်ကျရင်××× တကယ်×××
မငြင်းနဲ့ကွယ်××× မင်္ဂလာဦးဖြစ်စေမယ်×××

သီချင်းလာချိန်မှာ အားလုံး ငြိမ်နေကြသည်။
သီချင်းဆုံးတော့လည်း သုံးယောက်လုံး၏ ရင်ခုန်သံက
မြန်လွန်းစွာ. . .

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

အခန်း ။ ၁၄

"ဒီလမ်းနာမည်က ဘာလဲဟင်"

"ရှင်"

"ဪ အခု ကျွန်တော်တို့ လျှောက်နေတဲ့ ဒီလမ်း အမည်ကို ပြောတာပါ"

မြနန်းမုံက တုံ့ဆိုင်းဆိုင်းလုပ်နေပြီးမှ. . .

"လားဗား(စ်)လိန်း(Lovers Lane)

"ဟင်"

မြနန်းမုံက သူ့ကိုမကြည့်ဘဲ ရှေ့တည့်တည့်သို့ ကြည့်ရင်း ရှက်မျက်နှာလေးနှင့် ဆက်၍ လျှောက်နေသည်။ ကိုပိုင်စိုးက နှလုံးသားတစ်ခုလုံး ကြည်နူးမှုများ ဖုံးသွားစေသော အပြုံးဖြင့် လွင်လွင်ကြည်ကြည်ပြုံး၍ မြနန်းမုံ၏ မျက်နှာလေး လှည့်ကြည့် လှည့်ကြည့်နှင့် လျှောက်လာနေသည်။ စကားမပြော ဖြစ်ကြ။





လားဗားစ်လိန်းတဲ့ 'ချစ်သူတို့ရဲ့လမ်းကလေး'လို့ အမည်ပေးထား. . . ဟိုတုန်းကတည်းက ချစ်သူစုံတွဲတွေ လျှောက်ခဲ့ကြလို့သာ ဒီအမည်ကို ပေးထားတာနေမှာ. . .။

ကိုပိုင်စိုး တွေးလာမိ၏။

ထင်းရှူးတောင်တန်းလို့ပဲ ခေါ်ရမယ်ထင်တယ်၊ ထင်းရှူးတောတန်းလို တညီတည်းမှာ ပေါက်တာမဟုတ်ဘဲ တောင်ကြောင်းအတိုင်း အဆင့်ဆင့် အမြင့်ပေါက်နေတဲ့အတွက် ထင်းရှူးတောင်တန်းလို့ တင်စားသင့်တယ်။

အနောက်ဘက် တောင်ကုန်းဆီသို့ ဝင်လုဆဲနေမင်းရဲ့ အလင်းရောင်က ထင်းရှူးကိုင်းထိပ်ဖျားမှာ အလင်းရောင်စဉ်များ ဖုံးမိုးထားဆဲပါ။

မြနန်းမုံ ရှက်သွားမှန်း သိသဖြင့် ကိုပိုင်စိုးက တခြား စကားများကို ပြောင်းလဲပြောပေးရမည်။

အမှန်တော့ မပြောချင်၊ မြနန်းမုံ နားမဆင်ချင်သေးသော နှလုံးရှင်ထဲမှ ရှင်သန်စ 'အချစ်' အကြောင်းကို ပြောချင်လှသော်လည်း. . .

"ဘေးဘက်တွေမှာ ကြည့်လိုက်စမ်းပါဦး၊ မြနန်းမုံရယ်၊ တစ်လမ်းလုံး ပွင့်နေလိုက်ကြတဲ့ ပန်းကလေးတွေနော်"

"အင်း. . ."

"ခရမ်းရောင်၊ ခရမ်းပြာ၊ ပန်းရောင်ကလည်း အနုအရင့်၊ ကြည်ပြာစစ်စစ်တွေ၊ ပြီးတော့ ဘေးတစ်လျှောက်လုံး တစ်ကိုင်းတည်းမှာ ရောင်မျိုးစုံပွင့်နေတဲ့ ပန်းတွေက ဘာပန်းတွေလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . . ဒါက အလေ့ကျပေါက်နေတဲ့ ပန်းတွေ

"အမည်တွေကရော"

"အစုံပါပဲ၊ တချို့လည်း နာမည်မရှိပါဘူး"

"အင်း. . . ဘယ်သူမှ မစိုက်ရ မပျိုးရဘဲ သူ့အလိုလို လာတော့ ဘယ်သူကမှ ယုယမနေကြဘူးပေါ့နော်၊ သူ့အလို မြေမှာ ပွင့်ပြီး သူ့အလိုလိုပဲ မြေမှာ ကြွေသွားရရှာမှာ"

"ဒါပေါ့၊ နန်းမုံတို့လိုပေါ့"

"ဗျာ. . . မြနန်းမုံ ဘာပြောတာလဲ"

"ဩော်. . . ဒီနေရာမှာပေါက်၊ ဒီနေရာမှာပွင့်ပြီး ဘယ်စင်ပေါ်မှ အတင်မခံလိုက်ရဘဲ ဒီနေရာမှာပဲ ကြွေရမှာ ပြောတာပါ"

မြနန်းမုံမှာ ခံစားချက်ရှိသည်။

ပညာရေးနှင့် ပတ်သက်၍ပါ။

မဟာသိပ္ပံတက်ခွင့်ရရုံမက အဆင့်လွန်ခရက်ဒစ် အောင်ခဲ့သဖြင့် ကျောင်းဆက်တက်ချင်လှသော်လည်း တို ဘဝပေးအခြေအနေအရ အလုပ်ဝင်ခဲ့ရသည်။ ဓာတုဗေဒ ၏ သရုပ်ပြဆရာမလေးအဖြစ်နှင့်. . .

မြနန်းမုံ၏ရင်ထဲမှာ တစ်ယောက်တည်း ကျိတ်ပြီး လင့်နေမိသော ဆန္ဒရှိပါ၏။

မန္တလေးတက္ကသိုလ်မှာပင် မာစတာဒီဂရီကို မတက် ရန်ကုန်မှာ မဟာသိပ္ပံဘွဲ့ကို ထူးချွန်စွာ အောင်မြင်အော ကြိုးစားလိုသည်။ ဓာတုဗေဒဘာသာရပ်ဆိုင်ရာ ပါ





တာဘွဲ့ကို နိုင်ငံခြားမှာ ပညာသင်ခွင့်ရချင်သည်။ အက်ဖ်-အယ်လ်လို နိုင်ငံခြားဘာသာ သိပ္ပံမှာ ဒီပလိုမာ လောက် ရထားချင်သည်။

ဆန္ဒတွေကတော့ ရင်မှာအပြည့်။ မိမိဘဝက မိုင်းပွန် ရတာဘဲ တော်တော့သည်။ ဘာအထောက်အကူမှ မရနိုင် ဘဝပေးအခြေအနေကြောင့် ပညာရေးကိုပင် ရပ်ထား ရတော့မည့်အခြေအနေမို့ ဒီမြေမှာပွင့်၊ ဒီမြေမှာကြွေသော နှင့် ခိုင်းနှိုင်းလိုက်မိသည့်အတွက်. . .

"ဒါကတော့ ဒီမြေမှာ ပန်းတွေပေါ်နေတာကို၊ အဲဒီလို မဲ့အောင် လှလွန်းတဲ့ သနားစရာပန်းပင်လေးတွေကို တူး တယုတယ စိုက်ပျိုးချင်တဲ့သူရှိရင်ရော၊ အဲဒီပန်းလေး စင်တင်ခံချင်ပါ့မလားဟင်"

စကားလမ်းကြောင်းပေးသလို ဖြစ်သွားရသည့်အတွက် ပေါ် အရှက်ဆင့်ရပြန်ပါပြီ. . .။

"ကျွန်တော်မေးတာ ဖြေပါဦး မြနန်းမုံ"

"ဘယ်သိပါ့မလဲ၊ ပန်းကလေးတွေပဲ မေးကြည့်ပေါ့"

အရှက်တွေဖုံးနေသော မျက်လုံးနှင့် မျက်နှာလေး နဲ့လွဲပြီး ပြောလိုက်သည့် အမူအရာလေးကို ကြည့်ပြီး တစ်ခေါက်ထပ်ပြီး ရှက်စမ်းပါဦး မြနန်းမုံရယ် ဟုပင် တမ်းတစွာ တောင့်တလိုက်မိသည်။

"ကျွန်တော်မေးတာ ဖြေပါဦး မြနန်းမုံ"

"ဘယ်သိပါ့မလဲ၊ ပန်းကလေးတွေပဲ မေးကြည့်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com

"မြနန်းမုံ. . ."

"ဟင်"

"မြနန်းမုံ ရယ်"

"အို. . . ဘာလဲ ပြောလေ"

"ပြောချင်တာတွေကတော့ ရင်နဲ့အမျှမကဘူး၊ လျှံ
ပါတယ် မြနန်းမုံ၊ ဒါပေမယ့် ကျွန်တော်ဘာမှ မပြောတော့
ဘာဖြစ်လို့လဲဆိုတော့ မြနန်းမုံဆီက ရှားရှားပါးပါး ရရှိထား
ခင်မင်မှုလေးကို အပျက်မခံနိုင်လို့ပါ. . ."

စာရေးဆရာ၏စကားက လှည့်ဝှေ့ထားပေမယ့် မြန
ကလည်း အရိုင်းမလေးမဟုတ်ပါ၊ ဒီလိုစကားမျိုးသာ
ဒီထက် တိကျသော မေတ္တာတောင်းခံမှုစကားမျိုးများ
ကြားခဲ့ဖူး၊ ကြုံခဲ့ဖူးသော မြနန်းမုံပါလေ၊ ယောကျ်ားတိုင်း
ကြိုက်ကြတာမို့ မြနန်းမုံ ကြုံဖူးတာ မဆန်းပါဘူး. . .။

ယခုတော့ သူက မပြောလိုသေးပါဆိုလာ၍ ကိုယ့်
ကလည်း မသိယောင်သာ ဆောင်နေလိုက်ရုံသာပါ။

"စိုင်းတစ်ယောက်ကလည်း ဘယ်အထိများ
မောင်းသွားလဲမသိဘူး"

"ကျွန်တော် လမ်းလျှောက်ချင်တယ်၊ သိလိုတ
မေးချင်တယ်ဆိုလို့ သစ်တောရပ်ကွက်ထိပ်နားအထိ သွား
နေမယ်ပြောတာပဲ"

"ဟယ်-အဝေးကြီးပါလား"

"မြနန်းမုံ ညောင်းလာလို့လားဟင်၊ ဒီကစောင့်နေ





တော် ညီလေးကို သွားခေါ်လာခဲ့မယ်လေ"

မြနန်းမုံထံမှ အဖြေမရ၊ ပြုံး၍သာ နေသဖြင့်

"ဘာပြုံးတာလဲ မြနန်းမုံရဲ့"

"ဩော်. . . တောင်ပေါ်သူပဲရှင်၊ သုံးလေးမိုင်လောက်
တော့ အသာလေးပေါ့"

"ဒါဆို ကျွန်တော်က ပိုပြီး ဝမ်းသာသွားပြီဗျာ၊ ကျွန်တော့်
အတွက် မြနန်းမုံတို့မှာ တာဝန်ပိုသွားမှာလည်း စိုးရိမ်နေ
တာပါ"

"အခုပဲ ဆရာက တာဝန်ပိုနေပြီလေ၊ နန်းမုံတို့ မောင်နှမ
ထမင်းကျွေးလိုက်ရပြီ မဟုတ်လား"

"တာဝန်လို့မထင်တဲ့အပြင် ကျွေးခွင့်ရတာကိုပဲ ဝမ်းသာ
တာပါ၊ ညီလေးကလည်း တကယ်ချစ်ဖို့ကောင်းတာ၊ ဒါနဲ့
နန်းမုံတို့က မောင်နှမသုံးယောက်တည်းလား"

"ဟင့်အင်း နန်းမုံနဲ့ပန်းငုံနဲ့ကသာ အမြွှာညီအစ်မ၊ စိုင်းနဲ့
ဘာမှမတော်ပါဘူး"

မိုင်းပွန်မှာ သီးခြားစီနေကြကတည်းက မောင်နှမအရင်း
တော်မှန်း သိခဲ့ပါသည်။ သွေးစပ်လေမလား အထင်ဖြင့် တမင်
လိုက်မိခြင်းပါ၊ စိုင်းသည် သူမမမုံကို အရေးတယူရှိလွန်းလှ
ကြောင်းတော့ ကိုပိုင်စိုးကိုယ်တိုင် မြင်တွေ့နေရလေပြီ။

ချစ်မြတ်နိုးလှသော မျက်ဝန်းများဖြင့်သာ ထာဝရ ကြည့်
တော်ပြီး လိုလေသေးမရှိအောင် အနီးကပ် ကူညီပေးနေ
သော စိုင်းလွှမ်းအောင်သည် မြနန်းမုံနှင့် သူစိမ်းပြင်ပြင်



www.burmeseclassic.com

www.burmeseclassic.com



ဆိုပါလား။

'မြနန်းမုံ'သို့ အမြင့်မားဆုံးသော မေတ္တာတရား ချစ်နေမိပြီဖြစ်သော ကိုပိုင်စိုး'သည်. . .

စိုင်းလွမ်းအောင်ကများ မြနန်းမုံကို ချစ်နေနှင့်ပြီ လားဟူသော အတွေးကြောင့် သူ့ရင်ကို ပူလောင်စွာ လှုံ လာစေသည်။

"ဪ. . . စိုင်းက ဆရာသိချင်တာ ပြောပြပါ့ လိုက်တာ၊ ဆရာမေးချင်တာ မေးလေ"

သူ စာထဲမှာ တင်ပြဖို့အတွက် မေးခွန်းများစွာ မေး ပြီး ရေးမှတ်လေ့ရှိသော ကိုပိုင်စိုးသည် ယခုမူ ရေးချင် မှတ် စိတ်ပင် မရှိတော့ပါ။

"ဆရာ ဒီတောင်ချွန်းပေါ် ရောက်ဖူးပြီလားဟင်"

"မတက်ဖူးဘူး၊ မြင့်မြင့်မတ်မတ်ကြီးမို့ တက်ရ ခက် ထင်တယ်နော်"

"အင်း-နန်းမုံတို့အတွက်တော့ ခက်လှတယ်ရယ် မ ပါဘူး၊ ငယ်ငယ်တုန်းကတော့ ခဏခဏ တက်တယ်၊ ဟိုး က ရွှေမုဋ္ဌောစေတီတော်ကြီး ဘုရားအထိ ဒီတောင်စဉ်အ လျှောက်သွားဖူးပါတယ်"

"တောင်ချွန်းဟာ မြို့ရဲ့အနောက်ဘက်နော်"

"မဟုတ်ဘူးဆရာ အရှေ့ဘက်ပါ"

"ကျွန်တော်လည်း ဒီရောက်မှ ကုဋ္ဌေရှစ်ဆယ်သူဌေး ဖြစ်နေပြီ"





"နေ့လယ်ဘက်တော့ နေတအားပူတာပါ"

"ကျွန်တော် အခန်းအောင်းနေချိန် ဖြစ်ပါလိမ့်မယ်၊ ခရီးရလို့ မော့ကြည့်ရင် မမြင်ရတာက များတယ်လေ"

"ဘယ်နေရာကကြည့်ကြည့် ထင်ထင်ရှားရှား မြင်နေနိုင် အောင် ချွန်းထွက်နေတဲ့ တောင်ချွန်းရယ်၊ ရွှေဘုန်းပွင့် စေတီ ယံ အခု မိုက်ကရိုဝေ့ဖ် ရှိတဲ့နေရာရယ်က မြို့ရဲ့ အရှေ့ဘက်၊ ဘက် တောင်တန်းပေါ်မှာ မြင်နေရတဲ့ ရုပ်တော်မူ အောင် တော်မူ ဆုတောင်းပြည့်လို့ခေါ်တဲ့ လွမ်းစေတီရှိတဲ့ဘက်က အနောက်အရပ်ပါ၊ နန်းမုံတို့ရဲ့ ကောလိပ်ကတော့ တောင်ကြီး မြို့ရဲ့ တောင်ဘက်ယွန်းယွန်းမှာ ကျရောက်ပါလိမ့်မယ်"

"အင်း-ရုပ်တော်မူနဲ့ ဘုရားကြီးရယ်၊ လွမ်းစေတီ တောင်ပေါ်ရယ်ကိုတော့ ရောက်ဖူးပါတယ်၊ ဒီတစ်ခါတော့ လွမ်းစေတီပေါ်ကို မတက်တော့ဘူး၊ လွမ်းရတယ်ဆိုတာ စာထဲ မှာ သိဖွဲ့လို့ကောင်းတာ တကယ်ခံစားရတော့ သိပ်ဆိုးတဲ့ အနာပဲလေ"

"ဆရာ အများကြီး လွမ်းဖူးခဲ့ပြီထင်တယ်"

လူသွားလမ်း ပီပီပြင်ပြင် မရှိသော တောင်ငယ်တစ်လုံး ပေါ် ခက်ခက်ခဲခဲတက်ပြီး အောက်ခြေသို့ ပြန်ဆင်းလိုက်လျှင် သူတို့နှစ်ဦး သို့မဟုတ် သူတို့သုံးဦး ရှိနေရာသို့ ရောက်ပါလေ တော့မည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ပြန်သွားရင် တောင်ကြီးမြို့ကို လွမ်း
တော့မှာပဲ"

မြနန်းမုံ၏ခြေလှမ်းများ ပိုသွက်လာသည်။ သူဆက်
မည့်စကားများကို မကြားချင်ပါ။ သူ့ကို မလိုလား မနှစ်သက်
မဖြစ်မိပါသော်လည်း အခုလို နှစ်ယောက်တည်း လူရှင်းလ
လျှောက်ပြီး မပို့တပိအချစ်အကြောင်းလေးများကို ‌ေ
ဝိုက်ဝိုက် အပြောခံနေရခြင်းအတွက် စိတ်ကျဉ်းကျပ်လှပါ

စာရေးဆရာတို့၏ အတတ်ပညာထဲမှာ လူကဲခတ်
ခြင်း၊ ရုပ်လက္ခဏာကိုကြည့်ပြီး ရင်တွင်းစိတ်၏ အဖြူအ
ခွဲခြားပြနိုင်ခြင်းဆိုသော အတတ်ပညာကိုလည်း တီးမိခေါ
ထားရသဖြင့် မြနန်းမုံ စိတ်ကျဉ်းကျပ်ရှာပြီကို သိလာရသ
နှင့်. . .

"ဒါနဲ့ မြပန်းငုံတော့ မိုင်းပွန်မှာပဲနော်၊ သူက မြနန်း
ကိုယ်ပွားပဲ"

"ကိုပိုင်စိုးက ချက်ချင်းသိတယ်ဆို၊ ပန်းငုံ ပြန်ပြေ
ပြတယ်"





မြနန်းမုံရဲ့ မျက်နှာလေးက ကျွန်တော့်ရဲ့မျက်စိထဲမှာ၊
သားထဲမှာ ရှိပြီးသားပဲလေ ဆိုသောစကားကို ရင်ထဲမှာသာ
ထားပြီ. . .

"ဟုတ်ကဲ့၊ သူတောင် အံ့ဩသွားတယ်လေ၊ မြပန်းငုံ
ရော ဘာလို့ ပညာဆက်မသင်တာလဲ"

"သူက ရှစ်တန်း နှစ်နှစ်ဆက်ကျတာနဲ့ပဲ ကျောင်းထွက်
တယ်၊ ဖြစ်မှာလည်းမဟုတ်ပါလူး၊ ငယ်ငယ်ကတည်းက
ုံး၀ မကြိုးစားဘူး"

"ဟုတ်တယ်၊ မြနန်းမုံနဲ့ အစစအရာရာ မတူဘူးနော်"

"ဒါပေမယ့် သူပဲ အမေ့ကို ပြုစုရှာကျွေးနေလို့ တော်သေး
ပ"

"သူက ဘာအလုပ်အကိုင် လုပ်လို့လဲ"

"သူ. . . သူလား"

မြနန်းမုံက ထစ်ထစ်ငေါ့ငေါ့ ဖြစ်သွားပြီးမှ. . .

"အရောင်းအဝယ် လုပ်ပါတယ်"

"ဩော်. . ."

ကိုပိုင်စိုးက သာမန်သာ ကြားနာလိုက်ပြီး. . .

"ဟိုကအသီးတွေ သွယ်ကျနေတဲ့ ဘော့စကိုင်းပင်
ဟာ စိန်ပန်းပြာပင်နော်၊ အသီးဝိုင်းဝိုင်းတွေနဲ့လေ"

"ကိုပိုင်စိုးက နန်းမုံပြောပြတာ မှတ်မိသားပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မြနန်းမုံနဲ့ မြနန်းမုံပြောထားတဲ့အကြောင်းအရာတွေ အားလုံးကို ကျွန်တော့်ရင်ထဲ ထည့်ထားတာပါ"

မြနန်းမုံ ဘာမှမပြောဖြစ်တော့ဘဲ ဆက်လက်ပြ သွက်သွက်လျှောက်လာတော့ မျက်နှာချင်းဆိုင်မှ ပင်စည်ထ လျှင် လူသုံးလေးဖက်စာမျှ ကြီးမားပြီး အကိုင်းအခက်မျာ တဝေကြီး ပြန့်ကားနေသော ညောင်ပင်ကြီးအောက်မှာ စိုင်း လွှမ်းအောင်၏ ကားက ရပ်စောင့်လျက်။

ကားနောက်ခန်းမှာ ထိုင်နေသော စိုင်းလွှမ်းအောင်သည် ယှဉ်၍ လျှောက်လာကြသော မြနန်းမုံနှင့် ကိုပိုင်စိုးကို ကြည ပြီး. . .

အသတ်အရွယ်ရော၊ ပညာရော၊ အခြေအနေရော ရုပ်ရည်ချင်းရော သိပ်ပြီး လိုက်ဖက်တန်မျှတဲ့ သူတို့နှစ်ယော ဟာ ချစ်သူတွေပဲ ဖြစ်သွားကြပါစေတော့လေ။

"မမမုံ. . . မမမုံရယ်"

မမမုံကို ခုလိုမြင်လိုက်ရတော့ စိုင်းရင်ထဲမှာ ဆို့လာတယ် ငိုချင်ပါတယ်ဗျာ. . .

စိုင်း မမမုံကို ချစ်နေပြီထင်တယ်၊ စိုင်း မမမုံကို မခွဲချင်ဘူ စွန့်လွှတ်မပေးလိုက်ဘူး၊ အခုလို တစ်စုံတစ်ယောက် တွဲနေတာကို မကြည့်နိုင်ဘူး၊ မနာလိုဘူးဗျာ။

ဒါပေမယ့် မမမုံရယ်. . .

မမမုံရဲ့ အချစ်ကိုရပြီး စိုင်းနဲ့ မမမုံနဲ့ လက်တွဲခွင့်ရခဲ့ရ မမမုံရဲ့ဘဝဟာ ဒီဝဲဩယထဲပဲ နစ်မြုပ်သွားရမှာပါ။





ကားသမားလေး စိုင်းဟာ မမမုံရဲ့ဘဝကို ဘယ်လိုလုပ်ပြီး ဆုံးဖြစ်အောင် ဖန်တီးပေးနိုင်ပါ့မလဲလေ။

မမမုံ နေချင်တယ်ဆိုတဲ့ ရန်ကုန်၊ တက်ချင်တယ်ဆိုတဲ့ သိပ္ပံတန်းနဲ့ ဘာသာခြားသိပ္ပံကျောင်းတွေက ရန်ကုန်မှာမှ ယ်လေ။

ရန်ကုန်မှာ အခြေချနိုင်ဖို့ စဉ်းတောင် မစဉ်းစားရဲတဲ့ စိုင်း ဝအခြေအနေနဲ့ မမမုံရဲ့ 'စာတော်'မှုနဲ့ မထိုက်တန်ပါဘူး . . ။

အစ်ကိုပိုင်စိုးကသာ မမမုံရဲ့ဘဝကို ဖန်တီးတည်ဆောက် နိုင်မယ့်သူ ဖြစ်ပါလိမ့်မယ်. . .

မမမုံရဲ့ဘဝ အဆင့်မြင့်မယ်ဆိုရင် စိုင်းရဲ့ ပခုံးကို နင်း ပါမမမုံ။ မမမုံ စိတ်ချမ်းသာမယ်ဆိုရင် မမမုံ လျှောက်မယ့် မှာ စိုင်းရဲ့နှလုံးသည်းပွတ်တွေကို ဖြန့်ခင်းပေးပါ့မယ်. . .

နုညက်ညင်သာ ပျော့ရှင်စွာ လျှောက်လှမ်းသွားနိုင်ဖို့ တ် မမမုံရဲ့မောင်လေး စိုင်းဟာလေ. . .

မမမုံအတွက် ဘာမဆို စွန့်လွှတ်ပေးရဲတဲ့ ကောင်လေး ယောက်ပါ မမမုံရယ်. . .

အစ်ကိုဟာ မမမုံအတွက် သစ္စာရှင်တစ်ယောက် စေ. . .

မမမုံရဲ့ဘဝ လှပပါစေ၊ ရည်မှန်းချက်တွေ ပြည့်ဝပါ . .

မမမုံ စိတ်ချမ်းသာပါစေဗျာ. . .



www.burmeseclassic.com

www.burmeseclassic.com



ဒါတွေဟာ စိုင်းရင်ထဲက ပြင်းပြလှတဲ့ ဆန္ဒတွေ… ဒီဆန္ဒတွေဟာ ဘာကြောင့် ထက်ထက်သန်သန် ဖြစ်ထွန်းနေ… သလဲ။

မမမုံ သိလားဟင်. . .

ချစ်လို့၊ မမမုံကို သိပ်ချစ်လို့. . .

◆ ◆ ◆



အခန်း ။ ၁၅ ။

"ပန်းငုံရယ် ဘာကြောင့်များ ဒီလောက် မဖြစ်နိုင်တဲ့ …တွေကြီးကို နင် ပြောနေရတာလဲဟင်"

"ဘာလို့ မဖြစ်နိုင်ရမှာလဲ၊ ဖြစ်အောင် လုပ်မှာပေါ့"

"ဖြစ်အောင်ကို မလုပ်ရဘူး"

"လုပ်မယ်"

"လုပ်ရဲ လုပ်ကြည့်လေ၊ သက်ဆိုင်ရာကိုတိုင်ပြီး ဖမ်းခိုင်း …"

"အမယ်လေး ဖမ်းလိုက်စမ်းပါ၊ ကြိုးမိန့်ချရင်တောင် …ကြီး သေပြလိုက်ဦးမယ်"

"ပန်းငုံရယ်၊ တစ်သက်လုံးလည်း နင်လုပ်ချင်တာတွေ …ပြီးပြီ၊ ဒီတစ်ခါတော့ မမစကားကို နားထောင်ပါ ညီမရယ် …"

"လေပြေ လာထိုးမနေစမ်းပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"နင့်ရင်ထဲကို စိတ်မိုက် စိတ်ရိုင်းတွေ ဝင်လာအောင် စောနွေက လေပြေထိုးပေးနေတာ"

"သူ့ကို ဘာမှထိခိုက် ပြောနေစရာ မလိုဘူး"

"ပြောရမှာပေါ့၊ သူက. . ."

"တော် မမမုံ၊ အစ်ကိုစောနွေကို ထိပါးလာရင် အားလုံး ပန်းငုံရဲ့ ရန်သူပဲ"

"ဒီလောက်တောင်ပဲ ဖြစ်နေပြီလား ပန်းငုံရယ်"

မြနန်းမုံကတော့ ခက်ထန်သောစိတ်ကို သွင်းထားပြီ ဖြစ်၍ တင်းမာနေသော မျက်နှာနှင့် မြနန်းမုံကို မကြည့်ဘဲ မျက်နှာလွှဲထားသည်။ မျက်ရည်များကို မသုတ်ဘဲနှင့်ပင် မြနန်း က. . .

"ပန်းငုံရယ်၊ နင်အမေ့ကိုရော မငဲ့တော့ဘူးလားဟင်"

"ငဲ့လို့ အမေ့ကိုပါ ခေါ်သွားပါမယ်ဆိုမှ"

"အရူးစကားတွေ ပြောမနေနဲ့၊ ဘယ်လိုမှမဖြစ်နိုင်တဲ့ ကိစ္စကြီးကို"

"ဘာလို့ မဖြစ်နိုင်ရမှာလဲ"

"အမေဟာ ဘာရောဂါ ဖြစ်နေတယ်ဆိုတာ နင်အသိဆုံးပဲ"

"ဟုတ်တယ်၊ သိလို့ကို ခေါ်သွားတာ၊ ဒီမှာရော ဘယ်သူက ကုတတ်လို့လဲ၊ ပြုစုဖို့ပဲ လိုတာမဟုတ်လား"

"ဒါပေမယ့် ဒီမှာက တတ်ကျွမ်းတဲ့ဆရာဝန် ရှိတယ်လေ"

"တော်စမ်းပါ၊ ဒီရောဂါနဲ့မှ မဆိုင်တာ၊ အမေ့ရောဂါက ဆေးကုလို့ရတဲ့ရောဂါမှ မဟုတ်ဘဲ၊ ပြုစုရမယ့်ရောဂါသာဖြစ်တယ် ဘာရော နားလည်ရဲ့လား"

"ပန်းငုံရယ် နင်ဘယ်လိုပြောလိုက်တာလဲ"

"ဒီမှာ မမမုံ. . . မမမုံစကားတွေက လူကြားလို့တော့ ကောင်းပါတယ်၊ အမေ့ကိုပြုစုပါ၊ ဒီမှာနေပါ၊ ဥပဒေရဲ့ အဘက်လမ်းကို မသွားပါနဲ့၊ ဒီလိုမဟုတ်လား။ ပညာရှိ ပါပေတယ်ရှင်"

"ပန်းငုံနော် နင်မိုက်ချင်တာနဲ့ ငါ့ကို သက်သက် ထေ့ငေါ့ မနေနဲ့"

"မငေါ့ပါဘူး၊ မမမုံဟာ ဆယ်တန်းအောင်တယ်၊ မန္တလေး တက္ကသိုလ်သွားသင်တယ်၊ ဘွဲ့ရပြီး တောင်ကြီးကောလိပ်မှာ ဆရာမလေးဖြစ်လာတယ်၊ ပန်းငုံတို့ဆီကို တစ်ပတ်တစ်ခါ လနဲ့တစ်ခါလာတယ်။ ငွေလေး သုံးလေးငါးဆယ် တစ်ခါ ပေးသွားတယ်၊ မုန့်နည်းနည်းပါးပါး ဝယ်လာတယ် ဒါပဲမဟုတ် လား"

"ငါတတ်နိုင်တာ အကုန်လုပ်တာပဲ၊ ငါက ဒါပဲတတ်နိုင် တာ ပန်းငုံရဲ့"

"ဟုတ်ပါတယ်၊ ဒါကို အပြစ်ပြောချင်တာ မဟုတ်ပါဘူး။ တစ်ချိန်လုံးတမ်း အမေ့ကို တာဝန်ယူပြုစုနေတာက ဘယ်သူလဲ၊ ထမင်းစားရအောင်ချက်ကျွေး၊ အိပ်ပျက်ခံပြုစု၊ ဈေးကလူ သေး ပေးခံ ထိုင်ပေးနေရတာက ဒီကောင်မ ပန်းငုံပဲလေ"

အမေ့ပေါ်မှာ တာဝန်ပျက်ကွက်နေမိသလားဟု မိမိ





www.burmeseclassic.com

ကိုယ်ကိုပင် မြနန်းမုံ ဆန်းစစ်လာမိသည်။

"ဒီမှာ မမမုံ"

"ဟင်. . ."

"မမမုံဟာ ကိုယ့်လမ်း ကိုယ်လျှောက်နေ ပန်းငုံလည်း ကိုယ့်ဘဝလမ်း ကိုယ်လျှောက်တော့မယ်"

"နင်လျှောက်မယ့်လမ်းက လမ်းမှားကြီးဆိုတာ နင်သိရဲ့လားဟင် ပန်းငုံ"

"ပညာရှင်တို့ရဲ့ ပေတံနဲ့ လာပြီး တိုင်းမနေ ကိုယ့်ကို ကူညီကျွေးမွေးမယ့်သူရှိတဲ့နေရာအရောက် လျှောက်သွားရမှာပဲ"

"အမေ့ကို နင်ထည့်မတွက်တော့ဘူးလား"

"ပြောပါရော ခေါ်သွားမယ်လို့"

"မဖြစ်နိုင်တာကို ဘာလို့ ထပ်ထပ်ပြောနေရ ပန်းငုံ"

မြနန်းမုံ၏ အသံများက တင်းမာတုန်လှိုက်နေသည်

မြပန်းငုံက ထိုင်ရာမှ ဆတ်ခနဲထ၍ ခါးထောက်ရပ် ပြီး မြနန်းမုံကို မျက်နှာတင်းတင်းနှင့် စိုက်ကြည့်ရင်းက. . .

"ကောင်းပြီ၊ အဲဒီနေရာက အမေနဲ့မဖြစ်ဘူးဆိုရင် မ အမေ့ကို ခေါ်သွားပေတော့"

မြပန်းငုံက ကြမ်းကျိုးကျသွားတော့မတတ် ခြေ နင်းရင်း အိမ်ပေါ်က ဆင်းသွားတော့သည်။

အမေရယ်။





အမေ့ကို ဖက်ပိုက်ပြီး သမီးကြီး ပြုစုချင်လှပါတယ်။

ပေမယ့် နေရတာက အဆောင်မှာ၊ ဆရာမတွေ စုနေ

ပြီးတော့ အမေ့ရောဂါနဲ့လည်း မဖြစ်ပါဘူး။

န်းငုံကလည်း ဇွတ်တင်းမာနေပြီ။

အမေ့ကို ခေါ်သွားတဲ့။

ဒီ ဒီပညာလောက်နဲ့ အမေတစ်ယောက်ကို ပြုစုကျွေး တဲ့ အင်အား သမီးမှာ မရှိပါလား အမေရယ်။

အမေ့ကို ပန်းငုံ့လက်ထဲ မထည့်လိုက်နိုင်ပါဘူး အမေ။

သမီး. . . သမီးလည်း အမေ့ကို တာဝန်မယူနိုင်ဘူး၊ င်တာ မဟုတ်ပါဘူး အမေရယ်။ ယူလို့ကို မဖြစ်နိုင်တဲ့ ပါ။

ဒီမှာ ပြန်လာနေလို့လည်း မဖြစ်ဘူး။

သမီး ဘာလုပ်ရမလဲ. . .။

အမေ့သမီးကြီး ဘာလုပ်ရမလဲ အမေရယ်။

ခုအမေနဲ့ အတူနေပြီး တိုင်ပင်ဆွေးနွေးနိုင်တဲ့ဘဝမျိုးကို သက်မှာ ရောက်နိုင်ပါတော့မလား အမေရေ။

မိုင်းပွန်မြို့စွန်ရှိ ခြံဝင်းကြီးအတွင်းမှ အဖေဆောက်ထား သော ပျဉ်ထောင်အိမ်ကြီး၏ ကြမ်းပြင်ပေါ်၌ မြနန်းမုံသည် ချလိုက်ပြီး ရင်ပွင့်ကွဲမတတ် လူးရင်းလှိမ့်ရင်း သည်းသည်း ထန် ငိုကြွေးပစ်လိုက်မိပါတော့သည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

အခန်း ။ ...

"မမမုံ ခုလိုခံစားနေရတာတွေကို စိုင်းသိနေ... ဘာမှ အကူအညီမပေးနိုင်လို့ စိတ်မကောင်းဘူး မမမုံရ..."

"စိုင်းက ကလေးပဲကွယ်"

"ကလေးတော့ မဟုတ်ပါဘူးလေ၊ ငွေ ရှာနေတဲ့အ... ရောက်နေပါပြီ၊ ဒါပေမယ့် ရှာသမျှငွေကလည်း အိမ်... ပေးအပ်နေရတော့"

"ဒီအထိတောင် ပြောနေဖို့မလိုပါဘူး စိုင်းရယ်၊ စိုင်း... နိုင်လို့ ပေးရင်တောင် စိုင်းရဲ့ငွေကို မမမုံ မယူပါဘူး"

"ဒါပေမယ့် စိုင်းရဲ့ရင်ထဲမှာတော့ မမမုံအတွက် စေ... တွေ အများကြီး ရှိနေပါတယ်ဗျာ၊ မမမုံ ယုံပါ၊ အခု အ... ပြောပြီး မမမုံအတွက် ငွေသုံးထောင်လောက် ပေးမလာ... မမမုံ လက်ခံမှာလားဟင်"

"အို. . . မမမုံက ဘာလုပ်ရမှာလဲ"





"ပန်းငုံနဲ့ မမမုံနဲ့ခုလို မပြေမလည်ဖြစ်နေကြတာ ...ကြောင့်ပဲမဟုတ်လား၊ မမမုံရဲ့ အမေကိုလည်း တော... ...မသွားရအောင်ပေါ့"

"အင်း. . . ပြဿနာက မလွယ်ပါဘူး စိုင်းရယ်၊ ငွေ ...တောမှာ သွားနေတာမျိုး မဟုတ်ဘူး၊ ကိုစောနွေရဲ့ စခန်း... ...ဆူ လိုက်နေချင်တာ"

"ပန်းငုံက တကယ်တဇွတ်ထိုးပဲဗျာ၊ ကြိုက်စရာရှားလွန်း ...ဥပဒေအပြင်ဘက်က လူဆိုးဗိုလ်တစ်ယောက်နဲ့မှ သွားပြီး ...ကြိုက်ရတယ်လို့"

မြနန်းမုံ၏ ကြေကွဲမှုမျက်ရည်များ သွယ်ကျလာပြန် ...သည်။

"အရင်းစစ်လိုက်ရင် အမြစ်မြေက ဆိုသလိုပဲ၊ ဒီပြဿနာ ...ဆန်ကြီးထွားလာရတာဟာ ပန်းငုံ မိုက်လို့ချည်း မဟုတ်ပါဘူး ...စိုင်းရယ်"

"ဟင်"

"သူတို့သားအမိအတွက် ငွေက လိုတယ်၊ ဒီတော့ အရင်း ...မရှိတဲ့ ပန်းငုံဟာ မှောင်ခိုကုန်လေး ကယ်ရီလုပ်ပေးတယ်၊ ဟိုမြို့ ...ကုန် ဒီမြို့သယ်ပေး၊ တောက ပစ္စည်းတွေ မြို့ပို့ပေး၊ မြို့က ...မှောင်ခိုပစ္စည်းတွေ တောပို့ပေးရာက ကိုစောနွေနဲ့ ဆက်သွယ်မိ ...သွားတာပါ"

"အင်း. . . ပန်းငုံက ပညာလည်းမတတ်၊ ငွေရင်းက ...လည်း မရှိ၊ အမေနဲ့ သူ့အတွက်ကလည်း ငွေကလိုနေတော့"



www.burmeseclassic.com

www.burmeseclassic.com



ရရာအလုပ်ကို လုပ်ရှာတာပဲပေါ့နော် မမမုံ”

“ဟုတ်တယ်. . . ဟုတ်ပါတယ် စိုင်းရယ်”

“ဟာ ဒီလောက်ကြီး မငိုပါနဲ့ဗျာ”

“မမမုံ ဝမ်းနည်းလွန်းလို့ပါစိုင်းရယ်၊ အခု မမမုံတို့ ခမိသုံးယောက်ရဲ့ ပြဿနာမှာ မမမုံဟာ တစ်ကိုယ်တော ဆန်လွန်းနေပြီထင်တယ်နော်စိုင်း”

“ဒီလိုတော့လည်း မဟုတ်ပါဘူး မမမုံရယ်”

“မမမုံဟာ အမေနဲ့ ညီမလေးအတွက် ရင်ထဲမှာ စေ တွေအပြည့် ရှိပါတယ်၊ အနစ်နာခံနိုင်ပါတယ်ကွယ်၊ ဒါပေ မမမုံရဲ့ လက်ရှိ အခြေအနေထက် လွန်ကဲပြီး မမမုံ ဘာ မလုပ်တတ်ဘဲ”

“အင်းလေ”

“စိုင်း”

“ဗျာ. . . မမ”

“အခု တို့သားအမိသုံးယောက် ပြဿနာမှာ မ ဘာလုပ်သင့်သလဲဟင်”

စိုင်းပင်လျှင် တွေဝေလျက်။

“မမမုံ အလုပ်ကထွက်ပြီး မိုင်းပွန်မှာပဲ ဖြစ်သလို လု ရရင် ကောင်းမလားဟင်”

“မိုင်းပွန်မှာကလည်း တွဲဖက်အထက်တန်းကျောင်း ရှိပြီး လက်ရှိဆရာမတွေတောင် မိဘဆရာအသင်းက ခန့် တာပါနေတော့ မမမုံ အလုပ်ရဖို့တောင် လွယ်မှာမဟုတ်ဘူး





အဲဒါလည်းတစ်ကြောင်း၊ ပြီးတော့ ပန်းငုံကိုယ်တိုင်က ကိုစောနွေ တို့ စွဲလမ်းနေပြီ”

“အဲဒီလူနဲ့သာယူပြီး တောထဲမှာပဲ သူ့ဘဝကို ဇာတ်မြှုပ် သိုက်မယ်ဆိုရင်တော့ မမမုံ ရင်ကျိုးရချည့်ရဲ့ စိုင်းရယ်”

“အေးဗျာ. . . မမမုံတို့သားအမိ သုံးယောက်ဟာ ကျိန် စာများ သင့်နေသလားမသိ၊ အဒေါ် နန်းလှဆိုလည်း သနား စရာ၊ ပန်းငုံကလည်း တစ်ယူသန်၊ ပြီးတော့ ဘယ်လိုမှလည်း ည်းလုံးလို့ မရကြဘူးလေ”

“ခက်တယ်စိုင်းရယ်”

“ကဲပါဗျာ၊ ဒါတွေ တွေးမနေနဲ့တော့၊ ပန်းငုံလည်း ချတ်တရက်တော့ တောထဲလိုက်သွားဖြစ်ဦးမှာ မဟုတ်သေးပါ ဘူး”

“အင်း. . . ဒီတစ်ပတ်ကလည်း ပြန်လို့ဖြစ်မှာ မဟုတ် သေးဘူး၊ မမတို့ဌာနရဲ့ မောင်မယ်သစ်လွင် ကြိုဆိုပွဲရှိနေလို့ ခေတ အစစအရာရာ ကူညီဆောင်ရွက်ပေးစရာ ရှိနေတယ်”

“ကိစ္စမရှိပါဘူး၊ စိုင်းကြည့်ထားလိုက်ပါ့မယ်၊ မမမုံနဲ့လည်း နောက်တစ်ပတ်မှာ ကြုံနိုင်အောင် ကားကို ကြိုတင်စီစဉ်ပြီး ထိုင်းဝင်ခဲ့မယ်လေ”

“မမမုံမှာလည်း စိုင်းတစ်ယောက်ကလွဲလို့ ဘယ်သူမှ အားကိုးစရာ တိုင်ပင်စရာ မရှိဘူးလေ”

“ကြိုက်တာခိုင်းစမ်းပါ၊ မမမုံအတွက်ဆိုရင် စိုင်းရဲ့ အသက်နဲ့ လဲလှယ်ပြီး ကူညီဆောင်ရွက်ပေးချင်ပါတယ်၊ မမမုံ



www.burmeseclassic.com

www.burmeseclassic.com



ဟာ စိုင်းဘဝရဲ့ တစ်ဦးတည်းသော လေးစားမြတ်နိုးရသူ မမမုံရယ်"

စိုင်းလွှမ်းအောင်၏ အသံတို့က အားငယ်သော နှ... သားတွင်းမှ ဖြတ်သန်းလာရ၍ တိုးတိမ်တုန်လှိုက်နေသည်။ စိုင်း၏မျက်ဝန်းမှာ လင်းလက်ခြင်းမရှိ။ မျှော်လင့်ခြင်းရောင်... များ ကွယ်ပျောက်နေ၍ မှေးမှိန်မှုန်ရီနေပေသည်။

"ဩော်. . . စိုင်းကိုတောင် မမ မပြောရသေးဘူး"

"ဘာလဲ မမမုံ"

"တစ်နေ့ကပဲ ဘီအမ်ဟီးနိုးကားဂိတ်ကတစ်ဆင့် မမ... ဆီကို စာတစ်စောင် ရောက်လာတယ်"

ဘီအမ်(မ်)ဟီးနိုးကားဂိတ်ကို စာသွားပေးလျှင် ရန်ကုန်... ဖြစ်စေ တောင်ကြီးမှဖြစ်စေ စာတစ်စောင် ငါးကျပ် ပေးလျှင် အရောက်ပို့ပေးပါ၏။ လက်ခံသူကလည်း ငွေပေး၍ ရွေး... ရသည်။

"အစ်ကိုဆီကစာပဲ မဟုတ်လား မမမုံ"

"ဟုတ်တယ်စိုင်း"

"ဘာတဲ့လဲ"

"မမမုံကို သတိရကြောင်းနဲ့ သူမကြာခင် ပြန်လာမေ... အကြောင်းပါ"

"ဒါပဲလားဗျာ"

"အင်း စာရေးဆရာဆိုတော့ စာရေးကောင်းတိုင်း... လျှောက်ရေးထားတာပေါ့လေ"





"သူ မမမုံကို ချစ်နေပြီ"

"အို. . . စိုင်းကလည်း"

"စိုင်း သိပါတယ်ဗျာ၊ အဲဒါ မမမုံရဲ့ သဘောကရောဟင်"

"သူ့စာမှာ တိတိကျကျကြီး ချစ်ခွင့်မတောင်းသေးပါဘူး ...ရယ်"

"တောင်းလာမှာ အသေအချာပါ၊ အဲဒါဆိုရင် မမမုံ ...ယ်လိုဆုံးဖြတ်မှာလဲဟင်"

မြနန်းမုံသည် သူ၏ သံယောဇဉ်လေးစိုင်းကို အသေ...ချာ ကြည့်လိုက်မိပါသည်။ စိုင်း၏ မျက်ဝန်းမှတစ်ဆင့် စိုင်း၏ ...စိတ်သားခံစားမှုများကို သူဖွင့်လှစ် ကြည့်ရှုချင်သည်။

စိုင်း၏ မျက်နှာမှာ သရုပ်ခွဲရခက်စွာဖြင့် ဝမ်းနည်းနေ...သလို ဝမ်းသာနေသလိုလိုပါ။

"စိုင်း. . . "

"ဗျာ. . . မမမုံ"

"တကယ်လို့များ မမမုံနဲ့ ကိုပိုင်စိုးနဲ့ ချစ်သွားကြမယ်ဆိုရင် ...း သဘောတူမှာလား ကန့်ကွက်မှာလားဟင်၊ သူ့ကိုရော စိုင်း ...ယ်လိုမြင်သလဲ"

စိုင်းလွှမ်းအောင်ထံမှ အဖြေမရ။

မြနန်းမုံသည် စိုင်းလွှမ်းအောင်ကို အကြီးမားဆုံးသော ...သံယောဇဉ်များဖြင့် သန့်သန့်စင်စင် ချစ်ခင်ပါ၏။ ပန်းငုံကို ...ရသော အချစ်မျိုးထက်ပင် မလျော့နည်းဟု ထင်မိသည်။

မြနန်းမုံအနေနှင့် စိုင်းလွှမ်းအောင်၏ အချစ်ကို ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



နည်းနဲ့မှ တုံ့ပြန်နိုင်မည် မဟုတ်ပါ။ မောင်နှမလို အပြ
အချစ်မှ အစွန်းမထွက်နိုင်ပါဟု ဆိုသော်လည်း. . .

သူ့ရင်ကို နာကျင်ကြေကွဲအောင်ဖြင့် ဘယ်လိုနည်း
မလုပ်ရက်. . .

သူ့ကို မချစ်နိုင်သည့်တိုင် သူ့စိတ်ဆင်းရဲ
ဆိုလျှင်လည်း မြနန်းမုံ ဘယ်သူ့ကိုမှ မချစ်နိုင်ပါ။

"စိုင်း. . ."

ထပ်ခေါ်လေမှ သူထူးဖြစ်သည်။

"မမမုံ စိုင်းကို တစ်ခုပြောပါရစေ၊ စိုင်း မနက်ဖြန်
ပြန်ရင် သယ်ယူသွားပြီး စိုင်းရင်ထဲမှာ တစ်သက်လုံး ထည့်
ပါနော်"

"ဘာပြောမှာလဲ မမမုံ"

"မမမုံအတွက် တစ်ဘဝတာ လက်တွဲရမယ့်သူ
ချယ်တဲ့အခါမှာ စိုင်းကျေနပ်နှစ်သက်တဲ့လူ ဖြစ်စေရပါမယ်

"မမမုံ ရယ်"

"မမမုံ ထပ်ပြောမယ်စိုင်း၊ လူတစ်ယောက်ယောက်
ချစ်ဖြစ်သည့်တိုင်အောင် စိုင်းက မကျေနပ်ပါဘူး၊ သဘော
ပါဘူးဆိုရင် မမမုံ နောက်ဆုတ်လိုက်ပါ့မယ်စိုင်း. . ."

စိုင်းသည် အံ့ဩခြင်း လွန်ကဲစွာဖြင့် မြနန်းမုံသို့
နေ၏။

"စိုင်း စိတ်ချမ်းသာမယ်ဆိုရင် မမမုံ ရှေ့တိုးမယ်
စိတ်ပင်ပန်းဆင်းရဲမယ်ဆိုရင် မမမုံ နောက်ဆုတ်လိုက်ပါ့





"မမမုံ ရယ်၊ စိုင်းပေါ်မှာ ဒီထိအောင် အလေးအနက်
ထည့်စဉ်းစားပေးနေသလားဗျာ"

"တုတ်ပါတယ်စိုင်း၊ ဘာဖြစ်လို့လဲဆိုတော့ မမမုံရဲ့ရင်ထဲ
ကို နှစ်နှစ်ကာကာ မောင်လေးအရင်းလို ချစ်နေလို့ပါ
"

ကျောင်းနောက်ဘက် သမိုင်းဌာနအနီးရှိ လမ်းစဉ်လူငယ်
ဆိုင်ထဲမှာထိုင်၍ လက်ဖက်ရည်သောက်ရင်း စကား
ရာမှ ပြန်ထွက်လာပြီးသည်အထိ စိုင်းလွမ်းအောင်က
ထပ် ဘာစကားတစ်ခွန်းမှ မပြောကြားတော့ပါ။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

အခန်း ၊ ၁၃

ချစ်သူ. . . မောင့်ချစ်သူက သူကိုယ်သူ မြေပြ
အလေ့ကျပေါက်တဲ့ ရောင်စုံပန်းပွင့်လေးတွေနဲ့ ခိုင်းနှိုင်း
တယ်နော်. . .

မောင် ပြောပါရစေ၊ အဲဒီမြေမှာ ပွင့်နေတဲ့ ပန်းလေး
ဟာ အပြစ်မဲ့စွာ လှတဲ့အလှပါ၊ ယုယမယ့်သူမရှိလို့လည်း
မှာ 'မာန်' မရှိပါဘူး ချစ်သူ၊ သူတို့ဘဝကို သူတို့ သိနား
စွာနဲ့၊ အပြစ်မဲ့စွာ၊ ရိုးသားစွာ၊ ငြိမ်းအေးစွာ ပွင့်ငုံနေကြပါ
ဒါကြောင့် အလှဆုံး အဲဒီပန်းလေးတွေကို မောင် မြတ်နိုး

မောင်ပြောပါရစေ ချစ်သူ၊ တော်ဝင်ပန်းတွေ နိုင်ငံ
ကနေ မြန်မာပြည်မှာ မင်းလာမူနေတဲ့ သစ်ခွပန်းတွေ၊
အဆုံးစွန်ပြောလိုက်မယ်၊ ကုမ္ဘဏ်တစ်ထောင် စောင့်ကြပ်
ဆိုတဲ့ အာသာဝတီနွယ်နီ နတ်ပန်းနဲ့တောင် မောင် မလဲနိုင်
အရိုးခံပန်းလေးရယ်. . .။





မောင့်ကို ယုယခွင့်ပေးပါ၊ ကြင်နာခွင့်ပေးပါ၊ မောင့်ရင်မှာ
မြတ်နိုးစွာနဲ့ မောင့်ရဲ့အသက်နဲ့ ဒီခန္ဓာတည်နေသမျှ မောင့်
မှာ ပွင့်လှည့်ပါ အချစ်ဆုံးရယ်။

မြေပြန့်ကနေ မောမြေတောင်ပေါ်မြို့ကို မောင်ရောက်
တဲ့အခါမှာ လှပစွာ ပွင့်နေတဲ့ ပန်းကလေးရယ်။

မောင့်ကို ယုယခွင့်ပေးပါ၊ မြတ်နိုးခွင့်ပြုပါနော်. . .

မောင့်ချစ်သူ. . . . . . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . . . . . . . . . . .

မြနန်းမုံမှာ ဝတ်လွှာမဂ္ဂဇင်းကို ပိတ်ပစ်လိုက်မိသည်။

ပိုင်းစိုး ၏

'မြေပွင့်ပန်းသို့ တမ်းတခြင်း'

သည်ဝတ္ထု၏ တစ်စိတ်တစ်ပိုင်းကို ဖတ်ပြီး ရင်လှပ်လှပ်
ခုန်လာသည်။ တောင်မြင့်တစ်ခုကို တက်နေစဉ်က ခံစားခဲ့ရ
သလို ထိုင်နေရင်းကပင် ရင်၌ မောဟိုက်ပန်းလျနေ၏။

မကျေနပ်ခြင်းလား၊ ကြည်နူးခြင်းလား၊ မနှစ်သက်ခြင်း
လား၊ ဝမ်းမြောက်ခြင်းလား၊ စိတ်ဆိုးခြင်းလား၊ ဂုဏ်ယူခြင်းလား
ဆိုသော ခံစားမှုကို ရွေးရင်နှုံမှာ ရောထွေးနေကြပြီလားမသိ၊
ခံတပ်ပြုစာတ်ပြောင်းမှုတို့ကို သရုပ်ပြရသော ဆရာမလေးမှာ
သူ့ရင်မှ ဝေဒနာကို သရုပ်မခွဲတတ်တော့။

ဒါ ရန်ကုန်ရောက်မှ သူရေးတာ၊ စာအုပ်ထဲမှာ ပါလာတာ
မြင်လိုက်တာနော်။



www.burmeseclassic.com

www.burmeseclassic.com

"ဩော်. . . သူပြောဖူးတယ်၊ နာမည်ကြီးစာရေးဆရာရဲ့ စာမူတွေဆိုရင် မဂ္ဂဇင်းမထွက်ခင် တစ်ပတ်ပဲ ကြိုပေး၊ ချက်ချင်းစီ ချက်ချင်းရိုက်တယ်တဲ့၊ ဒါကြောင့် တစ်နေ့က စာပေတိုက်တစ်ဆင့် ရောက်လာတဲ့ သူ့စာထဲမှာ ဝတ်လွှာမဂ္ဂဇင်းထွက်ရင် ဖတ်ကြည့်ပါနော်. . . ဆိုပြီး ပါလာတာကိုး"

ကားနှင့် တင်ပို့သည်မို့ မဂ္ဂဇင်းတို့က ရန်ကုန်မှ မနေ့တွင် သည်နေ့ ရောက်လာနိုင်ခဲ့သည်။ ကားအသင်းများကလည်း ခရီးသည်နှင့် ပစ္စည်းများအပေါ် လေးစားကြပေသည်။

မြနန်းမုံမှာ စာအုပ်ထဲမှ တစ်စုံတစ်ခု ထွက်လာမှာ စိုးရိမ်လို့ ရင်တထိတ်ထိတ်ဖြင့် ပြန်လည်ဖွင့်ကြည့်မိပြန်သည်။

ဝတ္ထုက ဇာတ်လမ်းဆန်းဆန်းပြားပြား ဘာမှမရှိ ရန်ကုန်သားလေးတစ်ယောက် မောမြေရောက်ပြီး သိပ်လှတဲ့ တောင်ပေါ်သူတစ်ယောက်နဲ့တွေ့တယ်၊ သူ သိပ်ချစ်သွားတယ်၊ အဲဒီချစ်သူက သူကိုယ်သူ မြေမှာပွင့်တဲ့ပန်းနဲ့ နှိုင်းလို့ မဟုတ်ရပါကြောင်း ရှင်းပြပြီး သူ့ရင်နဲ့အမျှ ချစ်ခြင်းမေတ္တာတရားတွေ သယ်ဆောင်ပြီး ပြန်လာတဲ့အခါမှာ သူ့ရဲ့ မြတ်နိုးမှုမေတ္တာကို ယုံကြည်နိုင်ပါစေ၊ သူ့ကို လက်ခံကြိုဆိုပေးပါ ဆိုသော တောင်းပန်စာနုလေး။

"ဩော်. . . ကိုပိုင်စိုးရယ်၊ စာရေးဆရာ ဆိုတော့လည်း ရည်းစားစာကို တိုင်းသိပြည်သိဖြစ်အောင် တင်ပြနေပါလားရှင်"

"စာရေးဆရာဆိုတာ သူတို့ချစ်သူတွေကို ဒီလိုပဲ စောင်းရေးကြ၊ တည့်တည့်ရေးတတ်ကြတယ် ထင်တယ်နော်၊ သူ့စာဖတ်





င်တတော့ ဘယ်သိကြရှာပါ့မလဲ၊ ဝတ္ထုထဲက မင်းသား ခံစားမှုလို့ပဲ ထင်ကြမှာ. . .

အခုများ ကြည့်ပါဦး. . .

သူ့စာတွေထဲမှာတော့ မြနန်းမုံဆီက ခင်မင်မှုလေးကို အပျက်ပြားမခံနိုင်လို့ သူပြောချင်စရာ ရှိတာကို မပြော လို့ ရေးထားပြီးတော့. . .

"မြေပွင့်ပန်းသို့ တမ်းတခြင်း"မှာတော့ နန်းမုံအတွက် တ် သီဖွဲ့ရေးသားထားပါလား ကိုပိုင်စိုးရယ်. . .

ိုင်ငံကျော် စာရေးဆရာတစ်ယောက်ရဲ့ ရည်းစားစာဟာ ာ်သွားမှာပါ၊ အဲဒါ နန်းမုံအတွက် ရေးထားတာလို့ ာ့. . .

နန်းမုံရဲ့ နှလုံးအိမ်မှာလေ မခံစားဖူးတဲ့ ဝေဒနာဦးတွေ ွားနေရပါပြီ ကိုပိုင်စိုးရေ. . .

"နန်းမုံကို တင်စားတာက 'ချစ်သူ'တဲ့"

"သူ့ကိုယ်သူတော့ 'မောင်'တဲ့"

"အို. . . ကွယ်"

ခုတင်ပေါ်မှာ ပက်လက်လှန် လှဲချလိုက်ပြီး မျက်စိကို းလိုက်မိသည်။

မြနန်းမုံ၏ ရင်ပြင်မှာတော့ ကိုပိုင်စိုး၏ ခံစားမှု စာနု သီဖွဲ့ထားပါသော ဝတ်လွှာမဂ္ဂဇင်း။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ် စာအုပ်ကြီး ရင်ဘတ်ပေါ်တင်ပြီး သော စိတ်ကူးယဉ်နေလဲ ပြောစမ်း"

"အာ. . . မမခမ်း"

အင်္ဂလိပ်စာဌာနမှ ဆရာမလေး ဒေါ်နန်းခမ်းနွဲ့ လန့်လန့်ထိတ်ထိတ် ရှက်ရှက်ရွံ့ရွံ့ဖြင့် ထရင်း. . .

"ဘာ. . . ဘာမှမဖြစ်ပါဘူး မမခမ်းရဲ့၊ စာဖတ် အိပ်ချင်သွားလို့ပါ"

"ဒါဖြင့် အိပ်အိပ်"

"အို. . . မဟုတ်ပါဘူး"

"မန္တလေးက ပြန်လာလို့ သရက်သီးနဲ့ လမုန့် လာ တာ"

"ဩော်. . . ကျေးဇူးပဲ မမခမ်းရယ်၊ ကျေးဇူးပါပဲ"

"ရတယ်. . . သွားတော့မယ်၊ ဟိုဘက်ခန်း ဝင်ပေး ဦးမယ်"

ဒေါ်နန်းခမ်းနွဲ့ ပြန်သွားတော့ ဝတ်လွှာမဂ္ဂဇင်းကို အုံးအောက်သို့ သိမ်းဝှက်ထားလိုက်ရသည်။

"အင်း. . . မမစိမ့်က စာသရဲ ဆွဲဖတ်ရင်တော့ သီ မှာပဲ. . ."

ဒေါ်နန်းခမ်းနွဲ့ ပေးသွားသော မုန့်များကို သိမ်းရ မမစိမ့်နှင့်အတူ ညမှ စားကြပါမည်။ ယနေ့ မမစိမ့် ဈေးသွား မြနန်းမုံကတော့ သူတို့လိုဈေး မလိုက်နိုင်ပါ။ မမစိမ့်လို ငွေ နိုင်၍ ဖြစ်ပါ၏။ ဈေးတစ်ခါသွားမိလျှင် ဘတ်(စ်)ကားခ





သွားတစ်ကျပ် အပြန်တစ်ကျပ်၊ ဟင်းရန်နှင့် စားစရာများ၊ ဆက်သော အသီးရွက် ပေါပေါများတွေ့၍ ဝယ်လိုက်မိ အစိတ်သုံးဆယ် ထွက်သွားပြီး ရသောလခလေးနှင့် ခြစ်ခြုတ်ခြုတ် တိုင်း၍ သုံးနေရသော ဘဝမို့ပါ၊ ဒါတောင် ကြီးနှင့် မော်ကွန်းထိန်းများ၊ ဆရာ ဆရာမများ၏ စေတနာ ကြောင့် အဆောင်မှာ နေခွင့်ရပြီး မီးကြိုက်သလို သုံး၊ ပူရသည့်အတွက် တစ်ကိုယ်ရေ စားသောက်ရုံသာ စရိတ် ရ၍ ကျေးဇူးတင်လှပါသည်။

မြနန်းမုံနေသော အရှေ့တောင်ယွန်းယွန်းဆီ ဘက်မှာ င်းက ပို၍ကျယ်ပြန့်လှပသည်။ နိမ့်ရာမှ မြင့်တက်နေသော နီကွက်များ ပင်စည်အဖြူရောင် ဖြောင့်ဖြောင့်ကြီးနှင့် ဘက်မှာသာ ဖြာဝေနေသော ယူကလစ်ပင်များ၊ ပင်ခြေနား ဆီ ရွက်မြှောကိုင်းလေးများ စုပေါင်းဖြာကျနေသော ထင်းရှူး ကြီးများ၊ နောက်ဘက်ဆီမှ တောင်တန်း ဝိုက်ဝိုက်ကို င်တော့. . .

"ဆရာမတွေကို စိတ်မချလို့ထင်တယ်၊ တောင်တွေ ဝိုင်း ထားတယ်နော်" ဆိုသော စကားကို ကိုပိုင်စိုး ပြောလည်း ပြော ရာပါ၊ တောင်ကြီးကောလိပ်၏ ပြင်ပမှာ တောင်တွေက ညီညာသော စက်ဝိုင်းကြီးတစ်ခုပမာ ပတ်ဝိုင်းထားပါ၏။

မြင်ကွင်း ပြန့်ပြန့်ရှင်းရှင်းကြီးကို ကြည့်ပြီး မိမိဘဝ၏ အထီးကျန်ဆန်ခြင်းကို ဝမ်းနည်းလာသလိုလို

"အင်း. . . ပန်းငုံတစ်ယောက် ဘာတွေများ ဇွတ်တိုးလုပ်



www.burmeseclassic.com

www.burmeseclassic.com

နေပြီလဲ"

"အမေ အမေမှ နေကောင်းရဲ့လား၊ အမေရယ် သမီးကြ
တာဝန်ပျက်နေရတာ ခွင့်လွှတ်ပါအမေ"

အမေ့ရုပ်သွင်ကို မြင်လာတော့ မျက်ရည်က ချက်ချင်း ဝိုင်းတက်လာသည်။ ဘာမှမတတ်နိုင်သောဘဝမို့ စိတ်ကိုသာ ထိန်းထားရပါ၏။

"စိုင်းလေး မလာတာလည်း ကားနှစ်ပတ်စာ ရှိသွားပြီ ဘာများဖြစ်လို့ပါလိမ့်"

သံယောဇဉ်လေးကို တွေးမိမြင်မိလာပြန်သည်။ ဆယ် တန်း တစ်နှစ်ကျ၍ မြနန်းမုံက စာကို အကြီးအကျယ် အပင်ပန်း ခံ၍ သင်ပေးတော့...

"တုတ်တစ်ချောင်းနဲ့ နွားမောင်းသလို မောင်းပြီး သင်ပေး လို့ အောင်တာ၊ စိုင်းတော်လို့ မဟုတ်ဘူး၊ မမမုံတော်လို့"

ဆိုသော စကားလေးကို ကြားယောင်ရင်း ကားမောင်း သမားဘဝလေး ဖြစ်သွားရသည်ကို ရင်နင့်မိသလိုလို။

"အင်း... ပြောလို့သာ ပြောတာပါလေ၊ ငါ့တစ်လစာ ဝင်ငွေနဲ့ စိုင်းတစ်လစာ ဝင်ငွေ ယှဉ်လိုက်ရင် သူက ဆယ်ဆ ပိုရတာပါ၊ ဒါပေမယ့် ကောလိပ်ကျောင်းသား မဖြစ်ဘဲနဲ့လည်း ဘွဲ့ရနေတဲ့ ကာလကြီးမှာ စာပေးစာယူနဲ့ပဲ စိုင်းကို ဘွဲ့လေး တစ်ခုတော့ရအောင် လုပ်ခိုင်းဦးမှ"

ဇာတိမြေ မိုင်းပွန်ရပ်ဆီသို့ အတွေးက ရောက်သွားပြီး သံယောဇဉ်သုံးဦး၏ အကြောင်းများ တွေးအပြီးမှာ...





"ငါ့ကို 'ချစ်သူ'လို့ တင်စားထားတဲ့သူရယ်၊ အခုလ ပထမ ပတ်ထဲမှာ ရောက်မယ်ဆိုတော့ နီးလာပြီပဲ၊ အင်း သူလာရင် ငါဘယ်လိုလုပ်ပြီး ရင်ဆိုင်ရပါ့မလဲ"

ရှင်းပြန့်သော မြင်ကွင်းကို ကြည့်နေရ၍ အတွေးများက လွင့်ချင်တိုင်းလွင့်ပြီး ပျံ့ချင်တိုင်း ပျံ့နေသည် ထင်ပါ၏။

"အင်း... နေလေးထွက်လာတုန်း အဝတ်လျှော်ဦးမှ"

တစ်ကိုယ်ရေ တာဝန်များကို ပြန်လည်သတိရပြီး အဝတ် ဟောင်းကို ဇလုံတွင်းထည့်၍ စောစောက ကြည့်နေသော မြင်ကွင်းကို ကျောခိုင်းကာ ပင်လုံဆောင်၏ အရှေ့ဂိတ်တံခါး ရှာဘက်ကို လျှောက်လာတော့လည်း ဘုရားတောင်ကြီးက မားထီးမားမား ဆီးကာလို့ပါ။ ကောလိပ်လမ်းကိုလည်း တောင်ကို ထွင်း၍ပင် ဖောက်ထားသည် ထင်သည်။ ကုန်းမြင့်က တော်ရုံကားမတက်နိုင်၊ အမောင်းမကျွမ်းလျှင်လည်း လိမ့်ဆင်း သွားတတ်သေးသည်။

"အဝတ်လျှော်လား မြနန်းမုံ"

"ဟုတ်ကဲ့ မမ"

အသက်ငါးဆယ်ကျော်နေပြီဖြစ်သော ဆရာမကြီး တစ်ယောက်ကို အသက်နှစ်ဆယ်စွန်းရုံလေး မြနန်းမုံက မမပင် ခေါ်ရပါ၏။ တက္ကသိုလ်ကောလိပ် နယ်မြေနှင့် ဆေးပညာ လောကမှ ဆရာဝန်မများ ဝန်းကျင်တွင် ဒေါ်ဒေါ်တို့ အန်တီတို့ မှာ မခေါ်ဝေါ်ထိုက်သော အသုံးအနှုန်းများအဖြစ် ရှေးအစဉ် အဆက်ဆက်ကပင် သတ်မှတ်ထားခဲ့ကြလေသလားမသိ။



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ကတော် မျက်ခုံးဟုလည်း ခေါ်သော စွယ်တော်
လို ခပ်သွယ်သွယ်ပန်းများ ပွင့်လေ့ရှိသော အပင်များကို
ပိတ်စွာ ခြံစည်းရိုးအဖြစ် ကာထားသော နောက်မှ ရေကန်
ဘေးမှာ အဝတ်များကို အားရပါးရ လျှော်နေမိလေသည်။

ဩော်. . . သူသာမြင်ရင် ခြံစည်းရိုးလုပ်ထားတဲ့ အ
စားအပင်ကတောင် ခရမ်းရောင်ပွင့်လေးတွေနဲ့ သိပ်လှတာပဲ
ပြောဦးမယ် ထင်ပါရဲ့လေ။

လက်က အလုပ် လုပ်နေရသော်လည်း မြနန်းမုံ၏ရင်
မှာ အတွေးထဲမှာဖြင့်. . .

"ငါ့ကို ချစ်သူတဲ့၊ သူ့ကိုယ်သူ မောင်တဲ့လေ"

◆ ◆ ◆



အခန်း ॥ ၁၈ ॥

"မကြာခင်မှာပဲ ရောက်တော့မှာ၊ ဘာမှ မေးမနေပါနဲ့
မမမုံရယ်"

"မမသိချင်လို့ပြီ စိုင်း၊ အမေ. . . အမေ နေကောင်းရဲ့
င်. . ."

"ကောင်းပါတယ် မမမုံရဲ့"

"စိုင်းမျက်နှာ တစ်မျိုးဖြစ်နေပါတယ်၊ မမမုံ သိပါပြီကွယ်၊
အိမ်မှာမရှိတော့ဘူး မဟုတ်လားဟင်"

"ခုလောက်ဆို ပြန်ရောက်ချင် ရောက်နေမှာပေါ့၊ သူက
သွားနေကျ ပြန်လာနေကျပဲ၊ မမမုံကလည်း အလကား
ည်ကျနေပြန်ပြီ၊ ဟိုမှာ လူတွေကြည့်နေတယ်ဗျ"

စိုင်းလွမ်းအောင်၏အသံက ခပ်ကျယ်ကျယ်နှင့် ဆူသလို
သလို ပြောလိုက်တော့မှ မြနန်းမုံမှာ မျက်ရည်တို့ကို တို့သုတ်
ရပါ၏။

မွေးကတည်းက အတူနေပြီး အတူကြီးပြင်းလာကြ



www.burmeseclassic.com

www.burmeseclassic.com



များဖြစ်၍ စိုင်းလွှမ်းအောင်၏ မျက်နှာအမူအရာကို
အကဲခတ်တတ်ပါသည်။

အမေနှင့် မြနန်းမုံတို့၏အကြောင်းကို မေးတော
ကျကျ အဖြေမရ၊ ဝေ့ဝေ့လည်လည် ပြောနေ၍ အိမ်မှာ
တစ်ယောက်တည်း ထားရစ်ခဲ့ပြီး မြပန်းဝံ့ ကိုစောနွေတို့
သို့ သွားပြန်ပြီ ဆိုသည်ကို သိလိုက်ပါပြီ။

စိုင်းလွှမ်းအောင် တကယ်ပဲ စိတ်မရှည်၍လား
ဝိုတာကို မကြည့်ချင်၍ပဲလားဖြင့် မသိ။ မျက်နှာ
တည်တည်လုပ်ပြီး ကားစတီယာရင်ပေါ်မှာ မေးတင်
မြနန်းမုံလည်း ဘာမှထပ်၍ မမေးဖြစ်တော့ပါ။

ကျောင်းပိတ်ရက် သုံးရက်ဆက်နေသဖြင့်
အစောကြီးထ၊ ဘုရားရှိခိုး၊ အနွေးထည် အနက်
ဝတ်ကာ ခြင်းတစ်လုံးဆွဲ၊ အိတ်ကလေးတစ်လုံးလွယ်ပြီး
ကား'ဟု စာကပ်ထားသော ရ-ပ-ခ နှင့် ကောလိပ်
ကားကို နံနက်ခြောက်နာရီခွဲတိတိမှာ တက်စီးလာခဲ့လေ

ထုံးစံအတိုင်း သစ်တောဂိတ် အမှတ် ၂ ဂိတ်
ထောင့်များကို ဖြတ်ကျော်ပြီးသည်နှင့် ဈေးအထိ လိုက်
တော့ဘဲ မြသုခ မှတ်တိုင်မှာဆင်း၍ အမေ့ဖို့ မုန့်
ဝယ်သည်။ ဈေးတောင်ဘက်လမ်းအတိုင်း လျှောက်
ကမ္ဘောဇ စားသောက်ဆိုင်နှင့် တည်းခိုခန်းရှေ့တွင် ရပ်
သော ဟိုပုန်းကားဂိတ်ကို ဖြတ်ကျော်ပြီး မိုင်းပွန် ကား
ရောက်တော့ ကားပေါ်မှာ လူတွေ ရောက်နှင့်နေကြ





စိုင်း၏ ကားအလှည့်မို့ ရှေ့ခန်းမှာ နေရာက ရပြီးသား။
မြနန်းမုံလည်း မင်းလမ်းပေါ် မမွှာရုံရှေ့ ရွှေလိမ္မော်ဆိုင်မှ
ယ်ထားသော ဝက်သားပေါက်စီနှင့် အသားပေါင်းကို
ဆာနှင့် နှိုက်ယူစားနေမိသည်။ သူ့ကိုလည်း ဘာမှထပ်၍
တော့ပါ၊ စိုင်းကလည်း စကားမပြောချင်၍လားမသိ၊ ကား
ငြိုင်ထွက်၍ ရပ်နေ၏။

တောင်ကြီးမြို့၏ လမ်းခွဲမြို့များဖြစ်သော လွိုင်လင်၊
သို့သွားကြမည့် ကားများ ခရီးသည်များနှင့် ရှုပ်ထွေးနေ
သည်။ မြို့မဈေးအတွင်းမှာလည်း ဈေးသည်နှင့် ဈေးဝယ်တို့
ထွေးနေကြပြီ။ ရဲလိုးဘောလ်ဟု ခေါ်သော ဂန္ဓမာပွင့် ဝါဝါ
ကို တစ်ပွေ့ကြီး ပွေ့ပွေ့ပြီး အိမ်ရှင်မများ ဈေးထဲမှ ထွက်
နေကြသည်။

“ရပြီဆရာရေ့ ထွက်မယ်”

စပယ်ယာလေးက ကားခေါင်မိုးပေါ်မှ ကုန်များကို
င့်တုပ်ချည် စည်းနှောင်ခြင်း ပြီးဆုံး၍ ကြုံးအော်လိုက်
သည်။

သည်တော့မှ စိုင်းလွှမ်းအောင်က ကားထဲဝင်ပြီး ကား
ပိတ်ရင်း အံ့သြသလို ကြည့်လိုက်၏။ ဘာမှတော့ ပြော
ပါ။

စိုင်းလွှမ်းအောင်၏ဘေးမှာ ‘မှိုဖြူအျည်း’ဟုခေါ်သော
အဘွားကြီးတစ်ယောက် ရောက်နေသည်။ မြနန်းမုံက
၏ ဒီဘက်စွန်းမှာ စိုင်းနှင့် တစ်ယောက်ခြားနေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ခွန်ဖုန်းထွင့်'ဆိုသော သူ့သားနှင့် 'နာင်နှောင်း' ဆို [illegible]
သူ့သမီးတို့ကမူ ကားနောက်ခန်းကပင် သွက်လက်စွာ တ [illegible]
ပါ၏။

သူတို့၏မိခင်ကို တောင်ကြီးဆေးရုံမှာ လာပြပြီးအ [illegible]
ရှေ့ခန်းကထိုင်ပါရစေဟု ပြောလာသည်။ သူတို့နှစ်ယော [illegible]
နှင့် မြနန်းမုံ သိပါ၏။ ပအိုဝ်းစကားပင် အနည်းငယ် ပြော [illegible]
ဆိုတတ်နေသည်။

ပအိုဝ်းဘာသာအရ 'မှို့ဝ်'ဟူသည် အမျိုးသမီးကြီး [illegible]
ရှေ့မှ 'ဒေါ်'ဖြစ်၍ 'ခွန်'သည် 'မောင်'ဖြစ်ပြီး 'နာင်' သည် [illegible]
ဖြစ်၏။

ဤသားအမိတစ်တွေကို တွဲ၍ စီးစေလိုသော်လည်း [illegible]
မကြည်မှာစိုး၍ ရှေ့ခန်းမှ မရွှေ့ဝံ့။

လေတိုက်မခံဝံ့လို့ အလယ်မှစီးပါရစေဟု ဆို [illegible]
နေရာရွှေ့ပေးလိုက်သည်ကိုပင် စိုင်းကို ရှင်းမနေတော့ပါ။

ဆံပင်များ ထိပ်မှာ စုတင်ထုံးနှောင်ထား၍ သျှောင် [illegible]
လေးက ငယ်ထိပ်ရှေ့ နဖူးအထက်နားမှာ ခပ်ငိုက်ငိုက် ကျ [illegible]
မျက်နှာသုတ်ပဝါ ဝါဝါကြီးကို ထိုဆံထုံးနည်းနည်းပေါ်အော [illegible]
ကွေ့ဝိုက်ပတ်ပေါင်းထား၏။ အကျႌအရှည်တစ်ထည် [illegible]
တစ်ထည် ဂါဝန်လို ခြေသလုံးဖုံးနှင့် ခြေပတ်တို့အားလုံး ပိန် [illegible]
အနက်ရောင်များချည်းသာ။

ရှမ်းပြည်နယ်မှ ပအိုဝ်း လူဦးရေများ များစွာတို [illegible]
ခေတ်မီလာသည် ထင်မိ၏။ သူဌေးများ၊ ပညာတတ် [illegible]

[illegible] ဝ်ဖက်လုပ်ငန်းပိုင်ရှင်များစွာကို မြနန်းမုံ တွေ့နေရသည်။
[illegible] င်ပေါ် ရွာများ၌လည်း အဝတ်မည်းများဖြင့် ယာလုပ်ငန်းကို
[illegible] ားပမ်းစား လုပ်လေ့ရှိကြသော ပအိုဝ်းတိုင်းရင်းသားများပါ။

မြနန်းမုံတို့ကျောင်းမှာလည်း ပအိုဝ်းအသင်း၏ လှုပ်ရှားမှု
[illegible] ထက်မြက်ပါသည်။ ပွဲရှိတိုင်း ပအိုဝ်းမ ချောချောလေးများနှင့်
[illegible] ဝ်းလေးများ ဝိုင်းဖွဲ့ကပြကြသော အကများထဲမှ
[illegible] တန်ခမ်းပေါင်စုအက' 'ခမ်းမိုင်ကောင်အက' များကို မျက်စိ
[illegible] မြင်ယောင်လာမိသည်။ သူတို့အတီး၊ သူတို့အဆိုနှင့်
[illegible] သား အမျိုးသမီးများ ရောယှက်ပြီး အသားဖွေးဖွေး အဝတ်
[illegible] ဆလေးများနှင့် ခုန်ပေါက်ကလေ့ရှိသော မြင်ကွင်းကို
[illegible] ယောင်နေမိသည်။

စိုင်းလွမ်းအောင်က မျက်နှာခပ်တည်တည်နှင့်ပင် ကားကို
[illegible] ပြီး ဂီယာထိုး၍ ဘီးစလှိမ့်ချိန်မှာ. . .

"ဟိုးထား ဆရာရေ၊ နောက်မှာတစ်ယောက် လိုက်မယ်"

စပယ်ယာလေး စိုင်းတွေ၏ အသံကြောင့် ကားကို
[illegible] တ်နင်းပြီး စိုင်းလွမ်းအောင်က နောက်ကြည့်မှန်မှတစ်ဆင့်
[illegible] င့်ကြည့်နေရာမှ. . .

"ဟာ. . . အစ်ကိုပါလား"

"ဟာင်"

စိုင်းလွမ်းအောင် စကားသည် မြနန်းမုံ၏ နှလုံးသားကို
[illegible] တိုင်ခါယမ်းလိုက်သလိုပင် လန့်ဖျပ် တုန်ယင်သွားမိသည်။
ပစ္စည်းတွေ မနိုင်မနင်းလွယ်ရင်း ဆွဲရင်း စိုင်းဘက်







www.burmeseclassic.com

www.burmeseclassic.com



အခြမ်းသို့ ပြေးလာပြီး. . .

"တော်သေးတယ်ကွာ၊ အစ်ကိုဖြင့် မီမှ မီပါတော့မလား

လို့"

"အစ်ကိုက ဘယ်လဲ"

"ဟာ မိုင်းပွန်ကို လိုက်ခဲ့မယ်လေ၊ မနက်က အဆော

ရောက်ပြီးပြီ၊ သူမိုင်းပွန်ကို ပြန်သွားပြီဆိုလို့ တက္ကစီကို အ

မောင်းခိုင်းပြီး ပြေးလာခဲ့ရတာပေါ့"

"အဘွားကြီးကိုတော့ နောက်ပြောင်းခိုင်းလို့ မတော

ဘူး၊ မမမုံပဲ နောက်သွားစီးချေတော့"

"အို. . . မသွားဘူး"

မြနန်းမုံ၏ အသံမဆုံးမီ ကားခေါင်းရှေ့မှ ကွေ့ပတ်

မြနန်းမုံဘေးမှ လာရပ်၍ ကိုယ်ကို ကိုင်းညွတ်လျက်. . .

"မြနန်းမုံ ကျွန်တော် လိုက်ခဲ့ပါရစေနော်"

မြနန်းမုံက ပြုံးပြုံးကြောင်ကြောင်၊ ကြောက်ကြော

လန့်လန့်နှင့် ဖြစ်နေဆဲမှာပင်. . .

"အစ်ကို နောက်ကပဲ လိုက်ခဲ့မယ်၊ မောင်းတော့ညီလေး

ဖျတ်လတ် သွက်လက်စွာ နောက်ဘက်သို့ ပြေးပြီး

ပေါ်သို့ သူခုန်တက်ပြီးသည်နှင့် ကားက ထွက်ခွာပါလေပြီ

သူ လိုက်လာသည့်အတွက် ရင်မှာ တထိတ်ထိတ် ခုန်

ချင်းက ဆက်မတတ် မြန်နေသည်။ သူ ပြန်လည်ရောက်ရှိ

ခြင်းအတွက် ရင်မှာ ပြင်းပြင်းထန်ထန် ခံစားနေရသည်လေ

အမှန်။





ဝမ်းသာခြင်းတော့ ဖြစ်နိုင်မည်မထင်။

မလိုလား၊ မနှစ်မြို့နိုင်ခြင်းလည်း မဟုတ်လှ. . .

ဒါပေမယ့်လေ. . .

ဟိုမှာ ဘာပြဿနာတွေရှိပြီး ဘယ်လိုဖြေရှင်းရမှန်းမသိရ

သေးတဲ့အထဲမှာ သူကလည်း ပါလာပြန်ပြီ။

"ခက်တော့တာပဲ၊ စိတ်ညစ်လိုက်တာ"

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ ၁၉

အချိန်က မှောင်တော့မည်။

အနီးကပ်မဟုတ်လျှင် လူလုံးမကွဲနိုင်တော့။

တောင်ပေါ်မှ တောကောင်ငယ်တို့၏ အသံများ၊ တန်းထဲမှ ပုစဉ်းရင်ကွဲလို အတောင်နှင့် အကောင်ငယ်များ အသံက တိတ်ဆိတ်ငြိမ်သက်နေသော ဝန်းကျင်မှာ ဆူညံ နေကြသည်။

လူတစ်ယောက်မျှ မသွားကြ၊ မလျှောက်ကြသည့်လှိုင်း တောလမ်းအတွင်းမှာ ချောက်ချား ရွံ့ထိတ်ခြင်း အပြည့်ဖြင့် အမြန်လျှောက်နေရသော မြနန်းမုံအတွက်. . .

မောမြေ၏ အအေးဒဏ်က မတိုးနိုင်။

ကြောက်ရွံ့ခြင်းနှင့် စိုးရိမ်ခြင်းတို့ လွှမ်းအုပ်နေသော ကြောင့် မြနန်းမုံ၏ကိုယ်မှာ ချွေးကလေးများပင် စို့နေသည်။

"မြန်မြန်လျှောက်လေ မမမုံ၊ ဟိုမှာလည်း သိပ်မ ဗျာ"





"အေးပါ"

"ရွာကလူတွေ တွေ့လို့လည်း မဖြစ်ဘူး၊ လူဆိုးတွေ တွေ့ လည်း မလွယ်ဘူး"

"မမမုံ သိပါတယ် စိုင်းရယ်၊ ကြောက်ရတဲ့အထဲ"

လမ်းလျှောက်နှေးသည်ဟုထင်၍ ပြောမိရာမှ မြနန်းမုံ၏ တုန်တုန်လေးကြောင့် စိုင်းလွှမ်းအောင် သနားသွားပြီး နန်းမုံ၏လက်ကို တွဲရန် ဆွဲယူလိုက်တော့ လက်ဖျားလေးများ စက်လို့. . .။

"မကြောက်ပါနဲ့ မမမုံ၊ ဟိုမှာ သူပါရှိနေရင် အပြန် အတွက် စိတ်ချရမှာပါ"

"သူ့ကိုလည်း မမမုံ ကြောက်တာပဲ"

"ပီငုံလည်း ရှိနေမှာ မဟုတ်လား"

"ထင်တာပဲ မသိဘူး၊ မမမုံတို့ မိသားစုဟာ ကျိန်စာများ နေတာလား စိုင်းရယ်၊ ခုလို လျှို့ဝှက်အဖြစ်ဆိုးကြီးနဲ့ နေ,နေ ရတာ မမမုံ ရင်ကွဲတော့မယ်"

"ကဲပါ. . . ဒါတွေ တွေးမနေပါနဲ့တော့၊ လာ မမမုံ၊ စိုင်း လက်ကို တွဲလေ၊ ဒီတောင်တစ်ခါတက်ပြီးရင် ပြီးပါပြီ"

လူသွားလမ်း ပီပီပြင်ပြင် မရှိသော တောင်ငယ်တစ်လုံး ကို ခက်ခက်ခဲခဲတက်ပြီး အောက်ခြေသို့ ပြန်ဆင်းလိုက်လျှင် သူတို့နှစ်ဦး သို့မဟုတ် သူတို့သုံးဦး ရှိနေရာသို့ ရောက်ပါလေ တော့မည်။

စိုင်းလွှမ်းအောင်က မြနန်းမုံကို တစ်ဖက်ကတွဲပြီး လက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်က မြေကြီးပေါ်သို့ တည့်တည့်ရောက်ရှိသော လက်

ခာတ်မီးကို ထိုးပြသည်။

"ရတယ်စိုင်း မီးမပြနဲ့ မြင်ရသေးတာပဲ"

တောင်ပေါ်မြို့၏ တောင်တန်းပေါ်မှာမို့ အရိပ်အ

ဘာမှမရှိသော ဟင်းလင်းလွင်ပြင်ဖြစ်၍ ကောင်းကင်၌ အ

ရောင်ရှိနေသမျှ မြင်ခွင့်ရနေသည်။

လူနေအိမ်ခြေနှင့် သစ်ပင် သစ်ရိပ်များ ကာကွယ်

သော မြို့ရွာများလို အမှောင်က ကြီးစိုး မလွယ်ပါချေ။

"အဆင်းကို ဂရုစိုက်နော် မမမုံ၊ အရင်တစ်ခါလို ချော်

နေဦးမယ်"

တောင်တို့၏ သဘာဝအရ အတက်ကမောရ

အဆင်းကျတော့ ခက်လှချေသည်။ မြေကျစ်စာနှင့် ကျော

လုံးလေးများက ဖြန့်ခင်းထားသလို ပြန့်နေ၍ ဖိနပ်မကော

ခြေမမြဲလျှင် ကျောက်ခဲလုံးလေးများနှင့်အတူ လျှောဆင်းသွား

မဟန်နိုင်ဘဲ လဲကျတတ်သည်။

အရင်တစ်ခါ တွေခေါက်ရွာ သွားကြတုန်းက စိုင်းကို

မိသဖြင့် လျှောကျပြီး ဖင်ထိုင်လျက် လဲသွားဖူးသည်။ ဘာ

တော့ မဖြစ်ပါ၊ တောင်ပေါ်သူမို့ တောင်ဆင်း တောင်တက်

ကျွမ်းပြီးသားဖြစ်သော်လည်း ယခုလို လမ်းမပေါက်သေး

တောတောင်လမ်းမို့ ပို၍ သတိထားပြီး ဆင်းရပါ၏။

အဆင်းလမ်းဖြစ်ပြီး စိုင်း၏ လက်ကိုတွဲ၍ ဆင်းရသေး

နိမ့်လျှောလမ်းမို့ တောင်ခြေသို့ ခဏအတွင်းမှာပင် ရောက်





တော့သည်။

ယခုလို အလင်းရောင် မှုန်မွှားမွှား မဆိုထားနှင့် နေ့လယ်

လျှင် မမြင်သာသော အဆောက်အအုံလေး တစ်ခု. . .

လူနှစ်ဖက်စာ လူသုံးဖက်စာမျှ ကြီးမား၍ သက်တမ်း

ဟောင်းဆယ်ကျော်သည် ဆိုသော ညောင်ပင်ရှိုးရှိုးနှင့်

ပိန္နဲပင်တို့ ထိဆက်ယှက်ကာ အုပ်မိုးထား၍ သူတို့၏

ဆောက်အအုံလေးကို လုံးဝ မမြင်သာနိုင်ပါ။

"တံခါးတော့ ပိတ်ထားတယ်"

"ခေါက်လိုက်လေစိုင်း"

မောကလည်း မော၊ ဆုံတွေ့ရမည်ကိုလည်း ကြိုတင်

ည်းနေနှင့်၍ လေှကားအောက်ခြေတိုင်ကို ကိုင်ရင်း မြနန်း

ပြောမိသည်။

"ဒေါက်. . . ဒေါက်"

ဘာသံမှ မကြားရ။

"ဒေါက် ဒေါက် ဒေါက်"

စိုင်းလွမ်းအောင် ခေါက်သောအသံက ပျော့၍ပဲလား

ခါးက ထူ၍ပဲလား မသိ အတွင်းမှ တုတ်တုတ်မျှမလှုပ်။

ဟော်နန်းဆောင်ငယ် တစ်ခုကို ဖျက်ယူလာပြီး ထီးနန်း

ဆန် ဆောက်လုပ်ထားသော အဆောက်အအုံငယ်လေး

သည်။ ရှေးမင်းများ ယာယီတဲနန်း စံမြန်းသည်ဆိုတာ ဒါမျိုး

လား။

မောင်းမငယ်တစ်ယောက်ကို ဘုရင်မြတ်နိုးသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ဆောက်ပေးခဲ့ဖူးသည်ဆိုသော အဆောက်အအုံငယ်
ဆိုသည်မှာ ဒီလိုမျိုးလားဟု စောင့်ရင်း မြနန်းမုံ တွေးနေမိသည်

“ရှိကြရဲ့လား”

“မရှိဘဲနေပါ့မလား စိုင်းရဲ့၊ လက်နှိပ်ခေါက်မီး အနေ
ခေါက်”

“ဒေါက် ဒေါက် ဒေါက်”

ဟူသောအသံ ပြင်းပြင်းနှင့် တစ်ဆက်တည်းလိုပင်

“ဟဲ့... မိလွန်းအိမ် ဘယ်သူက ဖူးတွေ့ချင်တာတဲ့

ဤအသံကို စတင်ကြားရလျှင်ပင် ရင်၌ ဆို့တက်လာ
မျက်ရည်က စို့၏။

ခဏအကြာမှာ တံခါးဖွင့်နေသံ ကြားရသော်လည်း
ကြာမြင့်စွာ စောင့်ဆိုင်းနေရသေးသည်။ လှုပ်ရှားမှုနှေး
လွန်းသူတစ်ယောက်မို့ စိတ်ရှည်စွာ စောင့်ဆိုင်းနေရုံသာ

တံခါးပွင့်လာပါပြီ။

ဆံပင်များ ဖွေးဖွေးလှုပ်ဖြူပြီး အသားအရေ စိုပြည်
မရှိသော ပိန်ပိန်လှီလှီ အဘွားကြီးတစ်ယောက်။

ငယ်စဉ်က, ဒေးယူရလောက်အောင် လှမည်ဖြစ်ကြော
ယခုလို ယိုယွင်းနေသော ဇရာဘဝမှာပင် မြင်သာနေပါ

အဝတ်ကိုလည်းကြည့်ပါ။

ခါးတောင် အင်္ကျီလိုလို၊ ရှမ်းအင်္ကျီလိုလို၊ ခါးရှည်
ကြမ်းပြင်မှာ တရွတ်ဆွဲနေသော ဗလာထဘီအနားစနှင့်

အဘွားအိုက မျက်ခုံးပေါ်သို့ လက်ကိုအုပ်ကာ





ကြည့်လိုက်ပြီး...

“ရှေ့တိုး ခစားလေ၊ ဘယ်အရပ်က လာကြတာတုန်း”

စိုင်းလွမ်းအောင်က အဘွားအို၏လက်ကို အသာအယာ
၍ ကတ္တီပါစအစုတ်ကို ဖုံလုပ်ထားသော ကွပ်ပျစ်ပေါ်တွင်
စေလိုက်သည်။

မြနန်းမုံသည် အဘွားအို၏လက်ကလေးကို စတင်
စမ်းကြည့်ပြီးတော့ မျက်နှာကို သူ့လက်ကလေးနှင့် မော့ယူ
ကြည့်လိုက်ပြီးမှ ပခုံးနှစ်ဖက်ကို အားပါးတရ ဖက်လိုက်ပြီး...

“အမေ... အမေ... နန်းမုံတို့ရဲ့ အမေရယ်”

မြနန်းမုံ ကြေကွဲလိုက်လှဲစွာ ငိုချလိုက်တော့သည်။

ဤမြင်ကွင်းက မြင်နေကျ ဖြစ်သော်လည်း ခမမုံ ငိုလေ
း စိုင်း၏ရင်မှာပါ နင့်တက်လာသည်။ ခါတိုင်းလိုပင် ဝဲလာ
ကျ မျက်ရည်ကို မကျဖြစ်အောင် ထိန်းထားရင်း နောက်ဖေး
ခန်းသို့ ထွက်လာခဲ့သည်။

ငိုက်မျဉ်းနေသော အမျိုးသားကြီးတစ်ယောက်၏ ပခုံးကို
လှုပ်၍...

“သူတို့ ဘယ်သွားကြလဲ”

မှိန်းနေရာမှ သူလန့်နိုးလာသလို ကြည့်တည့်ကြောင်တည့်
ကြည့်နေ၏။

“သူတို့ ဘယ်သွားကြသလဲလို့”



www.burmeseclassic.com

www.burmeseclassic.com



"ပြန်မလာသေးဘူးလား"

သူက ပုဏ္ဏာပြန်ထုတ်သူ ဖြစ်နေ၍ စိုင်းလွမ်းအောင် ... ပျက်စွာ ပြန်ထွက်လာခဲ့ရသည်။

"အမေရယ် သမီးနဲ့ပဲ ပြန်လိုက်ခဲ့ပါတော့ အမေရဲ့"

"သမီးကြီး"

"ရှင် အမေ၊ သမီး မြနန်းမုံလေ"

"အေး ငါသိပါတယ်"

"သိရင် သမီးနဲ့ ပြန်လိုက်ခဲ့ပါတော့ အမေရယ် ... သမီးကြီးကို မသနားဘူးလားဟင်"

"သနားရုံ ဘယ်ကမလဲ ချစ်လည်းချစ်တာပေါ့"

"ဒါဖြင့် သမီးနဲ့ လိုက်ခဲ့မယ်မဟုတ်လားဟင်"

"မဖြစ်သေးပါဘူးကွယ်၊ မောင်ဘုရား ကြွလာရင် ... အဆောင်နန်းမှာ စံမြန်းနေမှ ကြိုက်မှာ၊ ဟဲ့. . . အထိန်းတော် ... သမီးဖို့ ရေတို့ သစ်သီးတို့ ဆက်ကပ်ကြစမ်း"

မြနန်းမုံ ဘာမှ မပြောနိုင်တော့။

သူမ၏ ချစ်လှစွာသော မိခင်ကြီးကိုကြည့်ပြီး နှုတ်ခမ်း ... ဖိကိုက်ထားရင်းက မျက်ရည်တွေသာ တလိမ့်လိမ့် ကျဆင်း ... တော့သည်။

"ဟော. . . အသံတွေကြားတယ်၊ သူတို့ ပြန်လာ ... ထင်တယ် မမမုံ"

စိုင်း၏ တပ်လှန့်သံကြောင့် မြနန်းမုံသည် တံခါးဝ ... အာရုံစိုက်စွာ စောင့်ကြည့်နေဆဲမှာ. . .





အပြာရောင်များ ပြယ်လွင့်နေသော ဂျင်းအကျီနှင့် ...င်းဘီကိုဝတ်ကာ ဦးထုပ်ဆောင်းလျက် ခပ်သွက်သွက် ...တ်ထက်ပုံစံနှင့် တက်လာသော မြနန်းမုံ၏ ညီမလေး။

"မြပန်းငုံ"

မြနန်းမုံ၏အသံက တုန်နေသော်လည်း မြပန်းငုံက ခပ် ...တည်ပင် စလွယ်သိုင်း လွယ်ထားသော လွယ်အိတ်ကို ...င်းမှလျှို၍ ချွတ်လိုက်ပြီး. . .

"ရောက်နေတာ ကြာပြီလား"

အသံက ခပ်ပြတ်ပြတ်။ မျက်နှာက ခပ်တည်တည်။

"ကိုစောနွေရော ပန်းငုံ"

"လာလိမ့်မယ် နောက်မှာ၊ နင်ရော ကားဆွဲရတာ ဟန်ရဲ့ . . ."

"မဆိုးပါဘူး"

မြပန်းငုံနှင့် စိုင်းလွမ်းအောင်တို့က အသက်ချင်း ကွာ ...်လည်း မွေးကတည်းကစ၍ ယခုအချိန်အထိ အတူကြီး ...သာခဲ့ကြသော ငယ်သူငယ်ချင်းများ။

မြနန်းမုံကိုတော့ အစ်မကြီးအရာမှာသာ ထားကြပါ၏။

"ဘာမဆိုးတာလဲ၊ မနှစ်က ဝှန်လကဝယ်တဲ့ကားက ...ကျေသွားပြီဆို"

"ဟ. . . တိကျလှချည်လား"

"တို့က ဒါလောက်ပဲ စုံစမ်းနေတာလေ"

"ငါ့တော့ ပြန်ပေးမဆွဲနဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဆွဲသင့် ဆွဲမှာပဲ"

"ငါ့ကို အိမ်က မျက်စိနောက်နေတာ၊ ငါးပြားနဲ့ ပြန်ရွေးမှာ မဟုတ်ဘူးဟ"

သူတို့ သူငယ်ချင်းနှစ်ယောက်မှာတော့ ပြောကြ ပြုံးကြ ရယ်ကြနှင့်။ မြနန်းမုံမှာသာ မျက်ရည်စက်လ ပါ. . .။

"ညီမလေး နေကောင်းရဲ့လားဟင်"

"သိပ်ကောင်း"

"ကြည့်ပါဦး အသားတွေလည်း မည်းလို့ ကြမ်းကြမ်း တမ်းကြီးကို ဖြစ်နေပြီ"

"ဩော်. . . ပန်းငုံတို့က ပညာမတတ်တော့ နုနုနွဲ့နွဲ့ လုပ်ရတဲ့ တက္ကသိုလ်က ဆရာမတစ်ယောက်လိုတော့ မ ဘူးပေါ့လေ"

"ညီမလေးရယ်"

သူ့ကို သက်သက် ထေ့ငေါ့သောစကားမို့ မြနန်းမုံ သွားမိသည်။ စကားမပြောနိုင်လောက်အောင်ပင် ခံစားချက် က ရင်၌ ပိတ်ဆို့နေချိန်မှာပင်. . .

ဖိနပ်သံ ခပ်ပြင်းပြင်း နင်းတက်လာသော လူ တစ်ယောက်၊ ပခုံးမှာ လွယ်ထားသော သေနတ်ကို ဖြု ထရံမှာ ထောင်လိုက်ပြီး. . .

"မြနန်းမုံတို့ ဒီမှာအိပ်ကြမှာ မဟုတ်လား"

အသံကပါ ကြည်လွင်အောင်မြင်လှသည်။ အရပ်မြင့်





တောင့်တင်းကြံ့ခိုင်သော ကိုယ်ခန္ဓာရှင် ဖြစ်သော်လည်း တတော့ ချောချောလှလှ နုနုငယ်ငယ်ပါပဲ။

"အိပ်လို့မဖြစ်ဘူး ကိုစောနွေ"

"ပြန်လို့ဖြစ်မှာလား"

"မပြန်လို့ကိုမဖြစ်တာ ကိုစောနွေ၊ နန်းမုံ့အိမ်မှာ ည့်သည်ရှိနေတယ်"

"ဧည့်သည် ဟုတ်လား၊ ဘယ်ကလဲ"

ကိုစောနွေ၏အမေးက ကျယ်လောင်လှ၏။ တလန့် တ် ဖြစ်သွားပုံလည်းရသည်။ မနှစ်မြို့က်သည့် အသွင် န်ကိုလည်း မြင်လိုက်ရသည်။

"နန်းမုံနဲ့လည်း အစက မခင်ပါဘူး၊ မန္တလေးက အမေ သူရင်က စာနဲ့လွှတ်လိုက်တဲ့လူပါ"

"ဒီမိုင်းပွန်ကိုလား"

"မဟုတ်ပါဘူး၊ တောင်ကြီးကောလိပ်ကို လွှတ်လိုက်တာ ရှည်ပြီး ဒီလိုက်လာလို့ နန်းမုံတောင် စိတ်ညစ်နေမိတာ၊ ဟာက ဒုတိယအခေါက်ပါ"

"လာတဲ့ဧည့်သည်က မဆိုးပါဘူး အစ်ကိုစောနွေ"

"ဘာပဲဖြစ်ဖြစ် ဧည့်စိမ်းဆိုရင် သတိထား"

ပြတ်သားအောင်မြင်သော ကိုစောနွေ၏အသံကြောင့် န်းမုံနှင့် စိုင်းလွမ်းအောင်တို့ ငြိမ်သွားကြသည်။

"အဲဒီကောင်က ဝန်ထမ်းလား"

"မဟုတ်ပါဘူး စာရေးဆရာတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလာလုပ်တာလဲ"

"ဒီနယ်မြေကို လေ့လာဖို့တဲ့ အစ်ကို"

"ဘာ. . ."

"ဪ. . . ဒီလိုပါ၊ စိုင်းပြောလိုက်ရင် အဓိပ္ပါယ် တော့မှ မပြည့်စုံဘူး၊ ရှေးက သမိုင်းကြောင်းကိစ္စတွေ ချင်တာပါ၊ ဒီခေတ်ကိစ္စ မဟုတ်ပါဘူးတဲ့"

"သုတေသန လုပ်မှာလား"

"အဲဒီလို လေးနက်တဲ့ စာတွေ မဟုတ်ပါဘူးတဲ့၊ မှာ အဲ ဒီနယ်မြေကို အခြေခံပြီး ဝတ္ထုတိုလေး နည်း ပါးပါး ထည့်ရေးမှာတဲ့"

"အို ရှုပ်တယ်၊ စာရေးဆရာဆိုတာ သက်သက် စိတ် ယဉ်နေတဲ့ကောင်တွေ"

သူ ဖရိုဖရဲ အကျီကို ဆောင့်ချွတ်လွှင့်ပစ် ရင်း. . .

"သူ့ကို ပြန်ခိုင်းလိုက်ပါ၊ မဟုတ် စောနွှေလက်ချက်နဲ့. . ."

"အို"

မြနန်းမှုံ လန့်သွား၍ စိုင်းလှမ်းအောင်က. . .

"အစ်ကို ဒီအတွက်တော့ စိတ်ချ၊ ကျွန်တော် တာဝန် ပါတယ်၊ သူ့ဝတ္ထုတွေလည်း ကျွန်တော်ဖတ်ဖူးတယ်၊ သူ့ မှာ ဘာအကြောင်းမှ ပါမလာပါဘူး၊ စုံစမ်းရေး ဆင်းတာ မဟုတ်ဘူးအစ်ကို၊ သူဟာ အနုပညာရှင်သက်သက်ပါ"





"ယောက်ျားဖြစ်ပြီး အနုပညာရှင်တဲ့ကွာ. . . ဟား. . ."

ကိုစောနွှေ၏ လောကကို သုံးသပ်ပုံသည် ခက်ထန်ကြမ်း သချေသည်။ သူ၏ ရက်စက်သော စိတ်ထားကိုပင် ယောကျ်ားပီသစွာ ရဲရင့်ပြတ်သားသူအဖြစ် သူခံယူ၏။

သူ့၌ တစ်ခုတည်းသော ကောင်းမြတ်ခြင်းကိုဖြင့် ပိုင်ဆိုင် သည်။

သစ္စာတရား။

ဘာပဲဖြစ်ဖြစ် သူပြောသလို လုပ်သည်၊ သူ့ တပည့်များ ရားလုပ်လာလျှင် ပြတ်ပြတ်သားသား ဆုံးမ၏။ အထူး ဖြင့် မိန်းကလေးများအပေါ်၌ ခိုင်မာလွန်းသော သစ္စာတရား သည်။

မြနန်းငုံကို သူ လက်မထပ်သေးဘဲနှင့် ဘာမှမဖြစ်စေရ သော သူ့ခံယူချက်အတိုင်း နေခဲ့သူဟု မြနန်းငုံထံမှ သိထား သားပါ။

ဘာပဲဖြစ်ဖြစ် ကိုစောနွှေသည် စိတ်ဓာတ်ပြင်းလွန်းစွာ တွေးအခေါ် လွဲနေသော လူငယ်တစ်ယောက်သာ ဖြစ်ပါလေ လူဆိုးဂိုဏ်းတစ်ခု၏ ခေါင်းဆောင်တစ်ယောက်အဖြစ် ဤ မြေတစ်ဝိုက်မှာ ထင်ရှားနေသည်။

သူ၏ ပင်ကိုစိတ်ကိုက ခက်ထရော် ကြမ်းတမ်းခြင်း၌ လျော်သူ။



www.burmeseclassic.com

www.burmeseclassic.com



ဤလောက၏ လှပနူးညံ့ခြင်းများ၊ တောတောင်သ
၏ သာယာချမ်းမြေ့ခြင်းများကို လျှစ်လျူပြုနိုင်ခဲ့သူပါတည်

"ကိုစောနွေကို နန်းမုံတစ်ခုတော့ ကြိုတင်ပြီး တော
ထားပါရစေ"

"အခု ရောက်လာတဲ့ ကိုပိုင်စိုးဆိုသူဟာ နန်းမုံနဲ့
မပတ်သက်ပေမယ့် နန်းမုံရဲ့ ကျေးဇူးရှင် အမေဒေါ်လှ
လွှတ်လိုက်တဲ့သူမို့ သူ့ကို ကိုစောနွေတို့ ဒုက္ခမပေးကြဖ
တောင်းပန်ပါတယ်"

"ကောင်းပြီ သူဘာမှမလုပ်ရင် ဒီကဘာမှ မလုပ်ဘူ

ကိုစောနွေထံမှ သည်လောက်စကားရလျှင်ပင်
လောက်ပါပြီ၊ ကိုပိုင်စိုးအတွက် စိတ်ချရပါပြီ။

မြနန်းမုံအတွက် ရေနွေးကြမ်းတစ်ခွက်ကို ငှဲ့ယူလာ
အေးနေသော ခေါပုတ်ကြော်ပန်းကန်နှင့်အတူ ရှေ့သို့ချ
ရင်း. . .

"ပန်းငုံကို ဘာပြောစရာရှိလဲဟင် မမမုံ"

"ပြောချင်စရာတွေကတော့ အများကြီးပဲ၊ ရင်ထဲမှာ ပြ
နေတာပဲ"

"ဒါဆိုသိပြီ၊ ပြောဖို့မလိုတော့ဘူး။ ကိုစောနွေနဲ့ ခုလို
ပါနဲ့၊ အမေ့ကို ဆေးကုဖို့ ကြိုးစားရအောင်၊ ဒါတွေ မဟုတ်လာ

ချစ်လှစွာသော ညီမလေး မြပန်းငုံကို ရင်နင့်စွာ ကြည့်
သည်။ ထိန်းထားပါလျက် မျက်ရည်တို့က ဝေပြီး ကြွေကျ
သည်။





"မမမုံ ပြောချင်တာ ဒီစကားတွေပဲ မဟုတ်လား၊ ပန်းငုံ
ည်း ပြောပြီးသားစကားပဲ ထပ်ပြောရမှာပဲ"

"ပန်းငုံရယ်"

"ပန်းငုံတို့သားအမိကို ဘယ်သူကများ တာဝန်ယူနိုင်သလဲ

မြနန်းမုံ၏ မျက်ရည်တို့ အဆက်မပြတ်တော့။

"တော်. . . တော်ပါတော့ ပန်းငုံရယ်"

"အစ်ကိုစောနွေက သူများတွေလို ပါးစပ်က စေတနာ
တာ မဟုတ်ဘူး! မမမုံ၊ ပန်းငုံတို့သားအမိကို တကယ်
တွေ့ ကျွေးထားတာက အစ်ကိုစောနွေပဲ"

သက်ပြင်းမောကို ချလိုက်သော်လည်း မွန်းကျပ်နေသော
ပြေလျော့မသွား။

"ဘာပဲဖြစ်ဖြစ်ပေါ့ ပန်းငုံရယ်၊ တို့မှာ ဒီသားအမိ သုံး
တ်ပဲရှိတာ၊ ဖြစ်သလို ရှန်းကန်ပြီး အမေ့ကို ပြုစုသင့်တယ်၊
နှမှာပဲ နေသင့်ကြပါတယ်ကွယ်"

"မမမုံ ကျွေးထားနိုင်လို့လား"

"ဒီလောက် ရက်ရက်စက်စက်ကြီး မမေးပါနဲ့ ပန်းငုံ၊ မမမုံ
လခလေးနဲ့ မနည်းဖြစ်သလို စားနေရတယ်၊ ခုလို သွားရ
တဲ့စရိတ်နဲ့ မလောက်မင ဖြစ်နေရတယ်ဆိုတာ ပန်းငုံလည်း
လေ"

"အေးလေ၊ ကိုယ့်တစ်ကိုယ်ရေတောင် အနိုင်နိုင်ဖြစ်နေ
ဆိုရင် ပန်းငုံတို့သားအမိကို ဘာကြောင့် မြို့ပေါ်ခေါ်သွား



www.burmeseclassic.com

www.burmeseclassic.com



ချင်တာလဲ"

"အတူနေချင်လို့၊ အမေ့ကို ဆေးကုချင်လို့၊ ပြီး
ညီမလေး မြပန်းငုံကို ခုလို တောထဲမှာ ဘဝအဆုံးမခံနိုင်

"ဟာ. . . ဟ ရယ်စရာကြီးနော်"

"မလျှောင်ပါနဲ့ ပန်းငုံ"

"မလျှောင်ပါဘူး၊ ပန်းငုံပြောတာ အရှင်းလေးပဲ၊ အခ
စောနွေထားတဲ့အတိုင်း မမမုံ ထားနိုင်တယ်ဆိုရင် အခုပဲ အ
လက်ကိုဆွဲပြီး လိုက်ခဲ့မယ်လေ ဘယ့်နှယ်လဲ"

ရင်၌ ထိခိုက်နာကျင် နာကြည်းခြင်းများ စုစည်းခံစား
ဖြင့် မြပန်းငုံကို စိုက်ကြည့်နေမိသည်။

"ကိုစောနွေလိုတော့ ဘယ်ထားနိုင်ပါ့မလဲ၊ ငါက ထ
သဖြင့် ရှာလို့ရတဲ့ငွေ၊ ကလေးတွေကို ပညာမျှဝေပေးလို့
ပိုက်ဆံပဲ"ဟူသော စကားလုံးတွေက ဒေါသမီးရှိန်ဖြင့် ရင်ထဲ
ခုန်ပေါက်နေကြသည်။

ဒါပေမယ့် ပြောလို့မဖြစ်၊ ပြောလည်း မပြောရဲပါ။ မြ
ငုံသည် မြနန်းမုံနှင့် ဆန့်ကျင်စွာ တမင်နေထိုင်ပြနေ၏။ ခပ်ကြ
ကြမ်းနေသည်ကိုပင် ဟုတ်လှပြီအထင်နှင့် စိတ်ရိုင်းတွေ
သွင်းယူနေလေသလား။

မြနန်းမုံသည် မြပန်းငုံနားမှ ထပြီး အမေ့ခြေရင်းမှာ
ထိုင်ရင်း အမေ့လက်ကို ဆုပ်ကိုင်ထားမိသည်။

မိခင်၏ မေတ္တာရည်တို့ စိမ့်ဝင်ကူးစက်မလာကြော
ရင်နင့်စွာ သိနေရပါ၏။





အမေဆိုသော ဒေါ်နန်းလှသည် အမှန်တရားနှင့် မေတ္တာ
တို့ကို လက်ခံတုံ့ပြန်နိုင်စွမ်းအား မရှိတော့။
ပုံမှန်စိတ်နေစိတ်ထားတို့ ယိုယွင်းနေခဲ့ရရှာလေပြီ။
အမေသည် အထိန်းအကွပ်မဲ့စွာ သွက်သွက်လည်အောင်
ရှာသူသာတည်း။

အမေသည်သို့ ဖြစ်သွားစေရအောင် ဖန်တီးဖြစ်ပေါ်ခဲ့
သွေးပျက်ဖွယ်အကြောင်းရာတို့သည် မြနန်းမုံ၏ အတွေး
တွင်းမှ စတင်ရှင်သန်လာ၏။

အစမှ ပြန်လည်ကပြတော့မည့် ဇာတ်လမ်းတစ်ခုလို
ခိုင်းမှာ 'ဦးတောက်ထိန်'၏ မျက်နှာကို စတင်မြင်လာသည်
င်၊

"အို. . . ဒါတွေ ပြန်မတွေးတာပဲ ကောင်းပါတယ်"
ဟူ၍ မတွေးဘဲနှင့် ပြန်ပေါ်လာသော 'ဇာတ်လမ်းရိုင်း'
ဆစ်ပိုင်းချိုးဖြတ်ပစ်လိုက်ရတော့သည်။

"အမေ သမီး ဒီည ပြန်ရမှာ"

"ဩော် အေး. . . ဝေါယာဉ်တော်ပြင်ပြီးပြီလား"

လူငယ်လေးစိုင်း၏ ရယ်သံတစ်ချက် ထွက်လာသည်။
နန်းမုံက မရယ်နိုင်ရုံမက ငိုချပစ်လိုက်ချင်ပါသည်။ စိုင်းကို
စောင်းစူးစူးထိုးမိတော့ ငြိမ်ကျသွား၏။ ယခု ရှိနေသူများ
လုံးထဲမှာ မြနန်းမုံ အပိုင်ဆုံး အနိုင်ဆုံးက စိုင်းလွှမ်းအောင်
လေ။

"အမေ ဘာစားချင်လဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"မလိုပါဘူး၊ ပွဲတော်အုပ်မှာ အပြည့်ပါ"

မြနန်းမုံသည် သူ သယ်ယူလာခဲ့သော တောင်ကြ
ဆန်းမြင့်ကိတ်မုန့်တိုက်မှ မုန့်များကို ကျွေးတော့လည်း အ
တရ စားနေရှာသည်။

မြပန်းငုံနှင့် စကားပြောရတာ အဆင်မပြေ၊ ပြေ
လည်း မကောင်း၊ သူ၏ အမျက်စောင်မာန်စကားများကို
ထပ်၍ မကြားချင်တော့။

အိမ်ရှေ့ခန်း ဝရန်တာ လက်တန်းမှာ ထိုင်၍ သူသေ
ကို ပြောင်းဖြုတ်ပြီး တိုက်ချွတ်နေသော ကိုစောနွေအနီးသို့
ကပ်သွား၍. . .

"ကိုစောနွေနဲ့ပဲ နည်းနည်းလောက် ဆွေးနွေးပါရ

"ပြောလေ၊ ရတယ်"

"သိတဲ့အတိုင်း ဒီမိုင်းပွန်ကို လာရတာလည်း မလွယ်
ဒီနေရာကိုလည်း ခက်ခက်ခဲခဲနဲ့ လာရတာပါ၊ နောက် ငွေ
ကလည်း မပြည့်စုံလို့ နန်းမုံအနေနဲ့ ခဏခဏလာနိုင်ဖို့ မ
ပါဘူး"

"ဘာပြောချင်တာလဲ"

"နန်းမုံရဲ့အမေနဲ့ နန်းမုံရဲ့ ညီမလေး ခုလိုနေရတာ ရ
လှပါပြီ၊ နန်းမုံတို့ မိသားစုသုံးယောက် အတူနေနိုင်အော
ကိုစောနွေ စီစဉ်မပေးနိုင်ဘူးလားရှင်"

"အမေနဲ့ ညီမနဲ့ အတူတူနေချင်တယ်လို့ ပြောတာလ

"ဟုတ်ပါတယ်"





"လာနေလေ. . . ပန်းငုံလိုပဲ နန်းမုံကိုလည်း တာဝန်ယူ
ပေးမှာပေါ့"

"အို. . . မဟုတ်ဘူး၊ နန်းမုံပြောတာ ဒီလိုမဟုတ်ပါဘူး၊
ဒီမှာလာနေလို့လည်း ဘယ်ဖြစ်မလဲရှင်၊ အလုပ်က
က် မာစတာဒီဂရီအတွက် တစ်ဖက်နဲ့. . ."

"နေပါဦး ကိုစောနွေ စီစဉ်မပေးနိုင်ဘူးလား ဆိုတာက
တိုပြောတာလဲ"

"မြို့ပေါ်မှာပဲ ပေါ်ပေါ်ထင်ထင် နေချင်တယ်၊ အမေ့ကို
တူပေးချင်တယ်"

"ငွေထောက်စေချင်တာလား"

"အားလုံးစီစဉ်ပေးဖို့ပါ"

"ဒါနဲ့ ကျွန်တော့်ငွေက မသန့်လို့ မသုံးချင်ဘူးလို့ တစ်ခါ
ပြောတယ်ဆို"

ပန်းငုံ၏လက်ချက်ပါပဲ၊ တစ်ခါက ကျောင်းအပြန်မှာ
ငုံက အစ်မကို ငွေပေးတော့ မယူဘူး ငြင်းပယ်ရင်း ပြောခဲ့
သောစကား။

"ခုလည်း ငွေကို သုံးချင်လို့ ပြောတာတော့ မဟုတ်ပါဘူး။
စောနွေ၊ ခုလို အမေနဲ့ ညီမကို တောထဲမှာ မထားပါရစေနဲ့
ာ့ရှင်၊ နန်းမုံတို့သားအမိသုံးယောက်ကို ခွဲမထားပါနဲ့ ကိုစော
ရယ်"

မြနန်းမုံက စကားဆုံးသည်နှင့် ငိုချလိုက်ပြန်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရော် ခက်ပါလား မနန်းမုံရဲ့ ကျုပ်က ဘာလုပ်ပေး မှာလဲ"

မြနန်းမုံက မျက်ရည်သုတ်ပြီး. . .

"သူတို့နှစ်ယောက်ကို ခေါ်သွားချင်တယ်၊ နန်းမုံ ငွေအင်အားရော လူအင်အားပါမရှိဘူး၊ ဒါကြောင့် ကိုစော စီစဉ်ပြီး ပို့ပေးပါ၊ ငွေလည်းချေးပါ၊ နန်းမုံ အတတ်နိုင်ဆုံး ကြိုးစားစုဆောင်းပြီး ပြန်ပေးပါ့မယ်ရှင်"

"ပန်းငုံရေ သူပြောနေတာတွေ ကြားတယ်မဟုတ်လား"

ကိုစောနွေက သူ့သေနတ်ပေါ်မှာသာ သူ့အာရုံစိုက် တစ်ချက်မျှ မြနန်းမုံကို မကြည့်ဘဲ အော်ပြောလိုက်သည်။

မြပန်းငုံက လက်ကိုပိုက်၍ တံခါးပေါက်မှာ ပခုံးတ ထားရင်းက. . .

"စိတ်ကူးယဉ်မနေစမ်းပါနဲ့ မမမုံရာ ပြန်မှာသာ ပြ စမ်းပါ"

"ဟုတ်တယ် ပန်းငုံ၊ ပန်းငုံလို ရက်စက်နိုင်တဲ့စိတ်ရှိ တော့ ပြန်သွားရုံပဲပေါ့၊ ခုတော့ အမေ့ကိုလည်း သနားတယ် ညီမကိုလည်း သိပ်ချစ်တယ်၊ ဒါကြောင့် ရင်ကွဲမတတ်ခံစား ရတာ"

"လုပ်မနေစမ်းပါနဲ့ ဒါမျိုးတွေကို ညှော်သည်ဆိုတဲ့ စာ ဆရာကို သွားပြောပါ၊ ဝတ္ထုထဲမှာဆို ဖတ်လို့ကောင်းမယ်၊ တို စိတ်ကူးယဉ်၊ အပြင်မှာကဘာဝ၊ ပန်းငုံတို့ကတော့ လက်တွေ့ ကျကျပဲ"





"ပန်းငုံ"

ကိုစောနွေ၏အသံက အောင်မြင်ခန့်ညားစွာ ဟိန်းထွက် အားလုံး ငြိမ်ကျသွား၏။ အိမ်၏အောက်ခြေ မြေပေါ်၌ နေကြသော ကိုစောနွေ၏ တပည့်နှစ်ယောက်ပင်လျှင် ပေါ်သို့ မော့ကြည့်နေကြ၏။

"ဟိုမှာ အစ်မက အသက်စွန့်ပြီး လာရတယ်၊ ပြီးတော့ ဒါကို နင်က ဘာဖြစ်နေတာလဲ"

ကိုစောနွေက ပြတ်ပြတ်သားသား ဟိန်းဟောက်တော့ မြပန်းငုံတို့ ငြိမ်ကုပ်သွား၏။

"ပန်းငုံ"

"ဟင်"

"မနန်းမုံပြောတဲ့အတိုင်း သဘောတူလား"

ပန်းငုံ ငြိမ်နေ၍. . .

"ငါမေးနေတယ် ပန်းငုံ"

"မဖြစ်နိုင်တာပဲ"

"ဖြစ်နိုင်အောင် စီစဉ်ပေးမယ်ဆိုရင်ရော"

"ပန်းငုံ အစ်ကိုနဲ့ မခွဲနိုင်ဘူး"

ပြတ်သားလွန်းသော ပန်းငုံ၏အဖြေကြောင့် ကိုစောနွေ ဖျတ်ခနဲတစ်ချက် သူ့ကို လှမ်းကြည့်၏။ ရွှန်းလက်သော ဝန်းကို မြင်ရသော်လည်း တင်းစေ့သော နှုတ်ခမ်းဖြင့် . . .

"ကောင်းပြီ၊ မခွဲချင်သူကို မခွဲရဘူး၊ မနန်းမုံ ကြားတယ်



www.burmeseclassic.com

www.burmeseclassic.com



နေဘဲ၊ ပန်းငုံ နေခဲ့ပါစေ၊ အမေ့ကို ခေါ်ချင်ခေါ်သွား စီစဉ်
တော့ မရဘူး၊ ငွေပေးလို့တော့ ရတယ်"

ပြတ်သားလွန်းလှသော သူတို့နှစ်ယောက်ကိုကြည့်ပြီး
တွေ့နေမိသော မြနန်းမုံမှာ သူ့ရင်ခုန်သံကိုသာ ကျယ်လော
မြည်ဟည်းစွာ ကြားနာရင်း ကြောင်နေပေသည်။

ကိုစောနွေပေးသောငွေကိုယူ၍ အမေ့ကိုခေါ်ပြီး ဆေး
ကြီးမှ တစ်ဆင့် ရန်ကုန်စိတ်ရောဂါကုဆေးရုံသို့လည်း မြ
မသွားရဲ မသွားတတ်ပါ။ ဇာည်းခိုစရာလည်း မရှိ၊ အသိ
တစ်ယောက်မျှ မရှိပါ။

တစ်စုံတစ်ယောက်ကလိုက်၍ ပို့ပေးသည်ပဲထား၊ အ
ကို အနီးကပ်ပြုစုဖို့၊ စားစရာ ချက်ပြုတ်ဖို့အတွက် မြနန်း
အချိန်မရှိ။ ကျောင်းမှ ခွင့်ယူလို့ရလျှင် အများဆုံးမှ ဆယ်
ပဲပေါ့။

ဒီရောဂါမျိုးဆိုတာကလည်း စိတ်ရှည်စွာ ကုသရ
ဟု ကြားဖူးပါ၏။

မြနန်းမုံ၌ ဆန္ဒကြီးမားစွာ ရှိမိသည် မှန်သော်လည်း
ဆောင်ရွက်ရန် မဖြစ်နိုင်ပြန်။ မြပန်းငုံကိုယ်တိုင်က မိမိ
မှာ ရှိမနေ၍ အားလျော့လွန်းလှပါသည်။

သူတို့နှစ်ယောက်ကို ဆုံးဖြတ်ရဲသူ၊ ပြတ်သားသူ၊ သ
များအဖြစ် ကြည့်ပြီး မြနန်းမုံမှာ အလိုလိုနေရင်း မိမိ၏ စိတ်
ကိုယ်ခန္ဓာပါ သေးကျုံ့သွားလေပြီဟု ထင်မိ၏။ သိမ်ငယ်
စိတ်၊ အားငယ်သော အကြည့်များဖြင့်သာ ကြည့်ပြီး. . .





"နန်းမုံ စီစဉ်ကြည့်ပါဦးမယ်လေ"

ကိုစောနွေက ခေါင်းညိတ်၍ ပြ၏။ ဘာမှ ဆက်မပြော
. . .

စိုင်းလွမ်းအောင်သည် ရပ်နေသော မြပန်းငုံ၏ လက်ကို
အိမ်ထဲသို့ ပြန်သွင်းသွားပြီး. . .

"ပန်းငုံ နင်ဟာ သိပ်ရက်စက်တာပဲ"

"ငါက ဘာလုပ်လို့လဲ"

"မမမုံ ငိုနေတာ နင် မသနားဘူးလား၊ ငါ့မှာဖြင့် ငါပါ
လာတယ်"

"သူ့ဒုက္ခ သူရှာနေတာပဲ၊ ငါက ဘာလုပ်လို့လဲ"

"ဒီမှာ နင့်ကို ငါရှင်းရှင်းမေးမယ်"

"မေး"

"မမမုံ လိုက်လာတာကို နင်က မကြိုက်ဘူးလား၊ မကြိုက်
ဘယ်တော့မှ ငါလိုက်မပို့ပါဘူး၊ တို့မှာ ခိုးကြောင်ခိုးဝှက်နဲ့
တစ်ခွန့်ရမတတ် လာခဲ့ရတာ၊ နင်က ခုလိုပုံစံနဲ့ လုပ်နေရင်
ဘယ်တော့မှ မလာဘူး၊ နင် ဘဝမမေ့ပါနဲ့ ပန်းငုံရဲ့၊ ငါတို့
တာ အတူမွေး အတူကြီးလာကြတဲ့ သူတွေပါ၊ ကိုစောနွေ
နဲ့ နင် သိပ်ဘဝင်မြင့်နေတာ၊ ငါ သိပ်ဝမ်းနည်းတယ်
"

သူ၏အချစ်ဆုံး သူငယ်ချင်း စိုင်းလွမ်းအောင်၏စကားကို
ဆောင်ရင်း လှိုက်လှဲစွာ ပြောကြားနေသော စိုင်းလွမ်းအောင်
စားမှုကိုပါ သိမြင်စွာဖြင့်. . .



www.burmeseclassic.com

www.burmeseclassic.com



"နင်ထင်သလို မဟုတ်ပါဘူး သူငယ်ချင်းရယ်၊ ငါ[...] လည်း ငါ့ခံစားချက်နဲ့ငါပါ"

"နင့်မှာက ဘာခံစားချက်များ ရှိလို့လဲ"

"လူပဲဟာ ရှိတာပေါ့"

"မမမှုံကို နင်မနာလိုဖြစ်နေသလား"

"ငါ ဒီလောက် မယုတ်မာဘူး"

"နင် ခုလို ဆက်ဆံနေရင် မမမှုံကို ငါ နောက်ခေါ်[...] တော့ဘူး"

"ငါ ပြောမိတာတွေ မှားတယ်ဆိုရင်လည်း ခွင့်လွှတ်[...] ငါတောင်းပန်တယ်"

"ငါ့ကို ဘာတောင်းပန်စရာလိုလဲ၊ မမမှုံကိုပဲ တောင်း[...] ပေါ့"

"နင်တို့နှစ်ယောက်က တစ်ယောက်တည်းလို တူတူ[...] လေ"

"ထားပါတော့ တို့လည်း ပြန်ကြမှထင်တယ်"

"နောင်ကို အဆင်ပြေတဲ့အခါ လာကြပါဦးလေ၊ ငါလည်း[...] ခုလို မဖြစ်အောင် နေပါ့မယ်၊ စိုင်းရေ ငါဟာ ငါ့ရဲ့အင်[...] စောနွှေကို မခွဲနိုင်တာကလွဲရင် ငါလည်း ဒီမှာပျော်လှလို့[...] မဟုတ်ပါဘူး၊ ဒါပေမယ့် ဘာပညာမှမတတ်တဲ့ ငါ[...] ဒီတောထဲမှာပဲ ဘဝကို အဆုံးခံရတော့မှာပါ၊ ငါ့ကိုယ် ငါ[...] တယ်သူငယ်ချင်း"

"တော်ပါတော့ ပန်းငုံ"





"ဟုတ်တယ်၊ တို့ဘာမှ ဆက်မပြောကြတာပဲ ကောင်းပါ[...]လေ"

မြပန်းငုံက စိုင်းထက်ကြီးသော်လည်း . . . စာမေးပွဲများ [...]-နေ၍ စိုင်းလွမ်းအောင်နှင့် တစ်တန်းတည်း နေခဲ့ရ[...] သူငယ်ချင်းအဖြစ် ဆက်ဆံနေကြခြင်းဖြစ်သည်။

"နင် တောင်ကြီးကို ဘာမှာဦးမလဲ"

"ဝက်ဝံရုပ်လှလှလေး တွေ့ရင် ဝယ်ခဲ့ပါ"

"ငါ ငယ်ငယ်က နင့်ကို ဝယ်ပေးဖူးတယ်ရော"

"အေး. . . အဲဒါ သတိရလို့၊ ငါ့မှာ မရှိတော့လို့"

"စိတ်ချ ငါဝယ်လာခဲ့မယ်"

"နင်ရော အဆင်ပြေရဲ့လား စိုင်း"

"ကားသမား ဆိုတော့လည်း ဒီလိုပါပဲဟာ၊ ပြေလိုက် [...]ပြေလိုက်ပေါ့"

"တစ်ခါတစ်ခါ ငယ်ငယ်တုန်းက တို့နှစ်ယောက် ရည်မှန်း[...]ကြီးခဲ့ အပြောကြီးခဲ့ကြတာ တွေးမိလာရင် ငိုချင်လာမိ[...]ယ်"

"ဘဝဆိုတာ ဒီလိုပဲပေါ့ဟာ"

မြပန်းငုံ၏ မျက်ဝန်းမှာ မျက်ရည်စများကြောင့် စိုလက်[...]သည်။

"ကဲပါလေ နင်တို့ ပြန်ကြပါတော့၊ သိပ်မှောင်နေရင် [...]ကောင်းဘူး"

"နင် မမမှုံကို တောင်းပန်လိုက်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com

နှစ်ယောက် လက်တွဲလျှက်ပင် မီးဖိုဆောင်ထဲမှ ထွက် ခဲ့ကြသည်။

အိမ်အလယ် ခန်းငယ်လေးတွင် မြနန်းမိုက မီး ဒေါ်နန်းလှကို ဖက်ထားရင်း ငိုရှိုက်နေရှာသည်။

"မမမုံ"

မြပန်းငုံ၏ခေါ်သံ နူးနူးညံ့ညံ့ကြောင့် မြနန်းမို မျေ အကြည့်မှာ. . .

"အို. . . ညီမလေး"

ပုဆစ်တုပ်ထိုင်၍ သူ့ကို ကန်တော့နေသော မြပန်းငုံ ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်လိုက်ဆဲမှာပင်. . .

"ဒီနေ့ လမ်းမှာလည်း စိတ်တိုစရာတွေ့လာလို့ပါ၊ ဆ ကြေးကိစ္စလေ၊ ဒါကြောင့် ပန်းငုံရဲ့အမှား ပေါင်းစုံအတွ ခွင့်လွှတ်ပေးပါ မမမုံ"

"ခွင့်လွှတ်ပြီးသာ်း၊ ခွင့်လွှတ်ပြီးသားပါ ညီမလေးရေ ပန်းငုံလေးရယ်"

ညီအစ်မနှစ်ယောက် ဖက်ထားကြပြီး ထုံးစံအတိုင်း မြ မုံက ငိုလို့ မြပန်းငုံကတော့ မျက်နှာပျက်ရုံသာ။

"နောက်တစ်ခါ လာခဲ့ပါဦးနော် မမမုံ"

"လာမယ်. . . လာမယ်၊ လာခဲ့ပါ့မယ် ညီမလေးရယ်"

"ကဲ. . . မမမုံရေ ပြန်ကြမှ၊ ဒီထက် မိုးချုပ်လာရင် မ တော့ဘူး"

"ဟုတ်တယ်၊ မမမုံ ပြန်မယ်နော် ပန်းငုံ၊ အမေ့ကို ဂရုစိုက်





ယ်၊ အမေဟာ. . ."

"အမေ့ရာဇဝင်ကို မမမုံနဲ့အတူ သိခဲ့တဲ့ ပန်းငုံပါ၊ အမေ့ကို နားပိုပြီး ပန်းငုံ အချိန်မလပ် ပြုစုနေပါတယ်၊ စိတ်ချပါ

"ယုံပါတယ် ညီမလေးရယ်၊ ကဲ သွားမယ်နော်"

မြနန်းမုံသည် မိခင်ကြီး၏ခြေကို ဦးခိုက်၍ ကန်တော့ရုံ ပါးကိုနမ်း၍ နှုတ်ဆက်ခဲ့ပြီးမှ. . .

"နန်းမုံတို့ သွားတော့မယ်နော် ကိုစောနွေ"

"အင်း ကောင်းပြီ"

"အားလုံးအတွက် ကျေးဇူးတင်ပါတယ် ကိုစောနွေ"

"ရတယ်၊ ကောင်လေးနှစ်ယောက်ကို တောင်ခြေအထိ ပို့ခိုင်းထားတယ်"

"ဟုတ်ကဲ့အစ်ကို၊ ကျွန်တော်တို့ သွားတော့မယ်နော်"

"အေး"

ကိုစောနွေသည် ဘယ်သောအခါမှ စကားကို ရှည်ဝေး ပြားစွာ ပြောလေ့မရှိ၊ အကျဉ်းချုံး၍ အတိုဆုံးကိုသာ ပြော သည့်သူပါ။

သူ့ဝါဒနှင့် သူ၏လုပ်ငန်းဆောင်တာများကို ဘာမှ နား ည်ပါသော်လည်း စိုင်းလွှမ်းအောင်သည် ကိုစောနွေကို ခင်၏။ လူငယ်လေးပီပီ ကိုစောနွေ၏ ပြတ်သားရဲရင့်ခြင်းနှင့် ရှပ်ရှည်ရှည် ကိုယ်ခန္ဓာ တောင့်တောင့်ဖြင့် အမေရိကန်ရုပ်ရှင် သားတစ်ယောက်လိုပုံစံမျိုးကို အားကျနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



အားလုံးကို နှုတ်ဆက်ပြီး ပြန်လာတော့ တစ်‌ေ
မှောင်၍ တစ်တောင်လုံး မှိုင်းနေချေပြီ။

လမိုက်ည ဖြစ်သော်လည်း မိုးသားမိုးတိမ်ကင်း
ကြယ်ပေါင်းစုံတို့ကို မြင်သာနေ၏။ အနက်ရောင် ကော
နောက်ခံနှင့် စိန်ပွင့် ကြီးငယ်တို့ လင်းလက် နေသည်တို့
ကင်းမဲ့သော တောင်ပေါ်မှ ကြည့်ရသောအချိန်မှာ
ကြည်နူးသလိုလို ကြောက်ရွံ့သလိုလိုဖြင့်. . .

ကြယ်လေးများ၏ အလင်းရောင် ယဲ့ယဲ့အောက်မှာ
၏လက်ကို အားကိုးတကြီး တွယ်ဖက်လျက် တော
တောင်ကိုကျော်ပြီး စိုင်းဦးဆောင်သော လျှို့ဝှက်လ
မိုင်းပွန်မြို့လေးဆီသို့ ပြန်လာခဲ့ကြပါသတည်း။

◆ ◆ ◆



အခန်း ॥ ၂၀ ॥

"မမမုံကိုတော့ ခွင့်လွှတ်ပေးပါ အစ်ကို၊ သူ သိပ်စိတ်ဆင်း
ရှာတယ်၊ အခုလည်း အပေါ်မှာ တအားငိုနေတာပဲဗျာ"

"ဘာဖြစ်နေတာလဲ၊ ဘာဖြစ်နေကြတာလဲကွာ၊ အစ်ကို
သိချင်တာပဲ"

"ကျွန်တော်လည်း အစ်ကို့ကို အသိပေးချင်ပါတယ်၊
မယ့် မဖြစ်ဘူး အစ်ကို၊ ကိုစောနွေရန်က မလွယ်ဘူး"

"ကိုစောနွေဆိုတာ ဘယ်သူလဲဟင် ညီလေး၊ ကိုစောနွေ
တာ ဘာလဲ၊ ဘယ်လိုလူလဲ၊ မြနန်းမုံနဲ့ ဘယ်လိုပတ်သက်
လဲ"

စိတ်လှုပ်ရှားခြင်းကြီးစွာ မေးမိ၏။ မြနန်းမုံ မျက်ရည်ကျ
အောင် ဆောင်ရွက်ရက်စက်သူလားဟူသော အတွေးဖြင့် တမု
တ်ချင်း ဒီလူကို ယှဉ်ချင်သော စိတ်တို့ ဝင်လာသည်။

"အစ်ကို"



www.burmeseclassic.com

www.burmeseclassic.com

"ဟင်"

"ကျွန်တော့်ကို မေးနေမယ့်အစား အစ်ကို မမမုံနဲ့ တွေ့လိုက်ရင် ကောင်းမယ်"

"အေး- တွေ့ချင်တယ်၊ မေးချင်တယ်၊ သူ. . . သူ အခု ဘယ်မှာလဲဟင်"

"အပေါ်ထပ် ဘုရားခန်းဘေးက အိပ်ခန်းထဲမှာလေ အစ်ကို"

"ဟင်. . . မြနန်းမုံက အဲဒီအခန်းထဲမှာလား၊ ဟုတ်လား ညီလေး"

"ဟုတ်တယ်၊ အစ်ကို တက်သွားပါ"

ကိုပိုင်စိုးက တအံ့တဩမေးသည်ကို စိုင်းလွမ်းအောင်က သာမန်သာ ဖြေလိုက်ပြီး သူလည်း စိတ်ပင်ပန်းဟန်ဖြင့် မျက်နှာ ညှိုးငယ်စွာနှင့် ထိုင်နေရှာသည်။

ကိုပိုင်စိုးသည် ဟိုအရင်တစ်ခေါက် သူလိုက်လာစဉ်က လျှို့ဝှက်စွာ ခိုးတက်ခဲ့ဖူးသော လှေကားမှ တက်လာခဲ့သည်။ ရင်မှာ တထိတ်ထိတ် ခုန်လျက်ပါ။

အပေါ်ထပ် ခန်းမကျယ်ကြီးတစ်ခုလုံး တိတ်ဆိတ် ငြိမ်သက်၏။ အလင်းရောင်ကလည်း ပြည့်ဝစွာမရ။

ကိုပိုင်စိုးသည် လူတစ်ယောက်၏ ညည်းညူသံကြီးနှင့် ခြေကို ကြိုးနှင့်တုပ်ပြီး ခုတင်ခြေရင်းတိုင်နှင့် ချည်နှောင်ထား သော အဖြစ်ကိုတွေးပြီး စိတ်ထဲက လန့်သလိုလို ကျောထဲက စိမ့်သလိုလို ဖြစ်လာသည်။





အခန်းထဲမှာ မြနန်းမုံ ရှိနေသည် ဆိုသော်လည်း တံခါးက ပိတ်ထား၏။

ကိုပိုင်စိုးမှာ ဘုရားခန်းဘေးမှ တံခါးနားအရောက် ဖြည်းဖြည်းရွှေ့ လှမ်းလာပြီး အခန်းရှေ့နားမှာ ငြိမ်သက်စွာ ရပ်နေ လိုက်သည်။

"အို. . . ရှိုက်သံပါလား၊ မြနန်းမုံ ငိုနေတယ်"

အကြင်နာနှင့် စိုးရိမ်ခြင်းများ ရင်ထဲသို့ တိုးဝှေ့လာသည် . . .

"မြနန်းမုံ. . . မြနန်းမုံ"

"ဟင်. . . ဘ. . . ဘယ်သူလဲ"

"ကျွန်တော်ပါ ပိုင်စိုးပါ"

"အို. . ."

"ကျွန်တော် ဝင်ခဲ့ပါရစေ မြနန်းမုံ"

"အောက်. . . အောက်မှာပဲနေပါ၊ နန်းမုံ လာခဲ့ပါ့မယ်"

ရှိုက်သံလေးနှင့် ရောထွေးနေသော တုန်လှိုက်သည့်အသံ ကြောင့် ကိုပိုင်စိုးက တံခါးကို တွန်းဖွင့်ပစ်လိုက်သည်။ တော့ အခန်းထိပ်မှရပ်လျက်ပင်။

"ကျွန်တော် ဝင်ခဲ့ပါရစေ မြနန်းမုံ၊ မြနန်းမုံရဲ့ စိတ်ဒုက္ခ ကို ကျွန်တော်လည်း မျှဝေခံစားပါရစေ မြနန်းမုံရယ်၊ ကျွန်တော်ဝင်ခဲ့မယ်နော်"

မြနန်းမုံသည် ဘာမှပြန်မပြောတော့၊ ကြမ်းပြင်မှာထိုင်ပြီး လုံးတိုင်နှင့် ရှေးခေတ် နှစ်ယောက်အိပ်ခုတင်ကြီးပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာမှောက်လျက် သိမ့်သိမ့်ခါ ငိုနေရှာသည်။

ဘာကိုမှ သိခွင့်မရသေးသော ကိုပိုင်စိုးမှာ တစ်ချိန် တုပ်နှောင်ခံနေရသော လူသားတစ်ယောက် သေဆုံးသွား လား၊ သို့မဟုတ် မြနန်းမုံနှင့် ဘယ်လိုပတ်သက်လို့များ ခုလော ထိအောင် ငိုကြွေးနေရရှာသလဲဟူသော အဖြေများကို မ တတ်နိုင်အောင် ရှိနေသည်။

"မြနန်းမုံ"

"မြနန်းမုံ"

"ကျွန်တော့်ကို ကြည့်ပါဦး မြနန်းမုံရယ်"

ပခုံးလေးကို ကိုင်တော့မည်လုပ်ပြီးမှပြန်ရုပ်သိမ်းရင်း. . .

"ကျွန်တော်ဟာ မြနန်းမုံအပေါ်မှာ သိပ်ပြီး သံယော ကြီးမားနေတဲ့သူပါ၊ မြနန်းမုံရဲ့ အကျိုးကို လိုလားသူလ ဖြစ်ပါတယ်၊ ဒါကြောင့် ကျွန်တော် သိပါရစေ၊ ကျွန်တော် သိခွင့်ပေးစမ်းပါ မြနန်းမုံရယ်နော်၊ ကျွန်တော် တောင်း တယ်ဗျာ"

မြနန်းမုံက ငုံ့ငိုနေရာမှ ခေါင်းမော့လာတော့ မျက် နစ်နေသော အလှဆုံးမျက်နှာလေးကို ရင်နင့်စွာ မြင်လို သည်။

"မြနန်းမုံရယ်၊ ကျွန်တော့်ကို သိခွင့်ပေးပါနော်၊ မြန နော်"

ထိရတော့မလိုလို ကိုင်ရတော့မလိုလိုဖြင့် မျက်စိ





ကျက်နှာပျက်စွာ တောင်းပန်နေရှာသော ကိုပိုင်စိုးသို့ ကြည့် ပြီး. . .

"ကိုပိုင်စိုး သိလို့လည်း ဘာမှအကြောင်းမထူးပါဘူးလေ၊ နန်းမုံအတွက် စိတ်ဆင်းရဲမခံပါနဲ့၊ နန်းမုံလည်း အားနာလှပါပြီ"

"ဟာ-မဟုတ်သေးဘူး၊ မဟုတ်သေးပါဘူး မြနန်းမုံရယ်၊ မြနန်းမုံဟာ ကျွန်တော့်ရင်ထဲက မြနန်းမုံပါ၊ ဒါကြောင့် မြနန်းမုံနဲ့ အတူ မျှဝေခံစားပါရစေ၊ ကျွန်တော် ကူညီစမ်းပါရစေ မြနန်းမုံရဲ့"

"ကိုပိုင်စိုး ကူညီလို့မရနိုင်ပါဘူး၊ နန်းမုံတို့ရဲ့ အဖြစ်က သိပ်ဆိုးပါတယ်ရှင်"

"ဘယ့်နှယ် ကူညီလို့မရ ရမှာလဲ၊ ယောက်ျားပဲဗျာ၊လူအား ငွေအား စေတနာအားတွေနဲ့ ကူညီချင်ရင် ဘာလို့ မကူညီနိုင်ဘဲ နေရမှာလဲ"

"မဟုတ်ဘူး၊ သိလို့ကို မဖြစ်လို့ပါ"

"ဒီမှာ မြနန်းမုံ"

စိတ်ဆန္ဒပြင်းစွာ ပေါက်ကွဲလာတော့ မြနန်းမုံ၏ ပခုံး နှစ်ဖက်ကို ဆုပ်ကိုင်မိလျက်သား ဖြစ်သွားပြီး. . .

ကျွန်တော့်ကို လျှို့ဝှက်နေသမျှ မြနန်းမုံအနားက ကျွန်တော် မခွာဘူး၊ ဟောဒီ မိုင်းပွန်မြို့ကလည်း ဘယ်တော့မှ ပြန်ဘူး၊ မြနန်းမုံ မပြောလည်း ရအောင်စုံစမ်းယူမယ် ဒါပဲ"

"အို. . . နန်းမုံတို့အကြောင်းကို ဘယ်သူ့မှ သွားမမေး ပါနဲ့ ကိုပိုင်စိုးရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် မြနန်းမုံ ပြောပြစမ်းပါ၊ မြနန်းမုံ ငိုနေတာ မြင်ရတာ ကျွန်တော်ရင်ကွဲတော့မယ် မြနန်းမုံရဲ့"

"သူတို့ကတစ်မျိုး ဒီကတစ်မျိုးနဲ့ နန်းမုံတော့ သေ သေလိုက်ချင်တော့တာပဲ"

အချစ်ဆုံး၏ အကျဉ်းအကျပ်ကို သိရပြန်တော့လည်း အလျှော့ပေးချင်လာသည်။

"ဒါနဲ့ မြပန်းငုံရော ဘယ်မှာလဲ"

မြနန်းမုံက မဖြေ။

"ဒါဖြင့် နောက်တစ်ခုမေးမယ်"

ကိုပိုင်စိုးက မြနန်းမုံ၏ အငိုမျက်ဝန်းအိမ်ကို စူးစူးစိုက်စိုက် ကြည့်လိုက်ပြီးမှ...

"ဟောဒီခုတင်ပေါ်မှာ အစက လူတစ်ယောက် ရှိခဲ့ တယ်"

"ရှင်"

"အဲဒီလူရဲ့ခြေထောက်တွေကို ကြိုးနဲ့တုပ်ထားတယ် အဲဒါ ဘယ်သူလဲ၊ အဲဒီလူ ဘယ်ရောက်သွားသလဲ"

မြနန်းမုံသည် ကိုပိုင်စိုးကို ကြောက်စရာကောင်းသော သတ္တဝါတစ်ကောင်နှင့် ရင်ဆိုင်တွေ့လိုက်ရသလို မျက်လုံးသေ အဝိုင်းသားနှင့် ကြောင်ကြောင်ကြီး ကြည့်နေပြီးမှ...

"အဲ... အဲဒါ၊ နန်းမုံရဲ့ အမေပါ"

"ဟာ"

လုံးဝ မထင်မှတ် မမျှော်လင့်သော အဖြေကို ကြားလိုက်ရ





သဖြင့် ကိုပိုင်စိုး အကြီးအကျယ် အံ့ဩသွားခဲ့ရပါပြီ။

"သူ... သူက အမေဒီမှာရှိတယ်ဆိုတာ ဘယ်လိုလုပ် သိသလဲဟင်"

မြနန်းမုံကလည်း အံ့ဩခြင်းကြီးစွာ မေးလာ၍

"ကျွန်တော် အမှန်ကို ဝန်ခံမယ် မြနန်းမုံ၊ အဖြစ်က ဒီလိုပါ"

ကိုပိုင်စိုးက ပထမဦးစွာ လိုက်လာစဉ်က အပေါ်မှာ ညည်းညူသံကြား၍ တက်ကြည့်မိကြောင်း ပြောပြပြီး...

"အဲဒီလို လုပ်မိတဲ့အတွက် မြနန်းမုံ မကျေနပ်ရင်လည်း ပေးသမျှအပြစ်ကို ခံယူဖို့ အသင့်ပါပဲ မြနန်းမုံ"

"ဒါတွေမလိုပါဘူး"

ဒါဖြင့်လည်း တစ်ဆက်တည်း မေးပါရစေ၊ အမေ တစ်ယောက်လုံးကို ဘာလို့ ကြိုးတုပ်ထားရတာလဲ"

"အမေ... အမေဟာ စိတ္တဇဝေဒနာရှင်တစ်ယောက်ပါ ကိုပိုင်စိုး"

"ဗျို"

"သိပ်ကြမ်းလာတဲ့အခါမှာ လူလစ်တာနဲ့ သူ့ကိုယ်သူ သေကြောင်းကြံပါတယ်"

"ဟင်"

"ဒါကြောင့် သူ့အနားမှာ ဘာမှထားလို့မရပါဘူး၊ ပြီးတော့ နန်းမုံတို့ညီအစ်မ ခဏလေး လစ်ဟာမယ့်အချိန်မျိုးမှာ ကွင်း ချထားတဲ့ အဝတ်စကြိုးနဲ့ ချည်ထားခဲ့ရပါတယ်၊ ဒါမှ သူ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်မှထလို့မရဘဲ ဘာမှကြားလို့မရနိုင်အောင်ပါ၊ အဲဒါ... ခေတ္တခဏလေးပါပဲ"

"အဲဒီညက မြနန်းမုံ ဘယ်သွားတာလဲဟင်"

"ပန်းငုံနောက်ကို လိုက်ရတာပါ"

"မြပန်းငုံက ဘယ်ကိုသွားလို့လဲ"

"အစဆုံးပြောမှပဲ ဇာတ်ရည်လည်မှာပါလေ"

"ပြောပြစမ်းပါတော့လား မြနန်းမုံရယ်၊ ဒါနဲ့ မြနန်း... အမေရောဟင်"

"အမေရှိပါတယ်၊ ဒါပေမယ့် ဒီအိမ်မှာတော့ မဟုတ်..."

"မြပန်းငုံနဲ့ အတူတူပဲလား"

"ကိုပိုင်စိုး"

"ပြောပါ မြနန်းမုံ"

"အားလုံး ပြော်ပြမှ ဇာတ်ရည် လည်မှာပါ၊ ကိုပို... နှုတ်လုံပါနော်၊ ဘယ်သူမှ သိလို့ မဖြစ်လို့ပါ"

"အသက်နဲ့လဲပြီး ကတိပေးရဲတယ် မြနန်းမုံ"

"နန်းမုံရင်တွေ သိပ်ခုန်နေတယ်၊ ခေါင်းထဲကလည်း... မူးနေပါတယ်၊ ခဏလေးနားပြီးတော့မှ နန်းမုံ အားလုံး ပြော... ပါ့မယ်နော်"

"ကောင်းပါပြီ မြနန်းမုံရယ်"

မြနန်းမုံ၏ နုံးခွေနေသော ကိုယ်ခန္ဓာ နုနုနွဲ့နွဲ့လေး... ပွေ့ယူပြီး ရင်ခွင်မှာ ယုယစွာ ပိုက်ပွေ့ထားလိုက်ချင်သည်၊





ချစ်သူရယ် ရင်ပန်းသမျှ ပင်ပန်းသမျှတွေကို မောင့်ရင်ခွင် ...မှာ မှီနားလှည့်ပါလား အချစ်ရယ်. . .

အချစ်ရဲ့ဘဝကို သိခွင့် ကြားခွင့် နားလည်ခွင့် ရပြီးချိန်မှာ ...ောင်ဟာ အားကိုးထိုက်သူတစ်ယောက် ဖြစ်ခွင့်ရချင်လှပါ ...ယ်၊

အခုလို ငိုနေတဲ့ မျက်ရည်ဥလေးတွေကို တယုတယ ...ပေးပြီး မောင့်ရင်ခွင်မှာ အချစ်လေး အိပ်ပျော်သွားသည် ...ထိ ပွေ့ပိုက်ချော့သိပ်ထားချင်စမ်းပါဘိလေ။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၂

ကိုပိုင်စိုး ယူဆောင်လာသော လက်ဆောင်ပစ္စည်းအ
အပြားထဲမှ မြနန်းမုံတွင် မရှိဖူးသော ဆွယ်တာနှစ်ထည် ဝ
သည်။

ယုန်မွေးဆွယ်တာ အဝါရင့်ရောင်လေးကို ဝတ်ထားေ
မြနန်းမုံသို့ စိုင်းက ဝေ်သီသော အကြည့်ဖြင့် ကြည့်ရင်း. . .

"အရှင်းကြီးပဲ မမမုံရယ်၊ ကျွန်တော်ဆိုတဲ့ကောင်
လွှမ်းအောင်တဲ့၊ သေအောင်လွှမ်းဖို့ပဲ၊ ဟိုက ပိုင်စိုးတဲ့လေ

"စိုင်း"

နာကြည်းနေဟန်ဖြင့် တစ်ဖက်သို့ လှည့်နေသော စို
လွှမ်းအောင်၏ ပခုံးကို မြနန်းမုံက ဆွဲလှည့်လိုက်ပြီး. . .

"ဒီမှာစိုင်း ဒီဇာတ်ခင်းသူဟာ မင်းပဲ၊ သူ့ကိုစပြီး ခေါ်လ
တာ ဘယ်သူလဲ၊ ပြီးတော့ မမမုံ စိုင်းကို မေးပါသေးတယ်
စိုင်းကျေနပ်တယ်ဆို"





"အင်းပါ ဒီကောင်က ဘာပြောနေလို့လဲ"

"မမမုံကရော ဘာဖြစ်နေလို့လဲ စိုင်းရဲ့"

မပြေလည်မှု၏ နောက်ကွယ်မှာ ဘာစကားမှ ထပ်ပြီး
ဖြစ်ကြသော်လည်း နှစ်ဦးလုံး၏ရင်ထဲမှာဖြင့် တုန်ခါ
ည်းနေကြသည်။

ယနေ့နံနက် ကိုပိုင်စိုးနှင့်အတူ မြနန်းမုံ မိုင်းပွန် ဝန်းကျင်
သွားဖြစ်သည်။ မိုင်းပွန် ဟော်ကြီးနှင့် မိုင်းပွန်စော်ဘွားကြီး
ွန်း တည်ဆောက်ပေးခဲ့သော မိုင်းပွန်ဆေးရုံကို ကြည့်ပြီး
ဖက် စိုက်ခင်းတစ်ခုသို့ လိုက်ပြမိ၏။ သနပ်ဖက်များ၏
ဆင့်ဆင့် ဆောင်ရွက်ရပုံများကို ခြံပိုင်ရှင်တစ်ဦးအား မေးပြီး
ပ်ငယ်လေးနှင့် သူရေးနေမှတ်နေသည်။

ဟော်ကြီးရှေ့မှာ စိန်ပန်းပြာနှင့် ဝက်သစ်ချပင်ကြီးများ
ည်းပင်ကြီးများ ရှိကြောင်းပါ သူမော့ကြည့်လိုက် ရေးမှတ်
လုပ်နေရှာသည်။

စာတိုက်နှင့် ကြေးနန်းလမ်းတိုလေးမှ ဖြတ် ဘုရားကြီးကို
းကြပြီး အသေအချာ သူ ကြည့်ရှုလေ့လာမှတ်သား၏။
င်းကြောင်း နားလည်သည့် ပုဂ္ဂိုလ်တစ်ဦးနှင့် ဆုံပေးခဲ့ရသေး
ည်။

ထိုမှတစ်ဆင့် မြို့ပတ်လမ်းကိုဖြတ် ပြည်ထောင်စုလမ်းဟု
ါတွင်သော 'ဟိုင်းဝေး(High Way) လမ်းမကြီးအတိုင်း
ည်လျှားစွာ လျှောက်ပြီး ပွန်ချောင်းမှာရပ်၊ သူက မြနန်းမုံကို
တ်ပုံပေါင်းများစွာ ရိုက်ယူခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သူနှင့် ပထမဆုံးတွေ့ခဲ့သော ကျောက်ဆော ကျောင်းနှင့် ကျောက်တောင်ကုန်းပေါ်တက်ပြီး ကြာမြ စကားပြောမိကြသည်။ သူ၏ ရင်ဖွင့်သံများကို ရင်လှိုက် ကြားနာရပြီး အပြန်မှာ စိုင်းနှင့် ယခုလို ပဋိပက္ခဖြစ်ခဲ့ရ

"မမမုံကရော ဘာဖြစ်နေလို့လဲ စိုင်းရဲ့"

ဆိုသော စကားကို အကြာကြီးနေမှ သူ ချေပ၏။

"ဘာဖြစ်တယ်တော့ မသိဘူး၊ မနက်ကတည် ထွက်သွားလိုက်တာ အခု ပြန်လာတာ ဆယ့်တစ် ထိုးတော့မယ်"

"စိုင်း"

မြနန်းမုံ၏ အသံက ကျယ်လောင်စွာ ထွက်လာပြီးမှ

"ဟင်. . . ဒီလူနဲ့ မမနဲ့က ဘယ်သွားနေရမှာလဲ ဒီမြို့ ကျင်မှာ လျှောက်နေကြတာ အားလုံးမြင်ပါတယ်၊ စိုင်းစကား မမမုံကို သိပ်စော်ကားနေပြီ၊ စိုင်း သူ့ကိုလိုက်ပြပေးလို ဆိုတော့ စိုင်းဘာပြောလဲ၊ မှတ်မိရဲ့လား ဟင်၊ သူက မမနဲ့ သွားချင်မှာ၊ မမမုံ လိုက်ပို့လိုက်ပါဆို"

"မသိပါဘူးဗျာ၊ မသိဘူး"

စိုင်းလွှမ်းအောင်က လက်သီးကို ကျစ်ကျစ်ပါအော ဆုပ်၍ စားပွဲကိုထုရင်း ခေါင်းကြီးငုံ့ထား၏။

"ကိုယ့်ရင်က ဝေဒနာကိုလည်း ကိုယ်မသိတဲ့ အရူး"

"ဟုတ်တယ် စိုင်း ရူးနေတယ်၊ မမမုံကြောင့် ရူးနေတာ ဗျ"





"ဒီမှာ စိုင်း မင်းက ရူးချင်ရုံ မမမုံက သေချင်တယ် ား စိုင်းရဲ့"

စိုင်းလွှမ်းအောင်က မော့ကြည့်မလာသော်လည်း သူ တ်ငိုနေကြောင်း မြနန်းမုံ သိပါ၏။

"စိုင်းရင်ထဲက ဝေဒနာပြဿနာကို အသာသိမ်းထား က်ပါ စိုင်း၊ မမမုံ တစ်ခုပဲ မေးပါရစေ"

စိုင်းလွှမ်းအောင် ငြိမ်သက်နေဆဲပါ။

"အခု ရောက်နေတဲ့ ကိုပိုင်စိုးပေါ်မှာ မမမုံ ဘာမှ မဆုံး ဖြတ်ရသေးဘူး၊ စိုင်းပဲ ဆုံးဖြတ်ပေးပါ"

"ဘာ. . . မမမုံ"

"စိုင်းပဲ ဆုံးဖြတ်လိုက်၊ သူ့ကို ဒီမှာဆက်ပြီး လက်ခံထား သား၊ ပြန်ခိုင်းလိုက်ရမလား"

"ဗျာ. . ."

"စိုင်းရဲ့ဆန္ဒကိုပြောပါ၊ သူ့ကို မမမုံရဲ့ဆန္ဒအဖြစ်နဲ့ အပြတ် ပြောလိုက်မယ်၊ စိုင်းကျေနပ်ရင် နေခိုင်းမယ်၊ ခုလိုဖြစ်နေရင် ပြန်ခိုင်းလိုက်မယ်၊ ဘယ်တော့မှ မဆက်သွယ်ပါနဲ့လို့လည်း ပြော လိုက်မယ်"

"ဟာ. . . မမမုံ"

"ဟုတ်တယ်စိုင်း၊ စိုင်းခံစားနေရတာကို မမမုံ မကြည့်ရက် ဘူး မမမုံမှာလည်း ကိုယ့်ဘဝအတွက် မပြတ်သားမှုနဲ့ မပြေ လည်နေတဲ့အချိန်ဆိုတာ စိုင်းအသိဆုံးပါ၊ ဒါကြောင့် နောက် ထပ် နှလုံးသားရေးရာ ပြဿနာကို အဝင်မခံပါရစေနဲ့ စိုင်းရယ်၊



www.burmeseclassic.com

www.burmeseclassic.com



စိုင်းပြောစမ်းပါ၊ စိုင်းပါးစပ်က အပြတ်ပြောလိုက်စမ်းပါ"

စိုင်းလွမ်းအောင်သည် မြနန်းမှုံကို မယုံကြည်ရဲ[illegible] အကြည့်များဖြင့် အကြာကြီး စိုက်ကြည့်လာသည်။ သူ့မျက်[illegible] မှာလည်း မျက်ရည်တွေဝေလို့။ မြနန်းမှုံမှာလည်း မျက်ရည်[illegible] ကြွေလို့ပါ။

မြနန်းမှုံသည် တကယ်တမ်း နှစ်ယောက်ကို ယှဉ်[illegible] ကြည့်မိသည့်အခါ ကိုပိုင်စိုးသည် အစစအရာရာ သာလွန်[illegible] ကိုးထိုက်သူ မှန်ပါသော်လည်း-

စွန့်ချင်းစွန့်လျှင် ကိုပိုင်စိုးကိုပဲ စွန့်လွှတ်နိုင်ပါမည်။ စိုင်း[illegible] မစွန့်လွှတ်နိုင်ပါ၊ အသက်နှင့်အမျှ ရစ်ပတ်ချည်နှောင်ထားခဲ့[illegible] သော သံယောဇဉ်ကြိုးတို့က တော်ရုံအင်အားနှင့် ရုန်းထွက်[illegible] စွမ်း မရှိပါချေ။

စိုင်းကို လက်ထပ်နိုင်သည်အထိ ဘယ်တုန်းအခါ[illegible] မရည်ရွယ်ခဲ့ဖူးပါ။ ဆန်းသစ်သော အချစ်ဖြင့် ပြောင်းလဲချစ်[illegible] နိုင်လိမ့်မည်ဟုလည်း ရာသက်ပန် မထင်ခဲ့မိပါ။

သို့ပါသော်လည်း...

စိုင်းသည် မိမိအတွက် လေးလေးနင့်နင့် ခံစားနေ[illegible] ဆိုလျှင်ဖြင့် စိုင်း၏ရင်ကို နာကျင်စေသော ခံစားမှုမျိုးမပေးစွ[illegible] ရက်နိုင်ပါ။

စိုင်း၏ ဆန္ဒနှင့် မျှော်လင့်ချက်များကို ဆန့်ကျင်ပြီး မိ[illegible] ကောင်းစားပျော်ရွှင်ရေးကို အလေးပေးပြီး စိုင်းကို ဘယ်နည်းနှ[illegible] မှ ကျောခိုင်းမသွားရက်သော မြနန်းမှုံပါလေ။





"ပြောလေ စိုင်းရယ်၊ ပြတ်သားတာ ကောင်းတာပေါ့၊ [illegible]ကိုကြည့်"

"ဟင်"

"သြော်... ပန်းငုံတို့ ကိုစောနွေတို့က ဘယ်လောက် [illegible]သားလဲ၊ မမမှုံမှာက ကိုယ့်ဆန္ဒကတစ်မျိုး၊ ကိုယ်လုပ်ဆောင် [illegible]ာက တစ်မျိုးဆိုတော့ ဘာမှ ရေရေရာရာ မရှိဘဲနဲ့ သူတို့ [illegible]န်းက လှည့်ပြန်ခဲ့ရတယ် မဟုတ်လား"

"အင်"

"ဒါကြောင့် အခုလို ကိုယ်ပိုင်ပြဿနာအတွက်တော့ [illegible]သားလိုက်ချင်တယ် စိုင်းရယ်၊ စိုင်း ပြောခဲ့စမ်းပါ၊ သူ့ကို [illegible]ပါတော့လို့ ပြောလိုက်ရမလားဟင်"

"သူက မမမှုံကို သိပ်ချစ်တာပဲနော်"

"ဒါတွေ ဘာပြောနေစရာလိုလဲ"

"မမမှုံကရော သူ့ကို..."

"သူ့ကို စိတ်ဝင်စားမိတာတော့ အမှန်ပဲ စိုင်း၊ ဒါပေမယ့် သူ့ကို ချစ်တယ်လို့ လုံးဝမပြောရသေးပါဘူး၊ သူပြောတာ [illegible]ောင် လက်မခံသေးပါဘူး စိုင်း၊ သူ့ကို စွန့်လွှတ်လိုက်ရလို့ [illegible]ည်း မမမှုံမှာ ရင်နာကျန်ခဲ့စရာ အကြောင်းမရှိပါဘူးဒါကြောင့် [illegible]ပဲ ဆုံးဖြတ်ပေးပါကွယ်"

"မမမှုံရယ်"

သူ့အကြည့်ကိုလွှဲပြီး ခေါင်းငိုက်စိုက်ချထားလိုက်ရာမှ [illegible]င်းကိုခါပြီး ဆတ်ခနဲ ထလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"စိုင်း ပြန်တော့မယ် မမမုံ"

စကားမဆုံးမီ ခြေလှမ်းစပြီး အမြန်ဆုံးနှုန်းနှင့် အိမ်ပေါ်က ဆင်းသွားခဲ့လေပြီ။

မြနန်းမုံမှာ တစ်ကိုယ်လုံး ငြိမ်သက်စွာ ရပ်နေမိပါသည်။ မျက်ဝန်းဆီမှ မျက်ရည်ပေါက်လေးများက စီးလျှောကြွေကျလာလေတော့သည်။

"ဩော်-စိုင်းရယ်"

အပေါ်ထပ်မှာတော့ ကိုပိုင်စိုး တစ်ယောက်တည်း... မှတ်စုများ၊ စာကျဉ်းများ ရေးသားနေသည်။

◆ ◆ ◆



အခန်း ။ ၂၂ ။

ဒီနေ့တော့ ချစ်သူအချစ်ဆုံးနှင့်အတူ မိုင်းပွန်မြို့အနှံ့ သွားလာခွင့်ရသည်။

ရင်မှာ ကြည်နူးမှုများက ဖိတ်လျှံလျက်...

ချစ်သူရဲ့ တည်ငြိမ်သော မျက်ဝန်းမှာ အဖြေရှာရ ခက်လှသည်လေ...

ဒီနေ့လည်း အပြင်မထွက်တော့။

မနက်က မေးမြန်း မှတ်သားလာသည်များကို စာရေးသားရန် ပြန်လည် ကြည့်ရှုချိန်မှာမှ နားလည်လွယ်အောင် ရေးသားတော့မည်။

"ပိုင်စိုး၏ မိုင်းပွန် ခရီးမှတ်တမ်းများ"

ရွှေဟင်္သာ မြေတော်ဘုရား၊ အလောင်းစည်သူမင်းကြီး တည်ခဲ့သည်... စေတီရံများစွာ၊



www.burmeseclassic.com

www.burmeseclassic.com



စေတီပုံစံ ရှည်ရှည်မျောမျော အရစ်များစွာနှင့် ပုံး
အင်းတိန်ဘက်၊ အင်းလေးဘက်၊ ဟိုပုန်းဘက်များမှာ တွေ့
တစ်ချိန်တည်း တိုင်းခန်းလှည့်လည်ရင်းတည်ထားတာဖြစ်
မိုင်းပွန်မြို့မှာ ရွှေဟသ်ာ မြွေတော်ဘုရား၊ ပြီးတော့
"သကျမုနိဗုဒ္ဓဘုရားကြီး"

မန္တလေးမြို့မှ မဟာမြတ်မုနိပုံစံအတိုင်း ညာ
အတိုင်းလိုပင်။

ဤရုပ်ပွားတော်ကြီးကို မိုင်းပွန်မြို့နယ်ကို အုပ်စိုး
စော်ဘွားကြီး 'စဝ်ခွန်ထီး'က မန္တလေးမြို့မှာ သွန်းလုပ်
မြန်မာသက္ကရာဇ် ၁၂၆၅-ခု၊ တပေါင်းလတွင် ပင့်ဆောင်
သည်။

ခိုင်ခံ့ခမ်းနားသော တန်ဆောင်းကြီးနှင့် မုခ်ဦးလေး
ကိုလည်း အင်္ဂတေဖြင့် အခိုင်အခံ့ စောင်းတန်းများ ဆောက်
၏။

စော်ဘွားကြီး စဝ်ခွန်ထီးသည် သာသနာကိစ္စ၊ ဘာ
ကိစ္စကို များစွာ စွမ်းဆောင်လုပ်ကိုင်ရုံမက လူမှုရေးကိစ္စ
တရားမျှတစေသော အခွန်ကောက်ခြင်းကိစ္စများ၊ လမ်းဖော
ခြင်း၊ ရေတွင်း ရေကန်တူးခြင်းကိစ္စများကို ကိုယ်တော်
နေ့စဉ်မပြတ် စောင့်ကြပ် ကြည့်ရှုပြီး ရှမ်းပြည်နယ်၏ အတ
သယ်ပိုးခဲ့သော စော်ဘွားကြီးဖြစ်၏။

စဝ်ခွန်ထီး၏ဖခင်မှာ စော်ဘွားကြီး စဝ်ခွန်လိ
ပြီး. . .





အာဇာနည် ခေါင်းဆောင်ကြီး စဝ်စံထွန်းမှာ စဝ်ခွန်ထီး၏
တော်ဖြစ်ပါ၏။

မြို့ဦးရပ်ကွက်၊ အနောက်ရပ်၊ ဝမ်တွေရပ်၊ ဝမ်မိုင်ရပ်၊
င်နားရပ်နှင့် ဟူးကပ်ရပ်များ မိုင်းပွန်မှာ သတ်မှတ်ထား။

Sea Level ပေ သုံးထောင့် သုံးရာကျော် မြင့်
နွေမှာသိပ်ပူ ဆောင်းမှာသိပ်အေး
တောင်ကြီးလောက် မမြင့်၊ ချိုင့်ဝှမ်းလို ဖြစ်နေ၍
သီဥတု ပြင်းထန်. . .

ဘုရားပေါ်မှ အလှူရှင်တို့၏ အမည်ဆန်းများ၊ ရှမ်းနှင့်
ဝ်းတို့၏ နာမည်များ။

လုံးဝိစန္တာ ဒေါ်ရွှေကြာ၊ လုံးစန်းဖု၊ နန်းလိုင်၊ စိုင်းခမ်းတွေ၊
မော်ခမ်းဝုံ၊ စန်းသန်းကောင်၊ နန်းဆိုင်ခမ်း၊ နန်းမုန်းကြည်၊
နန်းကျန်(ရှမ်းအမည်များ)

လုံးရွက်ခမ်းခေးနှင့် ပါမိုင်းငင်း။ လုံးသည် ဦး၊ ပါသည်
ဖြစ်၍ ဦးရွက်ခမ်းခေးနှင့် ဒေါ်မိုင်းငင်း။

"ပါကျောင်းပု ကောင်းမှု'သည် ကျောင်းအစ်မကြီး ဒေါ်ပု
ာင်းမှု. . . (ပအိုဝ်းအမည်များ။)

မှုဝ့်ဖြစမ် ပြုပြင်သည်။ မှုဝ့် ဖြ အိုင်း၊ မှုဝ့်-ဒေါ်/အဘွား
ိုဝ်းအမည် တိသည် ဦး။

ပီ-အစ်မ/အစ်ကို၊ ဥပမာ ပီမြ-အစ်မမြ၊ ပီလိပ်-အစ်ကို
ရှမ်းအခေါ်အဝေါ်များဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"သနပ်ဖက်ခြံလေ့လာမှတ်သားခြင်း"

သနပ်ဖက်တစ်ပင်ကို အနှစ် နှစ်ဆယ်မှ သုံးဆယ်အ ခူးဆွတ်နိုင်၏။ တချို့မှာ နှစ်ပေါင်း ရှစ်ဆယ်မှ တစ်ရာအ သက်တမ်းရှိသော နှစ်ရှည်ခံပင်မျိုးဖြစ်၏။

တန်ခူးလမှာ သနပ်ဖက်ပင်စည်ကို စခုတ် (ပင်စည် သိပ်မကြီး၊ ယူကလစ်ပင် အသေးလောက်ပဲရှိ၊ အချင်း လက်မ၊ လောက်သာ)

တန်ခူးလမှာ စခုတ်ပြီး အတက်ထွက်လာပြီး အပင် ထွက်၊ အမြင့်လူတစ်ရပ်ကျော် ဆယ်ပေခန့်သာရှိ၊ အကိုင်း မထွက်၊ တစ်ကိုင်းတည်း တက်သွားပြီး ကိုင်းပတ်လည် သနပ်ဖက်ရွက်များ ခပ်ကျဲကျဲထွက်လာကြ။

သနပ်ဖက်ခူး ရာသီချိန်. . .

နယုန် ဝါဆိုလမှာ သနပ်ဖက်ရွက်များ စခူး၊ အောက်ခြေမှ အရွက်ရင့်များစခူး၊ ဆယ့်ငါးရက်ခန့် ထားလို အပေါ်မှ ရွက်နုများရင့်လာ ဆက်ခူး၊ ကျန်တာထားလို ဆယ့်ငါးရက်ကြာလျှင် ဆက်ခူး။

(တစ်ပင်ကို ငါးကြိမ်ခန့်အထိခူး၍ ရသည်။ ခြံကျယ်လျှင် နေ့စဉ်ခူးမှ အလျင်မီ၏)

အဲသည်လိုခူးလာလိုက်တာ သီတင်းကျွတ်လမှာ သ ဖက်ခူးခြင်းလုပ်ငန်း ရပ်လိုက်ရပြီ။





အရွက်နုနည်းနည်း ရိုးတံရှည်ရှည်ကြီးနှင့် သည်အတိုင်း ထားလိုက်ရသည်။

သီတင်းကျွတ်မှ တန်ခူးလအထိ ဘာမှမလုပ်ဘဲထားပြီး တန်ခူးလကျတော့ မြေပြင်မှ တစ်တောင်ခန့်အကွာ ာက်မှနေ၍ တစ်ပင်လုံးကို ဖြတ်ပစ်လိုက်သည်။

(ဒီနေ့ တွေ့ခဲ့ရတာ ခြောက်ကြိမ်ဖြတ်ပြီးပြီ။)

တစ်ဆစ်ပိုင်းထားသည်ကို တစ်နှစ်၊ နောက်တစ်ကြိမ်ဖြတ် ထိုအဆစ်၏ အထက်မှဖြတ်၍ တစ်နှစ် ဘယ်နှကြိမ် ပြီးပြီဟု တွက်ကြည့်၍ ခြောက်နှစ်သား ခုနစ်နှစ်သားဟု တွက်၍ရ. . .

ခုတ်တာများပြီး အပင် အားပျော့ချိန် (ခုနစ်ကြိမ်ခန့်) လာလျှင် တစ်ခါ အရင်းဆုံးမှနေ၍ ဖြတ်၊ အညွန့်တက် ပ်ခူး။

"သနပ်ဖက်ခူးခြင်း"

သနပ်ဖက်ရွက်ကို စခူးကတည်းက ဖြစ်သလို ဖြတ်ခူးခြင်း တ်၊ ရိုးညှာလေး လက်နှစ်ဆစ်လောက်ပါအောင် ခူးပြီး စ်ရွက်နှင့်တစ်ရွက် ထပ်ထပ်ပြီး ခူးရသည်။ လက်တစ်နိုင် ည်မှ တောင်းထဲ အထပ်လိုက်ထည့် ဆက်ခူး။



www.burmeseclassic.com

www.burmeseclassic.com



"သနပ်ဖက်ရွက်လှော်ခြင်း"

ရိုးတံနှင့် ဖက်ရွက်များကို တစ်ရွက်ချင်းကိုင်ပြီး ဖတ် ကို မှောက်လိုက်ရသည်။ ရိုးတံကို ဓားလေးနှင့် မပြတ်အော ဆစ်ပြီး ဆွဲခွာလိုက်တော့ သစ်ရွက်ပေါ်မှ အကြောလေးမျာ ကွာကျပဲ့ပါသွားသည်။

မလုပ်တတ်လျှင် အရွက်စုတ်၏။

ထိုရိုးတံနှင့် အကြောများ ကင်းစင်နေသော ဖတ် (ဒါမှ ဆေးလိပ်လိပ်လျှင် ပျော့နေမည်ထင်သည်။ ဖက်ရွ အကြောများပါနေလျှင် ဖက်ခြောက်တော့မာပြီး ကျိုး နိုင်မည်။)

အင်္ဂတေနှင့် အုခိုင်အမာ ဆောက်ထားသော သနပ် လှော် ဖို။

အရှည် ဆယ်ပေ ရှစ်ပေခန့်၊ တစ်ဖက်ထိပ်ဝမှာ မီးပို အပေါက်၊ အတွင်းက ကလိုင်ပေါက်၊ အပေါ်မျက်နှာပြင် ဆန်ကောဝိုင်းအရွယ်၊ အဝိုင်းလေး ရှစ်ဝိုင်း။

ထိုအဝိုင်းတစ်ဝိုင်းပေါ်မှာ သနပ်ဖက်ရွက်ကို တစ်ရွ ချင်း ဖြန့်ခင်း၊ (တစ်ဝိုင်းမှာ အရွက်သုံးဆယ်ခန့်ဆံ့)

ဖြန့်ခင်းပြီး နှီးဝိုင်းကို ရှမ်းစက္ကူနှင့် ပတ်ထားသော အ ကို သနပ်ဖက်ရွက်ဝိုင်းပေါ်မှာ တိတိကျကျချ၊ ကျောက်ခဲ ထည့်ထားသော အောက်ခြေအဝိုင်းနှင့် ရွယ်တူ ဆန်ကော





ချပ်ကို အပေါ်မှာတင် (အလေးနှင့်ဖိထား၍ ပြားစေသော ဘော)

ဒီလိုစီပြီးမှ အောက်ခြေက မီးဖိုနှင့် မီးတိုက်ပေး၊ အငွေ့ နှင့် သနပ်ဖက်ရွက်စိမ်းများ ပျော့ပျောင်းပြီး ဝါလာ၊ စိမ်းဝါ င်လေးလှ။

မီးပြင်းလျှင် ကျွမ်းသွားတတ်၍ ဂရုစိုက်ပြီး ကြည့်နေရ။

မီးအခြေအနေအရ စိမ်းဝါရောင် ပြောင်းသွားသည်နှင့် ည်တစ်ဖိုပေါ်မှ အရွက်များ တစ်ရွက်ချင်း ပြန်ကောက်ပြီး ထား။

နောက်တစ်ရွက်ချင်း ပြန်စီ. . .

ဩော်. . . သနပ်ဖက်ဆေးလိပ်တစ်လိပ် သောက်ရဖို့ ရေး၊ တစ်ရွက်ချင်းကိုပင် အကြိမ်ကြိမ်အခါခါ ကိုင်တွယ်ယုယ ရပါလား။

ထိုသနပ်ဖက်များကို ပိုထဲမှာထပ်ပြီး မြန်မာပြည် အရပ် သို့ ဖြန့်ဝေပို့ဆောင်သည်။

သနပ်ဖက်အစည်းများကိုလည်း အဆင့်ဆင့် အမည်ပေး ားသည်။

ပင်ကျခေါ်သော အရိုင်းစည်းများ (မရွေးရသေး) ဖက် င်းဆိုသည်မှာ ဝါးခြမ်းရှည်များနှင့် ကပ်၍ စည်းထားသည်။

အသားထုပ်က ဝါးကပ်နှင့် နှီးနှင့်ချည်၏၊ ခြင်း၊ ပြီးတော့ ပိုထဲထည့် ဝါးကပ်နဲ့ အုပ်ထားခြင်းဖြစ်၏။

ထိုအရိုင်းစည်းများကို တောင်ပေါ်မှနေ၍ တောင်ကြီးမြို့



www.burmeseclassic.com

www.burmeseclassic.com



သို့ သယ်ပြီး သနပ်ဖက်ပွဲရုံများက အရွယ်ရွယ်အစား… ရွေးချယ်ကြရသည်။

ကြည့်ရသူ မူးနောက်လောက်အောင်ပင် သနက်… ရွေးသော မိန်းကလေးတို့၏ လက်များက လျင်မြန်လွန်း… သည်။

ယနေ့စျေးနှုန်းမှာ သနပ်ဖက်တစ်ပိဿာ ရွေးလျှ… တစ်ကျပ်ပြားရှစ်ဆယ်ရ၏။ တစ်ယောက်ကို ဆယ်ပိဿာ… ပိဿာ လေးဆယ်အထိ ကျွမ်းကျင်စွာ ရွေးနိုင်၏။

သူတို့ ရွေးပြီးသားများကို အကြီး၊ အလတ်၊ အသေး… ခွဲထုတ်၍ ပိုထဲမှာထည့်ပြီး အကြီးဆုံးကို ‘ရွေး’ နောက်… ‘ခေါင်’ ပြီးတော့ ‘က-လ-၁-၀-သ၀’ဆိုသော အမှတ်အသား… များ သနပ်ဖက်ပိုများမှာ ရေးပြီး မြေပြန့်သို့ တင်ပို့သည်။

ဆေးလိပ်ခုံရောက်ပြန်တော့ ဆေးလိပ်သမလေးများ… အရွက်ကို အကြီး၊ အသေး၊ အလတ်၊ အစားစားရွေးပြီး တစ်ရွက်… ချင်း ထောင့်ချွန်းလေး ဖြစ်အောင် ညှပ်ကြရပြန်သည်။

ပခုက္ကူ၊ ဆင်ဖြူကျွန်း စသော အညာဒေသများ… ကျွန်းဆေး၊ ရွှေလက်ဝါး၊ ရွှေတစ်ဆုပ် စသော ဆေးရွက်ကြီး… များကို ခြေ၊ စက်နှင့် ခုတ်ပြီးသား မြင်းခြံ၊ ရွှေကျင် စသော… နယ်များမှ ဆေးရိုးများကို လှော်ပြီးမှရော၊ အမွှေးအကြိုင်ပါသော… ထန်းလျက် မန်ကျည်း စသည့် ကိုယ့်နည်းနှင့်ကိုယ် ဖျော်ထား… ကြသော အရည်များနှင့် ဆေးစပ် စပ်ကြရသည်။

ထိုဆေးရိုးနှင့် ဆေးအမွှေးရည် ကိုယ့်နည်းနှင့် ဖော်…





…သော ရှုလကာရည် စသည်များနှင့် ရောစပ်ပြီးမှ မောရှမ်း …ဘာ ဖက်ရွက်ထဲထည့်၊ ဖင်မှ အစီခံ ခံပြီး အရွယ်အစားစား …ပ်ဖက်လိပ်များကို မြန်မာပြည်အရပ်ရပ်မှ ဆေးလိပ်ခုံများက …ပြီးရောင်းချကြသည်။

သနက်ဖက်ဆေးလိပ်တစ်လိပ် ဖြစ်လာဖို့အရေး ခက်ခဲ …တ်ပါဘိ။

ပညာမသင်ရရှာသော အမျိုးသမီးလေးများကလည်း ဆေးလိပ်သမလေးများအဖြစ်နှင့် မြန်မာပြည်အရပ်ရပ်မှာ အလုပ်ဆင်းနေကြရပါ၏။

ပအိုဝ်းတိုင်းရင်းသားများသာ အစိုက်များသော သနပ် …ကို ပအိုဝ်းဘာသာဖြင့် ‘သိနိလာ’၊ ရှမ်းဘာသာဖြင့် ‘တောင်’၊ …မာလို ‘သနပ်ဖက်’ ‘ရှမ်းဖက်’

သည်မျှ ခက်ခဲပင်ပန်းစွာ ဖန်တီးပြီး ဖြစ်လာသည့် ဆေးလိပ်သည် မီးရှို့ခံဘဝဖြင့် ဇာတ်သိမ်းချုပ်ငြိမ်းသွားရပြန်သည်။

လူတစ်ယောက်၏ ဘဝတစ်ခုအစနှင့် ဇာတ်သိမ်းခြင်းနှင့် …င် တူညီနေပေတော့သည်။

ဘဝတစ်လျှောက်လုံး အပြင်းအထန် ရုန်းကန်လှုပ်ရှားပြီး …သတော့လည်း မီးသဂြိုဟ်လိုက်ရသည့်သို့ပင်။

ဆေးလိပ်တစ်တိုနှင့် လူတစ်ဘဝ. . .

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



"အို. . . ဖတ်ခိုင်းလို့သာ ဖတ်နေရတယ်၊ ဘုရားသ
ရော၊ ရုပ်ကွက်အမည်၊ လူအမည်တွေရော၊ ရောလို့စုံလို့။ သ
ဖက်အကြောင်းကလည်း အကျယ်တဝင့် ဒီအတိုင်း စာအုပ်ထု
မှာလားဟင်"

"အဟားဟား မြနန်းမုံ ရယ်"

ကိုပိုင်စိုးက အားပါးတရ ရယ်ပြီး. . .

"ခုလို မပြီးမပြတ်နဲ့ ဟိုတစ်စ သည်တစ်စရေးပြီး စာ
ထုတ်လို့ ဘယ်ရပ့်ါမလဲဗျာ၊ စာထဲမှာ ဖတ်လို့ကောင်းရင် ချိ
စာ လာသလို မှားတာ့တွေ တွေ့ရင်လည်း ဆဲစာလာတာ
ဒါကြောင့် ဒေသခံတွေ မေး၊ ကိုယ်တိုင် ကွင်းဆင်းလေ့
ပြီးတော့ ကျွမ်းကျင်ပညာရှင်တွေ ပြုစုထားတဲ့ စာတွေနဲ့ တို
ကြည့်ရပါတယ်"

"ပြီးမှ ရေးရတယ်လား"

"ဘယ်ဟုတ်ဦးမလဲဗျာ၊ မြနန်းမုံကမှ ကျွန်တော့်
မဖတ်တာ၊ ကျွန်တော်က ဝတ္ထုဇာတ်လမ်းကို အသားပေးရေ
စာရေးဆရာဆိုတော့ ဒါတွေချည်း ဖတ်ရရင် စာဖတ်သူ
စိတ်ကုန်သွားမှာပေါ့"

"ဟင် ဒါဖြင့် ဘာလို့ တကုပ်ကုပ်နဲ့ မှတ်နေတာလဲ"





"သြော်. . . ဇာတ်လမ်းကို သိချင်လို့ပဲ ဖတ်ဖတ်၊ အပျင်း
ပြေအောင်ပဲဖတ်ဖတ်၊ ပျော်အောင်ပဲဖတ်ဖတ်၊ ကျွန်တော့်စာ
ဖတ်ရင်းနဲ့ ဗဟုသုတလေး ရပါစေဆိုပြီး ကြားညှပ်ရေးရတာပါ၊
ပျင်းတဲ့လူကလည်း ကျော်ဖတ်သွားကြလိမ့်မယ်ပေါ့ဗျာ"

"ဟင်. . . ကိုပိုင်စိုးဟာကလည်း ပင်ပန်းလိုက်တာ"

"ကျွန်တော့်စာကို ဖတ်ပေးကြတဲ့ ကျွန်တော့်ရဲ့ ကျေးဇူး
ရှင် ထမင်းရှင်တွေအတွက် ဒီလောက်တော့ ကျွန်တော်က
ပြုပြင်သင့်တာပေါ့လေ၊ ဒါပေမယ့် သူတို့တွေ မပျင်းအောင်
လို့ရေးရတယ် မြနန်းမုံရဲ့"

"ပြောပါ ကိုပိုင်စိုး"

"ဥပမာ စောစောက ကျွန်တော် မှတ်တမ်းပြုထားတဲ့
သနပ်ဖက်လုပ်ငန်းဆိုပါတော့ဗျာ၊ ဒီအတိုင်း ရေးသွားရင် လူတွေ
အိပ်ဆေးတောင် မလိုဘူး စာဖတ်ရင်း အိပ်သွားကြမှာ"

"ဟင်. . ."

"ဟင်. . . အပြင်မှာ ယူနေကြတာပဲ"

"ထားပါတော့ဗျာ၊ ဥပမာ မြနန်းမုံတို့လို မင်းသမီး ချော
ချောလှလှလေးက သနပ်ဖက် ခူးသမလေး လုပ်မယ်၊ မြို့က
မင်းသားက လာလည်ရင်း ရှင်းပြရမယ့် အခန်းမျိုး ရေးရမှာပေါ့၊
ဒါမှ မင်းသမီးနဲ့ မင်းသား စကားပြောရင်း မျက်ဝန်းချင်းဆုံတာ
တို့၊ ချစ်စကား မကျတကျလေး ထည့်ပြောတာတို့နဲ့ရောပြီး
ရေးလိုက်ရင် ဖတ်သူတွေ မပျင်းတော့ဘူးလေ"

မနက်ကပင် သူနှင့်အတူ သွားပြီး ပြောခဲ့ရ၊ ရှင်းပြခဲ့ရ၊



www.burmeseclassic.com

www.burmeseclassic.com



တတ်ကျွမ်းသူကို မေးမြန်းပေးခဲ့ရသဖြင့် မြနန်းမုံ မျက်နှာမ
တတ်အောင် ရှိရပြန်သည်။

သူ့ဒိုင်ယာရီ၏ ရှေ့ဆုံးစာမျက်နှာမှ ဖော်ညွှန်းခ
အတွက်လည်း ရှက်စိတ်ဝင်မိနေ၏။ 'ချစ်သူရဲ့ တည်ငြိမ်
မျက်ဝန်းမှာ အဖြေရှာရ ခက်လှပါဘိလေ' ဆိုထားသ
တော်ပါသေးရဲ့။

"မြနန်းမုံ"

"ရှင်"

"ကျွန်တော့်ကိစ္စတွေ ကျွန်တော့် စပ်စုခြင်းတွေ အ
ထားလိုက်ကြပါစို့ဗျာ"

"မေးချင်တာမေးပါလေ"

"မမေးတော့ပါဘူး၊ ပြည့်စုံနေပါပြီ၊ နောင်မှပဲ ဇာတ်လ
တစ်ခုတွေး ဇာတ်အိမ်တစ်ခုဖွဲ့ပြီး အလျဉ်းသင့်သလို ဒီနယ်
က အကြောင်းတွေ ထည့်ရေးပါ့မယ်"

ကိုပိုင်စိုးအတွက် အကျိုးရှိတယ်ဆိုရင် နန်းမုံ ဝမ်းသ
ပါပြီ။

"ဗဟုသုတတွေလည်း မမေးချင်တော့ဘူး၊ ကျွန်တော်
ရင်ထဲက ဝေဒနာပြပွဲကိုလည်း ခင်းကျင်းမနေတော့ပါဘူး၊ မြန
မုံရဲ့ဘဝ၊ မြနန်းမုံရဲ့ လက်ရှိကိစ္စကိုပဲ ဆွေးနွေးကြရအောင်
နော်"

"ဘာမှလည်း ဆွေးနွေးလို့ရမှာ မဟုတ်ပါဘူးလေ၊ ကိုပိုင်
စိုးကို နန်းမုံ အားလုံးပြောပြခဲ့ပြီးပြီပဲရှင်"





"ပြောပြပြီးလို့ ကျွန်တော် ဆွေးနွေးနိုင်မှာပါ မြနန်းမုံ၊
န်တော့်ကို ယုံယုံကြည်ကြည်နဲ့ ဆွေးနွေးပြောပြလာလို့ သိပ်
းဇူးတင်ပါတယ်၊ မြနန်းမုံရဲ့ ယုံကြည်သူတစ်ယောက် ဖြစ်ခွင့်
လည်း ဝမ်းသာလှပါတယ်၊ ဒီတော့ ဒီလိုလုပ်ရအောင်ပါ
န်းမုံ"

ကိုပိုင်စိုး၏ တည်ငြိမ်လေးနက်နေသော မျက်နှာကို
န်းမုံ ငေးကြည့်နေမိ၏။

"ကျွန်တော် ဒေါ်နန်းလှကို ရန်ကုန်ခေါ်သွားပါရစေ"

"ရှင်"

"မြနန်းမုံ လိုက်ဖို့မလိုပါဘူး၊ ကျောင်းတာဝန်နဲ့ နေခဲ့ပါ၊
န်တော် စိုင်းလွမ်းအောင်ကို ခေါ်သွားမယ်"

"အမေ့ကို ခေါ်သွားမယ်"

"ဟုတ်ပါတယ် မြနန်းမုံ၊ မြနန်းမုံ ပြောစကားအရ ဆိုရင်
ဒေါ်နန်းလှဟာ တစ်ခါတစ်ရံ ဆိုးတာကလွဲရင် ယဉ်ယဉ်ကလေး
ရှးနေတာပဲ၊ ဒီရောဂါဟာ စိတ်ရှည်ရှည်ထားပြီး ကုသလို့ရပါ
တယ်၊ အခု ရန်ကုန်က စိတ်ရောဂါကု ဆေးရုံမှာ ဆရာဝန်တွေ
ဟာ အဲဒီရောဂါဆိုင်ရာ အထူးကျွမ်းကျင်တဲ့ ပါရဂူဘွဲ့တွေကို
ိုင်ငံခြားမှာ ပညာသင်ယူလာခဲ့သူတွေပါ၊ အဲဒီမှာ ကုသဖို့
ကျွန်တော် ခေါ်သွားပါရစေ"

"အမေနဲ့ ကိုပိုင်စိုးနဲ့ ဖြစ်မှာ မဟုတ်ဘူး"

"မဖြစ်ရင် ဖြစ်တဲ့နည်းနဲ့လုပ်ပြီး ခေါ်သွားရမှာပဲ မြနန်း
ဥပမာ အိပ်ဆေးဖြစ်ဖြစ်ထိုးပြီး လေယာဉ်နဲ့ ခေါ်သွားမယ်၊



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတည်း ရှစ်မိုင်က ဆေးရုံဝင်ပြလည်း ဖြစ်ပါတယ်၊ ကျွ
တော့်မိတ်ဆွေ စာရေးနေတဲ့ စိတ်ပညာဆရာဝန်တွေလည်း
ရှိပါတယ် မြနန်းမုံ"

"တောင်ကြီးမှာ ကုရင်ရော"

"တောင်ကြီးမှာက စိတ်ရောဂါကုဆေးရုံ သီးသန့်မရှိ
လေ၊ ခက်တာကလည်း မြန်မာတစ်ပြည်လုံးမှာ ရန်ကုန်တစ်
အသေအချာကုစရာ အဲဒီဆေးရုံမျိုး ရှိနေတယ်၊ ဒါကြော
ကျွန်တော် ကူညီပါရစေ မြနန်းမုံရယ်နော်"

မြနန်းမုံ ဘာဖြေရမှန်းကိုမသိတော့၊ ရင်၌ ဝမ်းသာခြ
ဝေဒနာကို စတင်ရိုက်ခတ်ပြီထင်သည်။

"ဗုဒ္ဓဘာသာဝင်တစ်ယောက်အနေနဲ့ မကျန်းမာသူ
ကူညီပေးရတာ ကျွန်တော် ကုသိုလ်ရမှာပါ မြနန်းမုံ၊ ပြီးတေ
ကျွန်တော့မှာ အမေဆုံးခဲ့တာ ကြာပါပြီ၊ ဒေါ်နန်းလှ ဆိုတာ
ကျွန်တော့်မိခင်ရွယ်လောက်ပဲ ရှိမှာပါ၊ ဒါကြောင့် ဒေါ်နန်းလှ
ကိုစောနွေတို့စခန်းကနေ မြနန်းမုံနဲ့ ညီလေးနဲ့ သွားခေါ်ပေး
ပါ၊ ကျွန်တော်အားလုံး တာဝန်ယူပြီး ရန်ကုန်ခေါ်သွားပါ့မေ
အစစအရာရာလည်း စိတ်ချစေချင်ပါတယ်"

"နန်းမုံ ဘာပြောရမှန်းတောင် မသိတော့ပါဘူး ရှင်"

"ဘာမှ တွေဝေမနေပါနဲ့တော့နော် မြနန်းမုံ၊ မြပန်းငုံ
စခန်းမှာ ပျော်နေတယ်ဆိုလည်း သူနေခဲ့ပါစေလေ"

"မနေစေချင်လို့ ခေါ်ရင်လည်း သူကလိုက်မှာ မဟုတ်
တော့ဘူးလေ"





"ဒါပေါ့၊ သူက ကိုစောနွေကို သိပ်ပြီး အထင်တကြီးနဲ့
မ်းနေပုံရတယ်နော်"

"ဟုတ်တယ်၊ ဟိုက သူ့ကို မယူသေးလို့ မယူတာ၊ သူက
တော့ ကြည်ဖြူပြီးသားပါတဲ့"

"သူတို့ကိစ္စကို တစ်ပိုင်း ထားလိုက်ကြရအောင်ပါနော်"

မြနန်းမုံသည် ကိုပိုင်စိုး၏စကားကို ဘယ်လိုပြန်၍
ွေးနွေးရမည်ကိုပင် မသိတော့ပါ။

"မြနန်းမုံလည်း စိတ်အေးချမ်းသာစွာ တောင်ကြီး
ဘာလိပ်မှာ နေရစ်ပါလေ၊ အမေ မရှိတော့ရင် မိုင်းပွန်ကိုလည်း
အခါ မသွားနဲ့ပေါ့၊ ကိုစောနွေတို့ စခန်းကို သွားတာလည်း
ကျွန်တော် စိတ်မချနိုင်ဘူး မြနန်းမုံ"

သူက မြနန်းမုံ၏ တအံ့တသြ မျက်နှာလေးကို စိုက်ကြည့်
း. . .

"နောက်တစ်ခုလည်း ထပ်ပြောပါရစေ၊ အခုလို ကူညီတာ
ာ ကျွန်တော့်ရင်ထဲက နှလုံးသားထဲကလာတဲ့ တကယ့်
ေတနာစစ်စစ်ပါ မြနန်းမုံ၊ အဲဒါကိုတော့ ယုံပါဗျာ"

"ဟုတ်. . . ဟုတ်ကဲ့ပါ"

"အမေ့ကို ဆေးကုပေးလို့ ပျောက်ကင်းတဲ့အခါ မြနန်းမုံ
ကြိုက်သလို ကြိုက်တဲ့နေရာမှာ နေကြပေါ့၊ ခွင့်ပြုမယ်ဆိုရင်
တော့ ဆက်ပြီး ကူညီလိုပါတယ်၊ ရန်ကုန်မှာ မြနန်းမုံ သိပ်တက်
င်တဲ့ မာစတာဒီဂရီ ရပြီးတဲ့အထိပေါ့"

"အို. . . ကိုပိုင်စိုးရယ်"



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော်ထပ်ပြီး အလေးအနက်ထား ပြော
ကျန်ပါသေးတယ် မြနန်းမုံ"

"ရှင်"

ကျွန်တော် ကူညီတာဟာ တုံ့ပြန်လာမှု မျှော်မှန်း
ကင်းတဲ့ အဖြူရောင် စေတနာ သန့်သန့်ပါ မြနန်းမုံ၊ ဒါကြော
မြနန်းမုံကို ကျွန်တော် တောင်းဆိုထားတဲ့ မေတ္တာတ
ပတ်သက်ပြီး ရောထွေးမသွားစေချင်ပါဘူး"

မြနန်းမုံ သူနှင့်ဆုံနေသော အကြည့်ကို လွှဲပစ်လို
သည်။

"ဒီတစ်ပိုင်းက မြနန်းမုံ ကြိုက်သလို ဆုံးဖြတ်နိုင်ပါတ
တကယ်လို့ မြနန်းမုံ ဘဝအတွက် ကျွန်တော်ဟာ မထိုက်တ
ဘူး၊ မြနန်းမုံက မချစ်နိုင်သူ ဖြစ်ခဲ့ရင်လည်း ခုလိုပဲ မိတ်
အဆင့်မျိုးနဲ့ ဆက်လက်ကူညီနေမှာပါဆိုတာ မြနန်းမုံ ယုံပါ

မြနန်းမုံ ခေါင်းညိတ်မိ၏။

"အသေအချာ ယုံလိုက်စမ်းပါဗျာ၊ မြနန်းမုံ ဘက်
ကျွန်တော့်ကို မြနန်းမုံ ကြိုက်သလို ဆုံးဖြတ်ပါ၊ ကျွန်တော်
တော့လေ. . .

မြနန်းမုံကိုချစ်တယ်၊ သိပ်ချစ်တယ်ဗျာ၊ ကျွန်တော် စွမ်း
ဆောင်နိုင်သမျှ စွမ်းပကားအားလုံးကို မြနန်းမုံရဲ့ ခြေရင်းမှာ
ပုံချပြီး ဘဝကို မြနန်းမုံအတွက်ပဲ ရှင်သန်နေချင်မိပါတယ်. . .

ကျွန်တော် မြနန်းမုံကို သိပ်ချစ်တယ်၊ သိပ်သနားတယ်
သိပ်မြတ်နိုးရပါတယ် မြနန်းမုံရယ်၊ ကျွန်တော့်စာထဲမှာ ဒီထက်





စကားလုံးတွေနဲ့ သိဖွဲ့နိုင်တာထက် ပိုပြီး မြနန်းမုံကို
တယ်. . .

အဲဒီလို ကျွန်တော့်ရင်ထဲမှာ ခံစားဖြစ်ထွန်းနေတဲ့ ချစ်ခြင်း
တ္တာတွေကို မြနန်းမုံရယ် ယုံကြည်ပေးပါ၊ နားလည်ပေးပါ၊
ခံပေးပါနော်။

မြနန်းမုံရဲ့ တုံ့ပြန်မှု အပိုင်းကတော့ မြနန်းမုံ ကြိုက်သလို
ဖြတ်နိုင်ပါတယ်လေ။

ကျွန်တော်ကတော့ မြနန်းမုံကို ကျွန်တော့်ရဲ့ ဒီအသက်နဲ့
နွှာ ယှဉ်တွဲရှင်သန်နေသမျှ ကာလပတ်လုံး ချစ်နေမယ်၊
ချစ်နေပါ့မယ်ဗျာ"

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ ၂၉

မမမုံ

စိုင်း တောင်ကြီးကို ပြန်သွားပါပြီ၊ သူငယ်ချင်း
တစ်ယောက်ရဲ့ ကားကိုစွဲနဲ့ မိတ္ထီလာကို တစ်ဆက်တည်
သွားရမယ်၊ ကြာပါလိမ့်မယ်။

မနေ့က မမမုံရှေ့မှာ ပြောမှားဆိုမှား ဖြစ်ခဲ့
တွေအတွက် ခွင့်လွှတ်ပါ။

စိုင်းအသေအချာ စဉ်းစားပြီးပါပြီ မမမုံ၊ မ
ထိုက်တန်သူဟာ စိုင်းမဟုတ်ဘူး၊ အစ်ကိုပိုင်စိုးပဲ
ငယ်ငယ်လေးကတည်းက မမမျှော်လင့်လာခဲ့
ပညာရေးကိစ္စကို အစ်ကိုကမှ ကူညီနိုင်မှာပါ၊ ပြီး
မမမုံတို့နှစ်ယောက်သာ သိပ်လိုက်ဖက်ပါတယ်. . .

ဒါကြောင့် စိုင်းကို မေးထားတဲ့ စကားကို
အဖြေပေးပါ့မယ်. . .

အစ်ကိုပိုင်စိုးဟာ မမမုံအတွက် ချစ်ထိုက်တဲ့
ဖြစ်လို့ ချစ်လိုက်ပါ မမမုံ။

စိုင်းဟာ မမမုံ ကောင်းစားရေးအတွက် ရှောင်
သွားတာမျိုးလည်း မဟုတ်ပါဘူး၊ စိုင်း ရင်ထဲမှာ





အစ်မလိုချစ်တဲ့ စိတ်ကလည်း ပယ်ဖျက်လို့ မရသေးတာ
ပါ ပါတယ်. . .

စိုင်းစိတ်တွေ ထွေပြားတွေဝေနေချိန်မှာ အမေ
ကလည်း ပြောလာပါတယ်။

ကိုယ့်ထက် အသက်ကြီးပြီး ကိုယ့်ထက် ပညာ
တတ်တဲ့ မိန်းမကို မမှန်းပါနဲ့ သားရယ်တဲ့၊ ပြီးတော့ အမေ
ရှူးရင် သားသမီးလည်း တစ်ချိန်ချိန်ကျ ရှူးတတ်တယ်
တဲ့၊ မြနန်းမုံကို ရှောင်ပါတဲ့။

အမေပြောလို့ချည်းတော့ မဟုတ်ပါဘူးလေ၊ စိုင်း
ကိုယ်တိုင်လည်း သိပ်အဆင့်မြင့်နေတဲ့ မမမုံနဲ့ မတန်ပါ
ဘူးလို့ ခံစားလာရတယ်၊ ပြီးတော့ မမမုံကိုလည်း ကား
သမားရဲ့ မယားဘဝနဲ့ ဆွဲနှစ်ပစ်လိုက်တဲ့အဖြစ်မျိုး မဖြစ်
စေရက်လို့ပါ မမမုံရယ်။

မမမုံရဲ့ဆန္ဒများ အားလုံးပြည့်ဝပါစေ

မမမုံကို အမြဲချစ်ခင်လေးစားနေမယ့်. . .

မမမုံရဲ့ မောင်လေးစိုင်း

မမျှော်လင့်သော စိုင်းရဲ့စာကြောင့် မြနန်းမုံ ပြင်းပြင်း
န်ထန် ခံစားလိုက်ရပါပြီ။

ရင်ခုန်နှုန်းမြန်လွန်းမှုကြောင့် လက်များပါ ဆတ်ဆတ်
န်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



မိသားစု၏ အပူကို တွေ့ခဲ့ဖူးသော်လည်း နှလုံးသား ခံစားမှုသောကကို တစ်ကြိမ်တစ်ခါမျှ မခံစားခဲ့ဖူးသေး မြနန်းမုံအတွက် စိုင်း၏ စာသည် ရင်မှဝေဒနာဦးကို သည်းသန်သန် ဖြစ်ထွန်းစေနိုင်ခဲ့ပါပြီ။

"အသက်ကြီးလို့ အဆင့်မြင့်လို့ မချစ်နိုင်ဘူး"

"အရူးရဲ့သမီးမို့ မချစ်ထိုက်ဘူး"

တဲ့လားဟင် စိုင်းရယ်၊ စိုင်းအနေနဲ့ကပါ မမမုံပေါ် ဒီလိုမြင်လာရက်တယ်လားကွယ်။

စိုင်းကိုလည်း မမမုံက မရိုးသားတဲ့ အချစ်မျိုးနဲ့ တ ဖူးမှ မချစ်ခဲ့မိရိုးအမှန်ပါ။

ဒါပေမယ့် မမမုံ သိပ်ချစ်တဲ့ မမမုံရဲ့ မောင်လေးတ အတွက်များ သူသိပ်ခံစားနေရရှာမလား ဆိုတဲ့ အဖြ မေတ္တာအပြည့်နဲ့ မမမုံရဲ့ နှလုံးသားကို ထိုးအပ်လိုက်တဲ့အဖြ ပါ စိုင်းရယ်။

ကိုပိုင်စိုးကို မမမုံ ချစ်မိလို့ စိုင်း ခံစားနေရမယ်ဆို နောက်ဆုတ်ပေးပါမယ်လို့ ဆုံးဖြတ်ပေးရဲတဲ့အထိ မောင် စိုင်းပေါ်မှာ စေတနာရှိခဲ့တဲ့ မမမုံပါကွယ်။

"ကောင်းပါပြီလေ၊ စိုင်း ဒီလို ဆုံးဖြတ်ပေးသွား ကျေးဇူးတင်လှပါတယ်ကွယ်"

◆ ◆ ◆





"အို မြနန်းမုံ မျက်ရည်တွေလည်း ဝဲလို့ပါလား၊ ဘယ်က ဲဟင်၊ မြပန်းငုံဆီက များလား"

ကိုပိုင်စိုး မေးလာတော့မှ မြနန်းမုံက စာကို ခေါက်သိမ်း သည်။ အိတ်ထဲသို့ မထည့်ဖြစ်သေး. . .

"သြော်. . . စာစောက အသံကြားလိုက်တယ်၊ ကလေး ယောက် လာပေးသွားတာ မဟုတ်လား၊ အစ်ကိုလွှမ်း င်က ပေးခိုင်းတယ်ဆိုလား"

"ဟုတ်. . . ပါ. . . တယ်"

"ဟင်. . . ဒါဆို တောထဲက အကြောင်းထူးပြီထင်တယ်၊ နေကောင်းရဲ့လား၊ မြပန်းငုံတို့ရော ဘာတွေ ဖြစ်ကြသတဲ့ အမေ့ကို ဘယ်တော့ သွားခေါ်မတဲ့လဲဟင်"

ဆင့်ဆက်နေသော စေတနာမေးခွန်းများကို မဖြေချင် ာ။

ရင်ထဲမှာ ခံစားရဖန်များလွန်းတော့လည်း သို့ဝှက်ထိမ်ချန် ချင်စိတ်မျိုးပင် မရှိတော့ပါ၍. . .

"ရော့. . . ကိုပိုင်စိုးပဲ ဖတ်ကြည့်"

လက်ထဲမှ စိုင်း၏စာကို လှမ်းပေးပြီး မြနန်းမုံမှာ ကိုပိုင်စိုး ထွက်ခွာ၍ အပေါ်ထပ်သို့ တက်ခဲ့သည်။

ခန်းမကျယ်ထိပ်မှ တံခါးကို ကန့်လန့်ထိုး အသေပိတ်ပြီး ါးကို ကျောဖြင့်မှီကပ်၍ တွေတွေကြီး ရပ်နေမိတော့သည်။

အောက်ထပ်မှာတော့ ကိုပိုင်စိုးတစ်ယောက် စိုင်း၏စာကို သေအချာ ဖတ်နေပေရော့မည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

အခန်း ။ ၂

ခြံထဲကတွင်းမှာပင် ရေချိုးနေသည်။

တွင်းဆိုသော်လည်း ဘယ်သောအခါမှ မလျော့သော ရေဇလုံကြီးတစ်ခုကို ချထားသလို ခပ်ချိုးရသည်မှာ လွယ်ကူ ချည်ရဲ့လေ။

အဝတ်များလျှော်ပြီး ရေချိုးချိန်ကြာသွား၍ ချမ်း သည်။ အိမ်ပေါ်ကဆင်းလာစဉ်က ရင်လျားမလာ ဘလောက်(စ်)နှင့်ဆင်းလာခဲ့၍ ချွတ်ထားသော ဘလော ကိုပင် ကောက်ဝတ်လိုက်ရသည်။

ဆံပင်ရှည်ကလည်း ဖရိုဖရဲ၊ အကျီလုံချည်ကလည်း မသပ်မရပ်နှင့်။ လျှော်ပြီးသားအဝတ်များ ထည့်လာသော ကို ခါးစောင်းတင်ပြီး ရေတွင်းမှနေ၍ အိမ်ရှိရာ ဆင်ခြေ ကုန်းကို တက်လာစဉ်. . .

"အို. . . ဟိုမှာ. . . သူ"





ခုံတန်းလျားဟောင်းလေးမှာ ထိုင်စောင့်နေသော နောက် ခြင်းအနေအထားနှင့် ကိုပိုင်စိုး။

"တက်ခဲ့ပါ မြနန်းမုံ၊ အအေးမိနေပါဦးမယ်"

မကြည့်ဘဲနှင့် သူပြောလိုက်သည်။

ခုံဖိနပ်သံ တဂွပ်ဂွပ် ရပ်သွားသဖြင့် နောက်လှည့်ကြည့် ရော မလိုဘဲ သူသိနေပြီထင်၏။

မြနန်းမုံ ဆက်လျှောက်လာတော့ သူက အဝတ်ဇလုံကြီး ကို ဆီးယူသည်။

"အို. . . ကျွန်တော့်အဝတ်တွေလည်း ပါနေပါလား၊ မဟုတ်တာ ကျွန်တော့်ဟာ ကျွန်တော် လျှော်မှာပေါ့"

"သူ လျှော်တတ်လို့လား"

"တတ်တာပေါ့၊ ထမင်းလည်း ချက်တတ်တာပဲ၊ ဟင်းသာ မချက်တတ်လို့ ချိုင့်နဲ့ဝယ်စားတယ်၊ ကိုယ့်တိုက်ခန်းမှာတော့ 'သိပ်ရှော်တဲ့သူ'ပေါ့ဗျာ"

အဝတ်လျှော်သည်ကိုပင် အသုံးမကျသော သူ၏ အသုံး အနှုန်းအဖြစ် 'သိပ်ရှော်တဲ့သူ' ဟု ရယ်စရာ ပြောသော်လည်း မြနန်းမုံ မရယ်ဖြစ်နိုင်။

ကိုပိုင်စိုးက မြနန်းမုံ၏ ဇလုံထဲမှ အဝတ်များကို တစ်ခု ချင်း ယူ၍ ရေညှစ်ပြီးမှခါ၍ စန့်စန့်ရန့်ရန့် ဖြစ်အောင် လှန်းနေ သဖြင့် သူ့အဝတ် သူလျှော်တတ်ကြောင်း ခိုင်လုံနေပေပြီ။

"အို. . . နန်းမုံအဝတ်တွေ မလှန်းပါနဲ့"

"ဘာဖြစ်လဲ၊ လျှော်တဲ့သူကတောင် လျှော်ပေးသေးတာ



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တာ လှန်းရုံပဲ၊ ကဲ. . . ပြီးပါပြီ၊ ခဏလေး ထိုင်စေဦး မြနန်းမုံရယ်၊ အိမ်ထဲမှာထက်စာရင် ခြံထဲမှာ စကားပြောရတာ ပိုပြီး ဖြူစင်သန့်ရှင်းလွတ်လပ်လို့ပါ"

မြနန်းမုံက ခုံတန်းလျားလေး၏ အစွန်ဆုံးမှာ ဝင်၍ ထိုင်ဖြစ်သည်။

ကိုပိုင်စိုးက သူ့ဆန္ဒကို ရှေ့တန်းမတင်သော စကားကို စတင်ပြောကြားရှာသည်။

"ညီလေးစိုင်း မရှိတော့လို့ တောထဲကအမေ့ကို သွားခေါ်ဖို့ကိစ္စ မြနန်းမုံ ဘယ်လိုစဉ်းစားမိသလဲ"

"နန်းမုံ မစဉ်းစားတတ်တော့ဘူး"

"ကျွန်တော် စဉ်းစားပြီးပြီ"

"ဟင်. . ."

"ကျွန်တော်နဲ့ မြနန်းမုံပဲ သွားကြရအောင်"

"အို. . . မဟုတ်တာ"

"ဘာကြောင့် မဟုတ်ရမှာလဲ၊ အကျိုးအကြောင်း ပြောပြပြီး အမေ့ကို ခေါ်လာခဲ့မယ်လေ၊ သူ့ကိုလည်း ကတိပေးခဲ့မှာပေါ့၊ သူတို့စခန်းကို လမ်းမညွှန်ပါဘူးလို့"

"ကိုစောန္ဒွေက မလွယ်ဘူး ထင်တယ်"

"လွယ်အောင်လုပ်ရမှာပဲ၊ ကျွန်တော် ပြေလည်အောင် ဖြေရှင်းပြပါ့မယ် မြနန်းမုံ၊ စိုင်းရဲ့စာအရ သူတော်တော်နဲ့ ပြန်လာမှာမှ မဟုတ်တာ၊ ကျွန်တော်တို့ ဒီအတိုင်း ထိုင်စောင့်နေလို့ ဘယ်ဖြစ်ပါ့မလဲ၊ တစ်ခုခုတော့ လုပ်မှပဲ"





မြနန်းမုံ တွေဝေနေစဉ်မှာပင်. . .

"လုပ်ရမယ့် တစ်ခုခုဆိုတာလည်း သူတို့စခန်းကို ရောက်သွားရုံကလွဲလို့ တခြားနည်းလမ်းမရှိဘူးလေ"

"အင်း. . . ဟုတ်တော့လည်း ဟုတ်ပါတယ်၊ ဒီကိစ္စက ဘယ်သူမှ သိလို့ဖြစ်တဲ့ ကိစ္စလည်း မဟုတ်ဘူးလေ"

"အခုရော ဒီက မသိကြဘူးလား"

"ဒီမှာက ကိုပိုင်စိုးမြင်တဲ့အတိုင်း ကိုယ့်ဟာကိုယ် အေးအေးဆေးဆေး နေကြတာလေ၊ ပြီးတော့ အမေက အရင်ကတည်းက အခန်းထဲမှာပဲ နေရှာတော့ အမေရှိနေလား မရှိတော့ဘူးဆိုတာ ဘယ်သူမှ မသိနိုင်ကြဘူးပေါ့၊ ဦးရိုးလုံးဆိုင်ကလည်း မရှိတော့ ဘယ်သူမှ မသိကြဘူး၊ အိမ်ထဲမှာ အမေရှိနေတယ်ပဲ ထင်ကြမှာ၊ နန်းမုံတို့ခြံကလည်း မြို့စွန်မှာဆိုတော့လား. . ."

"မြပန်းငုံ မရှိတာရော"

"အို. . . သူက ဒီလိုပဲ သွားနေကျ၊ အရင်တစ်ခေါက် စိုင်းစိုး လာတုန်းကတောင် စိုင်းနဲ့အတူ သူ့ကို ညကြီးမိုးချုပ် လိုက်ရှာရသေးတာရော"

"အဲဒီတုန်းက ဘယ်သွားပြီး ဘာလုပ်ကြတာလဲလို့ သိချင်လိုက်တာ"

"သူ့ကိစ္စပေါ့၊ ကိုစောန္ဒွေက ခိုင်းထားလို့တဲ့လေ"

"ပြန်ပါမလာဘူးနော်"

"လိုက်တာ မမီတော့ဘူး၊ ဒီကလည်း သိမှာစိုးလို့ ပြန်လာ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ကြရတာ၊ အဲဒီညက ကိုပိုင်စိုးနဲ့ကလည်း စိမ်းသေး
အားနာလိုက်တာလေ"

"အဲဒီတုန်းက စိမ်းသေးတယ် ဟုတ်လား"

"အင်းပေါ့"

"ဒါဖြင့် ခုရော"

မြနန်းမုံ ငုံ့သွားသော မျက်နှာလေးက အပြုံး
ဝေလို့။

"ပြောပါဦးဗျာ၊ အခုရော အစိမ်းရောင် ပြယ်သွားပြီ
ဟင်"

"အရင်ကထက်စာရင် ပိုပြီး ခင်မင်လာပြီပဲလေ"

ရေချိုးပြီးစ သဘာဝအတိုင်း ဝင်းသစ်နေသော မျ
လေးက ပိုပြီး လှနေသည်။ အသားရောင်ဝင်းဝင်းမှာ မျ
နက်နက်ကလေးနှစ်ခု ဆက်နေသည်က ကျက်သရေရှိ
ဘိသည်။

ပြင်ဆင်ထားချိန်ထက်ပင် ပို၍ လှနေသော ပင်
မျက်နှာလေးကို ဆွဲမော့ယူပြီး မလွှဲတမ်း စိုက်ကြည့်နေချင်သ

ရေစက်ရေပေါက်လေးများ မခြောက်သေးသဖြင့် ချ
ရှာမည့် ကိုယ်ခန္ဓာနုနုလေးကို ရင်ခွင်မှာ ပိုက်ပွေ့ထားချင်
ဘိကွယ်။

ကိုပိုင်စိုး၏ စူးစူးနစ်နစ်အကြည့်ကြောင့် မြနန်းမုံ
ငုံ့ထားရာမှ ပြန်မော်မလာ။

"မြနန်းမုံ"





"ဟင် . . ."

"စိုင်းရဲ့စာကိုဖတ်ရတော့ ဝမ်းသာနေမိတယ်၊ ညီလေးက
ချစ်ထိုက်လို့ ချစ်လိုက်ပါလို့ ပြောထားတယ်နော်"

"အင်း . . . သူ . . . သူက စိုင်းနဲ့ နန်းမုံနဲ့ကိုရော ဘယ်လို
ထင်နေလို့လဲ ဟင်"

"ဘယ်လိုမှ မထင်ပါဘူး၊ သူ့စာကလည်း ရှင်းနေတာပဲ၊
မြနန်းမုံတို့ရဲ့ ရိုးသားလှတဲ့ ဆက်သွယ်မှုကိုကြည့်ပြီး မောင်နှမ
အရင်းလို့တောင် ထင်နေခဲ့မိတာပါ"

"နန်းမုံရဲ့ဘဝမှာ စိုင်းထက်ရင်းနှီးတဲ့ သူတစ်ယောက်မှ
မရှိခဲ့ဖူးပါဘူး"

"အရိုးခံ မျက်ဝန်းလေးမှတစ်ဆင့် မြနန်းမုံရဲ့ရင်ထဲမှာ
နှလုံးသား အသစ်ကလေး ရှိနေတယ်ဆိုတာ ကျွန်တော် သိပြီးပါ
ပြီ မြနန်းမုံရယ်"

"ကျေးဇူးတင်ပါတယ်"

"ဘာကိုလဲ"

"နန်းမုံမှာ ချစ်သူမရှိဖူးသေးဘူးဆိုတာ ယုံလို့လေ"

"မြနန်းမုံ"

"ဟင် . . ."

"ကျွန်တော့်ကိုရော ဘယ်လိုမြင်လဲဟင်"

"သူ့ကိုတော့ နန်းမုံ မယုံရဲပါဘူး"

"ဘယ်လိုပြောလိုက်တာလဲဗျာ"

"ရန်ကုန်က လူတွေက ကြောက်ရတယ်မဟုတ်လား၊



www.burmeseclassic.com

www.burmeseclassic.com



သူက နာမည်ကျော် ဝင်ငွေကောင်းတဲ့ သူဆိုတော့ မိန်းကလေးတွေ ဝိုင်းနေမှာပါ၊ ပြီးတော့ ချောလည်းချောတယ်လေ"

"ဟာဗျာ မြှောက်သွားပြီ"

"နန်းမုံ တကယ်ပြောတာပါ၊ နန်းမုံကို ပြောခဲ့တာမျိုး မိန်းကလေး ဘယ်နှယောက်ကို ပြောခဲ့ဖူးပြီလဲမသိ"

"အချိန်ကာလက သက်သေခံ လာပါလိမ့်မယ် မြနန်းရယ်၊ အမေ့ကို ဆေးကုခွင့်ရတဲ့အခါမှာ မြနန်းမုံ စုံစမ်းကြည့်ပါ၊ မန္တလေးက အန်တီဒေါ်လှရင်ကိုလည်း စုံစမ်းကြည့်ပါ။ သူတို့က ကျွန်တော့်အကြောင်း ကောင်းကောင်းသိပါတယ်ဗျာ"

"အင်းလေ၊ သူ့ဘက်က တည်ကြည်တယ်ပဲထားပါ၊ မိန်းကလေးတွေက ဝိုင်းနေတာပဲ၊ မိတ်ဆက်စာတွေလည်း တစ်ပုံကြီး ဓာတ်ပုံတွေတောင် ပို့တာဆို စိုင်းပြောတော့. . ."

"ဟာ-ဒီညီလေးက သူမေးလို့လဲ ပြောရသေးတယ် ချွန်လိုက်ပြီဗျာ၊ မိတ်ဆက်စာကို ပြန်ကြားတာလည်း ရှိပါတယ် ကလောင်မိတ်ဆွေအဖြစ်နဲ့ပဲ ရင်းနှီးနေတာ ရှိပါတယ်"

"သူ့အကြောင်းကို နန်းမုံ တကယ့်ကို ဘာမှ မသိရသေးဘူး"

"မေးမှ မမေးတာ၊ ဒီက သိပ်ပြောချင်နေတာဗျ"

"အို. . ."

"ကျွန်တော်ဆိုတဲ့ ပိုင်စိုးဆိုတဲ့ကောင်က မြစ်ဝကျွန်းပေါ်သား၊ ဗေဒါပင်တွေကြားမှာ မွေးဖွားလာခဲ့သူလို့ တင်စားရင်လည်း ရပါတယ်၊ ကျွန်တော် ရန်ကုန်က ဒေသကောလိပ်မှာ





စာတက်နေတုန်းပဲ မေမေဆုံးပါတယ်၊ ကျွန်တော်က တစ်ဦးတည်းသောသားပါ၊ ပညာဆက်သင်နေဆဲမှာ ဖေဖေက နောက်မိန်းမထပ်ယူလို့ အိမ်မပြန်တော့ဘဲ ဘွဲ့ရပြီးတော့ အလုပ်ဝင်ခဲ့ပါတယ်"

"အစိုးရဌာနမှာရော အခုလုပ်နေတာလား"

"ထွက်လိုက်ပါပြီ စာရေးတာ သက်သက်ပါ၊ ဖေဖေက မြို့လယ် ၃၆-လမ်းမှာ တိုက်ခန်းတစ်ခန်း ဝယ်ပေးပါတယ်၊ အဲဒီမှာ တစ်ယောက်တည်းနေပါတယ်၊ ငယ်ငယ်က ကောင်မလေးတစ်ယောက် နှစ်ယောက်နဲ့ တွဲသွားတွဲလာ လုပ်ခဲ့ဖူးပါတယ်၊ ဘယ်သူ့ကိုမှ နှစ်နှစ်ကာကာ မချစ်ခဲ့ဖူးလို့ ဘာမှလည်း မခံစားခဲ့ရပါဘူးခင်ဗျာ၊ အဲဒါ ကျွန်တော့်ဘဝရဲ့ဖြစ်ကြောင်းကုန်စင်ပါပဲ"

"ဒီအတိုင်း မှန်ပါစေလို့ပဲ ဆုတောင်းရတော့မှာပဲ"

"မှန်ခဲ့ရင်ရော ဘာဆုပေးမှာလဲ"

"မသိဘူး"

"အို. . . သူတစ်ပါးအကြောင်းမေးပြီး ဒီလို လျှော့ချလို့ ဘာရမလဲဗျ"

စကားနှင့်အတူ အပြုံးတွေ လှိုင်ဝေလျက်. . .

"တကယ်ပါ မြနန်းမုံရယ်၊ ကျွန်တော် မြနန်းမုံကို ချစ်တာ ဘာနဲ့နှိုင်းပြရမှန်း မသိအောင်ကို ချစ်တာပါ၊ မြနန်းမုံ ယုံရဲ့လားတင်"

"ယုံချင်ပါတယ်"

'ချင်' တစ်လုံးက ဖယ်လိုက်စမ်းပါ အချစ်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရင်ကွဲ အရှက်ကွဲ ကျန်ရစ်ပြီး သူပြန်သွားမှာ စိုးရိမ်ေ
မိတယ်"

"ကဲ. . . မြနန်းမုံ"

"အို. . . "

"အမေ့ကိုခေါ်ပြီးရင် မြနန်းမုံ မောင်နဲ့ တစ်ခါတည်
ရန်ကုန်လိုက်ခဲ့သိလား၊ ယုံပြီဆိုရင် မြနန်းမုံရဲ့အချစ်ကို မော
ရပါရစေ၊ မြနန်းမုံကို လိမ်ထားညာထားတာတွေ တွေ့ခဲ့
မောင့်ကို သတ်ပစ်ခဲ့ သိလား"

"အမယ်လေး မလုပ်ရဲပါဘူး"

"အနုပညာသမားဆိုတာ သူများထက်ပိုပြီး ခံစားတ
ပါတယ် အချစ်ရယ်၊ မောင်လေ မြနန်းမုံကို ရင်ထဲ အသည်း
နှလုံးသည်းပွတ်ထဲကနေပြီး နင့်နေအောင် ချစ်ရတာပါဗျာ"

သူကိုယ်သူ 'မောင်'ဟု တင်စားနေသည်ကိုပင် မြနန်းမုံ
ရင်ထဲမှာ သိမ့်ခါတုန်လှုပ်သွားရပါပြီ။

"မောင် မညာတတ်ဘူး၊ ဘယ်တုန်းကမှလည်း မညာ
ဖူးဘူး၊ မောင့်ရဲ့ အချစ်ဆုံးကျကာမှ မောင် ညာရက်ပါ့မလာ
ကွယ်၊ ဒီမှာ မြနန်းမုံ"

"ဟင်"

"အချစ်ယုံအောင် မောင် ဘာတွေလုပ်ရမလဲ၊ ဘယ်လို
ပြောရမလဲ၊ ဘာတွေနဲ့ သက်သေပြပေးရမလဲဟင်၊ ပြောစမ်း
ပါ. . . ပြောစမ်းပါဦး အချစ်ရယ်"

"ကိုပိုင်စိုး"





"ဗျာ"

"နန်းမုံဘဝရဲ့ ဒုက္ခတွေကို ကိုပိုင်စိုး မြင်နေရပါပြီနော်"

"ချစ် ဘာပြောချင်တာလဲ"

"ဒီဒုက္ခသည်မကို ဒုက္ခထပ်ပေးမှာ ကြောက်လွန်းလို့ပါ"

"ကဲ. . . ပြောစမ်း မောင့်အချစ် ဘာဖြစ်စေချင်သလဲ
ဆင်"

"နန်းမုံကို ပစ်ပြီး ပြန်သွားမှာ ကြောက်တယ်"

"ကောင်းပြီ ဒါဆိုဖြစ်တယ်၊ မောင့်အလုပ်က စာရွက်နဲ့
ဘာလ်ပင်န်ရှိရင် လုပ်စားလို့ရတယ်၊ ဒီတော့ မောင် ဟောဒီ
ရှမ်းမြေက လုံးဝမပြန်တော့ဘူး"

"အို. . . "

"အမေ့ကို ဆေးကုခွင့်ရခဲ့ရင် မြနန်းမုံပါ ရန်ကုန်ကို လိုက်
တော့နော်၊ အကြောင်းကြောင်းကြောင့် မသွားဖြစ်သေးရင်
ည်း မောင်မပြန်တော့ဘူး"

"ဒီလောက်တောင်တော့လည်း မလိုပါဘူးလေ"

"လိုပါတယ်၊ အချစ် မယုံမှာ စိုးလို့ချည်း မပြန်တာ မဟုတ်
ဘူး၊ ချစ်ကို မောင် မခွဲနိုင်တော့လို့ မပြန်တော့ဘူးလို့ ဆုံးဖြတ်
လိုက်တာပါ"

"နန်းမုံအတွက် ဒီလောက်ထိအောင် လိုက်လျောနိုင်
ဘယ်လားကွယ်"

"ဒီ့ထက်ပိုပြီး လိုက်လျောနိုင်ပါတယ် အချစ်ရယ်၊ အမေ့
ကိုသာရအောင်မောင်တို့ခေါ် ရအောင်ပါ၊ ပြီးရင် ရန်ကုန်သွားကြ



www.burmeseclassic.com

www.burmeseclassic.com



မယ်၊ ဒါမှ မောင့်ဘဝကို အချစ်မြင်သာပြီး လက်ခံလာနိုင်

"အခုလိုပြောတာကိုပဲ ယုံပါပြီလေ"

"ဟာ. . . တကယ်. . . တကယ်လား ချစ်ရယ်"

မြနန်းမုံ ခေါင်းညိတ်ပြဖြစ်သည်။

"မောင့်စကားတွေနဲ့ မောင့်ဘဝကို ယုံပြီဆိုရင် ညီ
စိုင်း ပြောတဲ့အတိုင်း ချစ်ထိုက်ပြီမို့ ချစ်လိုက်ပါတော့နော်"

"အို. . ."

"ပြောစမ်းပါ အချစ်ရယ်. . . ဒီပါးစပ်ကလေးက ပြော
လိုက်စမ်းပါ ချစ်တယ်လို့"

မြနန်းမုံ၏ မေးစေ့လေးကို ဆွဲမော့ပြီး မချင့်မရဲ ပြော
လိုက်တော့ မြနန်းမုံက ရှက်ရမ်း ရမ်းပြီး ရုန်းရင်းကန်ရင်း
ကိုပိုင်စိုး၏ ရင်ခွင်ထဲမှာ ကျွံနစ်သွားရတော့သည်။

"ပြော. . . မပြောရင် မလွှတ်ဘူး၊ ချစ်တယ်လို့ပြော
လွှတ်မယ်"

"အာ. . . မကောင်းဘူးကွာ လွှတ်ပါ"

"မြနန်းမုံရဲ့ မျက်ဝန်းလေးတွေကတစ်ဆင့် ချစ်အပြေ
ရနေပြီဗျ"

"သွား. . ."

"အဟားဟား. . . ဟော့ ဘာလို့ ရုန်းနေတာလဲ၊ တစ်ခွန်း
တည်းပြော လွှတ်ပေးမယ်"

"ပြောပြီးရင်လွှတ်နော်"

"တကယ်လွှတ်ပေးမယ်"





ချစ်တယ်ဟူသော စကားလေးကို ကြားရနိုးနှင့် မြနန်းမုံ၏
နှုတ်ခမ်းနု နီနီထွေးထွေးနားမှာ နား အပ်ပေးလိုက်တော့. . .

"မောင်"

"ဟာ. . ."

ကိုပိုင်စိုး၏ရင်ထဲသို့ ပီတိတောင်ကြီး ပြိုကျလာသလို
ခံစားလိုက်ရသည်။

မြနန်းမုံကတော့ သူ့ရင်ခွင်က ရုန်းထွက်ပြေးသွားခဲ့
လေပြီ။

"မောင်. . ."တဲ့။

'မောင်'ဟူသည်မှာ မိန်းကလေးတို့၏ရင်မှာ သူတို့၏
ချစ်သူအတွက် အမြတ်တနိုး တင်စားခေါ်ဝေါ်လေ့ရှိသော
အချစ်၏ သင်္ကေတလေးတစ်ခု။

'မောင်. . . မောင်'တဲ့။

နန်းမုံလေး မောင့်အချစ်ရယ်၊ မောင့်ကို ပြန်ချစ်ပြီဆိုတဲ့
အဓိပ္ပါယ်နဲ့ ခေါ်သွားခဲ့တဲ့ အမည်လေးရယ်။

'မောင်. . .'တဲ့ကွယ်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ ၂၅

ကောင်းကင်ပြင် တစ်ခုလုံးဆီသို့ နက်ပြာရောင်တြဲ ရွေ့လျားလာနေ၏။ အနောက်ဘက်တောင်တန်း၏ အထက် နားဆီတွင်သာ နီကျင်ကျင်ရောင်စဉ်လေး အားပျော့စွာ ကျန်ရှိ နေသည်။

တောင်တက်လမ်းသည် မတ်စောက်လွန်းပြီး ကျောက် တုံးကျောက်ဆောင်များက ရေညှိနှင့် ချော်နေသဖြင့် အတက် ခက်ခဲလှသော်လည်း တွဲမည့်သူပါနေ၍ သည်တစ်ခါ လာရ သောလမ်းကို ကြမ်းတမ်းသည်ဟုပင် မထင်။

အပျော်ရင်မှာ မျှော်လင့်ချက်တွေနှင့် ပြည့်ဝနေသည်။

"ဖြည်းဖြည်းတက်နော် ချော်နေတယ်"

"မောင့်ကိုများ စိုးရိမ်နေရသေးလား"

"စိုးရိမ်ရတာပေါ့၊ မြေပြန့်သားက တောင်တက် နန်းမုံ လောက် ကျွမ်းပါ့မလားလို့"





"ကိုယ့်ရည်းစား အရင်းခေါက်ခေါက်ကြီးတစ်ယောက်လုံး ကိုတောင် ဘာနဲ့အောင်လဲ မမေးဖူးဘဲနဲ့"

"အင်းနော်. . . မောင်ဘွဲ့ရပြီးပြီလို့သာ သိတာ၊ ဘာ ဘာနဲ့အောင်လဲ၊ မြန်မာစာ အဓိကပဲ ဖြစ်ရမယ်"

"အတော်လေး နီးစပ်ပါတယ်၊ ကျွန်တော် ဘူမိဗေဒ အဓိကဘာသာနဲ့ သိပ္ပံဘွဲ့ရခဲ့သူပါ ခင်ဗျာ"

"ဟယ် တကယ်လား"

"နန်းမုံကို ပြောသမျှတွေ မောင်တစ်ခုမှ မညာပါဘူး"

"ဒါကြောင့် တောင်တက် ကျွမ်းနေတာကို"

"တောင်တက် ကျွမ်းရုံမကဘူး၊ တောပစ်လည်း ဝါသနာ ပါလို့ သေနတ်ကိုင်လည်း ကျွမ်းပါတယ်"

ဘူမိဗေဒ အဓိကဘာသာ သင်ကြားနိုင်ဖို့ ပထမဆုံး မိုင် စစ်ဆယ်လောက် လမ်းလျှောက်နိုင်မှ ဝင်ခွင့်ရသည်။ အမှတ် ရရုံနှင့် မဖြစ်သောဘာသာ။ ဖီး(လ်ဒ်)(Field) ဆင်းရသည့်အခါ များတွင်လည်း တောဝင်တောင်တက်ရသည့် အကြောင်းကို မြနန်းမုံ သိပြီးသားပါ။

"ကျောက်တုံးလေးတွေ မစီဘဲ စာလုံးလေးတွေ စီတယ် ပေါ့"

"ဘယ်သူလဲ"

ကိုပိုင်စိုးက သူ့ပြောမှန်းသိလျက် နောက်ဘက် ဘေး ဘက်သို့ လှည့်ငဲ့ကြည့်ပြီး ပြောနေ၍ မြနန်းမုံကလည်း သဘောပေါက်စွာ ရယ်မောပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"သူပေါ့"

"သူဆိုတာ ဘယ်သူလဲ"

"သွား မသိဘူး"

"အား"

လက်နှစ်ဖက်ကို ပူးကိုင် ဆုပ်ညှစ်ပြီး. . .

"သူဆိုတာ ဘယ်သူလဲလို့ပြောမှ လွှတ်မယ်"

"အား. . . ကြည့် လိမ့်ကျတော့မယ်"

"စိတ်ချ. . . နန်းမုံကျရင် မောင်ပါ လိမ့်ကျမှာပါ"

"စိတ်ချ သူသေရင် နန်းမုံလည်း လိုက်သေမှာပါ"

"ကြည့်စမ်းကွယ်၊ ဒီလောက် ချစ်စရာကောင်းတဲ့ စကာ လုံးလေးတွေ ပြောတတ်ပြီး ဘာလို့ မောင့်ကို မောင်လို့ မခေ ရတာလဲ"

"ရှက်လို့ပေါ့"

"ထပ်ရှက်အောင် လုပ်လိုက်ရမလား"

"မကောင်းဘူးကွာ"

"ခေါ်လို့ဆို"

အလင်းရောင် မှုန်မှုန်အောင်မှာ မြနန်းမုံ၏ မျက်နှာလေး ကို အနီးကပ်လိုက်ကြည့်ပြီး ပြောနေတော့သည်။ ရင်ထဲမှာ အကြိမ်ပေါင်းများစွာ ခေါ်နေမိသော အသံတို့သည် စကားလုံး အဖြစ်နှင့်. . .

"လွှတ် မောင်ရာ"





ကိုပိုင်စိုးက လက်ကို ဖြေလွှတ်လိုက်သော်လည်း ပခုံးနု ားကို ဆွဲယူပြီး သူ့ရင်မှာ မြတ်နိုးစွာ အပ်ထားလိုက်သည်။

အချစ်တို့ဖြင့် ဖွဲ့စည်းရာ နှလုံးသားနှစ်ခုဆီမှ လှိုက်ခုန် ယင်စွာ ပြောကြားနေကြသော စကားတို့ကို နှလုံးသားချင်း ာ ဘာသာပြန်နေကြပေလိမ့်မည်။

"နန်းမုံလေး မောင့်အချစ်ရယ်"

"မောင်"

"ဗျာ"

"သွားကြဦးစို့နော်၊ အဝေးကြီးသွားရဦးမှာ"

"ဒီ ရှမ်းတောင်တန်းကြီးတွေအနှံ့ သွားရ စမ်းပါစေဗျာ၊ ချစ်လေးနဲ့ ခုလို လက်တွဲပြီး သွားရမယ်ဆိုရင်ပေါ့"

"ခုခရီးက အပျော်ခရီး မဟုတ်သေးဘူးလေ မောင်ရယ်"

"ဘာပဲဖြစ်ဖြစ် မောင်တော့ ပျော်နေတာပဲ"

"နန်းမုံလည်း ပျော်ပါတယ်၊ ဒါပေမယ့် ကိုစောနွေတို့နဲ့ ရင်ဆိုင်ရမှာလည်း မောင်ပါလာတော့ လန့်နေတယ်၊ ပြီးတော့ အမေကလည်း အလွယ်တကူမှ လိုက်ခဲ့ပါ့မလား"

"လိုက်မှာပါ၊ ဒီသားမက်လောင်း မျက်နှာမြင်တာနဲ့ လိုက်ချင်စိတ် ပေါက်သွားမှာပါ"

"ကြည့်"

ကျရောက်လာသော လက်သီးနုလေးက ကြည်နူးဖွယ် အပေါင်းကို သယ်ဆောင်လာသည်သို့ ရှိချေ၏။



www.burmeseclassic.com

www.burmeseclassic.com



ချစ်ကြွင်စဦး ချစ်သူနှစ်ယောက် လက်ချင်းယှဉ် သွားနေရသဖြင့် ခရီးကြမ်းကိုပင် မောပန်းလှသည်ဟု

တောင်တက်လမ်းတို့၏ ထုံးစံအတိုင်း အောက်တ ကြည့်တော့ 'တောင်ထွတ်'တစ်ခုကို မြင်ရသည်။ ထိုတောင် ၏ ထိပ်ပေါ်မှာ တိမ်စိုင်တိမ်ငွေ့နှင့် မိုးကောင်းကင် မြင်ရသော်လည်း ထိုတောင်ပေါ် ရောက်ပြန်တော့ နောက် တောင်မြင့်တစ်ခုကို ဘွားခနဲ မြင်တွေ့ရတတ်ပြန်သည်။

"မောင် ခဏနေဦး"

"နန်းမုံလေး သိပ်မောနေပြီကွယ်"

မြနန်းမုံ၏အသံလေးများ လှိုက်ခါနေပြီ၊

မြနန်းမုံသည် သူ့အချစ်ဦး၏ လက်မောင်းကို ဖက် ၍ အမှောင်ထဲမှာပင် အားယူ၍ ကြည့်လိုက်ပြီး. . .

"လမ်းမှားလာဖြီထင်တယ်မောင်"

"ဟင်"

"အရင် စိုင်းနဲ့ လာနေကျပါ၊ ဒီလောက်လာရင် ရော ပြီးတော့ အခုတက်ခဲ့ရတဲ့ ကျောက်ဆောင် တောင်မျိုး မတက်ရဘူး မောင်ရဲ့"

ကိုပိုင်စိုးက မြနန်းမုံ၏ ပခုံးစွန်းလေးကို တင်း ကျပ်ကျပ် ဆုပ်လိုက်ပြီး. . .

"စိတ်အေးအေးထားမုံ၊ ဘာအမှတ်အသားတွေ ရှိသ

"ဘာတွေရှိမှန်းလည်း မသိဘူး"

"ဟာ"





"အရင်တုန်းက စိုင်းနဲ့အတူလာတော့ သူခေါ်တဲ့ လမ်း အတိုင်း လိုက်ခဲ့ဖူးတာ"

"ဟင်"

"ဘယ်လိုလုပ်မလဲ မောင်ရယ် ဒုက္ခပါပဲ"

"လမ်းမှားနေပြီလို့ သေချာသလား"

"သေချာတယ် ထင်တာပဲ၊ အဲဒီလောက် လျှောက်ရင် ရောက်ပြီမောင်ရဲ့၊ အခု စခန်းရဲ့ အရိပ်ယောင်တောင် မမြင် ရဘူး"

"အင်း. . . တောလယ်မှာ လမ်းမှားတယ်ဆိုတာ ဦးတည် ရာ မတွေ့သလို ပြန်စရာလမ်းလည်း ပျောက်သွားတတ်တယ်"

"ဘယ်လိုလုပ်ကြမလဲ မောင်ရဲ့"

"မုံ"

"မောင်"

"စိတ်အေးအေးထား၊ မောင်စီစဉ်ပါ့မယ်"

မောင်က မြနန်းမုံကို တင်းတင်းကျစ်ကျစ်ဖြစ်အောင် က်ထားလိုက်သည်။ ရမှက်မနှောသည့် အားပေးမှုသဘောပါ။

"တစ်မိုးလုံးလည်း မိုးရိပ်တွေနဲ့ မှောင်နေတော့ ကြယ် တောင် မလင်းဘူး၊ ခွင်ကြယ်ကို မမြင်ရတော့ အရှေ့အနောက် တောင်မြောက်ကိုတောင် မှန်းလို့မရအောင် ဖြစ်နေတယ်၊ ဒါပေ မယ့် မုံ ဘာမှ မကြောက်နဲ့နော်၊ မောင်ရှိနေတယ်"

"မောင်ရယ်"

"ချမ်းနေလားဟင် ချစ်လေး"



www.burmeseclassic.com

www.burmeseclassic.com



"မချမ်းပါဘူးမောင်၊ မောတာရယ်၊ ကြောက်တာရယ်ကြောင့် တစ်ကိုယ်လုံး ထူပူနေတာပဲ၊ ကြည့်ပါဦး၊ တောင်ခေ ခရီးရဲ့ တောကြီးအလယ်မှာ လမ်းမတွေ့ရင်တော့ ဒုက္ခ မောင်ရယ်၊ အချိန်ကလည်း ညဉ့်နက်လှရော့မယ်"

ကိုပိုင်စိုးက သူ၏ ကွပ်စ်နာရီကိုနှိပ်ပြီး ကြည့်လိုက်တော မီးလင်းလာ၍...

"ကိုးနာရီ မိနစ်လေးဆယ်ပဲ ရှိပါသေးတယ်၊ တစ်တော လုံး မှောင် တစ်တောင်လုံး မှိုင်းနေလို့ပါ"

"မောင့်ကို ဒုက္ခပေးသလို ဖြစ်နေပြီကွယ်၊ နန်းမုံ အသုံး မကျလို့ ဖြစ်ရတာ"

"မဟုတ်တာ၊ မောင်က ယောက်ျားပဲ"

မြနန်းမုံကလည်း ပြန်လည်ဖက်တွယ်ထားလိုက်သည်။

မြနန်းမုံအတွက် မောင်သည် ဤကမ္ဘာပေါ်မှ အင်အား အကြီးမားဆုံးသော တန်ခိုးတော်ရှင်အဖြစ် အားကိုးခြင်းကြီးစွာ ဖက်ထားမိခြင်းပါ။

"ကဲ... ဒီပင်ခြေအောက်မှာပဲ ခဏထိုင်နားရင်း စဉ်းစား ကြသေးတာပေါ့"

"မောင်ရယ်၊ နန်းမုံကြောင့် မောင်ပါ ဒုက္ခရောက်နေရတာ ကို သနားတယ်"

"ဘာ... မောင့်ကို သနားတယ် ဟုတ်လား"

"အင်းပေါ့"





"ယောက်ျားကောင်းဆိုတာ မိန်းမတစ်ယောက်ရဲ့ သနား ရာ မဖြစ်ရဘူး၊ အားကိုးစရာသာ ဖြစ်ရမယ်"

မောင်၏ ယောက်ျားမြတ်ဆန်လွန်းသော စကားကို ပြန် သည် ပြောကြားစရာ စကားလုံးများ ရှာမနေချင်တော့၊ မောင့် ရင်ခွင်မှာ နဖူးကပ်ပြီး မြတ်နိုးစွာသာ သူ့လက်မောင်းကို ရင်မှာ ပိုက်ပွေ့ထားလိုက်မိတော့သည်။ သည်အပြုအမူလေးကို ခံစား ရတော့ ကိုပိုင်စိုး၏ရင်မှာ အကြင်နာစမ်းချောင်းလေးများ ရှေ့ရှုကာ စီးဆင်းသည်သို့။

"နန်းမုံလေး မောင့်ကိုချစ်လားဟင်"

ကပ်ထားသော နဖူးဖြင့်ပင် ခေါင်းကို ငုံ့ညိတ်လိုက်သည်။

"မရဘူး၊ စကားနဲ့ပြော"

"အင်..."

"ပြောလေ"

"အများကြီးဆိုတာထက် ပိုပြီး တအားကြီးချစ်"

"အား"

စကားအဆုံးမှာ မြနန်းမုံ၏ ကိုယ်လုံးလေးတစ်ခုလုံး ကိုပိုင်စိုး၏ရင်ခွင်ထဲ ရောက်သွားရတော့သည်။

ပါးပြင်အေးအေးလေးဆီသို့ အနမ်းနွေးများ ဆင့်ကဲ လာသည်။ နှုတ်ခမ်းနုပေါ်သို့ မောင့်နှုတ်ခမ်းတစ်စုံ ကျလာပြီးမှ အုပ်ငုံရုံသာ စုပ်ယူနမ်းရှိုက်ခြင်း မပြု။

"မုံ-မောင်သိပ်ချစ်တဲ့ နန်းမုံလေးရယ်"



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းချင်းခွာပြီးမှ ပါးချင်းအပ်ထားပြီး အကြင်
အငွေ့အသက်ဖြင့် နွေးထွေးစေခဲ့သော မောင်ရယ်လေး

"ချစ် ချမ်းနေလားဟင်"

"ဟင့်အင်း"

"တောင်ပေါ်ရာသီကတော့ တကယ်ပဲ အေးလှ
နော်၊ နန်းမုံလေး ချမ်းနေမှာစိုးလို့ မောင့်ရင်ထဲမှာ အကြ
ထွေးထားချင်ပါတယ် ဒါပေမယ့်"

"ဟင်-ဒါပေမယ့် ဘာဖြစ်လဲ မောင်"

"တောတောင်အလယ်မှာ အကြာကြီး ထိုင်နေလို့
သေးဘူးလေ၊ ခရီးဆက်နိုင်ဖို့ ကြိုးစားကြဦးစို့နော်"

"ပြန်ကြမလားဟင်"

"အပြန်လမ်းကိုတောင် မောင် မှတ်သား မလာခဲ့မိ
နန်းမုံက သွားနေကျဆိုလို့"

"စိုင်းနဲ့ သွားဖူးနေကျပေမယ့် သူနောက်က လိုက်
ချည်းပဲ၊ ဘာမှ မှတ်မထားမိဘူး၊ အစလမ်းကိုပဲ သိတာ၊ နန်း
ကိုက အသုံးမကျတာပါလေ၊ မောင်တော့ ဒုက္ခပဲ"

"လမ်းဆိုတာ မြို့လယ်လမ်းတွေတောင် မှတ်မထား
မှားတတ်ကြတာပဲ၊ ခုဟာက တောင်ပေါ် တောလမ်း၊ ပြီးတော
ညကြီးမင်းကြီး ရောက်လာမှတော့ ဘာပဲဖြစ်ဖြစ် ဆက်သွား
တော့မှာပဲပေါ့"

"ခဏနားပါဦး မောင်ရယ်၊ ဒီနေရာလေးက အောက်
လည်း ရှင်းပြန့်တယ်၊ အပင်ကြီးကလည်း ကြီးတော့ နှင်းပွင့်





မှုန်တွေကို ကာထားပေးသလိုပဲ"

အမှန်တော့ ချစ်သူ့ရင်ခွင်က ခွာပြီး တောကြမ်း၏
င်မောဖွယ်လမ်းကို မလျှောက်ချင်သေးသော မြနန်းမုံ၏ ပျင်းရိ
ထိုင်းမှုကြောင့်ပဲ ဖြစ်ခဲ့ရသည် ထင်ပါ၏။

တောင်ပေါ် သဘာဝအရ လေက ထာဝရ ထန်နေ
သဖြင့် မိုးငွေ့ပါသော လေထုနှင့် တိမ်စိုင်တိမ်ငွေ့တို့သည် ရုတ်
တရက် ဖြတ်သန်းလာတတ်ကြသည်။ ဤအခါမှာ တောင်ထွတ်
များပေါ်သို့ မိုးပွင့်မှုန်များ ကြဲချသွားလေ့ရှိပါ၏။

ယခုလည်း နှင်းငွေ့နှင့် မိုးမှုန်တို့ ရောထွေးနေသော
မိုးစက်ပွင့်လေးများ ကျရောက်လာသဖြင့် မြန်နန်းမုံ၏ ဆံပင်
လေးများ စိုအေးနေသည်မို့. . .

ကိုပိုင်စိုးက သူ့ဂျာကင်နှင့်ကာပြီး ရင်ခွင်ထဲမှာ ပိုက်ထည့်
ထားသည်။

မြနန်းမုံမှာလည်း တောင်ပေါ်အအေးဒဏ်ကိုပင် ကျေးဇူး
တင်ချင်လာသည်။ အပျိုစင်မလေးအတွက် အချစ်ဦး၏
ပိုက်ထွေးယုယမှုမှာ သာယာကြည်နူးခြင်းများစွာဖြင့် ယစ်မူး
နေ၍ ကိုပိုင်စိုးကလည်း ဖယ်ခွာမခိုင်းရက်တော့။

နေသင့်သည်ထက် ပို၍ အချိန်ကာလက ကြာမြင့်သွားခဲ့
ရချိန်မှာ. . .

"ဟိုက်"

စူးရှသော အလင်းတန်းနှစ်ခုသည် ချစ်သူနှစ်ဦးပေါ်သို့
တည့်မတ်စွာ လင်းဖြာလာတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်စိများ ပြာဝေသွားသဖြင့် အလင်းတန်းလာရာအ
ကို ဘာမှမမြင်သာ။

"စောစောကတည်းက တက်သွားတာတွေ့လို့ နောက်
နေလိုက်ပြီးရှာလိုက်ရတာ"

"မင်းတို့ ဘယ်ကလဲ ဘာလာလုပ်တာလဲ ပြောစမ်း"

"ခိုးရာလိုက်ပြေးလာကြတဲ့ စုံတွဲလား"

"ဒီနေရာ ခိုးလာပါ့မလားကွ၊ ဒီကောင် ရန်သူစခန်း
ဖြစ်ရမယ်"

တစ်ယောက်တစ်ပေါက်နှင့် အသံတွေ စုစည်းသွားသော
ဟည်းသွားခဲ့သည်။

ကိုပိုင်စိုးက မြနန်းမုံကို သူ့ရင်ခွင်မှခွာစေပြီး လက်ချင်း
ဆက်ထား၏။ တင်းတင်းကျပ်ကျပ်ကြီး ဆုပ်ကိုင်ထားသည်
ပင် အန္တရာယ်စက်ဝိုင်းအတွင်း ကျရောက်နေပြီဖြစ်ကြောင်း
သင်္ကေတပြနေသလိုပါ။

မြနန်းမုံကတော့ သိပ်မကြောက်လှ။ ဤနယ်မြေတစ်ဝိုက်
မှာ ကျက်စားကြသူ၊ ယခုလို ညဥ့်အချိန်မှာ ဆုံရသူတို့သည်
လူဆိုးအဖွဲ့သားများသာ ဖြစ်ကြမည်။

ဤလူဆိုးအဖွဲ့သားများ၏ အကြီးအကဲသည် ကိုစောနွေ
သူတို့သွားမှာကလည်း ကိုစောနွေဆီမို့ အဆင်တောင်ပြေသွား
လေမည်ဆိုသည်ကို မောင် မသိရှာသေး။

ဤတွင် ဓာတ်ခဲသုံးမီးချောင်းအိမ်မှ အလင်းတန်းကြီးက
မြနန်းမုံ၏ မျက်နှာအနီးသို့ ကပ်လာပြီး. . .





"ဟာ. . . မြပန်းငုံပါလား"

"ဟုတ်တယ် စောနွေရဲ့ ကောင်မလေးပဲ"

သည်တော့မှ မြနန်းမုံက ထိုင်ရာမှ ရဲဝံ့စွာထလိုက်ပြီး. . .

"ဟုတ်ကဲ့ ကျွန်မက မြနန်းမုံပါ။ ရှင်တို့ မှားမယ်ဆိုလည်း
လောက်ပါတယ်၊ ကျွန်မနဲ့ မြပန်းငုံက အမြွှာညီအစ်မ"

"ဟေ"

"ဟုတ်တယ်ရှင့်၊ အခု ကျွန်မတို့ အဲဒီကို သွားကြမလို့
မ်းမှားပြီထင်နေတာ၊ ရှင်တို့နဲ့ တွေ့ရတာ အဆင်ပြေလိုက်
ာ"

"ဘာ"

"ရှင်တို့က ကိုစောနွေရဲ့ တပည့်တွေ မဟုတ်လား"

"ထို. . ."

တံထွေးထွေးသံ ပြွင်းပြွင်းကြားရပြီး. . .

"စောနွေက တို့ရန်သူ၊ နင်လည်း ဘာညာမလို့လဲ"

"ရှင်. . . ရှင်"

"နင်ဟာ စောနွေရဲ့ကောင်မလေး မြပန်းငုံ"

"အို. . . မဟုတ်ဘူး မဟုတ်ဘူး"

"ဘာမဟုတ်ရမှာလဲ၊ တို့ကို တစ်ပတ်ရိုက်ပြီး ငွေတွေ
ဖြောင်သွားကြတာလေ၊ အေး. . . အတော်ပဲ နင့်ကို ဖမ်းထားပြီး
စောနွေကို လက်စားချေရမယ်"

"ဒီမှာ ခင်ဗျာ"

ရှေ့တိုးလာသော ကိုပိုင်စိုးကို လူဆိုးတစ်ယောက်က



www.burmeseclassic.com

www.burmeseclassic.com



အတိုးစဆွဲပြီး. . .

"ဒီကောင်က ဘာလဲ"

"အို. . . သူက ကျွန်မ. . . ကျွန်မ. . . ရဲ့ ညည်းသည်

"ဆရာ ကြည့်လုပ်ဦးနော်၊ ဒီကောင် မျက်နှာစိမ်းဝဲ"

"အေးလေ. . . စခန်းရောက်တော့ ကြည့်ရှင်းတာပေါ့ ကွာ၊ သွားစမ်း မြပန်းငုံ"

"အို. . . ရှင်တို့မှားနေပြီ၊ ကျွန်မ မြပန်းငုံ မဟုတ်ပါဘူး ဆိုမှ"

"နင် တယ်လည်ပါလားဟင်၊ ဒီပြင်လူကိုသာ ဖြီး၊ တို့ကို ဒါမျိုး လာလုပ်လို့မရဘူး"

အရက်နံ့နှင့်အတူ ကျယ်လောင်သောအသံကို ကြားလား ရသဖြင့် မြနန်းမုံ၏ ရင်တို့ ပွင့်ကွဲမတတ် ထိတ်ထိတ်ခုန်လာရပြီ

"ဒီမှာ ခင်ဗျာ၊ အစ်ကိုတို့ကြိုက်သလို ဆောင်ရွက်ပါ ဒါပေမယ့် နည်းနည်းရှင်းပြခွင့်လေးပြုပါ"

"ဒီကောင် တယ်လာပါလား"

စကားနှင့်အတူ ရှေ့တိုးတော့မည်ဟန်နှင့် လက်သီးဆုပ် ပါ ပြင်လာသူ လူဆိုးရှေ့မှ မြနန်းမုံက ရပ်လျက်။

"မလုပ်နဲ့ သူ့ကိုဘာမှမလုပ်ပါနဲ့၊ သူ့ကို ခေါ်လာတာက ကျွန်မ. . . ကျွန်မကိုပဲ"

"နန်းမုံ အသာနေစမ်း"

"မနေနိုင်ဘူး မောင်၊ ဒီမှာ ကျွန်မ ညီမ ရှိတဲ့ နေရာကို သွားပြီး မကျန်းမာနေတဲ့ ကျွန်မရဲ့အမေကိုခေါ်ပြီး ပြန်မှာပါ"





"သွားစမ်းပါ"

"ရှင်တို့ မြပန်းငုံနဲ့ ကိုစောနွေကို သိတယ်ဆိုရင် ကျွန်မကို သိကြမှာပါ၊ မြပန်းငုံမှာ အမြွှာညီအစ်မရှိတယ်ဆိုတာ

"ဆရာ ဟိုတစ်ယောက်က ကောလိပ်က ဆရာမတဲ့ဗျ"

"အဲ. . . အဲ. . . အဲဒါ ကျွန်မပါရှင်"

မြနန်းမုံက အားတက်သရော ပြောလိုက်သော် သည်း. . .

"ပန်းငုံ လူလည်မ တို့ကိုဒါမျိုးလာမလုပ်နဲ့၊ ဟောကောင် ဘာမှပြောမနေနဲ့၊ ဒါ ပန်းငုံရဲ့လှည့်ကွက်ကွ၊ စခန်းကိုပဲ ခေါ်သွားကြစမ်း၊ ဟိုကောင်ကို ကြိုးတုပ်ခေါ်ခဲ့ကြ"

ဆရာဖြစ်ဟန် တူသူက အမိန့်ပေးပြီး ရှေ့ကို သွားနှင့် သည်ပြီ။

"မောင်ရယ်"

ကိုပိုင်စိုးကို လက်ပြန်ကြိုးတုပ်ပြီး ဆောင့်တွန်း ဆွဲခေါ် သွားကြတော့ မြနန်းမုံ ရှိုက်ကြီးတငင် ငိုပြီး သူတို့အလယ်မှ လိုက်ခဲ့ရတော့သည်။

လူဆိုးက ငါးယောက်။

တစ်ယောက်ကသာ ရှေ့မှ သွားနှင့်သည်။

ကျန်လေးယောက်လုံးက သေနတ်များနှင့် ချိန်ရွယ်၍ မြနန်းမုံတို့နှစ်ယောက်ကို အလယ်မှာထားပြီး ခြေလှမ်းမြန်မြန် ကြမ်းကြမ်းကြီးဖြင့် တရကြမ်း ခေါ်သွားခဲ့လေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဤ ဥပဒေပြင်ပမှ လူသားတစ်စုသည် ကိုစောမွေး အဖွဲ့အစည်းမှ မဟုတ်။ သူနှင့် ဆန့်ကျင်ဘက်ဝါဒသမားများ ဆိုကြသည်။

ညဥ့်မှောင်မှောင် တောင်ပေါ်လမ်းမှ ကင်းရှူးတောသ များ အကြားမှာ လူဆိုးများ ဝန်းရံထားသော. . .

သားကောင်နှစ်ဦး. . .

သို့မဟုတ်. . .

ကိုပိုင်စိုးနှင့် မြနန်းမုံဆိုသော အချစ်ဆုံးနှစ်ယောက်။

◆ ◆ ◆



အခန်း ။ ၂၆ ။

အမည်. . . မြနန်းမုံ

အလုပ်အကိုင်. . . သရုပ်ပြဆရာမ

ဓာတုဗေဒဌာန

တောင်ကြီးကောလိပ်. . .

လူငယ်တစ်ယောက်က စာရွက်ကလေးကို ကိုင်ကြည့် ပြီး. . .

"ဟာ. . . ဒီလောက်မလိုပါဘူးခင်ဗျ၊ ဘယ်သူလာသလဲ လို့ မေးရင် ပြောရအောင် ကျွန်တော်က ပြောတာပါ"

ပွဲရုံမှ စာရေးလေးက အားနာသွားပုံရသည်။ ပြီးတော့ စာရွက်လေးကိုင်ပြီး တိုက်တွင်းမှ မဟော်ဂနီရောင် လှေကား ကြီးပေါ်သို့ တက်သွားနေဆဲ. . .

"ဒီ. . . ဒီမှာရှင့်"

လှည့်ကြည့်လာတော့လှေကားနား ပြေးကပ်သွားပြီး. . .

"မလိုအပ်ရင်လည်း အဲဒီစာရွက် ကျွန်မကို ပြန်ပေးခဲ့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ပြလိုက်မယ်လေ"

"မပြနဲ့. . . ပြန်သာပေးပါ"

သည်လူ ပြန်ထားခဲ့မှ စိတ်အေးသွားရတော့သည်၊

"လက်ရေး"

ဆိုသော သဲလွန်စကို ဟိုလူလှေကားပေါ် စတက်မှ သ… ရ၍ ဖြစ်ပါ၏။

ထိုသူက သုံးမိနစ်လောက်အတွင်းမှာ ပြန်ပြေးဆင်း… ပြီး. . .

"လာပါတဲ့ခင်ဗျ၊ အပေါ်ထပ် တက်ခဲ့ပါ၊ ကြီးဒေါ်က … သာနေတယ်၊ သူ့ဒူးနာနေလို့ အောက်မဆင်းနိုင်လို့ပါ… ပေး. . . ပေး ကျွန်တော့်ကို အိတ်"

သူဌေးအိမ်မှ သူဌေးကြည်ဖြူသော ဧည့်သည်ဖြစ်နေ… လိုက်လှဲ့ဝမ်းသာလွန်းဟန်ပြပြီး ခရီးဦးကြိုပြုလေသည်။

တိုက်ကြီး၏ အပေါ်ထပ် ကြမ်းပြင်သို့ ခြေလှမ်းချမိသည် နှင့်. . .

"သမီးရယ် ဘယ့်နှယ် ဧည့်သည်ကြီး လုပ်နေရတာတု… အမေ့ဆီ တစ်ခါတည်းတက်ခဲ့ရောပေါ့၊ လာပါဦး အမေ့နား… ကြည့်စမ်းပါဦးကွယ်၊ အသားတွေလည်း မည်းသွားပါလား… မန္တလေးသား ကိုမြအောင်ရဲ့သမီးမို့ မြန်မာမလေးဖြစ်ပေမယ့် အရင်တုန်းကဆို အသားက ဖွေးနေတာပါ. . ."

လှိုက်လှဲ့ဝမ်းသာစွာ ကြိုဆိုသော ဒေါ်လှရင်နားတွင် ထိုင်… လိုက်မိသည်နှင့်. . .

*





"မြနန်းမုံ"

လဲပြောင်းခိုးယူလာသော ဘဝ၏အမည်ကို ခေါ်သံကြား… …တ်ရ၍ 'မြပန်းငုံ' တဲ့ခနဲ ဖြစ်သွားခဲ့ရသည်။

"သမီး မြနန်းမုံ နေမကောင်းဘူးလား"

"ဟုတ်တယ် အမေ၊ ကားစီးလာတာ ခေါင်းတအား …ာပဲ"

"နေပါဦး ဘယ်အချိန်က ရောက်လို့လဲ"

သည်တော့မှ မြနန်းမုံ နာရီကို အထိတ်တလန့် ကြည့် …တ်မိသည်။ နေ့လယ် ဆယ့်တစ်နာရီ။

တောင်ကြီး မန်းကားသည် ညနေ လေးနာရီထက် စော …င်နိုင်။

"မနေ့ကတည်းကရောက်တာ အမေရဲ့၊ ဆရာမတစ် …ာက်နဲ့ အတူလာလို့ ကားက မိုးချုပ်သွားတာနဲ့ သူ့ဆီမှာပဲ …ပ်လိုက်ရတာ၊ ခုမနက်လည်း ထမင်းစားပြီးမှ သွားရမယ် …တာနဲ့ အဲဒီမှာ ကြာသွားတာ"

"ဩော်-ဩော်-အေး ငါ့သမီး ကြည့်ရတာ မျက်စိပျက် …တ်နှာပျက် ဖြစ်နေသလားလို့၊ ဒါနဲ့ နေပါဦး၊ အခု မန္တလေး …ာတာ ဘာကိစ္စလဲ"

"ဩော်-ကျောင်း-ကျောင်းကိစ္စပါ"

"အစည်းအဝေးလား"

"ဟုတ်ကဲ့"

"အင်း-ဆရာမတွေလည်း မနားရရှာဘူးနော်၊ သမီး



www.burmeseclassic.com

www.burmeseclassic.com



ရေချိုးမလားဟင်၊ သြော်- နေဦး၊ မန္တလေးက လွတ်ပူတာ
နားပြီးမှချိုး"

"ဟုတ်ကဲ့"

"သြော်- ဒါနဲ့ အမေလွှတ်လိုက်တဲ့ မောင်ပိုင်စိုး ရှော
လာလား"

"ဟုတ်ကဲ့ ရောက်လာပါတယ် အမေ"

"သူ ရှိသေးလား"

"အင်း-တောင်ကြီးမှာပဲ ထင်တယ်"

"သမီးနဲ့ အဆက်အသွယ် မရှိဘူးလား"

"ရှိပါတယ်၊ မိုင်းပွန်ကို သမီးပဲ လိုက်ပို့ပေးတာပါ"

"အေးလေ၊ သူက စာရေးဖို့ လေ့လာချင်တယ်ဆို
သမီးဆီပဲ လွှတ်လိုက်ရတာ၊ နို့ မနန်းလှတစ်ယောက်ရဲ့ အ
အနေရော"

"အရင်အတိုင်းပဲ အမေ"

"အင်း-ငါ့သမီးတို့မိသားစုလည်း ကံဆိုးရှာတယ်ကွ
သမီးရဲ့ညီမလေး မြပန်းငုံကလည်း သိပ်မိုက်တယ် မဟုတ်လာ

ဒေါ်လှရင်၏စကားသည် မြပန်းငုံ၏ နှလုံးအိမ်ကို
နယ်လိုက်သည်သို့ ခံစားလိုက်ရပါ၏။

"ငါ့သမီးကြည့်ရတာ ငှူငှူငိုင်ငိုင်နဲ့ နေကောင်းရဲ့လားဟ

"ကောင်းပါတယ်အမေ၊ မနေ့က ကားစီးလာတာ မှု
အန်လာတယ်လေ၊ အဲဒါ ဒီနေ့မနက်အထိ အမူးမပြေသေး

"ညက ဘယ်မှာအိပ်လဲ"





အမှန်တော့ မြပန်းငုံ တည်းခိုခန်းမှာ အိပ်စက်ခဲ့သည်။
"အဲဒီသူငယ်ချင်းအိမ်မှာပဲ အိပ်လိုက်တယ်၊ နန်းရွှေ့မှာ

"အေးလေ. . . သူများအိမ်မှာ အိပ်ရတယ်လို့၊ တစ်ခါ
ည်း ဒီတန်းလာခဲ့ရောပေါ့၊ အခု မန္တလေးမှာ တိုင်စီကားတွေ
နေပြီပဲဟာ"

"ဟုတ်ကဲ့ပါ အမေ၊ နန်းမုံ ဒီမှာ သုံးလေးရက်တော့ ကြာ
ာပါ"

'နန်းမုံ'ဆိုသော နာမ်စားကို မနည်းသတိထား၍
ာလိုက်ရသည်။

ယခုအချိန်အထိတော့ အဘွားကြီးစိတ်မှာ ဘာသံသယမျှ
ပုံမရသေးပါ။ နဖူးပြင် မျက်ခုံးစွန်းမှာလည်း မှဲ့အတုတစ်လုံး
ဝ်လာခဲ့သည်။

"ကဲကဲ အိတ်သွားထား၊ သမီးအိပ်တဲ့အခန်း အားနေတာ
တစ်နေ့ကမှ ရေစကြိုက ညှော်သည်တွေ ပြန်သွားကြတာ၊
သမီးကြည့်ရတာ နွမ်းလာသလိုပဲ၊ သွားအိပ်ချေ၊ လိမ္မော်ရည်
ိုင်းလိုက်မယ်"

"ဟုတ်ကဲ့"

စိတ်ကျဉ်းကျပ်မှုမှ သက်သာခွင့်ရအောင် ထလာခဲ့ရပြီးမှ
ားလေပြီ'ဆိုသော အသိဝင်လာ၏။

"သမီးအိပ်တဲ့အခန်း"တဲ့။

ကြီး၍ကျယ်သော အပေါ်ထပ်ကြီးမှာ အိပ်ခန်းပေါင်း



www.burmeseclassic.com

www.burmeseclassic.com



များစွာ တန်းစီနေသည်။ တည်းခိုခန်းတစ်ခုနီးပါးလော
ရှိမည်။ 'ရွှေကျေးဥတိုက်' ဆိုသော ပွဲရုံမှ ဧည့်ပေါင်းစုံအိပ်
ဖြစ်လေမည်။

မြနန်းမုံနေစဉ်က တက္ကသိုလ်ကျောင်းသူဘဝမှ ဤတ
လျားလို တန်းစီနေသည့် အိပ်ခန်းများမှာတော့ နေရမည်မထ

ပါးနပ်သော မြပန်းငုံသည် နောက်ဘက်ခန်းအ
ထိပ်မှာ သူ့ခရီးဆောင်အိတ်ကို ချပြီး အိမ်သာတက်
သလိုလိုနှင့် အတွင်းဆောင်သို့ ဝင်လာခဲ့သည်။

အမျိုးသမီးတစ်ဦး ပန်းကန်များဆေးနေ၏။ လိုရမည်
မြပန်းငုံက လှိုက်လှဲစွာ ပြုံးပြလိုက်ရသည်။ ဤအမျိုးသမီးသ
ဟိုတစ်ချိန်ကတည်းက သည်အိမ်မှာ ရှိနေလျှင် မြနန်းမုံ
သိပြီးသား ဖြစ်ချေမည်။

မျက်နှာဝိုင်းဝိုင်း မျက်ဝန်းကျဉ်းကျဉ်းနှင့် အမျိုးသမီးသ
မြပန်းငုံကို အေးစက်စိမ်းကားသော အကြည့်နှင့်သာ ကြည့်နေ
သူသည် လူသစ်တစ်ယောက် ဖြစ်လေမည်။

အိမ်သာကအထွက်တွင် ပြင်မဝတ်ချင်ပါဘဲနှင့် လုံခ
ကို ပြင်ဝတ်ရင်း အချိန်ဆွဲနေဆဲ အသက် ဆယ့်သုံးလေးနှစ်ရွ
မိန်းကလေးတစ်ယောက် ဝင်လာပြီး. . .

"ဟာ. . . မမမုံက ဒီမှာကို၊ ကြီးဒေါ်ကပြောလို့"

"ဩော်. . . အေး"

"မမမုံ အသားတွေ မည်းသွားလိုက်တာဗျာ"

"တောသူဖြစ်နေပြီလေကွယ်"





"အဟဲဟ မည်းပေမယ့် အလှမပျက်သေးပါဘူး မမမုံရဲ့"

"ကဲ- ကူညီစမ်းပါဦး၊ မမမုံအိတ် ကူသယ်ပေးပါနော်"

"အင်း"

"မမမုံနေခဲ့တဲ့အခန်း ရှင်းနေရဲ့လားဟင်"

"ဧည့်သည်တွေ ပြန်သွားပြီးမှ မနီကိုယ်တိုင် ကြမ်းတိုက်
ထားတာ၊ သွားလေ မမမုံရှေ့က"

"သွားစမ်းပါ၊ အလေးကြီး သယ်ထားရတဲ့လူက"

နောက်ဖေးခန်းနှင့် အိမ်မကြား ဗီရိုနောက်ကွယ်တွင်
လှေကားတစ်ခုရှိနေသည်ကို အလာတုန်းက မမြင်ခဲ့မိ။

ယခု မနီဆိုသော မိန်းကလေး တက်သွားမှ နောက်က
လိုက်တက်ခဲ့ရသည်။ အပေါ်ထပ်မှာက ထပ်ခိုးသဘော သိုးသိုး
သန့်သန့်ကလေး။

မမြနန်းမုံသည် ဤအိမ် ဤအခန်းလေးအတွင်းမှာ
လေးနှစ်ပတ်လုံး နေထိုင်ပြီး သိပ္ပံဘွဲ့ကို ရအောင် ကြိုးစားခဲ့သူ
ပါလားဟူ၍ အစ်မဖြစ်သူကို သတိတရရှိသွားမိသည်။

ကိုယ်နှင့်အတူ ပါလာပါလျက် စိတ်မချသော စိတ်နှင့်ခရီး
ဆောင်အိတ်၏ အလယ်မှာ ထည့်ယူလာသော ပစ္စည်းထုပ်ကို
စမ်းသပ်ကြည့်မိသေးသည်။

စက္ကူဘူး ခပ်မာမာလေးကို စမ်းသပ်မိတော့မှ ရင်အေးစွာ
ဖြင့် ခရီးဆောင်အိတ်ကို ခုတင်ခေါင်းရင်းဘက်သို့ ထိုးသွင်း
လိုက်ရသည်။

အမှန်တော့ ဒီအိမ်ကိုလာဖို့ မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com

မြနန်းမုံနှင့် ပတ်သက်သော အသိုင်းအဝိုင်းတို့ ရှောင်ကြဉ်ရန် စိတ်ကူးပြီးသားပါ။

ကိုယ်တိုင် ဈေးချို ရွှေဆိုင်တန်းသွားတော့ မသက်ာဖွယ် ရာ မျက်လုံးနှင့် အကြည့်ခံရရုံမက ပစ္စည်းအရည်ညံ့သည်ဟု နှိမ်ကာ တချို့ကို ဈေးပင်မပေး။

ပစ္စည်းကလည်း ပစ္စည်းစုံ. . .

သူ့ကို အာရုံစိုက်ကြည့်နေသည့် သူနှစ်ဦးကိုလည်း တွေ့နေရ၍ မြပန်းငုံ လန့်လာသည်။

ကိုယ့်စိတ်ကပဲ မလုံ၍လားမသိ၊ တည်းခိုခန်းမှာ တစ်ယောက်တည်း မနေရဲတော့။ ပါလာသည့် ပစ္စည်းများကို လည်း ထုခွဲမည့်ကိစ္စရှိသေး၍ အေးဆေးလုံခြုံ စိတ်ချရသည့် နေရာရှာလိုက်တော့ ဒေါ်လှရင်မှလွဲ၍ မန္တလေးတွင် အသိ တစ်ယောက်မျှ မရှိ။

သည့်အတွက် ရွှေငွေ လက်ဝတ်ရတနာ မျိုးစုံပါသော ရွှေဘူးနှင့်အတူ ဒေါ်လှရင်တို့၏အိမ်သို့ မြပန်းငုံ ရောက်လာခဲ့ ရခြင်းဖြစ်ပေသည်။

"အင်း ငါကိုတော့ မြနန်းမုံလို့ လက်ခံသွားကြပြီ"

"တစ်ထစ်တော့ စိတ်အေးရပြီပေါ့လေ. . ."

"မမ ရေချိုးမလား"

"အေး ချိုးမယ်မနီ၊ ခဏလေး လှဲပြီး နားလိုက်ဦးမယ် နော်"

"မနီ အပြင်သွားတော့မယ်"





"အေး အေး"

သည်ကောင်မလေးထွက်သွားတော့ တံခါးကို အပြေး သွားပိတ်ရသည်။

အကျီကိုချွတ် ဘလောက်(စ်)ကို လဲလှယ်ပြီး အခန်း တံခါးလည်ကို မလုံမလဲ လှည့်ကြည့်လိုက်သည်။

စိတ်၌ လုံခြုံပြီထင်လာမှ စောစောဆီက ဘူးမာမာကို ဆွဲယူလိုက်၍. . .

စက္ကူအထပ်ထပ်ကို ဖွင့်ဖြေပြီး အတွင်းမှ စက္ကူကတ်ထူ ဘူးတစ်ဘူး ထွက်လာ၏။ ဘေးဘီသို့ မလုံမလဲ တစ်ချက်လှည့် ကြည့်ပြီးမှ ဘူးကို ဖွင့်လိုက်တော့. . .

ရွှေကြိုးများ၊ ကျောက်ဖြူ ကျောက်နီ စသော ဆွဲကြိုးများ အရွယ်အစားစား လက်ကောက်များနှင့် ချေးအထပ်ထပ် တနပ်ခါးခြောက် အလိမ်းလိမ်းနှင့် နားကပ်အရန်ပေါင်း များစွာ. . .

"ကိုစောနွေရဲ့ ပစ္စည်းတွေ"

ဤရတနာများစွာကို ထုခွဲရောင်းချရန်အတွက် မြပန်းငုံ မန္တလေးမြို့သို့ ရောက်ရှိလာခြင်းသာ ဖြစ်ပါလေ၏။

မိုင်းပွန်ဖြတ်လမ်းမှ ခပ်တည်တည် ထွက်လာနိုင်သော်လည်း တောင်ကြီး၌ ဤပစ္စည်းများကို မရောင်းချဝံ့။

"တောင်ကြီးမှာတော့ မရောင်းနဲ့၊ ဒီနဲ့ ဟိုနဲ့က အဆက် အသွယ်အများကြီး ရှိကြတာ၊ တစ်ယောက်ယောက် တွေ့သွားနိုင် တယ်"



www.burmeseclassic.com

www.burmeseclassic.com



ကိုစောနွေ၏ အမှာစကားအတိုင်း မြပန်းငုံ မန္တလေးမြို့ ဆင်းသက်လာခဲ့ခြင်းဖြစ်ပေသည်။

မြပန်းငုံသည် ကိုစောနွေ အားကိုးထိုက်လောက်အော လည်း လည်ပတ်လှုပ်ပါပေသည်။

သူ မည်သူ့ကိုမှ ဆက်သွယ်ရန်မသင့် ဟူသော အသိ သူကိုယ်တိုင် ရွှေဆိုင်တန်းသို့ မနက်က သွားခဲ့ရာမှ သူ့ကိုယ် စိတ်မချဖြစ်လာ၍ ဒေါ်လှရင်၏အိမ်သို့ ရောက်ရှိလာခဲ့ခြ ဖြစ်ပါ၏။

ယခုတော့ သူ့ကိုယ်ခန္ဓာအတွက်ရော ပါလာသည့်ပစ္စည်း များ အတွက်ပါ လုံးဝ စိတ်ချခဲ့ရပါပြီ။

ထုခွဲဖို့ကိစ္စသာ တစ်ဆင့်တက်ကာ ကြံစည်ရပါတော့မည်

အိမ်အဝင်မှာသာ လန့်နေပြီး အရေးထဲ ပွဲရုံမှ စာရေး စစ်မေးနေ၍ စာရေးပြမိသည်က အမှားကို ကျူးလွန်လိုက်မိခြ သာ။

အကယ်၍ ဤအိမ်သားတို့သည်သာ မြနန်းမုံ၏ လ ရေးကို မှတ်မိနေပါလျှင် ခက်ရချေမည်ဟူသော အသိ မနှောင်းခဲ့၍သာ တော်တော့သည်။

ပထမအဆင့် အနေနှင့် အောင်မြင်ခဲ့ပါလေပြီ။

ဒုတိယက ဤရွှေငွေလက်ဝတ်လက်စားများကိုအန္တရာ ကင်းကင်းဖြင့် ရောင်းချနိုင်ဖို့ ဖြစ်သည်။

ဒေါ်လှရင်၏ အကူအညီ လိုအပ်မည်။

သည်နေ့တော့ သည်ကိစ္စကို ချန်လှပ်ထားလိုက်ပြီး အင်





မြနန်းမုံ၏ အမှုရာနှင့် အနီးစပ်ဆုံးဖြစ်အောင် ဂရုတစိုက် နေထိုင်လှုပ်ရှားဖို့ လိုအပ်လေသည်။

မြပန်းငုံ စိတ်အထင်က. . .

မြနန်းမုံသည် *တောင်ကြီးကောလိပ်၏ ပင်လုံဆောင်မှာ* အေးချမ်းစွာ နေထိုင်လျက်. . .

ကိုပိုင်စိုးဆိုသော မြနန်းမုံ၏မိတ်ဆွေ စာရေးဆရာသည် တောင်ကြီးဟိုတယ်မှာ စာပေများ ရေးသားလျက်. . .

စိုင်းလွမ်းအောင်သည် မိုင်းပွန်နှင့် တောင်ကြီးမြို့သို့ အလှည့်ကျ ကားများ ပြေးဆွဲလျက်. . .

အသီးသီးရှိနေကြသည်ဟု ထင်မှတ်ရင်း. . .

"အမေကတော့ စိတ်ချရမှာပါလေ၊ ရွာက ဒေါ်အိသိန်း ကို ခေါ်ပြီး အသေအချာအပ်ခဲ့တာပဲ"

တရားသဖြင့် ရထားခြင်းမဟုတ်သော ရတနာထုပ်ကို ရင်မှာပိုက်လျက် အတွေးပေါင်းစုံ သောကပေါင်းစုံဖြင့်. . .

ထိုညက. . .

မြပန်းငုံ အိပ်၍ မပျော်နိုင်တော့ပါချေ။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ ၂၇ ။

'အို. . . ပစ္စည်းတွေကလည်း ပွစာကျဲလို့၊ လုလာ တိုက်လာတာ ကျနေတာပါပဲလား"

ဒေါ်လှရင်၏စကားကြောင့် မြပန်းငုံ၏နှုတ်ခမ်းများ ပြဲသွားအောင်ပင် လန့်ဖျပ်စွာ ဒေါ်လှရင်ကို ကြည့်လိုက်မိသည်။

ဒေါ်လှရင်ကမူ မြပန်းငုံပြသော ရတနာသေတ္တာမှ ပစ္စည်းများပေါ်၌သာ အာရုံစိုက်၍ နေလေသည်။

မြပန်းငုံနှင့် မျက်နှာချင်းမဆိုင်ဖြစ်မီမှာ မျက်နှာမပျက်အောင် မနည်းကြိုး သတိထား၍ ပြင်လိုက်ပါ၏။

ဈေးအထပ်ထပ်နှင့် လက်ဝတ်လက်စားများကို မတိုက်ဖြစ်၊ မချွတ်ဖြစ်ခဲ့သည်ကို ယခုလို နေ၏အလင်းမှာ မြင်ရမှ နောင်တရနေတော့သည်။ တိုက်ချွတ်ဆေးကြောရန်လည်း အချိန်မရ။ နေရာလည်းမရှိ။ လျှို့ဝှက်ပစ္စည်းများမဟုတ်ပါလား။

"သမီးက ဒီပစ္စည်းတွေ သွားရောင်းလို့ ပိုင်ရှင်က သမီးကို ယုံပါ့မလား၊ ရှုပ်ရှုပ်ယှက်ယှက်ကွယ်"





"မဟုတ်ပါဘူး အမေ၊ နန်းမုံပြောပြခဲ့သလိုပဲ နန်းမုံတို့ကျောင်းက ဆရာမတစ်ယောက်က တောင်ကြီးမှာ မြေဝယ်မလို့ပါ ဒါတွေက သူ့အမေ အပေါင်ခံထားတဲ့ပစ္စည်းတွေပါ အမေ"

"ပိုင်ရှင်ပါ ခေါ်လာသင့်တာပေါ့၊ ရွှေရောင်းတယ်ဆိုတာ ကြားကနေ ရောင်းမပေးသင့်ဘူး၊ ငါ့သမီးက အင်မတန် အေးဆေးတာပါ၊ ခုမှ ဘယ်လိုဖြစ်သွားရတာလဲ"

မြပန်းငုံသည် မြနန်းမုံ ဟူ၍ဖြင့် လက်ခံစွာ ဆက်ဆံသည်။

ယခုလိုလုပ်ရပ်ကိုဖြင့် ဒေါ်လှရင်အနေနှင့် ကျေနပ်ခြင်းမရှိလှကြောင်း ထင်ရှားနေ၏။ စိတ်ထားပြောင်းသွားသော မြနန်းမုံဟု ယူဆပြီး ဒေါ်လှရင် စိတ်ပျက်လက်ပျက် ဖြစ်နေတော့သည်။

"နန်းမုံလည်း တာဝန်ခံပြီး ယူလာခဲ့မိပြီ အမေရယ်၊ အဲဒါလေးတော့ ဖြစ်အောင်ရောင်းပေးပါ"

ဒေါ်လှရင်သည် ပစ္စည်းများကို ချိန်ဆကြည့်ပြီး အသေအချာ စဉ်းစားနေပုံရ၏။

"ဒီလိုလုပ်သမီး"

"ဟုတ်ကဲ့"

"အဲဒီပစ္စည်းတွေကို စာရင်းရေး"

"ရှင်. . ."

"ဒီ ဘူလိနတ်စလေးတွေကို အမေလည်း သွားမရောင်းချင်ဘူး၊ ဒီတော့ ဒီလိုလုပ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ ပြောပါအမေ"

"သမီးက စာရင်းရေး၊ ဒါတွေ ကာလတန်ဖိုး တစ်သောင်း ထား"

"ဟုတ်ကဲ့"

"အေး. . . အဲဒီတွေတစ်သောင်း ငါ့သမီးယူသွားပြီး ပေးလိုက်"

"ဟင်. . ."

"ပြီးတော့မှ အမေနဲ့ ပိုင်ရှင်နဲ့ ဆုံပေး"

"အို. . . သူ တောင်ကြီးက ဘယ်လိုလုပ် လာနိုင်မှာလဲ အမေ"

"နေပစေလေ၊ သူ့ကို ငွေတစ်သောင်းသာ ပေးလိုက်ပေါ့ အားတဲ့အခါလာပြီးမှ အမေနဲ့ မျက်နှာစုံညီ ရောင်းချပြီး စာရင်း ရှင်းကြတာပေါ့"

မြပန်းငုံ အကျပ်အတည်းနှင့် တွေ့သွားရပေသည်။ ခေါင်းညိတ်ရမလား၊ ခေါင်းခါရမလားပင် မစဉ်းစားတတ်။ ဤပစ္စည်းများ၏ ကာလတန်ဖိုးကိုလည်း သူ မမှန်းတတ်နိုင်။ ဒေါ်လှရင်ကိုပင် သံသယစိတ် ဝင်ချင်သလိုလို။

"ဒါ အမေအကောင်းဆုံး ကူညီနိုင်တဲ့နည်းပဲ သမီး ဒီပစ္စည်းတွေထားခဲ့၊ သမီးပြန်ရင် ငွေတစ်သောင်းယူသွားပြီး အဲဒီ ဆရာမကိုပေးလိုက်၊ နောင် သူလာနိုင်တော့မှ ခေါ်လာခဲ့ပြီး တစ်ခုချင်း မှတ်ကျောက်တင်၊ ပေါက်ဈေးနဲ့ရောင်းပြီး အမေ့ငွေ ပြန်နုတ်ယူမယ်လေ"





"တကယ်လို့ တစ်သောင်းမပြည့်ရင်ရော"

"သူပြန်စိုက်ပေးပစေပေါ့"

"သူ့မှာမရှိတော့ဘူးဆိုမှ ဒုက္ခ"

"ဘယ်တတ်နိုင်မလဲ၊ အမေချစ်တဲ့သမီး မြနှင်းမုံကိုတော့ အမည်ပျက်မခံနိုင်ဘူး၊ ငါ့သမီးတာဝန်ယူလာတဲ့ အလုပ်ကိုက ဟုတ်တာပဲ၊ ရွှေငွေရတနာကို ဒီလို လက်လွှဲရောင်းပေးရိုး ထုံးစံမရှိဘူး၊ သူတို့စိတ်ထဲမှာ နည်းနေတယ် ထင်ရင် မကောင်း ဘူးလေ၊ အမေပြောတာ နားလည်ရဲ့လား သမီး"

"ဟုတ်ကဲ့ နားလည်ပါတယ် အမေ"

"အေး. . . အဲဒါဆိုရင် စာရင်းရေး၊ နားကပ်ပုံစံကအစ တစ်ခုချင်း စာရင်းရေး၊ အမေ့ဆီမှာ တစ်စောင်ထားခဲ့၊ သမီး တစ်စောင်ယူသွား ဟုတ်လား"

"ဟုတ်. . . ဟုတ်ကဲ့ အမေ"

ခေါင်းညိတ်ရုံမှလွဲ၍ ငြင်းဆန်ရန်လမ်းမရှိ၊ စာဒက တက်လိုက်၍ သံသယဝင်သွားလျှင် အခက်။

"အစ်ကိုစောနွေကလည်း ငါအဆင်ပြေသလို လုပ်လာ ဘယ်ဆိုရင် ကျေနပ်မှာပါလေ၊ သူ့မှာလည်း ငွေသိပ်လိုနေတယ်၊ ခန်းကိုလည်း အမြန်ဆုံးပြန်မှ ဖြစ်မှာမဟုတ်လား"

ယင်းအတွေးများအဆုံးတွင်. . .

"အမေ့အစီအစဉ် သိပ်ကောင်းပါတယ်၊ မကြာခင်မှာပဲ ပိုင်ရှင်ကို လွှတ်လိုက်ပါမယ် အမေ၊ ငွေလိုနေသေးရင်လည်း သမီးကပဲ ပြန်ပြီး တောင်းပေးပါမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါတွေက အကြောင်းမဟုတ်ဘူး၊ နေပါဦး အမေ့ လိုက်တဲ့ မောင်ပိုင်စိုးနဲ့ရော အဆင်ပြေရဲ့လား၊ သမီးက ပေးရဲ့လား၊ သူက အခု ရန်ကုန်ပြန်သွားပြီလား၊ တောင်ကြီး ပဲလား"

"အမေ့မေးခွန်းတွေကို သမီး တစ်ဆင့်စီ ဖြေမယ်နော်

သဘောထားကောင်းလွန်းသော ဒေါ်လှရင်၏အပြုံး ကြည်လင်စွာ မြင်လိုက်ရသည်။

"ကိုပိုင်စိုးနဲ့က အဆင်ပြေပါတယ်၊ သူ မိုင်းပွန်လိုက် တယ်လေ၊ မိုင်းပွန်မှာ သူသွားချင်တဲ့နေရာ လေ့လာချင် နေရာတွေအားလုံး သမီးလိုက်ပြပေးပါတယ်"

"ဪ. . . အေးအေး၊ ကောင်းပါလေ့ကွယ်"

"သူ ရန်ကုန် မပြန်သေးပါဘူး၊ တောင်ကြီးဟိုတယ် တည်းပြီး ဝတ္ထုတစ်ပုဒ်ရေးနေတယ်လို့ ပြောပါတယ်"

"ကောင်းတာပေါ့၊ ဟိုမှာဆိုတော့ သူအေးအေးဆေးဆေး ရေးလို့ရတာပေါ့၊ နေဦး. . တောင်ကြီးဟိုတယ်နဲ့ တောင်ကြီး ကောလိပ်က အနီးလေးမဟုတ်လား"

"ဟုတ်ကဲ့"

"သူ သမီးဆီ လာရဲ့လား"

"ဟုတ်ကဲ့ လာပါတယ်"

"ဘယ်နှရက် တစ်ခါလာလဲ"

"မမှန်ပါဘူး အမေရယ်၊ တစ်ခါတလေလည်း နေ့စဉ် ပါပဲ"





"အင်း. . . ဒီသူငယ် မဆိုးဘူးနော်၊ အိမ်ထောင်ရက်သား လည်း မရှိ တစ်ယောက်တည်း အခန်းတစ်ခန်းနဲ့နေတာ၊ ဝင်ငွေ လည်း တယ်ကောင်းတယ်ဆိုပဲ"

"အဲဒါတော့ သမီးမသိဘူး အမေ"

"အမေတော့ ဒီသူငယ်လေးကို သဘောကျနေတယ်၊ သမီးကပါ သဘောကျမယ် ဆိုရင်တော့ပေါ့လေ"

"အမေကလဲ"

မြနန်းမုံ၏ ရှက်ရွံ့ဟန်အမူအရာမျိုးကို တမင်လုပ်ပြလိုက် သည်။ အမှန်တော့ ရှက်ခြင်းနှင့် ကြောက်ခြင်းသည် မြနန်းမုံ၏ စိတ်မှာ ကပ်ငြိမှီတွယ်နေခြင်း မရှိပါ။

"ဪ. . . ထမင်းစားတော့လေ၊ သမီးက မန္တလေး တက္ကသိုလ်က အစည်းအဝေးကို တက်ရဦးမယ်ဆို"

"ဟုတ်ကဲ့ ရပါတယ် အမေ"

"အေး အေး သွားတက်လိုက်ချည်လေ၊ တာဝန်ရှိတာ တော့ ကျေအောင်လုပ်ပေါ့၊ လောကမှာ လူသားတစ်ယောက် ဟာ တာဝန်ကျေနေမယ်၊ သစ္စာရှိနေမယ်ဆိုရင် ကိုယ်လည်း စိတ်ချမ်းသာတယ်၊ ကြီးပွားလွယ်တယ်၊ ကိုယ့်ပတ်ဝန်းကျင်နဲ့ ကိုယ့်ရဲ့ မိသားစုဟာလည်း ကိုယ့်အတွက် အမြဲစိတ်လက် ချမ်းသာစွာ ရှိနေတတ်ကြတယ်၊ ဒါကြောင့် အမေတော့ အမေ့ ကိုယ်တွေ့နဲ့ယှဉ်ပြီး သားသမီးတွေကို အမြဲမှာကြားဆုံးမတယ်၊ တာဝန်ကျေကြပါ၊ သစ္စာရှိကြပါလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ သိပ်ကောင်းပါတယ် အမေ၊ သမီးတော့ လိုက်နာပါ့မယ်"

"ကောင်းပြီသမီး၊ အခုသမီးကို မြင်ရတာ ဘဝင်မကျ ကွယ်၊ အမေ့သမီးပီသအောင် နေစမ်းပါ"

လူကို ဘယ်လိုပုံစံနှင့်မြင်၍ နေရမှန်းကိုမသိသော ဖြစ်နိုင်ပါလျှင် ဒေါ်လှရင်ပေးမည်ဆိုသော ငွေတစ်သောင်း ပိုက်ပြီး အခုချက်ချင်းပင် မီရာကားနှင့် ပြန်လိုက်ချင်သည်။

အစ်ကိုစောနွေကိုလည်း အောက်မေ့လှပြီ၊ အမေ့ကို လည်း စိတ်မချ။

"ကဲ. . . ကဲ ထမင်းစား၊ ဒရိုင်ဘာကို မန္တလေးတက္ကသို ကို လိုက်ပို့ပေးဖို့ ပြောထားတယ်"

"ဟုတ်ကဲ့ရှင့်"

"ဩော်. . . နေဦး မေးရဦးမယ်"

"ရှင်"

"သမီး မဟာသိပ္ပံ တန်းတက်ခွင့် ရပြီးခဲ့ရင် စာတမ်း လုပ်ဖို့ဆိုလား အဲဒီကိစ္စနဲ့ ရန်ကုန်သွားချင်နေတယ် မဟုတ်လား"

"ဟုတ်ကဲ့အမေ၊ မဟာသိပ္ပံဘွဲ့ကို သမီး သိပ်ရချင်တာ"

"သွားရအောင် ကြိုးစားလေ၊ ပညာရေးဌာနဆိုင်ရာတွေ တွေတော့ အမေက နားလည်းမလည် လုပ်လည်း မလုပ်တတ် ဘူး၊ သမီးဟာသမီးပဲ လိုက်လုပ်ပါ၊ အမေကတော့ သမီးလိုအ သမျှ ထောက်ပံ့နေမှာပါ"

"အမေတို့ကျေးဇူးတွေ များလှပါပြီလေ"





"ပညာဆုံးခန်းတိုင်အောင်တော့ သင်လိုက်ဦးလေ၊ ငါ့ သမီးက ပညာသိပ်တော်တာ၊ အငယ်မနဲ့က တခြားစီ"

ရင်ထိတ်ခုန်စေသော စကားများပါလား။

"အလုပ်ပြောင်းရွှေ့ခွင့် ရချင်လည်းရမယ်၊ မရချင်လည်း အလုပ်ထွက်ပြီး ကျောင်းချည်းသက်သက် တက်ပေါ့၊ ကုန်သမျှ ကျသမျှ အမေ ထောက်ပံ့မယ်"

"အမေရယ်၊ အမေ့စေတနာတွေက များလှပါပြီ။ ဒီတစ်ခါ တော့ ဒုက္ခမပေးရက်တော့ပါဘူး"

"ထားပေးနိုင်လို့ ထားရတာပဲကွယ်၊ သမီးကိုယ်တိုင်လည်း ဆရာမအလုပ်ရပြီး ရန်ကုန်တက္ကသိုလ်ဝင်းထဲက ချမ်မရိမှာ နေခွင့်ရချင်ရ၊ မရရင်လည်း အလုပ်ထွက်ပြီး ကျောင်းပဲတက်၊ ငါ့သမီးက ငယ်သေးတာပဲ၊ ပညာရှာဦးပေါ့"

"တော်ပါပြီအမေရယ်၊ တစ်ဖက်မှာလည်း ညီမလေးနဲ့ အမေက ရှိသေးတော့ သူတို့နှစ်ယောက်အတွက် နန်းမုံက ပြန်ပြီး ကူညီပေးရဦးမှာ"

"အေးလေ သမီးကြိုက်သလိုသာဆုံးဖြတ်၊ အမေကတော့ သမီးလိုတဲ့ငွေ ထောက်ပံ့ပေးနေမှာပဲ"

"ကျေးဇူးပါပဲ အမေရယ်၊ အမေ့ကျေးဇူးတွေက သမီး တစ်ကိုယ်လုံး ခြုံတော့မယ်"

စကားတတ်သော မြပန်းငုံ၏အဖြေကို ဒေါ်လှရင် အကြိုး အကျယ် ကျေနပ်သွားရှာလေပြီ။

"ကဲ. . . ထမင်းစားတော့မယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"အမေရော စားမှာမဟုတ်လား"

"စား စား၊ အမေ မဆာသေးပါဘူး၊ ကြိုက်သလော သာ စားသွားနော် သမီးရေ"

မြပန်းငုံမှာ ထမင်းလုတ်နှင့် ဟင်းချိုရည်များကို ရော မွှေနှောက်ပြီး အမြန်ဆုံးပြီးအောင် စားပစ်လိုက်ရတော့သည်။

"မောင်တင်ဦးရေ မြနန်းမုံကို မန္တလေးတက္ကသိုလ် လို ပေးစမ်းပါကွယ်"

ဒရိုင်ဘာ ကိုတင်ဦးကလည်း ပျူငှာဖော်ရွေစွာ ကြိ တံခါးဖွင့်ပေးလိုက်တော့သည်။

မန္တလေးတက္ကသိုလ်ဆိုသည်မှာ အဘယ်အရပ်၌ရှိ အဘယ်သို့သော ပညာရပ်များ သင်ကြားသည်ဟုပင် မသိ သော မြပန်းငုံ။

"အမေ မလှရင် လောတာနဲ့ပဲ ထွက်ခဲ့ရတာ၊ အချိန် အများကြီး ပိုနေတယ်၊ မန္တလေးတက္ကသိုလ်ကို ပို့ခဲ့တယ်လို့ အမေ ကို ပြောပေးပါနော် ကိုတင်ဦး"

"ဗျာ"

"ပန်းငုံ. . . အဲ. . . နန်းမုံကို မဟာမြတ်မုနိဘုရားကြီး ခဏလောက် လိုက်ပို့ပေးပါလား၊ ဝေးလားဟင်"

မြပန်းငုံ၏ အမှားကို ဒရိုင်ဘာကိုတင်ဦး သတိထားလိုက် ပုံမရ၍ တော်ပါသေးသည်။

"သိပ်တော့ ဝေးလှတယ် မဟုတ်ဘူး၊ ရပါတယ်"

ကားကို ပြန်လှည့်ကွေ့ပြီး ဘုရားကြီးရှိရာသို့ ဦးတည် ...ခဲ့ရတော့သည်။





"ကဲ. . . ကိုတင်ဦး"

"အင်း"

"နန်းမုံ ဒီမှာပဲ နေခဲ့တော့မယ် နော်"

"အို မဟုတ်တာ"

"ဘုရားဝတ်ပြုရင်း စိပ်ပုတီး စိပ်မလို့၊ ကိုတင်ဦးစောင့်နေ ...ယ်ဆိုရင် အာရုံက မရောက်တော့ဘူးလေ၊ သွားပါတော့၊ ...မေမလှရင် မေးရင်သာ တက္ကသိုလ်ပို့ခဲ့တယ်လို့ ပြောလိုက်ပေ့ါ ...တ်လား"

"မြနန်းမုံ ဒီမှာနေခဲ့လို့ ဖြစ်လို့လား"

"သိပ်ဖြစ်ပါတယ်၊ နန်းမုံ ဒီဘုရားကြီးရှေ့မှာ ထိုင်ပြီး ...တီးစိပ်ချင်လို့ပါ၊ ပြီးတော့မှ ကျောင်းကိုသွားမယ်"

"အပြန်ရော"

"ရတယ် အဆင်ပြေပါတယ်၊ နန်းမုံ ဒီမန္တလေးမှာ အကြာ ...ကြီး နေသွားခဲ့တာပါ၊ ကိုတင်ဦး ပြန်တော့နော်"

မြပန်းငုံ၏ လုပ်ဇာတ်ခင်းကျင်းသော မုသားစကားတို့ကို ကိုတင်ဦးက ယုံကြည်စွာဖြင့်ပင် ပြန်သွားရှာလေတော့သည်။

မြပန်းငုံသည်မူ. . .

ဘုရားကြီး၌ အချိန်ဖြုန်းရမည်ဖြစ်သော်လည်း စိပ်ပုတီး ...ပ်ဖို့ဝေးလို့ ငါးပါးသီလကိုပင် အစီအစဉ်နှင့် မရချင်တော့။

ဘုရားရှိခိုးခြင်းကိစ္စကလည်း ခဏလေးအတွင်းမှာ ပြီးဆုံး သွားခဲ့တော့သည်။ ဒီထက်လည်း ပို၍မတတ်။



www.burmeseclassic.com

www.burmeseclassic.com



အပြင်မှာ နှစ်နာရီလောက် အချိန်ဖြုန်းရမည်။ ဘယ် လည်း မသွားချင်တော့၍ မဟာမြတ်မုနိဘုရားကြီး၏ ပရ ရင်ပြင်ကို မြပန်းငုံ တစ်ပတ်လှည့်၍ လျှောက်ကြည့်နေမိသည်။

ရခိုင်ပြည်မှ ယူဆောင်လာသော ကြေးရုပ်ကြီးများရှေ့ ထွက်ပြီး ကြေးစည်ကြီးကို ကြည့်ရှုကာ စာတွေ လျှောက် ကြည့်ပြီး ပြတိုက်ရှိရာသို့ သွားရန် ရင်ပြင်တော်ပေါ် ဖြတ်သန်းစဉ်. . .

လက်မောင်းတစ်ဝက်သာ ဖုံးစေသော အင်္ကျီလက် ဝတ်ထား၍ လက်မောင်းသား ပြည့်ပြည့်လေး ပေါ်နေသည့် နေရာကို ပိုင်စိုးပိုင်နင်း အားပါးတရ ဆုပ်ဆွဲခြင်း ခံလိုက်ရသဖြင့် မြပန်းငုံ လန့်ဖျပ်ခြင်းနှင့် ဒေါသတို့ ရောထွေးပြီး ရုတ်တရက် လှည့်လိုက်တော့. .

"ဟင်"

မိုင်းပွန်မှ စိုင်းလွှမ်းအောင်။

"နင်တစ်ယောက်တည်းလား ပန်းငုံ"

မြပန်းငုံသည် စိုင်းကို ကြောက်စရာ သတ္တဝါတစ်ကောင် နှင့် ရင်ဆိုင်လိုက်ရသလို ပြူးပြူးပြဲပြဲ ကြည့်လိုက်ပြီးမှ. . .

"အို. . . စိုင်းမှားနေပြီ၊ မြနန်းမုံပါ"

သည်တစ်ခါ မျက်လုံးပြူးသွားသူက စိုင်းလွှမ်း အောင်. . .

ခဏကြာအောင် အံ့သြနေပြီးမှ. . .

"ပန်းငုံ နင်. . . နင်"





"အို စိုင်းလမ်းကို စိုင်းသွားစမ်းပါ၊ မမမုံကို မနှောင့်ယှက် နဲ့နော်"

တအံ့တသြ ဖြစ်နေသော စိုင်းလွှမ်းအောင်၏မျက်နှာ သည် တဖြည်းဖြည်း တည်ငြိမ်လာပြီး ကိုင်ဆွဲထားသော လက် မောင်းကိုလွှတ်၍ မြပန်းငုံ၏ ရှေ့တည့်တည့်မှ ခါးထောက် လျက်. . .

"ဒီမှာပန်းငုံ ငါ့ကိုများ နင်က ညာချင်သေးတယ်လားဟင်၊ င် မမမုံ ဟန်ဆောင်ပြီး မန္တလေးကို ရောက်လာတာမဟုတ် း"

"အို. . . ငါ့လမ်း ငါသွားစမ်းပါရစေ စိုင်း"

"နင့်လမ်း နင်ကြိုက်သလောက် သွားလို့ရပါတယ်၊ ရလို့ ည်း ဥပဒေခြစည်းရိုးကို ကျော်ပြီး နင်သွားနေတာ ငါတို့ ာပြောကြလို့လဲ"

"အို. . ."

"အေး. . . အခုဟာက နင့်လမ်း နင်မလျှောက်ဘဲ မမမုံ ဘဝထဲကို ဘာလို့ လာလျှောက်ရတာလဲ၊ ပြောစမ်း ပန်းငုံ"

ကြုံကြုံဖန်ဖန် စိုင်းလွှမ်းအောင်နှင့်မှ ကြုံဆုံတတ်လေခြင်း သော စိတ်ဖြင့် မြပန်းငုံ ငိုချင်စိတ်ပေါက်လာမိတော့သည်။

မိတ္ထီလာမှနေ၍ မန္တလေးသို့ တက်လာသော စိုင်းလွှမ်း အောင်နှင့် တောင်ကြီးမှ မန္တလေးသို့ ဆင်းလာသော မြပန်းငုံတို့ ဟာမြတ်မုနိဘုရားကြီးမှာ ဆုံဖြစ်ကြခြင်းမှာ ကြုံဖန်တိုက်ဆိုင် ခြင်းတော့ မဟုတ်လှ။



www.burmeseclassic.com

www.burmeseclassic.com



မန္တလေးမြို့သို့ ရောက်ရှိလာကြသော ဗုဒ္ဓဘာသာဝင် တိုင်း ဤဘုရားကြီးသို့ မရောက်မနေ လာကြစမြဲပါ။

"ပန်းငုံ ငါမေးနေတယ်"

"ငါ ဘာမှ မပြောချင်ဘူးစိုင်း၊ ငါ့ဟာငါ သွားပါရစေ တော့"

"မသွားရဘူးပန်းငုံ၊ နင်ရယ် ငါရယ် မမမုံ့ရယ်ထား ဒီလောကမှာ အရင်းနှီးဆုံး လူသားသုံးဦးလို့ ငါတို့ ခံယူထားကြ တာ၊ အခု မမမုံ့က ဘယ်မှာလဲ"

"နင့် မမမုံ့က တောင်ကြီးမှာပဲ နေမှာပေါ့"

"ငါ့ မမမုံ့ချည်း မဟုတ်ဘူး ပန်းငုံ၊ နင့်မမမုံ့လည်းဖြစ် တယ်၊ ငါပြောပါပကော၊ တို့သုံးယောက်ဟာ ဒီလောကမှာ အရင်းနှီးဆုံး လူသားပါလို့"

"ကဲ. . . စိုင်း၊ ဒီစကားတွေက တို့တောင်ပေါ်မြေရောက် မှ ပြောကြတာပေါ့၊ ငါသွားပါရစေတော့ဟယ်. . ."

"လုံးဝမသွားရဘူး ပန်းငုံ၊ နင့်မှာလည်း အခက်အခဲတွေ ရှိနေပုံရတယ်၊ ငါကူညီမယ်၊ ကဲ ကြာတယ်ဟာ၊ လာစမ်း ဒီတန်ဆောင်းထဲဝင်ပြီး စကားပြောကြရအောင်"

"ငါ နင်နဲ့ မပြောချင်ဘူး"

"နင်မပြောချင်ပေမယ့် ငါပြောချင်တယ် ပန်းငုံ၊ နင့်ကို လည်း ငါမလွှတ်လိုက်နိုင်ဘူး၊ လာစမ်းပါဆို"

မြပန်းငုံ၏လက်မောင်းကို ထပ်မံ၍ ဆုပ်ကိုင်ပြီး လူရှင်း နေသော တန်ဆောင်းထဲသို့ ဆွဲခေါ်သွားတော့သည်။





စိုင်းနှင့် မြပန်းငုံတို့သည် ယခုလို လက်ဆွဲခေါ်ရုံအဆင့်က သာမန်ပါ၊ ငယ်စဉ် ကလေးဘဝမှစ၍ လုံးထွေးကစားကြ၊ ကျောပိုးတမ်း ကစားကြ၊ ရန်ဖြစ်လျှင်လည်း ဖက်သတ်နေကျမို့ ယခုလောက်က အပရိက။

မြနှင်းမုံကတော့ ငယ်ငယ်လေးကတည်းက လူကြီးဆန် ပြီး အေးအေးဆေးဆေး နေတတ်သည်။ သိပ်လည်း မဆော့၊ အပဲကျက်နေတတ်၍ သူတို့နှစ်ဦးကလည်း အစ်မကြီးအရာ ထား၍ နေခဲ့ကြလေသည်။

တန်ဆောင်းတွင်း ရောက်တော့ မြပန်းငုံ ငြိမ်တွေသွား သည်။ စောစောကလို မာန်တင်းထားခြင်း မရှိတော့။

ပစ်ထားခြင်း ခံရသော ကလေးတစ်ယောက် လူကြီးနှင့် ပြန်ပြီး တွေ့လိုက်ရသလို မြပန်းငုံ ဝမ်းနည်းလာတော့သည်။

"ဟာ. . . ပန်းငုံ နင့်မှာ မျက်ရည်တွေ ဝဲလို့ပါလား၊ နင် တစ်ခုခုတော့ ဖြစ်လာပြီ ငါသိတယ်၊ ပြောစမ်းငါ့ကို၊ နင့်ကိစ္စဆို ငါအသက်စွန့်ပြီး ကူညီမယ်"

ငယ်ပေါင်း စိုင်း၏စကားက အားကိုးဖွယ်ရာဖြင့် ပြည့် လျှမ်းနေသည်။

မြပန်းငုံသည် စိုင်းနှင့် ကိုစောနွေတို့၏ စရိုက်နှစ်ခုကို ယှဉ်ကြည့်မိလာသည်။

ကိုစောနွေအတွက်သာ မြပန်းငုံ ဖြစ်ခဲ့သော်လည်း မြပန်း ငုံအတွက် တစ်ကြိမ်တစ်ခါမှ ကိုစောနွေ မဖြစ်ခဲ့ဖူးသေး. . .။



www.burmeseclassic.com

www.burmeseclassic.com



ရှိစေလေ ကိုယ်ကသူ့ကို အသက်စွန့် ဘဝစွန့်ပြီး ချစ်ခဲ့သည်ပဲ။

"ပန်းငုံ နင်ဘာတွေ တွေးနေလဲဟင်၊ အခု နင်ရောက်လာတဲ့ကိစ္စတွေ အစဆုံး ငါ့ကို ပြောပြစမ်း ပန်းငုံ"

မျက်ရည်ဝဲ၍ မျက်နှာလေးမဲ့နေပြန်တော့လည်း မြပန်းငုံ မျက်နှာလေးက တကယ့်ကို အပြစ်မဲ့စွာ သနားစရာပါ။

"နင့်ကို ကိုစောနွေက ခိုင်းလိုက်တာမဟုတ်လား ဟင်"

"ဟုတ်တယ် စိုင်းရယ်"

"ဘာကိစ္စလဲ"

"ဒီလိုစိုင်း၊ ငါဟာ မြပန်းငုံအဖြစ်နဲ့ပဲ လာခဲ့တာပါ၊ မခိုင် ကိုယ်စား ဝင်စရာအကြောင်း မရှိပါဘူး၊ မြပန်းငုံအဖြစ်နဲ့ပဲ လုပ်စရာရှိတာလုပ်ပြီး ပြန်ဖို့ပါ၊ ဒါပေမယ့်. . ."

ရွှေထုပ်များကို ရောင်း၍ အဆင်မပြေခြင်းနှင့် တည်းခိုခန်းမှာ တစ်ယောက်တည်း မနေရဲသဖြင့် သူတို့ဖခင်၏ မိတ်ဆွေကြီး ဒေါ်လှရင်၏အိမ်သို့ ရောက်ရှိလာရခြင်း အကြောင်းရင်းများကို စိုင်းလွမ်းအောင်သို့ အသေးစိတ် ပြောပြလိုက်တော့သည်။

စိုင်းလွမ်းအောင်သည် ရင်နှင့်မဆံ့အောင် လေးလံကျပ်တည်းသွားသည်သို့ သက်ပြင်းကို အရှည်ကြီး ချလိုက်ပြီးမှ. . .

"နင့်ဟာက အန္တရာယ်များလိုက်တာ ပန်းငုံရယ်"

"အင်း"

"တော်သေးတာပေါ့၊ ဒေါ်လှရင်ဟာ မမမုံမှာ အမြွာ

ညီအစ်မ ရှိတယ်ဆိုတာကိုသာသိပြီး သူတစ်ခါမှ မမြင်ဖူးခဲ့ပေလို့သာပေါ့နော်"

"အေး၊ သူ ယုံတော့ယုံတယ်၊ ဒါပေမယ့် အံ့ဩနေတယ်"

နှစ်ယောက်လုံး ငြိမ်တွေသွားကြပြီးမှ စိုင်းက. . .

"ဒီပစ္စည်းတွေ ဒေါ်လှရင်ဆီမှာ ရှိနေမယ်ဆိုတာလည်း ကောင်းဘူးပေါ့ဟာ၊ အကြောင်းကြောင်းကြောင့် ပေါ်သွားရင် ဒေါ်လှရင်ပါ ပစ္စည်းလက်ခံသူအဖြစ် အမှုပတ်တော့မယ်လေ"

"ဒီပစ္စည်းတွေဟာ ခိုးပြတိုက် လုယက်တာချည်း မဟုတ်ပါဘူး၊ သူတို့ စေတနာအရ ဆက်ကြေးပေးတာတွေလည်း ပါပါတယ်တဲ့"

"တော်စမ်း ပန်းငုံ၊ စေတနာအရတော့ ဘယ်မိန်းမကမှ ကိုယ့်နားကပ်ကိုချွတ်ပြီး မလှူပါဘူး၊ အေး. . . တောထဲက ပစ္စည်းတွေ အခုလို နင်နဲ့အတူရှိနေတာ ငါရင်လေးလိုက်တာ ပန်းငုံရယ်"

"ဒေါ်လှရင် သိမ်းထားလိုက်ပါပြီ"

"ဒေါ်လှရင်ဟာလည်း မမမုံရဲ့ ကျေးဇူးရှင်ကြီးပါ၊ နင့်ကိုလည်း ခေါ်တာပါပဲ၊ ကျောင်းထားပေးပါ့မယ်၊ လိုက်ခဲ့ပါလို့ ငါ့အဖေကိုမှာလိုက်တာ ငါအသိပဲဟာ၊ နင့်ဟာနင် ရှစ်တန်းတောင် မအောင်လို့ မသွားရတာ"

"တော်စမ်းပါ ဒါတွေ"

"အေးပါ ငါပြောချင်တာက မမမုံကို ဒေါ်လှရင်က ကွက်ပြီး စေတနာရှိတာ မဟုတ်ပါဘူးလို့ ဆိုလိုတာပါ၊ နေစမ်းပါဦး







www.burmeseclassic.com

www.burmeseclassic.com



နင့်ကို ဒေါ်လှရင်က မြနန်းမုံ မဟုတ်ဘူးလို့ သံသယ မဖြစ်ဘူးလား"

"အေး. . . လုံးဝမဖြစ်ဘူး၊ ငါ ခုလို လုပ်လာတာကို သူ စိတ်ညစ်နေပုံရတယ်၊ ဒီမှာလေ နဖူးမှာလည်း မှည့်အစု တပ်လာတယ်"

"ငါကတော့ နင့်ကို ခွေးချီသွားရင်တောင် ခွေးပါးစပ်ထဲက မျက်နှာကို ကြည့်ပြီးသိတယ်၊ မမမုံနဲ့ ဘယ်တော့မှ မမှားနိုင်ဘူး"

"တော်စမ်း စိုင်း၊ ဩော်. . . နင်က ဒီလိုပြောတော့ ကိုပိုင်စိုးဆိုတဲ့ စာရေးဆရာကို သွားသတိရတယ်၊ တောင်ကြီး ကောလိပ်ထဲမှာ ငါနဲ့ဆုံတော့ သူချက်ချင်းသိတယ် ဆရာ၊ ငါဟာ မြနန်းမုံ မဟုတ်ဘူးတဲ့"

"သူက မမမုံရဲ့မျက်နှာကို အလွတ်ကျက်ထားတာ"

"သူတို့နှစ်ယောက် ကြိုက်သွားကြပြီလား"

"အင်း. . . ထင်တာပဲ၊ ခုလောက်ဆို သူတို့နှစ်ယောက် ချစ်သွားကြရော့ပေါ့"

"အေးလေ၊ မမမုံဘဝ ကောင်းစားသွားရင်ပဲ ဝမ်းသာလှပါပြီ"

"ဒီလူဟာ လူကောင်းဖြစ်ပါစေလို့ပဲ ဆုတောင်းရမှာပဲ၊ ရန်ကုန်က ယောကျာ်းတွေရဲ့ မေတ္တာတရားဆိုတာ လမ်းခွဲ လမ်းသွယ်များတတ်တယ်လေ"

သူတို့နှစ်ဦးလုံး၏ အတွေးများက မြနန်းမုံဆီသို့ ရောက်ရှိသွားကြတော့သည်။ စိုင်းလွှမ်းအောင်ကပဲပြန်လည်သိမ်းရုပ်ပြီး. . .

"ကဲ. . . အခု နင်အိမ်ပြန်မလား"

"အစည်းအဝေးတက်မယ် ပြောလာခဲ့တာ၊ ချက်ချင်းပြန်လို့ မကောင်းသေးဘူး"

"နင် ထမင်းစားပြီးပြီလား"

"အေး"

"ဒါဖြင့်လည်း အအေးလေးဖြစ်ဖြစ်၊ လက်ဖက်ရည်ဖြစ်ဖြစ် သွားသောက်ရအောင်"

"ကောင်းသားပဲ"

နှစ်ယောက်သား ပြန်ထွက်လာကြပြီးမှ စိုင်းက. . .

"အေးလေ သုံးလေးနှစ်အတူ နေသွားခဲ့တဲ့အိမ်က နင့်ကို မမမုံလို့ ယုံတာပဲ ငါ အံ့သြတယ်"

"ဩော်. . . ပန်းငုံဆိုတဲ့ တောသူမလေးက ဒီလိုလာပြီး သိမ်ငုံမယ်လို့လည်း သူတို့မထင်ဘူးလေ၊ ငါကလည်း မမမုံအဖြစ် သရုပ်ဆောင်တဲ့နေရာမှာ အကယ်ဒမီတောင် ပေးလောက်တယ်လေဟာ"

"ပန်းငုံရယ်၊ နင်ဟာ ကိုစောနွေ့ အားကိုးထိုက်လောက်အောင်လည်း လည်ပတ်ပါပေတယ်"

"စိုင်း"

"ဟင်"

"နင် ဘယ်တော့ ပြန်မှာလဲ"





ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"ငါ မိတ္ထီလာဆင်းပြီးမှ ကားနဲ့ပြန်မှာ"

"ငါ နင်နဲ့ လိုက်ခဲ့ချင်တယ်ဟာ"

"ကောင်းသားပဲ၊ ငါ နက်ဖြန် မိတ္ထီလာပြန်မယ်လေ"

"ငါက မိတ္ထီလာအထိ ပြန်ဆင်းလိုက်ရဦးမှာလား"

"နင်မလိုက်ခဲ့ချင်ဘူးလား"

"အေး. . . ဖြစ်ရင်တော့ မလိုက်ချင်ဘူး"

"ဒါဖြင့် ဒီလိုလုပ်မယ်၊ ငါ ဒီညနေပဲ ဆင်းသွားပြီး စီး လိုက်မယ်၊ ကားက ငါ့အစ်ကိုနဲ့ ပြန်တက်ပစေ၊ ငါပြန်လာခဲ့ပြီ သန်ဘက်ခါလောက် နင်နဲ့အတူ ပြန်ကြမယ်လေ"

"အေး. . . ကောင်းတယ်၊ နင် ဆက်ဆက် ပြန်လာ နော်"

"လာမှာပေါ့ ပန်းငုံ၊ နင်လည်း မမမုံအဖြစ်နဲ့ပဲ ဆက်ပြ နေတော့လေ"

"အေးပေါ့"

"ခုလိုလည်း လျှောက်မသွားနေနဲ့ဦး၊ သိတဲ့လူတွေ့လည်း မကောင်းဘူး၊ မသက်ာလို့ လိုက်လည်း မလွယ်ဘူး၊ မန္တလေး မမမုံကို သိတဲ့လူတွေလည်း အများကြီးရှိနေမှာဟ"

"ငါ့အတွက် စိတ်ချပါ"

"ဘာပဲဖြစ်ဖြစ် အစစအရာရာမှာ သတိတော့ထားပေ ဟာ"

"အေးပါ၊ နင်ပြန်လာခဲ့နော်၊ ငါကားလက်မှတ် ဝယ်ထား ရမလား"





"နေပါ၊ ငါဝယ်မှာပေါ့"

တောင်ကြီးနှင့် မန္တလေး ပြေးဆွဲနေသော ကားသင်း ခုနစ်သင်းလုံးမှာ ရှေ့ခန်းက နှစ်ယောက်စာနေရာရဖို့အတွက် စိုင်းလွှမ်းအောင်ကပင် ကြိုတင်၍ လက်မှတ်ဝယ်ထားပါမည်။ ကားခကလည်း ခါတ်ဆီဈေးအပေါ်မူတည်၍ တစ်ယောက်ကို ခြောက်ဆယ်မှ ရှစ်ဆယ်မို့ စိုင်းလွှမ်းအောင် တတ်နိုင်ပါသည်။

တောင်ကြီး မန္တလေးက တိုက်ရိုက် မီးရထားလမ်းမရှိ၍ ပြင်ပကားသင်းများနှင့် သွားရ၊ လာရ၊ ဆက်ဆံရ သည်မှာ အဆင်ပြေလှ၍ ခရီးသည်များ စိတ်ချမ်းသာရပါသေးသည်။ အကယ်၍ မီးရထားနှင့် သွားမည်ဆိုလျှင် သာစည်မှာဆင်း၊ အချိန်မမှန်တတ်သော ရွှေညောင်ရထားကိုစောင့်ပြီး ရွှေညောင် ဘူတာ လမ်းဆုံးရောက်မှ တောင်ကြီးကို ကားနှင့် ပြန်တက်ရ လေမည်။ ခရီးက အဆင့်ဆင့် သွားရမည်မို့ ရထားနှင့်သွား၍ အဆင်မပြေ။ တောင်ကြီး မန္တလေး ဆိုလျှင် ကားနှင့်သာ ဆင်းကြ တက်ကြလေ့ရှိပါ၏။

"တို့ တောင်ကြီးရောက်ရင် မမမုံဆီ ဝင်ရအောင်နော်"

"ငါ ဒီလိုလုပ်လာတာ သူ့ကိုမပြောနဲ့နော်"

"ပြောပါ့မလားဟာ"

"အေး. . . သူနဲ့ ဟိုလူနဲ့လည်း ဘယ်အခြေအနေအထိ ပြေလည်နေပြီလဲ ငါသိချင်တယ်"

"အင်း"

စိုင်းသည် မမမုံ၏အကြောင်းကို အမြဲတွေးနေမိပါ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ စနေနေ့နော်၊ ကျောင်းပိတ်ထားမှာ၊ သူ
နှစ်ယောက် ခုလောက်ရှိ တောင်ကြီးမြို့ရဲ့ချစ်သူတို့လျှော
သောလမ်းကလေး လားဗားစ်လိန်းမှာ တွဲလျှောက်နေကြပြီလား
မှ မသိတာ"

မြပန်းငုံ၏စကားကြောင့် တစ်ချိန်က သွားကားရှိရာ
နှစ်ယောက်သား ခပ်ခွာခွာ လျှောက်လာကြသော မြင်ကွင်း
မြင်ယောင်လာရင်း ယခုတော့ နီးကပ်ယှဉ်တွဲစွာ လျှောက်
လောက်ပါပြီဟု စိုင်းလည်း တွေးထားပြီးသားပါ။

"ကဲ. . . စိုင်း၊ အအေးလည်း သောက်ပြီးပြီ၊ ငါပြန်မှ
တယ်"

"အေး. . . မြင်းလှည်းနဲ့ပဲ ပြန်ကြတာပေါ့၊ လမ်းထော
ထိ ငါလိုက်ပို့မယ်နော်"

"အေး"

မန္တလေးဆိုသော မြန်မာပြည်၏ ဒုတိယမြို့တော်၌ စိုင်း
လွမ်းအောင်နှင့် မြပန်းငုံတို့သည် မြင်းလှည်းလေးတစ်စီးဖြ
အေးငြိမ်းလွတ်လပ်စွာ သွားလာနေချိန်မှာ. . .

◆ ◆ ◆



အခန်း ။ ၂၈ ။

တောင်ပေါ်နေသည် ရင့်လာသည် မရှိ။ ပူလောင်ပြင်းပြ
ခြင်းကို မခံစားရ။ နေ့လယ်ခင်းမှာသာ နွေးထွေးသော အတွေ့
ကို ပေးစွမ်းနိုင်သည်။

နေထွက်ဦးစ ကာလနှင့် နေ၏ ရင့်အိုချိန်တို့မှာ အနွေး
ဓာတ်ကိုပင် လုံလောက်စွာ မပေးစွမ်းနိုင်။

နေကွယ်ချိန်မှာတော့ အအေးဓာတ်၏ ရက်စက်စွာ
နှိပ်စက်ခြင်းကို ခံစားနေရလေပြီ။

"ဒီမှာဗျာ ကျွန်တော့်စောင်ကို ဟိုဘက်ပို့ပေးလိုက်ပါ၊ သူ
သိပ်ချမ်းနေလိမ့်မယ်"

သဘောထား မဆိုးလှသော အစောင့်က ကိုပိုင်စိုး လှမ်း
ပေးသော စောင်ပါးလေးကို ဟိုဘက်ခန်းပို့တော့-

"အို-မောင်ချမ်းနေမှာပေါ့၊ ယူထားပါ"

"မောင့်အတွက် ဘာမှ ထည့်မတွက်စမ်းနဲ့ မုံရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ထည့်မတွက်လို့ ဖြစ်မလား၊ မောင် ခုလို ဒုက္ခခံနေရ
နန်း–နန်းမုံကြောင့်"

"ဟော. . . နန်းမုံ ငိုပြန်ပြီလားဟင်၊ မောင် ဘာ
ရင်ဆိုင်ရဲတယ်၊ မုံ ငိုနေတာကိုသာ ရင်မဆိုင်နိုင်တာလို့
ထားတယ် မဟုတ်လား"

"မောင်ရယ် နန်းမုံ အငိုတိတ်ပါ့မယ်"

မြနန်းမုံ၏အသံလေးက ရင်ထဲသို့ ခွဲဝင်လာသ
နာကျင်သွားအောင် သနားစရာ ကောင်းလှသည်လေ။

ယခု မြနန်းမုံတို့ကို လူဆိုးတစ်ဖွဲ့က ဖမ်းဆီးခေါ်ဆော
လာပြီး ချုပ်နှောင်ထားခြင်းဖြစ်ပါ၏။

တောင်သုံးလုံးဆိုင်နေသည့် နေရာ၏ ချိုင့်ဝှမ်းတစ်ခု
တည်ထားသော စခန်းတစ်ခု။

ဝါးတဲလေး လေးလုံးရှိသည်။ သုံးလုံးက အမိုးနှင့်အက
နှင့် တဲရှေ့မှာ ဝါးအလုံးလိုက်ကို မြေမှာစိုက်ပြီး ထိပ်မှ အစိ
စိတ် ခွဲထားသည့်ကြားမှာ သောက်ရေအိုးတင်ထားသည်။

ထိုတဲသုံးလုံးက တန်းလို့၊ သူတို့နှင့် မျက်နှာချင်းဆိုင်မှ
တဲငယ်ပုပုလေးတစ်လုံး၊ ဝါးခင်းနှင့် သက်ငယ်မိုးနှင့်။

အလယ်က ဝါးကပ်တစ်ခု ခြားထားသည်။ တစ်ဖက်နှ
တစ်ဖက် မမြင်သာ။ ဘေးပတ်လည်မှာ အကာလုံးဝမရှိ။

ကိုပိုင်စိုးနှင့် မြနန်းမုံတို့ကြားမှာ ဝါးကပ် ခြားနေ၍
မြင်သာနိုင်ခြင်း မရှိသော်လည်း ထိုဝါးကပ်မှာ ကျောမှီ
ကျောချင်းအပ်သလို ရှိနေ၍ တစ်ယောက်၏ လေသံကို



တစ်ယောက်က ကြားနိုင်လေသည်။

မနေ့ ညဥ့်ဆယ့်တစ်နာရီခန့်က ဖမ်းဆီးလာပြီး မိုးထင်း
ခါနီးမှ ဤစခန်းသို့ ရောက်ရှိခဲ့ကြသည်။

ရောက်လာပြီးသည်နှင့် ထိုတဲငယ်လေးပေါ် တက်ခိုင်းပြီး
တစ်ယောက်တစ်ခန်း ဖမ်းချုပ်ထားခြင်း ဖြစ်သည်။ တစ်ယောက်
ကို ဝါးကပ်ရှေ့မှ ထူထားသော ဝါးတိုင်မှာ နိုင်လွန်ကြိုးနှင့်
ချုပ်နှောင်ထား၏။

မနက်ကရော နေ့လယ်ကပါ ဘာမှ စစ်ခြင်း၊ မေးခြင်း၊
ပြောခြင်း၊ ဆွေးနွေးခြင်း၊ နှိပ်စက်ခြင်း စသည်တို့ ဘာမှ မလုပ်ဘဲ
တဲထဲ၌ ခွေးဝက်များ ကြိုးတုပ်ပြီး တိုင်မှာချည်ထားသလို
ထားခဲ့လေသည်။

မနက်က သံပန်းကန်မှာ ထမင်းထည့်ပြီး မုန်ညင်းချဉ်နှင့်
ကျွေးသည်။ ဘယ်သူမှ မစားနိုင်ကြ။

ယခု အချိန်က လေးနာရီလောက်သာ ရှိလိမ့်ဦးမည်။
အအေးဓာတ်က လွန်ကဲလာသည်နှင့် ကိုပိုင်စိုးအတွက် ပေးထား
သော စောင်ပါးလေးတစ်ထည်ကို မြနန်းမုံအတွက် ပေးခိုင်းလိုက်
ခြင်းဖြစ်သည်။

"မုံ. . ."

"မထူး၍ ထပ်ခေါ်တော့မှ. . .

"မောင် ဘာပြောမလို့လဲဟင်"

"ငိုနေတယ်မဟုတ်လား"

"မငိုပါဘူးမောင်၊ နန်းမုံ မငိုပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ကျိတ်၍ ရှိုက်နေသံကြားရပါလျက် ချစ်သူစိတ်ဆ…
စိုးရှာလွန်းသော မြနန်းမုံရယ်လေ။

"မောင်"

"ဘာလဲဟင် မုံ"

"သူတို့ရဲ့ ဆရာဆိုတဲ့သူလာရင် နန်းမုံ ပြောမှာကို …
လက်ခံပါနော်"

"ဟင်. . . နန်းမုံက ဘာပြောမှာလဲ"

"မောင့်မှာ ဘာအပြစ်မှ မရှိပါဘူး၊ ဒီနေရာနဲ့လည်း …
မပတ်သက်ပါဘူး၊ ဒါကြောင့် မောင့်ကို လွှတ်ပေး…
ပြောပါရစေ၊ အဲဒါကို လက်ခံပါမောင်ရယ်"

"ဒီမှာ မုံ"

"မောင်ဘာမှမပြောပါနဲ့၊ မောင် ခုလို နန်းမုံကြောင့် ဒု…
နေရတာကို နန်းမုံ ရင်ကွဲလို့ သေတော့မယ် မောင်ရဲ့"

"အချစ်ကလည်းကွာ၊ ငိုနေပြန်ပါပြီ၊ ခက်တော့တာ…

"မောင့်ကိုပဲ နန်းမုံ သနားတယ်၊ ဘာမဟုတ်တဲ့ နန်း…
မိန်းမကို လာပြီးချစ်မိတာနဲ့ မောင့်မှာ ဒုက္ခတွေ ပင်လယ်…
နေရပြီကွယ်"

"နန်းမုံလေးရယ်"

"စောင်ကို မောင်ယူထားပါ၊ မောင် အနစ်နာခံပေး…
နန်းမုံ ရင်ကွဲပြီး သေချင်လေပဲ၊ နန်းမုံကြောင့်၊ နန်းမုံ ဒီကို…
လာမိလို့ ဖြစ်ရတာ"

"ဒီမှာ မုံရယ်. . . မောင်ကလည်း ပြောပါရစေဦး"





"မောင်ပြောရင် နန်းမုံကို ညှာတဲ့စကားပဲ ဖြစ်မှာပါ"

"မောင်ပြောမှာကို မုံ လုံးဝမကြားချင်ဘူးလားဟင်"

"ဒီလိုလည်း မဟုတ်ရပါဘူး မောင်ရယ်"

"ဒါဖြင့် မောင်ပြောတာကို နားထောင်စမ်းပါ နန်းမုံ"

"ဟုတ်ကဲ့ပါမောင်"

"မုံ မောင့်ကို ခုလိုသနားနေတာ ဘာဖြစ်လို့လဲ"

"မောင့်ကို သိပ်ချစ်လို့"

"မောင့်ကိုချစ်ရင် မောင့်ရဲ့ဒုက္ခကိုရော လွှဲပြောင်းပြီး
…သလား"

"ယူရဲတာပေါ့၊ မောင့်ကို သတ်မယ်ဆိုရင်တောင် နန်းမုံ
သတ်ပါလို့ပြောပြီး မောင့်ကိုယ်စား အသေခံပေးရဲတဲ့
…ပါမောင်"

"ကောင်းပြီ၊ အဲဒါဟာ ချစ်သူအတွက် အနစ်နာခံပေးနိုင်
…စေတနာ၊ အသက်နဲ့ခန္ဓာကိုယ်ကိုတောင် စွန့်လွှတ်ပေးရဲတဲ့
…ချစ်မျိုးမဟုတ်လား"

"ဟုတ်ပါတယ်မောင်"

"ဒါဆို မောင်ပြောတာ နားထောင်စမ်း၊ မုံ မောင့်ကို
…တာထက် မောင်ကမုံကို ပိုပြီးချစ်တယ်၊ ဒါကြောင့် မုံ့ရင်ထဲမှာ
…တဲ့ စေတနာနဲ့ အနစ်နာခံနိုင်ခြင်းတို့ထက် ပိုကဲနေတယ်၊
…တော့ မောင်က ယောကျ်ား"

"မောင်ရယ်"

"မောင်တို့ရဲ့ လက်ရှိအခက်အခဲကို လက်တွဲပြီး ရင်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



ဖို့ပဲ စိတ်ကူးတော့မုံ၊ မောင်ပြန်ပါတို့၊ မောင့်ကို သနားတာ
ထပ်မပြောနဲ့၊ မောင်ပြောတာကြားလား"

"ဟုတ်. . . ဟုတ်ကဲ့ပါမောင်"

"ပြီးတော့ မုံငိုနေတာ ကြားရရင် မောင့်ရင်ထဲမှာ
ထိခိုက်တယ်"

"နန်းမုံ အငိုတိတ်ပါ့မယ်မောင်ရယ်"

အငိုတိတ်ပါ့မယ်ဆိုသော အသံလေးကိုက ငိုသံပါ
တုန်လှိုက်နေ၏။

"နန်းမုံလေး"

"ရှင်"

"မောင်ကတော့ မုံနဲ့အခုလို အတူ အဖမ်းခံခွင့်ရတာ
ကျေနပ်နေမိတယ်"

"ဟင်"

"မုံတစ်ယောက်တည်းဖြစ်ဖြစ်၊ စိုင်းလွမ်းအောင်နဲ့ဖြစ်
မျှား ခုလို အဖမ်းခံနေရရင် မောင်ဘယ်ရှာရမှန်းမသိ၊ ဘာလု
ရမှန်းမသိနဲ့ ပိုဆိုးမှာ၊ ဒီမှာမုံ"

"ရှင် မောင်"

"ဖြစ်လာသမျှ ပြဿနာကို အတူရင်ဆိုင်ကြမယ်နော်
ပြီးတော့ မောင့်ကိုသနားတာတို့၊ နန်းမုံကြောင့် ဖြစ်တာ
ဆိုတာတွေကို ဖယ်လိုက်တော့နော်"

"မောင်ပြောသလိုဖြစ်အောင် နန်းမုံရဲ့စိတ်ကို ကြိုးစားပြီ
ပြင်ပါ့မယ်"





"မုံ"

"ရှင်"

"မောင့်ကို ချစ်လား"

"မောင်ရယ်၊ အရေးထဲမှာ မချစ်ဘဲ နေပါ့မလားလို့၊
စ်လိုက်တာမှ သေမတတ်"

"အဟား. . . ဟား"

"ကြည့် ခုလို ဘဝမှာတောင် မောင်က ရယ်နိုင်သေးတယ်
နော်"

"ထိုင်ငိုနေလို့သာ လွတ်မယ်ဆိုရင် မောင်လည်း ငိုနေမှာ
ပေါ့ မုံရဲ့၊ ဖြစ်လာသမျှ ရင်ဆိုင်ရုံပဲပေါ့ အချစ်ရဲ့၊ မုံရဲ့အချစ်ကို
ရတာပဲ မောင်က ဝမ်းသာနေမိသေးတာ"

"ချစ်ပါတယ်၊ သိပ်ချစ်ရပါတယ်မောင်ရယ်၊
. . . မောင့်ကို အားလည်းကိုးတယ် ကျေးဇူးလည်းတင်တယ်"

"နောက်တော့ရော"

"ဟော မောင်နားထောင်ကြည့်စမ်း"

"အင်း အဲဒါ ဘာသံတွေလဲ"

"မြင်းခွာသံတွေပဲ"

"ဒီမှာ မြင်းစီးကြလို့လား"

"စီးတာပေါ့ မောင်ရဲ့၊ တောင်ပေါ်က ရှမ်းရွာ၊ ပအိုဝ်း
ရွာတွေမှာဆိုရင် မြင်းနဲ့လားနဲ့ပဲ ဈေးရောင်းဈေးဝယ် ကြတာ
လေ၊ ကား ထောင်စားသလိုပဲ၊ ဒီရွာတွေမှာလည်း မြင်းနဲ့လား
မွေးပြီး ငှားစားကြတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



မြနန်းမုံ၏ ရှင်းပြခြင်းအဆုံး ခေတ္တ စကားရပ်လိုက်သော မြင်းခွာသံများကို ပီပီပြင်ပြင် ကြားလာရတော့သည်။

"ဒီမှာ မုံ"

ကိုပိုင်စိုးက လေသံတိုးဖြင့် . . .

"သူတို့လာလို့ စစ်လားမေးလားလုပ်ရင် နန်းမုံက ငိုချင် ယောင်ဆောင်နေနော်၊ မောင်ပဲ အရိပ်အခြည် ကြည့်ပြီး ဖြေရှင်း ယူမယ်ကြားလား"

"ဟုတ်ကဲ့ပါမောင်"

မြနန်းမုံတို့၏ တဲရှေ့မှာ သေနတ်တစ်လက်နှင့် စောင့်နေ သောသူသည် သူတို့ပြောသမျှကိုလည်း အာရုံစိုက်ခြင်းမရှိပါချေ။

မြင်းခွာသံတို့ နီးသည်ထက်နီးလာပြီ။

မိနစ်ပိုင်းအတွင်းမှာပင် ကိုပိုင်စိုးတို့ကို ချုပ်ထားသော တဲနှင့် သူတို့နေထိုင်စခန်းချရာ တဲတို့အကြားသို့ မြင်းသုံးကောင် နှင့် လူလေးယောက်တို့ ရောက်ရှိလာကြသည်။

ဆရာဖြစ်ဟန်တူသူက ရှေ့ဆုံးမှဆင်းပြီးနောက် အလယ် လူက ခုန်ဆင်းသည်။ နောက်ဆုံး မြင်းတစ်ကောင်ပေါ်မှ စီးလာ ကြသော လူနှစ်ယောက်ပါ ဆင်းလာကြပြီးချိန်မှာ အားလုံးက ကိုပိုင်စိုးနှင့် မြနန်းမုံတို့ကို ကြည့်ပြီး မျက်နှာချင်းဆိုင်မှ တဲ အတွင်းသို့ ဝင်သွားကြတော့သည်။

အချစ်ဆုံးနှစ်ယောက်တို့၏ ကံကြမ္မာသည် ဤဥပဒေမဲ့ လူဆိုးများ၏ နှုတ်ဖျားတွင်သာ တည်ရှိနေလေတော့သည်။

လက်နက်များကလည်း အသင့်။





လူသူလေးပါးနှင့် ကယ်သူ၊ ကူသူတို့လည်း မတွေ့နိုင် နိုင်၊ မကြားနိုင်သော တောင်ကြားချိုင့်ဝှမ်းငယ်ဒေသ . . .

ကိုပိုင်စိုး သက်ပြင်းချမိသည်။

မြနန်းမုံကို အားပေးနေရသော်လည်း အခြေအနေသည် လွယ်ကူလှ။ သူတို့၏ လက်ညှိုးတစ်ကွေး သေနတ်ကျည်ဆန် င့် မိနစ်ပိုင်း စက္ကန့်ပိုင်းအတွင်းမှာ အသက်ခံသွားရနိုင်သည့် အခြေအနေ . . .

ရင်ထိတ်စွာ အခြေအနေကို စောင့်နေဆဲမှာ ကွန်မင်ဒို ကျား အကျီကြီးနှင့် အနက်ရောင် ဘောင်းဘီကို ဝတ်ဆင် ားသော လူဆိုးဗိုလ်ဖြစ်ဟန်တူသူက ကိုပိုင်စိုး၏ အခန်းရှေ့မှ တ်ကျော်လျက် မြနန်းမုံ၏ တဲအတွင်းသို့ တက်သွားသဖြင့် ဆီသို့ တိုက်ရိုက်လာသည်ထက်ပင် ကိုပိုင်စိုး လန့်သွားမိတော့ သည်။

"မင်းကိုယ်မင်း မြနန်းမုံပါလို့ ပြောတယ်နော်၊ အခု စာနွေ့ရဲ့စခန်းမှာလည်း ပန်းငုံမရှိဘူး၊ ဘယ်မလဲ တို့အားလုံး င်တဲ့ ရွှေထုပ်"

"ကျွန်မ-ကျွန်မ ပန်းငုံမဟုတ်ရပါဘူးရှင်"

"ညာချင်ဦး အလည်မ"

"အား"

ဖြန်းခနဲနေအောင် ပါးရိုက်လိုက်သံနှင့် မြနန်းမုံ၏ အော်သံဟာ တစ်ဆက်တည်းလို ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့အားလုံး ကားတွေကလူ၊ ခါးပြတိုက်ပြီး ရထားတွေ ရွှေတွေ စောနွေက အပိုင်စီးပြီး တို့ကို ကန်ထုတ်လိုက်ပြီး အဲဒီ ရွှေထုပ်နဲ့ ပန်းငုံ မြို့တက်သွားပြီလို့ သူ့ဆီက ထွက်ပြေးလာတဲ့ ငါ့တပည့်တစ်ယောက်က ပြောတယ်၊ အဲဒါ"

"ကိုစောနွေဆီမှာ ပန်းငုံ တကယ်မရှိတော့ဘူးလားရှင်"

"ဘယ်ရှိမလဲ နင်ပဲဟာ"

"ကျွန်မ အမေ၊ ကျွန်မရဲ့အမေရောရှင်"

"နင့်အမေ အရှုံးမ ရှိမှာပေါ့၊ ငါ ဘယ်သိမလဲ၊ ဒီမှာ နင် မာယာတွေများမနေနဲ့၊ အခု အဲဒီရွှေတွေ သွားရောင်းပြီး ပြန်လာတာလား၊ သွားဝှက်ပြီး ပြန်လာတာလား"

"တစ်ခုမှ မဟုတ်ရပါဘူး၊ ကျွန်မမှ မြပန်းငုံ မဟုတ်တာ ရှင်"

"နင် ဆက်လိမ်နေရှင် အသားနာရုံပဲ ပန်းငုံရဲ့"

"အား"

မြနန်းမုံ၏ အော်သံကြောင့် ဟိုဘက်ထရံမှ ဝုန်းခနဲ အသံ ကြားလိုက်ရပြီး. . .

"မိန်းကလေးတစ်ယောက်ကို ဘာလို့ ဒီလောက် အနိုင် ကျင့်နေရတာလဲဗျ၊ သတ္တိရှိရင် ကျွန်တော်နဲ့ပဲ ယောကျ်ားချင်း လာယှဉ်ပါ"

"အောင်မယ်. . . ခွေးမသားက ငါ့ကိုများ"

လူဆိုးဗိုလ်က တဲပေါ်မှ လွှားခနဲ ခုန်ဆင်းသွားပြီး ကိုပိုင် စိုးတို့၏ အခန်းဘက်သို့ တက်လာကာ မျက်နှာတည့်တည့်သို့





ဒိတ်ရှိလက်ရှိ နှစ်ချက်ဆင့်ပြီး လက်သီးနှင့်ထိုးလိုက်လေတော့ သည်။

လက်နှစ်ဖက်လုံး တုပ်နှောင်ခြင်းခံနေရသော ကိုပိုင်စိုး မှာ အသားလွတ် လိမ့်ခံရုံသာ။

"မောင်. . . မောင်ရေ. . . မောင် ဘာဖြစ်သွားလဲဟင်၊ နန်းမုံနဲ့ပဲ ဖြေရှင်းစမ်းပါရစေမောင်ရယ်၊ မောင်မပါပါနဲ့၊ နန်းမုံ ရှိခိုးပြီးတောင်းပန်ပါတယ် မောင်ရဲ့"

ကိုပိုင်စိုးက သူ့နှုတ်ခမ်းမှ သွေးစများကို ပခုံးစွန်းဖြင့် သိအောင် ခေါင်းငုံ့၍ သုတ်ပစ်လိုက်ပြီးမှ-

"နန်းမုံရယ်၊ အသာနေစမ်းပါ၊ မောင်ဘာပြောထားလဲ ဟင်၊ ဒီမှာခင်ဗျာ"

ကိုပိုင်စိုးက ကြမ်းပြင်မှာထိုင်လျက် သွေးစ စွန်းသော မျက်နှာနှင့် လူဆိုးဗိုလ်ကို မော့ကြည့်ရင်း တစ်ဆက်တည်း ပြောချလိုက်သည်။

"မြနန်းမုံဟာ ကျွန်တော့်ချစ်သူပါ၊ တကယ်လို့ သူသာ မြပန်းငုံဖြစ်ခဲ့ရင် ကျွန်တော်လိုယောကျ်ား တစ်ယောက်ကို ကိုစောနွေရှိတဲ့ဆီ ခေါ်သွားရဲပါ့မလား၊ တွေးကြည့်ပါ"

ကိုပိုင်စိုး၏စကားကို မကြားမိကပင် 'မောင်'တို့ 'နန်းမုံ' တို့ဖြင့် အပြန်အလှန် ပူပန်နေကြသော အသံကြောင့် လူဆိုးဗိုလ် တစ်ချက် တွေဝေသွားသည်။

ယခု ကိုပိုင်စိုး ရှင်းပြချက်သည် လက်မခံနိုင်စရာ အကြောင်းမရှိဟု သူသဘောပေါက်သွားလေသလားပင်။



www.burmeseclassic.com

www.burmeseclassic.com



"နန်းမုံက သူ့အမေကိုတွေ့ဖို့ ကိုစောနွေဆီမှာ ခွင့်တောင်းပြီး ပြန်ခေါ်သွားဖို့ လာခဲ့ကြတာပါ၊ အဲဒီမှာ လမ်းမှားပြီး ဒီဘက်ကိုရောက်လာခဲ့ကြတာပါ၊ ဒီမှာ ကျွန်တော် တစ်ဆက်တည်း ပြောပါရစေ"

"ဘာလဲ"

"ကျွန်တော်တို့ကို အချိန်ပေးပါ၊ မြပန်းငုံဟာ ကိုစောနွေရှိရာကို အသေအချာ ပြန်လာမှာပါ၊ သူ့ကိုတွေ့တဲ့အထိတော့ စောင့်ပေးပါလို့ ကျွန်တော် တောင်းပန်ပါတယ်"

"အေး ကောင်းပြီ နှစ်ရက်ပဲ အချိန်ပေးမယ်၊ နှစ်ရက်အတွင်းမှ ပန်းငုံ ရောက်မလာဘူးဆိုရင် မင်းကိုရော နန်းမုံဟန်ဆောင်နေတဲ့ ပန်းငုံရော သတ်ပစ်မယ်"

"နှစ်ရက်တည်းနဲ့ ပန်းငုံက. . ."

"မလိုချင်ဘူး တို့မှာ ဒီမှာလာက်အချိန်ဆွဲနေဖို့ အချိန်မရှိဘူး၊ ဟော့ ထူးအောင်"

"ဟုတ်ကဲ့ ဆရာ ကျော်သာ"

"သန်ဘက်ခါ ဒီအချိန်အထိမှ စောနွေစခန်းက ဘာသတင်းမှ မထူးရင် သူတို့နှစ်ယောက်လုံးကို လှိုင်မွန်တောင်ထိပ်မှာ ပစ်သတ်လိုက်တော့"

"ကောင်းပါပြီ ဆရာ၊ စိတ်ချပါ"

◆ ◆ ◆



အခန်း ။ ၂၉ ။

ကိုစောနွေသည် သူ့စခန်းရှေ့မှာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေ၏။

သူ့လက်ဝါးကို သူ့လက်သီးဆုပ်ဖြင့် ထုလိုက်၊ အနီးမှ ဝက်သစ်ချပင်စည်ကြီးကို လက်ဝါးဖြင့် ကပ်မှီထောက်လိုက်၊ ခါးထောက်လိုက်ဖြင့် စက္ကန့်မလပ်အောင် ဂနာမငြိမ် ဖြစ်နေလေသည်။

"ဒီအဘွားကြီးကြောင့် ခက်နေတာ"

"မတတ်သာလည်း ထားပစ်ခဲ့ရမှာပဲ ဆရာစောနွေ၊ အခုဆို ကျော်သာတို့ အုပ်စုကလည်း အင်အားတောင့်နေပြီနော်"

"ငါမွေးတဲ့မျောက်က ငါ့ပြန်ခြောက်တယ်ဆိုတာ ဒါမျိုးပဲ၊ ကျော်သာဆိုတဲ့ သစ္စာဖောက်ခွေးသား"

ကိုစောနွေ၏ မျက်နှာတစ်ခုလုံး နီမြန်းနေသည်။ အသက်ရှူသံလည်း ပြင်းနေ၏။ စိတ်လှုပ်ရှားခြင်းကြီးစွာ ဖြစ်နေကြောင်း မြင်ရသူတို့ပင် ရင်မောစရာ။



www.burmeseclassic.com

www.burmeseclassic.com



"ဒီစခန်းမှာ ဆက်နေဖို့တော့ မသင့်ဘူးထင်တယ် ဆရာ"

"တို့ ရွှေ့သွားရင် ပန်းငုံ ဘယ်လိုလုပ်လိုက်ရှာမလဲ၊ ဒူး ပြန်လာမှ ငွေက ပါလာမှာ"

"ပန်းငုံက ပြန်လာသင့်တဲ့ရက်ထက် ကျော်နေပါပြီဆရာ ပြန်မှ လာပါတော့မလား"

"ဒီရွှေထုပ်နဲ့ သူ့အမေနဲ့တော့လည်း လဲနိုင်မယ် မထင်ပါ ဘူး စံမောင်၊ ပန်းငုံက သူ့အမေကို သူ သိပ်ချစ်တာ၊ ပြီးတော့ ငါ့ကိုလည်း ပန်းငုံ သစ္စာမဖောက်ဘူးလို့ ငါယုံကြည်တယ်၊ ပန်းငုံ ပြန်လာမှာပါကွာ"

"ပန်းငုံကို ယုံကြည်ရတယ်ပဲထားဦး၊ ကျွန်တော်တို့ အင်အားက နည်းနေပြီ၊ ဒီနေရာမှာ ဆက်နေလို့ကို မဖြစ်ဘူး ထင်တယ်နော်၊ ဆရာ စဉ်းစားပါ"

"ငါလည်း ပန်းငုံပြန်လာရင် ရွှေ့ဖို့ပါပဲ စံမောင်ရဲ့၊ အဘွား ကြီးကလည်း ဖျားနေတာမို့ စိုးရိမ်စရာတောင် ဖြစ်နေပြီ"

"ဘယ်တတ်နိုင်မလဲ ဆရာရယ်"

"ငါ့မှာ တာဝန်ရှိတယ် စံမောင်၊ အဘွားကြီးကို ငါမထားခဲ့ ချင်ဘူး၊ ခေါ်သွားဖို့လည်း မလွယ်ဘူး၊ သူ့သမီးလာမှ သူ့သမီး လက်ကိုအပ်ပြီး ပန်းငုံရော အဘွားကြီးပါ မိုင်းပွန် ပြန်ခိုင်းလိုက် မယ်၊ ပန်းငုံကိုလည်း နည်းနည်းပါးပါးပေးပြီး သူပါလာတဲ့ ငွေယူပြီး တို့လစ်ကြမယ်၊ ငါ ဒီလိုစီစဉ်ပြီးသားပါး စံမောင်"

စကားနည်းလှသော ကိုစောနွေသည် သူ၏ လက်ရင်း တပည့် စံမောင်အား ရှည်လျားစွာ ရှင်းပြပြီး မြပန်းငုံ ပြန်အလာ





ကို စိတ်အားထက်သန်လွန်းစွာ မျှော်နေရှာသည်။

"အင်း. . . ဟင်း. . . အမယ်လေး"

"ဟော အဘွားကြီး ညည်းသံပဲ"

"သူ့ကို စောင့်ရှောက်ဖို့ ခေါ်ထားတဲ့ 'အီသိန်း'ကလည်း လစ်ပြေးပြီ၊ အဘွားကြီးက တအားဖျားနေတယ်ဆရာ၊ ဘာလုပ် ရမှန်းကို မသိဘူး"

"သွားကြည့်ပေးလိုက်စမ်းကွာ၊ တောက်. . . ပန်းငုံက လည်း ကြာလိုက်တာ"

ကိုစံမောင်ဆိုသူက ပျဉ်ထောင်အိမ်ငယ်လေးအတွင်း ဝင်လိုက်တော့ သလွန်ဟု သူခေါ်မှတ်ထားသော ကွပ်ပျစ်လေးပေါ် တွင် ဒေါ်နန်းလှက နွမ်းလျစွာလှဲရင်း ညည်းညူနေရှာသည်။

သူကိုယ်သူ မိဖုရားတစ်ပါး မဟာဒေဝီ အမျိုးသမီးကြီး ဆိုပြီး ထီးမှူနန်းဟန်နှင့်လည်း မနေနိုင်ရှာတော့။

တောတွင်းရောက်လာပြီးမှ ငှက်ဖျားရောဂါ စွဲကပ်လာ သည်။

တောခြင်များမှတစ်ဆင့် ဒေါ်နန်းလှသို့ ငှက်ဖျားရောဂါ ပိုး ကူးရောက်လာစေသည်။

ယခုအချိန်မှာ ဒေါ်နန်းလှသည် ဘဝင်မြင့်သလို ဖြစ်နေ သော စိတ္တဇရောဂါများဖြင့်လည်း တက်တက်ကြွကြွ မရှိနိုင် ရှာတော့။

ငှက်ဖျားတက်နေမှန်း သိလျက်နှင့်လည်း ကုသစရာ



www.burmeseclassic.com

www.burmeseclassic.com



ဆေးမရှိ၊ တတ်ကျွမ်းနားလည်သော ဆရာဝန်များနှင့်လည်း အလှမ်းဝေးလှချေ၏။

ယခင်တစ်ချိန်က ကိုစောနွေ၏စခန်းမှာ ဆေးမှူးရှိ သည်။ သူ့တပည့်များ များစွာရှိစဉ်က ဖျားနာသူများ တိုက် ဒဏ်ရာရသူများအတွက် ဆေးမှူးတစ်ယောက်က ဆေး ပေးပါ၏။ ဤဆေးမှူး ဆေးကုသနိုင်ရန် ဆေးပစ္စည်း မြပန်းငုံက တာဝန်ယူပြီး ဝယ်ယူ၍ တောတွင်းသို့ အ သယ်ဆောင်ယူလာပေးနေကျ။

ယခုတော့ ကိုကျော်သာတို့အဖွဲ့ သစ္စာဖောက် ကိုစောနွေတို့ တစ်ဖွဲ့လုံး ရုတ်ရုတ်သဲသဲ ဖြစ်နေချိန်၌ ဆေး လည်း ထွက်ပြေးလွတ်မြောက်သွားလေပြီ။

ဆေးမှူးကိုကြည်ဝင်းသည် သူ့အသိစိတ်နှင့် ကိုစော အဖွဲ့ထဲသို့ ဝင်လာသူမဟုတ်။

ကိုစောနွေတို့အဖွဲ့က ဖမ်းဆီးခေါ်ဆောင်လာပြီး သူ ခိုင်းသမျှ ကုသပေးနေခဲ့ရရှာသူပါ။

ကိုစံမောင်သည် ဒေါ်နန်းလှ၏ ကိုယ်ကို စမ်းကြည့် လန့်ပြီး လက်ကို ရုပ်လိုက်မိသည်အထိ။

"ဟာ ကိုယ်တွေကလည်း ခြစ်ခြစ်တောက် ပူလို့ပါ ဝါလည်း ဘာလုပ်ပေးရမှန်းမသိ၊ ပြုစုမယ့်လူလည်းမရှိ၊ အ ကြီးတော့ မလွယ်တော့ဘူးထင်တယ်"

မျက်လုံးမှေး၍ မှိန်းနေသော အဘွားအို ဒေါ်နန်းလှ ကြည့်ပြီး ကိုစံမောင် တွေးနေဆဲမှာ. . .





"အင်း. . . ဟင်း ဟင်း၊ နန်း နန်း"

စကားသံက ခေတ္တမျှ ရပ်သွားပြီးမှ သိပ်ပြီး ပီပီသသ မဟုတ်သော်လည်း ကြားသာရုံလေသံဖြင့်. . .

"သ. . . သမီးကြီး နန်းမုံ"

"အမေ အမေ့ဆီ မလာတော့ဘူးလားကွယ်"

'ပန်းငုံ'သမီးလေးရော အမေ့ သမီးလေးရေ"

အသိစိတ်ဝင်လာသဖြင့် သူ၏ ချစ်လှစွာသော သမီးလေး နှစ်ယောက်ကို တမ်းတနေသံမှာ ရင်နင့်ကြေကွဲစရာ ကောင်း လွန်းလှချေသည်။

"သမီး နန်းမုံ၊ နန်းမုံနဲ့ ပန်းငုံရေ့"

အမေ. . . အမေ့ကို ပစ်ထားကြသလားကွယ်"

"သမီး သမီးလေးတို့ရေ"

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

အခန်း ။ ၃၀ ။

"နင်ကလည်း ကြာလိုက်တာ စိုင်းရယ်"

"ကြာဆို ငါ ရန်ကုန် ပါသွားလို့ဟ"

"ဟင် . . . ရန်ကုန်ရောက်သွားသေးတယ်"

"တစ်ညအိပ်တည်းပါ၊ ဒါတောင် ငါ့အစ်ကိုက နေ့ရထား နဲ့ ပြန်ခိုင်းတာ၊ ငါက ညပဲစီးချလာတာ၊ နင်စောင့်နေရမှာစိုးလို့"

"အေးပေါ့၊ နင်ပြောတဲ့ရက်နဲ့ဆို နှစ်ရက်တောင် နောက် ကျသွားပြီလေ၊ ငါ့အမေ ဘယ်လိုများနေသလဲ၊ နေမှကောင်းရဲ့ လား မသိဘူး စိုင်းရယ်"

"ကိုစောနွေက ဂရုစိုက်မှာပါ၊ ပူမနေပါနဲ့ ပန်းငုံရာ"

ဈေးတောင်ဘက်လမ်းမှ မိုင်းပွန်ကားဂိတ်တွင် ကား စောင့်နေကြစဉ် ကားဂိတ်နောက်မှ ကမ္ဗောဇ လက်ဖက်ရည်ဆိုင် တွင် ထိုင်၍ လက်ဖက်ရည်သောက်ရင်း စကားပြောနေကြခြင်း ဖြစ်သည်။





ခါတိုင်းဆိုလျှင် စိုင်းလွမ်းအောင်သည် ဤဆိုင်မှ ရောင်းချ သော ဝက်သားပေါက်စီ၊ ဝက်သားပေါင်းနှင့် စမူဆာ စသည်များ ကို အားရပါးရ စားလေ့ရှိသူ။

ယခုတော့ သူကိုယ်တိုင်လည်း ခပ်ငိုင်ငိုင် ဘာမှ သိပ် မစားနိုင်။

မြပန်းငုံသည်လည်း လက်ဖက်ရည်တစ်ခွက်နှင့် ကိတ်မုန့် တစ်ချပ်ကိုသာ စိတ်မပါတပါစားရင်း ငေးတွေနေရှာလေသည်။ နန္ဒလေးမြို့မှာ စိုင်းလွမ်းအောင်နှင့် မြပန်းငုံ ဆုံပြီး သူ မိတ္ထီလာ ဆင်းသွားခဲ့သည်။ နောက်နှစ်ရက်နှင့် တစ်ညကြာမှ ပြန်လာ ပြီးပြီးချင်း မိုးကုတ်မန်းကားသင်းနှင့် သူတို့နှစ်ယောက် တောင် ကြီးသို့ တက်လာခဲ့ကြခြင်းဖြစ်ပေသည်။

ယနေ့မနက်တော့ မိုင်းပွန်သို့သွားရန်အသင့် ဖြစ်နေခဲ့ ပါပြီ။

ဤလမ်းပေါ်မှာပင် ဟိုဘက်က ဟိုပုန်းကားများ ထွက် သွားခဲ့လေပြီ။

မိုင်းပွန်လမ်းကတော့ ဟိုပုန်းမှာ တစ်ထောက်နားပြီး တွန်ပွိုင် ကားတန်းစောင့်ရဦးမည်မို့ ဟိုပုန်းမှ နံနက် ကိုးနာရီမှ ထွက်ရမည်။

ယခုမှ ခုနစ်နာရီနှင့် ငါးမိနစ်၊ ဟိုပုန်းတောင်ကြီးက ဆယ့်နှစ်မိုင်ခရီး၊ မောင်းနှင်ချိန်က နာရီဝက်နှင့် လေးဆယ့်ငါး မိနစ် ကြာသာ။



www.burmeseclassic.com

www.burmeseclassic.com



ကုန်တွေတော့ တင်နေပြီ၊ လူမပြည့်သေး၍ ထွက်နိုင်ဦးမည်မထင်။

စိုင်းလွှမ်းအောင်တို့၏ အသိကား မဟုတ်။ ဦးလွှယ်မိုး၏ ကားလှည့်ဖြစ်ပြီး ယနေ့ ဦးလွှယ်မိုးကိုယ်တိုင် မောင်းနှင်မည်။

မနေ့က မန္တလေးမှ တက်လာပြီး တောင်ကြီးမြို့ ရောက် ရောက်ချင်း စိုင်းလွှမ်းအောင် စုံစမ်းလိုက်တော့ သူ့ သူငယ်ချင်း မိုးနှောင်း၏ဖခင်ကား ဖြစ်နေလေသည်။

မိုးနှောင်းက တောင်ကြီးကောလိပ်မှ ဒုတိယနှစ်သင်္ချာဖြင့် အောင်ပြီး ယခုနှစ် မန္တလေးတက္ကသိုလ်မှာ ပညာဆက်လက် သင်ယူနေသူဖြစ်၏။

မကြာမီမှာပင် တောင်ကြီးကောလိပ်ကို ဒီဂရီကောလိပ် အဆင့်သို့ တိုးမြှင့်တော့မည်မို့ ကျောင်းသားများ တခြားမြို့သို့ သွားစရာမလိုတော့၊ ကိုယ့်ပြည်နယ် မြို့တော်မှာပင် ဒီဂရီတန်း ရရှိရန် သင်ယူနိုင်ခွင့် ရှိတော့မည်။

မိဘများနှင့် ကျောင်းသားတချို့က နှစ်သက်ကြသော်လည်း ရန်ကုန်နှင့် မန္တလေးတက္ကသိုလ်သို့ သွားချင်သူ၊ တခြားမြို့မှာ ပညာသွားသင်ချင်ကြသော ကျောင်းသားလေးအချို့တို့ မဲ့ရှုံ့နေကြသည်။

မိုးနှောင်းတို့ ငယ်စဉ်ကပင် ဦးလွှယ်မိုးတို့မိသားစု တောင်ကြီးမြို့သို့ ပြောင်းရွှေ့သွားကြသည်။ လူငယ်ချင်း သူငယ်ချင်းများနှင့်သာ ဆုံဖြစ်ကြသော်လည်း ဦးလွှယ်မိုးနှင့် မတွေ့ဆုံဖြစ်၊





ဦးလွှယ်မိုးကတော့ မန္တလေးသား ဦးအောင်မြနှင့် မိုင်းပွန်သူ ဒေါ်နန်းလှတို့၏သမီးလေး၊ မြပန်းငုံနှင့် စိုင်းလွှမ်းအောင်တို့ကို မိတ်ဆွေတို့၏ သားသမီးများအဖြစ်နှင့် သူ မောင်းနှင်မည့်ကား၏ရှေ့ခန်းမှ လိုက်ပါစီးနင်းခွင့်ရအောင် နေရာပေးထားလေသည်။

"ပန်းငုံ စားလေ၊ နင်ဘာငိုင်နေတာလဲ"

"အမေ့ကို စိတ်ပူလို့ပါ၊ ထားခဲ့တဲ့ ဒေါ်အိသိန်းက အဆင်မှ ပြေပါ့မလား မသိဘူး၊ ငါ့စိတ်တွေ လေးနေတယ်"

"အယူမသည်းစမ်းပါနဲ့၊ ခါတိုင်းလည်း နင်ဒီလိုပဲ သွားနေကျပဲဟာ"

"ခါတိုင်းက သုံးလေးရက်ပဲကြာတာ၊ အခု ငါထွက်လာတာ တစ်ပတ်ရှိသွားပြီလေ"

"အင်း"

"ငါးရက်ထက်ပိုပြီး မကြာစေနဲ့လို့ အစ်ကိုစောနွေက အသေအချာ မှာလိုက်တာ"

"ဒီနေ့ရောက်ပြီး ဒီညပဲ သွားလိုက်ကြမယ်လေ"

"အေးပါ၊ ဒီညတော့ ဖြစ်တဲ့နည်းနဲ့ စခန်းကိုရောက်အောင် ပြန်ရမှာပေါ့၊ ဒါနဲ့ မမမုံလည်း ပင်လုံဆောင်မှာ ရှိမနေဘူးနော်"

"အင်း"

"သူ အမေ့ဆီသွားရင် ကောင်းမှာပဲ၊ ဒါပေမယ့် သွားမှာမဟုတ်ပါဘူး၊ စိုင်းရာ. . . မမမုံက ငါတို့သားအမိအတွက်



www.burmeseclassic.com

www.burmeseclassic.com



အနစ်နာခံမပေးပါဘူး၊ သူ့ဘဝအတွက်ပဲ တက်လမ်းရှာနေတာပါ"

"ဒီလိုတော့လည်း မဟုတ်ပါဘူးလေ၊ သူက ပညာတော်လာတော့ သူ့ဘဝက ဒီလိုပဲ အခြေအနေပေးလာတာကိုး၊ ဒါပေမယ့် မမမုံ ဆုံးဖြတ်တာ သိပ်မြန်သွားတယ်"

"ဘာဆုံးဖြတ်တာလဲ"

"ငါ့အမြင်လည်း မကင်းဘူးထင်ပါရဲ့ ပန်းငုံရယ်"

"ဘာ နင့်အမြင်လဲ"

"ငါ ဘာမှ မပြောချင်ဘူး၊ ငါ့ရင်ထဲမှာ သိပ်နာနေတယ် ပန်းငုံရယ်"

"မမမုံနဲ့ ပတ်သက်လို့လား"

"အေးပေါ့"

"အရေးထဲ နင်တို့နှစ်ယောက်ကလည်း တစ်မျိုး၊ ငါ့မှာ အန္တရာယ်လမ်းက ပြန်လာရလို့ စိတ်ဆင်းရဲရတာရော၊ အနေ အတွက် စိတ်ပူရတာရော စုပြီး စိတ်ဆင်းရဲနေရတဲ့အထဲ"

"အေးပါ ဒါကြောင့် ငါကလည်း ဘာမှ မပြောလိုတော့ပါဘူး"

"ဘာလဲ နင် မမမုံကို သိပ်ချစ်နေလို့လားဟင် စိုင်း"

တဲ့တိုးမေးခွန်းကြီးကြောင့် စိုင်းလွမ်းအောင်က မြပန်းငုံကို လှည့်ကြည့်လာပြီး. . .

"မချစ်ဘူးလို့ ထင်ခဲ့မိတယ် ပန်းငုံရယ်၊ မမမုံတာ ငါ့ကြောင့် ကိုပိုင်စိုးဆိုတဲ့ ကောင်နဲ့ ချစ်ဖြစ်သွားကြပြီ"





"အဲဒီ စာရေးဆရာက ရန်ကုန်မပြန်သေးဘူးလား"

"ဘယ်ပြန်မလဲ၊ မနေ့ကပဲ တောင်ကြီးဟိုတယ် စုံစမ်းတော့ မမမုံနဲ့သူနဲ့ မိုင်းပွန်အတူသွားကြတာ အခုထိ ပြန်မလာကြသေးဘူးတဲ့"

"အဲဒါကို နင်က ဘာဖြစ်နေရတာလဲ၊ နင့်မျက်နှာ ကြည့်ရတာ သေတော့မလိုပဲ၊ ဘာလဲ နင်က မနာလိုနေတာလား"

"မဟုတ်ဘူး ပန်းငုံ၊ လုံးဝ မဟုတ်ပါဘူး၊ ငါ့စိတ်ထဲမှာ မမမုံ ကောင်းစားစေချင်တဲ့ စိတ်၊ သူ့ဘဝကို ဒီထက် တိုးတက်စေချင်တဲ့ စိတ်ရယ် စေတနာရယ်ပဲ ရှိပါတယ်"

"ဟိုကလည်း နင့်ကို တကယ်သံယောဇဉ်ကြီးတာပါ စိုင်းရဲ့"

"ခုတော့ ငါ့ရဲ့စေတနာတွေ အလကားဖြစ်ပြီ ပန်းငုံ၊ ကိုပိုင်စိုးဆိုတဲ့ လူဟာ လူလိမ်လူညာ"

"ဟင်. . . ဘာ. . . ဒီလူက ဘာညာလို့လဲ၊ ဘာလိမ်သွားလို့လဲ"

"သူ့ဘဝရဲ့ အဖြစ်မှန်ကို ဖုံးအုပ်ထားပြီးတော့ မမမုံရဲ့ နှလုံးသားကို လိမ်ညာယူဆောင်သွားခဲ့ပြီ ပန်းငုံရယ်"

"အို. . . သူက လူဆိုး လူလိမ်လား၊ စာရေးဆရာ မဟုတ်ဘူးလား"

"လူဆိုးလည်း မဟုတ်ဘူး၊ စာရေးဆရာ ဆိုတာလည်း မှန်ပါတယ်"

"ဒါဖြင့် ဘာကိုလိမ်တာလဲဟဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အသည်းနှလုံးကို လိမ်ယူတာ ပန်းငုံရဲ့၊ ဒီမှာပဲ ကြည့်တော့ ပန်းငုံရယ်"

စိုင်းလွှမ်းအောင်က သူ့ဂျာကင်အိတ်တွင်းမှ ခေါက်၍ရသော သားရေပိုက်ဆံ အိတ်ကလေးကို ဆွဲထုတ်ပြီး အတွင်းရှိ ဓာတ်ပုံနှစ်ပုံကို ထုတ်၍ မြပန်းငုံသို့ ပြသည်။

ကင်မရာကောင်းနှင့် ရိုက်ထားသော ရောင်စုံဓာတ်ပုံက ထင်းထင်းရှင်းရှင်း။

ပါပလီကာကား၊ မက်တဲလစ်ဗလူး ခေါ်သည့် ကားပြာပြာ အသစ်ကလေး၊ အမိုးမတင်ရသေး၊ အဖြူခံမှာ စာလုံးနီနှင့် ယာယီနံပါတ် ကားအသစ်စက်စက်ကလေး၏ရှေ့မှာ လက်ပိုက်၍ ပြုံးပြုံးကြီးရပ်နေသော ကိုပိုင်စိုး။

နောက်တစ်ပုံကျတော့. . .

သူက နှစ်နှစ်ရွယ် ဂါဝန်သစ်ကလေးနှင့် ကလေးတစ်ယောက်ကို ချီထားပြီး သူ့ဘေးမှ ခေတ်အဆင့်မီ အပြင်အဆင်နှင့် ခပ်ချောချော အမျိုးသမီးတစ်ယောက်က ဘေးမှ ကပ်၍ရပ်လျက်၊ ကိုပိုင်စိုး၏ ကလေးချီထားသောလက်ကို ချစ်ခင်မြတ်နိုးဟန် အားထားအားကိုးဟန် အပြည့်နှင့် ဖက်ကိုင်ထားလေသည်။ ကလေးလေးကပါ ပြုံးလို့၊ အားလုံးရယ်လို့။

"ဒါ သူတို့မိသားစု ဓာတ်ပုံပဲပေါ့နော် စိုင်း"

"အေးပေါ့"

"သိပ်ချစ်တတ်တဲ့ မမံ့တော့ ဒုက္ခပဲ"

"သူ့မှာ ဇနီးနဲ့ သမီးရှိလျက်နဲ့ မမံ့ကို သူလာညာနေ





ဘယ် ပန်းငုံရယ်"

"ယောကျ်ားတွေဟာ ဒီလိုပဲ များပါတယ်လေ၊ တစ်မြို့တစ်နယ်ရောက်ရင် သူတို့ကိုယ်သူတို့ လူပျိုလုပ်ပစ်ကြတာ၊ တို့ မမံ့ကလည်း အ,ပါတယ်ဟာ၊ သူ့မှာ ရည်းစားမရှိဖူးတော့ သူချစ်မိရင် တအားချစ်သွားမှာ"

"အဲဒီထဲမှာ ငါ့အပြစ်လည်း ပါနေတယ် ပန်းငုံရယ်"

"နင်က ဘယ်လိုဖြစ်လို့လဲ"

စိုင်းလွှမ်းအောင်က တော်တော်နှင့် မဖြေ၊ ဆားခတ်ထားသော ရေနွေးကြမ်းပန်းကန်ကို ဖြည်းဖြည်းချင်း စုပ်ယူသောက်ပြီးမှ. . .

"ဩော်. . . ဒီလူ့ကို မမံ့ဆီ ငါပဲ ခေါ်လာခဲ့တာ၊ ပြီးတော့ ဒီကောင်နဲ့ ချစ်ဖြစ်အောင် ငါပဲ တိုက်တွန်းခဲ့မိတယ်"

"ဒီမှာစိုင်း၊ မမံ့က ကလေးလား၊ သူ့ အသည်းနှလုံးနဲ့ သူချစ်တာ၊ သူ့ဟာသူ ဆုံးဖြတ် ပစေပေါ့။ ဒီဓာတ်ပုံတွေ ပေးပြလိုက်၊ ပြဿနာကို သူတို့ချင်း ရှင်းယူလိမ့်မယ်"

"မမံ့ သိပ်ခံစားရရှာမယ်"

စိုင်းလွှမ်းအောင်သည် ကိုယ့်အကြောင်း ကိုယ်သာ အသိဆုံးဖြစ်ခဲ့ပါ၏။

မမံ့သည် သူ့အပေါ်၌ ကြီးမားသော သံယောဇဉ်များဖြင့် တံတားခင်းပေးခဲ့ရှာသည်။ သူက မမံ့ ခင်းထားသော လမ်းမှ ကွေ့လျှောက်ပြီး ထိုခင်းပြီးသား လမ်းပေါ်သို့ ကိုပိုင်စိုးကို တင်ပေးလိုက်ခြင်းဖြစ်ကြောင်း သူကိုယ်သူသာ အသိဆုံးပါ။



www.burmeseclassic.com

www.burmeseclassic.com



မမမုံ၏ ဘဝသည် သူနှင့် လက်တွဲခြင်းအားဖြင့် တိုးတက်လာနိုင်စရာ မရှိပါဟူသော စေတနာအပြည့်ဖြင့် စွန့်လွှတ်သွားခဲ့ခြင်းဖြစ်ပါ၏။

မမမုံအတွက်ဆိုလျှင် သူ စွန့်လွှတ်ရဲသလို စွန့်စားရဲသည်။

မြန်မာ မိန်းမသား တစ်ယောက်၏ အနိမ့်ဆုံးသော ဘဝ အယုတ်ညံ့ဆုံးအဖြစ် အကဲ့ရဲ့ခံရမည့် အငယ်အနှောင်းဆိုသော မယားငယ်ဘဝကိုဖြင့် မမမုံကို ဘယ်နည်းနှင့်မှ အရောက်မခံနိုင်။

ကြိုက်တဲ့နည်းနှင့် ယှဉ်ရစမ်းပါစေ၊ သူ ကိုပိုင်စိုးကို ယှဉ်မည်။

မမမုံလို အပြစ်မဲ့ ပညာတတ် အလှဆုံး မိန်းမကိုမှ လာပြီး ညာရက်သောသူကို သတ်ပစ်လိုက်ချင်သည်။ သေပါစေ ဗျာ. . .

သူ့မျက်နှာကိုမြင်ပြီး ဒေါသတရားသည် ရင်နှင့်မဆံ့၊ ခုဝင် ထိုးကြိတ် ဆောင့်ကန်ပြီး လည်ပင်း ညှစ်သတ်လိုက်ချင်သည်။

“ငါမသတ်ရဲလည်း သင်းကို တစ်ယောက်ယောက်က သတ်လိုက်ပါစေ၊ သူသေမှပဲ အေးမယ်”

“ဟဲ့ စိုင်း၊ နင်က ဘာတွေ စဉ်းစားနေတာလဲ”

“ဟိုကောင်ကို ဒေါသ ဖြစ်နေလို့”

“နေပါဦး ဒီဓာတ်ပုံတွေ နင်ဘယ်က ရတာလဲ”

“ရန်ကုန်ကပေါ့၊ ငါတည်းတဲ့ စမ်းချောင်းအိမ်က သူငယ်ချင်းကို စာရေးဆရာပိုင်စိုးဆိုတာ သိသလားလို့ မေးကြည့်တော့ သူနဲ့တော့ မသိဘူး၊ သူ့ သူငယ်ချင်းနဲ့တော့ တအားရင်းနှီးတာပဲ ဆိုပြီး ခေါ်သွားတာ၊ အဲဒီမြို့ထဲက သူငယ်ချင်းအိမ်မှာ သူပဲဆိုပြီး ဓာတ်ပုံတွေပြလို့ ငါခွာယူလာခဲ့တာ”





စိုင်းလွှမ်းအောင်လောက်တော့ မြပန်းငုံက အဖြစ်သည်းမနေပါ။

တစ်နယ်ခြားသော ယောကျ်ားတစ်ယောက်ကို ဘာမသိညာမသိနှင့် ရမ်းချစ်သွားသော အစ်မကိုပင် အပြစ်တင်ရမလိုလိုပါ။ သူ့ဘာသာသူ ဖြေရှင်းယူပါလိမ့်မည်ဟု မြပန်းငုံ ပေါ့ပေါ့လေး တွေးလိုက်သည်။

ငွေတစ်သောင်းကျော် ပါရှိသော အိတ်ကို စိုင်းသို့အပ်ပြီး မြပန်းငုံက ကောင်တာမှာ သော့တောင်း၍ အိမ်သာ ခဏဝင်၏။ သူပြန်ထွက်လာချိန်မှာပင်. . .

“ကားထွက်တော့မယ်ဟေ့”

“ဟုတ်ကဲ့. . . လာပါပြီ ဦးလေးလွယ်မိုး”

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ ၃၁ ။

ထုံးစံအတိုင်း တောင်ကြီးကောလိပ်အလွန် ဂိတ်မှ စစ်ဆေးပြီး လေးမိုင်သချိုင်းဘုရားကိုးဆူ ရဲစခန်း ပင်ဝိုရွာတို့ကို ဖြတ်ပြီး ပင်းပက် သတ္တုတွင်း ထုတ်လုပ်သည့် လမ်းခွဲနှင့် ပင်ဝိုလမ်းခွဲများဖြတ်ပြီး တောင်ကြီး ဟိုပုန်း ကားလမ်းပေါ်မှ စားစရာ နားစရာ ဆိုင်လေးများဖြစ်သော ဝဲဘက်မှ ဦးညိုတဲ၊ ဦးပြိုတဲနှင့် ကုလားတဲဟုခေါ်သော ဂေါ်ရခါးဆိုင်နှင့် ရွာ၊ နှစ်ထပ်အလယ်တန်း ကျောင်းကြီးတို့ကို ကားလမ်း၏ လက်ယာဘက်မှာ မြင်တွေ့ ဖြတ်သန်းခဲ့ရသည်။

"ဟော ဟိုဝဲဘက်က တောင်ကြီးအောက်ခြေမှာ ကျောက်ဂူရှိတယ်၊ အဲဒီမှာ ဆရာတော်တစ်ပါးက တရားကျင့်နေတာကို လူတွေက အတင်းလာဖူးနေကြတာ၊ ဘုန်းကြီးက သိပ်တန်ခိုးကြီးလို့ သိပ်စည်ကားတာပဲ၊ 'ထမ်မိုး မွန်တောင်'မှာ နေလို့ ထမ်မိုးမွန်ဆရာတော်လို့ နာမည်ကြီးနေတာကွယ်။ ဘုန်းကြီးက





အတော်ကြည်ညိုစရာကောင်းပါတယ်၊ ဦးလေးတော့ ဖူးပြီးပြီ"

ဦးလွယ်မိုးက ကားမောင်းရင်း ရှင်းပြနေသည်ကို မြပန်းငုံရော စိုင်းလွှမ်းအောင်ပါ စိတ်မဝင်စားနိုင်အားကြပါ။

မိုင်းပွန်မြေမှာ ရင်ဆိုင်ရမည့် ပြဿနာအပေါင်းနှင့် နှလုံးသားရေးရာ လောင်မြိုက်မှု ဝေဒနာများကြောင့် စကားပင် ခပြောဖြစ်ကြ။

တောင်ကြီးမှ ၈ မိုင်ရောက်သည်နှင့် ဟိုပုန်းမြို့နယ်စပြီး ဟိုပုန်းလွင်ပြင်မှ စေတီဘုရားနှင့် လူနေအိမ်ခြေများကို မသဲမကွဲ ပြွတ်ပြွတ်ခဲခဲလှမ်း၍ မြင်နေရလေပြီ။

"တောင်စူမတောင်' ညို့ညို့ကြီးကို လှမ်းမြင်ရပြီး ဖန်လိန် ကျေးရွာနှင့် ရန်ကင်းကို ဖြတ်လာပြီးသည်နှင့် ဟိုပုန်းကို ရောက်ခဲ့လေပြီ။

ဟိုပုန်းမြို့ထဲမှ မဖြတ်ဘဲ မြို့ပြင်လျှပ်စစ်ဓာတ်အားပေးရေးဌာနနှင့် ရဲစခန်းရှေ့နားမှာကား ကားတွေ တန်းစီရတော့ ရှစ်နာရီသာသာ သာ ရှိပါသေး၏။

ကိုးနာရီတိတိမှာ အစောင့်များလိုက်ပါလျက်၊ ဆယ်စီး ဆယ့်ငါးစီး စသော ကားတန်းကြီးတန်းစီ၍ ထွက်ရပါလေမည်။ ကိုယ့်အပူနှင့်ကိုယ်မို့ ဟိုပုန်းမြို့မှ ကားထွက်လာခွင့်ရသည်အထိ စိုင်းလွှမ်းအောင်ရော မြပန်းငုံပါ စကားတွေ ဝေဝေဆာဆာ မပြောဖြစ်ကြ။

မြပန်းငုံမှာ တမျှော်တခေါ် မြင်နေရသော မဲနယ်တောင်တန်း ညို့ညို့ကြီးကိုကြည့်ပြီး ရင်ထဲမှာ လေးလံနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုစောနွေ ခိုင်းသမျှကိုသာ အရေးထားဆောင်ရွက်ပြီး မိခင်ကြီးကို ပစ်ထားမိသလို ဖြစ်နေ၍ အမေ့အတွက်ပဲ ရင်း စိုးရိမ်ပူပန်လွန်းနေမိသည်။

မြပန်းငုံသည် နေချင်သလိုနေ၊ သွားချင်သလိုသွား လုပ်ချင်တာလုပ်နေသော်လည်း မိခင်ကြီးကိုတော့ ဘယ်သော အခါမှ ပစ်၍မထားရှာ။

သမီးကောင်းပီသစွာ ဂရုတစိုက် ပြုစုပေးရုံမက မိခင်၏ သနားလည်း သနား ချစ်လည်း သိပ်ချစ်သည်။

ဒေါ်နန်းလှသည် တစ်ခါတစ်ရံသာ ဝုန်းဝုန်းဒိုင်းဒိုင်းနှင့် ရန်းကန်သောင်းကျန်းတတ်သော်လည်း၊ အမြဲတစေမှာဖြင့် သူ့ကိုယ်သူ မဟာဒေဝီအဖြစ် ဘဝင်မြင့်ပြီး ယဉ်ယဉ်လေး ရှုးနေ တတ်ရုံမှလွဲ၍ လူမှန်းမသိ သူမှန်းမသိအောင် ရှူးသွပ်နေခြင်းမျိုး မဟုတ်ပါ။

"ငါ့သမီးလေး ပင်ပန်းလှပြီ"

"သမီးလေးကို အမေက သိပ်အားကိုးတာ"

"အမေနဲ့ ဖက်အိပ်ရအောင် သမီးရယ်၊ သမီးလေးကို အမေက သိပ်ချစ်တာ"

ဟူသော စကားနူးနူးညံ့ညံ့လေးများကို မကြာခဏ ပြော တတ်ဆိုတတ်ရှာသော အမေရယ်လေ. . .

"ထမ်(မ)ဆမ့်(မ)တော့ ရောက်ပြီ ဆင်းကြဦးလေ"

ဦးလွယ်မိုး၏ နှိုးဆော်ချက်ကြောင့် မြပန်းငုံတို့ နှစ် ယောက် ဆင်းခဲ့ကြသည်။ ကားတွေ တစ်ခါတန်းစီပြီး တစ်ခါ





စောင့်ရပေဦးမည်။ သည်နေရာက ဟိုပုန်းနှင့် မိုင်းပွန်၏ ကြား ခန်းလေး၊ အခြေအနေကောင်းမှ ကားများလွှတ်ပေးတတ် သည်၊ တစ်ခါတစ်ရံ ညအိပ်ရပါ၏။

"လာကြဟေ့. . . တဲထဲမှာ အကြော်စားကြဦးစို့၊ ကား တစ်စီးပျက်နေလို့ ခဏစောင့်ရဦးမှာတဲ့"

ဦးလွယ်မိုး၏စကားက မြပန်းငုံတို့နှစ်ယောက်၏ စိတ် ဓာတ်ကို ဆွဲချလိုက်သလို ဖြစ်ရပြီ။

အမေ ဒေါ်နန်းလှ၊ ကိုစောနွေနှင့် အစ်မ မြနန်းမုံတို့၏ ဗြိဿနာအထွေထွေသည် သူတို့နှစ်ဦး ရောက်သွားပြီးမှ ဖြေရှင်း၍ ရနိုင်မည်လေ။

"လာကြလေကွယ်၊ သားတွေ မအားလို့ ကိုယ်တိုင် မောင်းရတဲ့နေ့မှ မိတ်ဆွေရဲ့သားတွေ သမီးတွေနဲ့ ပြန်တွေ့ရတာ ဝမ်းသာနေတာ၊ ဦးလေးလည်း မိုင်းပွန်မရောက်တာကြာလို့ ပြန်ချင်နေတာ"

"ဟုတ်ကဲ့"

"တဲ ရှေ့စားကြ၊ ဟေ့. . . နောက်တစ်ပွဲကွာ"

ထမ်(မ်) ဆမ့်(မ်)စခန်းမှ အကြော်တဲလေးအတွင်းမှာ ဦးလွယ်မိုးက ခေါက်ဆွဲစား၏။ မြပန်းငုံတို့က ငြင်း၍ ထန်းလျက် ရည်နှစ်ပြီးသား မြန်မာပြည်မှ မုန့်လက်ကောက်ကြော်လို ကောက်ညှင်းဆိုင်း ခပ်သေးသေးကြော်နှင့် ဆားခတ်ပြီးသား ရေနွေးကြမ်းများကို သုံးဆောင်ကြသား ထိုင်စားနေကြပါသည်။

တဲလေး၏အပေါ်မှာ အမှာကြီးလှသော ကြက်သွန်ဖြူဥ



www.burmeseclassic.com

www.burmeseclassic.com



များကို အညှာတံရှည်ရှည်ထားပြီး ထိပ်က စုစည်းထားသည့် အစည်းပေါင်းများစွာက တဲပေါ်မှာ ပြန့်ကျဲရုံမက အပေါ် လည်း ချိတ်ဆွဲထားလေသည်။

"ဒါနဲ့ မနန်းလှ နေကောင်းရဲ့လား"

"ဒီလိုပါပဲ ဦးလေးရယ်"

"အင်း. . . မြပန်းငုံတို့မိသားစုရဲ့အဖြစ်က တကယ်ဆိုး တယ်၊ အဲဒီတုန်းကများ မိုင်းပွန်တစ်မြို့လုံးကို စုတ်တသပ်သ နဲ့ပဲလေ၊ ဒီတုန်းက မြပန်းငုံတို့က ငယ်သေးတာပဲ"

"ငယ်တယ်ဆိုပေမယ့် ကလေးလေးအရွယ် မဟုတ်တော့ ပါဘူး၊ ကောင်းကောင်းကြီး မှတ်မိပါတယ်၊ အဖေက ပန်းငုံတို့ သိပ်ဂရုစိုက်တာတွေ ချစ်တာတွေ မန္တလေးက ပြန်လာတိုင်း စားစရာတွေ ကစားစရာတွေ ဝယ်ဝယ်လာတာ၊ ကောင်းကောင်း ကြီး မှတ်မိနေတုန်းပါ"

"အေးလေ အင်မတန် နှုတ်ချိုစရာကောင်းတဲ့လူ၊ စီးပွား အရှာကလည်းကောင်း၊ ဘာသာရေး လူမှုရေးလည်း သိပ်လုပ် နိုင်တာ၊ ပြီးတော့ မိန်းမကို ချစ်တဲ့စိတ်နဲ့ မိုင်းပွန်မှာ အခြေ နေပြီး သမီးလေးအမြွှာနှစ်ယောက် မွေးလာတော့လည်း ချစ် လိုက်တာမှ တုန်နေရှာတာကွယ်"

ဦးလွယ်မိုး၏စကားသည် မြပန်းငုံတို့၏ ငယ်ဘဝလေးကို ပြန်လည်တမ်းတ သတိရစေခဲ့ပါပြီ။

မိခင်ဖခင်တို့၏ ချစ်မြတ်နိုးလှသော သမီးလေးများ ဘ နှင့် ပျော်ရွှင်စရာ ကောင်းလွန်းလှချိန်မှာ ဖခင်ကြီးက အဖြစ်ဆိုး





နှင့်ကြုံ၊ မိခင်က ရူးသွပ်သွားသဖြင့် မိခင်ရော ဖခင်ပါ တစ်ပြိုင်တည်း ဆုံးရှုံးရသလို ဖြစ်ရချိန်မှာ မြနန်းမှိုနှင့် မြပန်းငုံတို့ ညီအစ်မနှစ်ယောက်မှာ အပျိုဦးဘဝလေး။ ကလေးမက လူကြီး မကျ။

"တို့ သနပ်ဖက်ပွဲရုံနဲ့ ခုလို ကြီးပွားချမ်းသာလာတာ ကိုအောင်မြရဲ့ ကျေးဇူးကြောင့်ပဲ၊ ဒါကြောင့် ကလေးတွေ ပညာ ရေးကို တာဝန်ယူပါတယ်"

ဟု မန္တလေးမြို့မှ ပွဲကတော်ကြီး ဒေါ်လှရင်က လူလွတ် မှာကြားလိုက်သော်လည်း စာည့်သော မြပန်းငုံက မန္တလေးမှာ ပညာသင်ခွင့် မရခဲ့။

သည်လိုနှင့်ပင် မြပန်းငုံ၏ဘဝသံသရာလည်ခဲ့ပြီး ကိုစော နွေနှင့် တွေ့ဆုံခဲ့သည်။ ကိုစောနွေ၏ဘဝထဲသို့ ဝင်ဖြစ်ခဲ့ခြင်းနှင့် အတူ သူ၏ဝါဒ၊ သူ၏ လုပ်ဆောင်ချက်များထဲမှာ မြပန်းငုံကိုပါ ရော၍ ပါဝင်သွားခဲ့ရခြင်းပါ။

"ကိုအောင်မြ ဆုံးရတာတော့ နာသကွာ"

"ဘယ်လိုဖြစ်လို့လဲ ဦးလေး"

"မင်း မသိသေးဘူးလား လွမ်းအောင်"

"နည်းနည်းပဲ သိတယ်၊ ပြန်ပေးဆွဲပြီး အသတ်ခံရတယ် ဆိုတာလေ"

"အေး. . . တောက်ထိန် လက်ချက်ပေါ့"

"ပန်းငုံတို့ စိတ်မကောင်းမှာစိုးလို့ ကျွန်တော် မမေးဖြစ်ခဲ့ တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုကွ ကိုအောင်မြကစီးပွားအရှာကောင်းတော့ အ
အိမ်ကြီးကို ပြင်ဆောက်. . .၊ ကားထောင်ဖို့တောင် စိတ်
မေးမြန်းနေတုန်းမှာ ဖြစ်သွားရတာ၊ အဲဒီအချိန်က တောက်ထိ
ဆိုတဲ့ လူတစ်ယောက်ဟာ သူ့အဖွဲ့သား ဆယ့်လေးငါးယောက်
တို့နယ်တစ်ဝိုက်မှာ ခိုးဆိုးတိုက်ခိုက်နေတယ်ပေါ့ကွာ၊ အဲဒီ
နေရင်း ကိုအောင်မြကို တောက်ထိန်တို့အဖွဲ့က ပြန်ပေးဆွဲသွ
တယ်လေ"

"ဟုတ်ကဲ့ အဲဒါတော့သိတယ်"

"အေး. . . ငွေတစ်သိန်းနဲ့ လာရွေး၊ ဘယ်သူ့မှ မသိစေ
မနန်းလှတစ်ယောက်တည်းပဲ လာခဲ့လို့စာပို့လာတယ်၊ မနန်း
က အေးလည်းအေး အ,လဲအ,တော့ ဘယ်သူ့မှမပြော
မတိုင်ပင်ရဲ၊ ငွေလဲမရှာဘဲနဲ့ အိမ်မှာရှိသမျှငွေကိုပဲယူပြီး သူ
ချိန်းတဲ့ တောင်ပေါ်ကို တစ်ယောက်တည်း လိုက်သွားခဲ့သတဲ့"

"ငွေ ဘယ်လောက် ပါသွားလဲ"

"အေးကွယ်၊ အဲဒါပြောမလို့၊ ငွေလေးမှ တစ်ထောင်
ခုနစ်ရာပဲ ပါသတဲ့"

"တောက်ထိန်တို့က သူတို့မှန်းသလိုလည်း ဖြစ်မလာ
မနန်းလှလည်း ရိုးတော့ ပြေပြေလည်လည် မပြောတတ်၊ သိ
ကြောက်ပြီး စကားတောင် ရေလည်အောင် မပြောနိုင်ရှာဘူး
ဆိုပဲ"

"ဩော်. . ."

"အဲဒါကို သူတို့က နားမလည်ဘဲ မနန်းလှလုပ်ပုံကို





အားမရဖြစ်လာတယ်၊ ငွေလည်း နောက်ထပ် ရပုံမပေါ်၊
ကိုအောင်မြကို ပြန်လွှတ်လိုက်ရင်လည်း ဟိုက လူတော်ဆိုတော့
သူတို့ကို ပြန်ပြီး ရန်ပြုမယ်ဆိုပြီး မနန်းလှရှေ့မှာပဲ မနန်းလှကို
ကြည့်ခိုင်းပြီး တောက်ထိန်က ကိုအောင်မြကို သေနတ်နဲ့ ရင်ဝ
တည့်တည့်ကို ပစ်သတ်လိုက်တာတဲ့"

"ဟာဗျာ"

ကြားသိရသော စိုင်းလှမ်းအောင်ပင်လျှင် ရင်ထဲမှာ
နာလာ၍ မြပန်းငုံကို လှည့်ကြည့်လိုက်တော့ မြပန်းငုံက နှုတ်ခမ်း
ကို တင်းတင်းကိုက်ထားပြီး ဝဲနေသော မျက်ရည်များ မကျဖြစ်
အောင် မာန်တင်း၍ ထိန်းထား၏။

"အဲဒါကိုမြင်ရပြီး မနန်းလှ မေ့လဲကျသွားတာပေါ့ကွယ်၊
နောက်တော့ ရွာကလူတွေ လိုက်ကြတော့ ကိုအောင်မြရဲ့
အလောင်းရယ် မနန်းလှရယ်ကို တွေ့ကြရတယ်၊ ဒါပေမယ့်
မနန်းလှဟာ ဘယ်သောအခါမှ လူကောင်းတစ်ယောက် ပြန်ဖြစ်
မလာနိုင်အောင် ရူးသွပ်သွားရှာတယ်လေ"

သောက်နေဆဲ ရေနွေးပန်းကန်ကို ဆောင့်ချလိုက်ပြီး
မြပန်းငုံက. . .

"အဲဒီတောက်ထိန်ဆိုတဲ့ လူယုတ်မာကို ပန်းငုံကိုယ်တိုင်
ပြန်သတ်ခွင့် ရပါရစေဆိုပြီး ဆုတောင်းနေတာ ခုတော့ သင်းက
သေပြီတဲ့လေ"

"အင်း သူ့ကိုလည်း လူဆိုးချင်းပြန်သတ်သွားတာပဲ၊
ဒီကောင် တို့နယ်ကလည်း မဟုတ်ပါဘူး၊ ဒါပေမယ့် သူ့အဆက်



www.burmeseclassic.com

www.burmeseclassic.com



အနွယ်ကလည်း ဆက်ဆိုးနေဆိုပဲ၊ မိုင်းပွန်နယ်တစ်ဝိုက်မှာ ခေါးပြတိုက်၊ ဆက်ကြေးတောင်းပြီး လူဆိုးဗိုလ်လုပ်နေတဲ့ စောနွေဆိုတာ အဲဒီ တောက်ထိန်ရဲ့သားတဲ့"

သူတို့၏ဘေးမှာ ပေါက်ကွဲသံကြီးတစ်ခုကို ကြားလိုက်ရသလို စိုင်းလွမ်းအောင်နှင့် မြပန်းငုံတို့ အလန့်တကြားဖြင့် တစ်ယောက်မျက်နှာတစ်ယောက် ပြိုင်တူကြည့်လိုက်မိကြလေသည်။

ဦးလွယ်မိုးကတော့ ဘာမှမသိရှာ. . .

ဘာသာပြန်ရန် ခက်ခဲလှသော မြပန်းငုံ၏မျက်နှာကို စိုင်းလွမ်းအောင် အံ့ဩစွာ မြင်တွေ့လိုက်ရတော့သည်။

◆ ◆ ◆



အခန်း ။ ၃၂ ။

ကောင်းကင်ပြင်ကြီးကပါ ငိုမလို ညိုနေ၏။

တောတောင်တစ်ခွင်လုံးလည်း မှိုင်းညို့အုံ့မှောင်နေလေသည်။

မိုးစက်မိုးပွင့်များ တစ်ပွင့်နှစ်ပွင့် လွင့်လာနေခြင်းကပင် လျှင် အပြစ်မဲ့လူသားနှစ်ယောက်၏ နောက်ဆုံးခရီးအတွက် ငိုင်းဝန်း ဝမ်းနည်းစွာ ငိုကြွေးပေးနေသော မျက်ရည်စက်များပင် လား။

နောက်ဆုံးအချိန်အတွက်. . .

နောက်ဆုံးခြေလှမ်းများ. . .

ဟူသော အသိကြောင့် လျှောက်လှမ်းနိုင်သည့် အင်အားပင် မရှိတော့သလို ယိုင်နဲ့တုံ့နှေးနေသဖြင့်. . .

"လျှောက်ကြစမ်းကွာ၊ တောင်ထိပ်ရောက်မှ မင်းတို့နှစ်ယောက်ရဲ့ အလောင်းတွေကို ကန်ချလို့ဖြစ်မှာ၊ ဒီနေရာမှာဆို အလကားနေရင်း မြေတူးပြီး မြှုပ်နေရဦးမယ်"

အရက်တွေ မူးနေသော သေနတ်ကိုင်လူဆိုးတစ်ဦး၏ စကား။



www.burmeseclassic.com

www.burmeseclassic.com



သေနတ်မပါသူက တစ်ယောက်။

သေနတ်သမားက နှစ်ယောက်။

သားကောင်က နှစ်ယောက်။

"လျှောက်စမ်းပါဆိုမှ ဒီကောင်ကလည်း"

"ကျွန်တော်. . . ကျွန်တော် မလျှောက်နိုင်တော့ဘူးဗျာ"

"ဟား ဟား ယောက်ျားပဲကွ သေရမှာ ဒီလောက်ပဲ ကြောက်ရသလားဟင်"

ကိုပိုင်စိုးသည် လူသတ်ကုန်းတောင်ထိပ်သို့ တက်လှမ်းနိုင်ရန် အင်အားမရှိရှာတော့။

မြနန်းမုံသည် အရာအားလုံးကို မယုံကြည်နိုင်သလို ကြောင်နေသည်။

အကြောက်လွန်လွန်းသွားလျှင် လူသည် လှုပ်ရှားနေလျက် သတိကင်းမဲ့နေသည်သို့ ရှိချေ၏။

လှုပ်ရှားနေရသော သက်မဲ့တစ်ခု ဖြစ်နေလေပြီ။

"လွယ်မွန်တောင်ထိပ်မှာ ပစ်သတ်လိုက်တော့"

ဟူသော အမိန့်အရ ယခု ကိုပိုင်စိုးနှင့် မြနန်းမုံတို့ကို သတ်ပစ်ရန် ခေါ်လာနေခြင်းဖြစ်လေသည်။

သူတို့ရှာဖွေနေသော မြပန်းငုံ၏သတင်းအစအနကို ရှာမရသဖြင့် မြနန်းမုံကို မြပန်းငုံအဖြစ်နှင့်သတ်ပစ်ရာမှာ မျက်နှာသစ်လူစိမ်းဖြစ်သော ကိုပိုင်စိုးကိုပါ ထည့်သတ်ခြင်း ဖြစ်သည်။





သူတို့၏ ပြစ်ဒဏ်က မြပန်းငုံသည် ရွှေထုပ်ယူပြေးသူ ယခု ပြန်မိပြီ။

စခန်း၌လည်း လူမကျန်တော့၊ ကိုစောနွေ၏ စခန်းကို ဝင်စီးကြမည်ဟု ပြောပြီးသွားကြလေပြီ။

"အား. . . အမယ်လေးဗျာ"

ကိုပိုင်စိုး ခွေလဲကျသွား၏။

ကြောင်နေသော မြနန်းမုံသည် ကိုပိုင်စိုးခွေလဲကျသွားတော့မှ သတိပြန်ဝင်လာသလို ပြေးလာ၍ ပွေ့ထူလိုက်သည်။ နှစ်ယောက်သား ပါးချင်းအပ်ထားချိန်မှာ. . .

"မောင် တိုက်မယ်. . . ဝပ်နေ"

"အို. . . မောင်"

"အား ကျွတ်ကျွတ်. . . ကျွန်တော် ကြိုးစားလျှောက်ပါ့မယ်ဗျာ၊ လက်ပြန်ကြိုးတုပ်ထားတာလေး ဖြေပေးပါ

"ဆရာ ဒီကောင်ထွက်ပြေးရင် ဘယ့်နှယ်လုပ်မလဲ"

"ဟား. . . ဟား မင်းကောင်လားထွက်ပြေးနိုင်မှာ၊ ယိုင်နေပါပြီကွ၊ မြန်မြန်ကိစ္စပြီးအောင် ဖြေပေးလိုက်စမ်းပါ"

မြေပြင်မှာ ခွေခွေလေး လဲနေသော ကိုပိုင်စိုး နားသို့ သေနတ်သမား ရောက်လာပြီး သူ့သေနတ်ကို မြေပြင်မှာချ၍ ကိုပိုင်စိုး၏နောက်မှာ ချည်နှောင်ထားသော လက်နှစ်ဖက်မှ ကြိုးကို ဖြေနေစဉ် ကိုပိုင်စိုးက ခေါင်းထောင်၍ အခြေအနေကို စက္ကန့်ပိုင်းအတွင်းမှာ အသုံးချအရယူရန် ဟန်ပြင်ထားပြီး ကြိုးစလွတ်သွားသည်နှင့်. . .



www.burmeseclassic.com

www.burmeseclassic.com



"ဟိတ်"

"အမယ်လေး"

"အား"

"ဒိုင်း. . . ဒိုင်း"

ဆိုသော မြနန်းမုံ၏ အော်သံများ၊ သေနတ်သံများက တစ်တောလုံး ဟိန်းထွက်သွားတော့သည်။

"နန်းမုံ ဝပ်နေ"

လက်တွင်းမှာ သေနတ်ရသွားပြီဖြစ်သော ကိုပိုင်စိုးက ပစ်ရင်း၊ အော်ရင်း၊ ပြေးရင်းဖြင့် ညောင်ပင်အကြီးကြီးနောက်သို့ အကာအကွယ်ယူသွားနိုင်ခဲ့ပါပြီ။

သေနတ်သမား တစ်ယောက်က သွေးအိုင်ထဲမှာ လူးလွန့်နေပြီ၊ သေနတ်က ဘေးမှာ၊ သူမကိုင်နိုင်တော့. . .

ကြိုးဖြေပေးသော လူဆိုးက ကိုပိုင်စိုး သေနတ်ဒင်နှင့် ဆောင့်ချထားသဖြင့် ခေါင်းမှာ ဒဏ်ရာနှင့် မေ့လဲနေ၏။

ညောင်ပင်ကြီး၏နောက်မှ ညောင်ကိုင်းများကြားမှာ သေနတ်တင်ပြီး ကျန်ရှိသော ရန်သူတစ်ယောက်ကို ရှင်းရန် ပစ်ကွင်းရှာသည်။

လူဆိုးကိုလည်း မတွေ့၊ နန်းမုံကိုလည်း မမြင်ရ။

လူနှစ်ယောက်နှင့် သေနတ်တစ်လက်က မြေပြင်မှာ လဲလျောင်းလျက် ငြိမ်သက်သွားကြပြီ။

တိုက်ကွင်းကောင်းသော တောင်စောင်း တောင်ကုန်းလေးမှာမှ တမင် ပရိယာယ်ဆင်၍ နေရာယူ တိုက်ခဲ့သော





ကိုပိုင်စိုးမှာ ပုန်းခိုစရာ များစွာရှိနေသော ဝန်းကျင်အနှံ့ အပြေးအလွှား လိုက်ကြည့်ရင်း အသံမပေးရဲဘဲ ငြိမ်နေသော်လည်း မြနန်းမုံကို မတွေ့ရသဖြင့် စိုးရိမ်ပူလွန်းစွာ ဝဲလှည့်ရှာဖွေနေဆဲမှာ

"ဟော့ကောင်. . . ဒီမှာ"

လက်နက်မဲ့လူဆိုးက အနောက်ဘက် တောင်ကုန်းငယ်မှ ပေါ်လာသော်လည်း. . .

"အို"

သူသည် မြနန်းမုံ၏ လက်နှစ်ဖက်ကို ချုပ်နှောင်၍ သူ့ရှေ့မှ ဆီးကာထားလျက် တရွေ့ရွေ့ တိုးလာနေသည်။

"မင်းကောင်မလေးပါ အသေခံနိုင်ရင် ပစ်လိုက်လေကွာ"

"တောက်"

ကိုပိုင်စိုးမှာ အသာစီးရနေပါလျက် လက်နက်မဲ့လူဆိုးက မြနန်းမုံကို မိသွားသည့်အတွက် ဘာမှ မလှုပ်သာတော့. . .

တိုက်ကွက်နှင့် ပစ်မှတ်ကို ကြိုးစားရှာဖွေကြည့်သော်လည်း မြနန်းမုံသည်သာ ပစ်ကွင်း၏ရှေ့မှာချည်း ရောက်နေသဖြင့် ကိုပိုင်စိုး၏ သေနတ်ပြောင်းလည်း ငိုက်၍ကျသွားခဲ့ရပါချေပြီ။

"မောင်ရေ. . . မောင်"

"ဘာလဲ နန်းမုံ"

"ပစ်လိုက်. . . ပစ်လိုက်. . . နန်းမုံကို မညှာနဲ့"

"အို. . . နန်းမုံ"

"မောင် မြန်မြန်ပစ်လိုက်တော့"



www.burmeseclassic.com

www.burmeseclassic.com



"ပစ်လိုက်တော့. . . ပစ်လိုက်တော့"

မြနန်းမုံ၏အသံက ငယ်သံပါအောင် ကြုံးအော်၍ အသံက ပြာပြီး တိမ်ဝင်သွားတော့သည်။

"ဟာ. . . ဟိုကောင်"

မြနန်းမုံကို ရှေ့တည့်တည့်မှ ကာဗာယူကာ သွေးအိုင်အနီး၌ ရှိနေသော သေနတ်ဆီသို့ တရွေ့ရွေ့ ရောက်လာနေချေပြီ။

"မောင်ရေ ပစ်ပစ် ဟစ်ဟစ်"

မြနန်းမုံ အော်၍ ငိုရှာလေပြီ။

ကိုပိုင်စိုး မတတ်နိုင်၊ ဘာမှမတတ်နိုင်တော့ပါ။

လူဆိုးသည် တိုက်ပွဲကျွမ်းပုံရ၏။ သတ္တိလည်း ရှိသည်။ ဆုံးဖြတ်ချက်လည်း မှန်၏။ ရုန်းနေသော မြနန်းမုံကို အမိအရ ချုပ်ကိုင်ကာ သေနတ်ကို သူ ကောက်ယူလိုက်နိုင်ပြီ။

"သွားပြီ"

လျှပ်တစ်ပြက် တိုက်ခိုက်မှုအတွက် ရင်ထိတ်ထိတ် ခုန်နေသော ကိုပိုင်စိုးမှာ သူ၏အောင်မြင်မှုအတွက် ဝမ်းသာချိန်ပင် မရလိုက်နိုင်ဘဲ မိနစ်ပိုင်းလေးအတွင်းမှာပင် အားပြန်လျှော့လိုက်ရပါပြီ။

သူ့လက်ထဲတွင် သေနတ်ရောက်သွားသည့်တိုင်အောင် မြနန်းမုံကို ပြန်လွှတ်မပေးလိုက်သေး. . .

လူဆိုးသည် မြေပြင်ပြန့်၌ ရင်ဆိုင်၍ မဖြစ်ကြောင်း နားလည်ပြီးသားမို့ သူတို့ ရှေ့သို့တိုး၍လာရာ လမ်းအတိုင်းပင်





နောက်သို့ တရွေ့ရွေ့ ပြန်ဆုတ်သွားကြပြန်သည်။ မြနန်းမုံကိုလည်း ချုပ်ကိုင်ဆွဲခေါ်သွား၏။

"မောင်ရေ. . . လွှတ်အောင်ပြေးပါမောင်ရဲ့"

မြနန်းမုံ အော်၍ ငိုရှာလေပြီ. . .။

အင်အားချင်းက မမျှ၍ လူဆိုးဆွဲသမျှ ခေါ်သမျှ မြနန်းမုံ ပြန်ပါသွားရရှာလေပြီ။

တောင်ကုန်းငယ်လေးတစ်ခုဘေးသို့ ရောက်သည်နှင့် လူဆိုးသည် ဖျတ်လတ်လျင်မြန်စွာ မြနန်းမုံကို တွန်းထုတ်လိုက်ပြီး တစ်ဆက်တည်းမှာပင် လွှားခနဲ ခုန်လျက် တောင်ကုန်းငယ်ကို သူ အကာအကွယ်ယူလိုက်နိုင်ပါပြီ။

တစ်ယောက်တစ်ယောက်ချင်း၊ သေနတ်တစ်လက်တစ်လက်ချင်း ယှဉ်ပြိုင်ကြရန်အသင့် နေရာယူနေကြချိန်မှာ. . .

"ဟိုက် နန်းမုံ"

"မပြေးနဲ့"

"မပြေးနဲ့လေ"

လူဆိုးလက်မှ လွတ်သည်နှင့် ချစ်သူရှိရာ ညောင်ပင်ကြီးဆီသို့ တအားစွတ်ပြေးလာနေသော နန်းမုံအတွက်. . .

"ဝပ်. . . ဝပ်. . . ဝပ်ချ"

ဆိုသော ကိုပိုင်စိုး၏ အော်သံ မဆုံးမီမှာပင်. . .

"ဒိုင်း"

ဆိုသော သေနတ်သံနှင့် တစ်ပြိုင်တည်း တစ်ချိန်တည်း



www.burmeseclassic.com

www.burmeseclassic.com



မှာ မြနန်းမုံ မှောက်လျက် လဲကျသွားရှာလေပြီ။

"နန်းမုံ. . . နန်းမုံရယ်"

အချစ်ဇောအဟုန်ဖြင့် လဲကျသွားပြီဖြစ်သော ချစ်သူထံ ပြေးရင်း သေနတ်ကိုလည်း တောင်ကုန်းငယ်ဘက်သို့ ချိန်၍ တရစပ် ပစ်ခတ်လျက် ကိုပိုင်စိုးတစ်ယောက် ပြေးထွက်လာချိန် မှာ. . .

"အား"

မြနန်းမုံအတွက် စိုးရိမ်ပူပန်ရလွန်းသော နှလုံးသားရှိရာ ရင်ပြင်နားတစ်ဝိုက်ဆီမှာ နီရဲသောသွေးများ ဖြာခနဲ ပွင့်ပန်းလာပြီး. . .

ရင်ခွင်တစ်ပြင်လုံး ရဲခနဲ ဖြစ်သွားပြီးသည်နှင့်

မြနန်းမုံ လဲကျရာ နေရာနှင့် လက်တစ်ကမ်းစာမျှ မမိတမိ နေရာမှာ ကိုပိုင်စိုး တစ်ယောက် ဖြည်းဖြည်းချင်း လဲကျပြီး

မြေပြင်မှာ မှောက်လျက် ငြိမ်သက်သွားချေပြီ။

မြနန်းမုံကလည်း လက်ဆန့်တန်းလျက် ကိုပိုင်စိုးကလည်း လက်ကမ်းလျက်ရှိကြသော်လည်း ချစ်သူနှစ်ဦး၏ လက်ချင်း မထိ ဆက်မိကြပါဘဲနှင့်

နှစ်ယောက်လုံး ငြိမ်သက်သွားကြရှာလေပြီ. . .

သွေးစီးချောင်းများသည်သာ လှုပ်ရှားကာ စီးစိမ့်ရွေ့လျား နေကြသော်လည်း. . .

တစ်တောလုံးတိတ်၊ တစ်တောင်လုံးငြိမ်သက်သွားချေပြီ။ တကား. . .

◆ ◆ ◆

အခန်း ။ ၃၃ ။

စခန်းတစ်ခုလုံး၏ဘေးမှ ပတ်ဝိုင်းထားပြီးလေပြီ။

တစ်ချိန်တည်းမှာပင် ကိုစောနွေ၏ အုပ်စုမှ ခွဲထွက်သွား သော ကိုကျော်သာတို့၏ စခန်းကိုလည်း ဝင်စီးရန် သွားနေကြ လေပြီ။

မြပန်းငုံ၏ တိုင်တန်း အကူညီတောင်းချက်အရ သက် ဆိုင်ရာ လုံခြုံရေးများနှင့် ပြည်သူ့စစ်တို့က ပါဝင်ကူညီပေးကြ ခြင်းဖြစ်၏။

"ဘာသံမှ မကြားရဘူး၊ ဘာ အရိပ်အယောင်မှလည်း မမြင်ရဘူး၊ ဒီတော့ ပန်းငုံအရင်သွားနှင့်မယ်၊ အခြေအနေကို ပြန်လာပြောမယ်"

"ကောင်းပြီပန်းငုံ၊ သတိနဲ့သွားပါ"

မြပန်းငုံသည် လွယ်အိတ်ကို စလွယ်သိုင်းလွယ်လျက် တောင်၏ ဆင်ခြေလျှောအတိုင်း သွက်လက်စွာ ဆင်းသွားနေ သည်။

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ရှပ်အင်္ကျီနှင့် ဦးထုပ်နှင့် ဂျင်းဘောင်းဘီကိုဝတ်ပြီး ဝပ်ကင်းရှူးစီးထားသော မြပန်းငုံသည် အမေရိကန်ရုပ်ရှင်များ ထဲမှ ဇာတ်လိုက်မင်းသမီးလေးတစ်ယောက်လို မြင်ရသူအပေါ် က ကြည့်၍ ကောင်းလှသော်လည်း. . .

မြပန်းငုံ၏ရင်ထဲတွင်ဖြင့် သောကမီးတောင်ငယ်များ တစ်ဆင့်ပြီးတစ်ဆင့် ပေါက်ကွဲနေသလို ခံစားနေရတော့သည်။ သူသည် ကိုစောနွေကို များစွာ အထင်ကြီးခဲ့သူ၊ လေးစားခဲ့သူ အားကိုးခဲ့သူဖြစ်ပါ၏။

ကိုစောနွေ မြို့ပေါ်၌ ပေါ်ပေါ်ထင်ထင် နေစဉ်ကတင် သူနှင့် ခင်မင်ရင်းနှီးခဲ့သည်။ မြပန်းငုံ၏ သွက်လက်ဖျတ်လတ် ခြင်းနှင့် ရဲရင့်ခြင်း၊ ဆုံးဖြတ်ရဲခြင်း၊ ရင်ဆိုင်ဝံ့ခြင်း ဆိုသော မြပန်းငုံ၏ စရိုက်ကို သူကြိုက်ခဲ့သည်။

ကိုစောနွေသည် ဝါဒစွဲတစ်ခုနှင့် တောထဲသွားနေပြီး လူဆိုးဗိုလ်တစ်ယောက် ဖြစ်သွားချိန်မှာ မြပန်းငုံကို တိတ် တဆိတ် ဆက်သွယ်လာသည်။ အလင်းနှင့် အမှောင်ဝါး အတွင်းမှာ ဆက်သွယ်ကူညီပေးရန် စာရေးလာခဲ့ရာမှအ ကိုစောနွေခိုင်းသမျှအားလုံး အောင်မြင်အောင် မြပန်းငုံက ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

ကိုစောနွေဘက်ကလည်း မြပန်းငုံတို့သားအမိနှစ် ယောက်၏ တာဝန်ကို ထိုက်တန်စွာ ဆောင်ရွက်ပေးခဲ့သည်။ နောက်ဆုံး၊ စိတ္တဇဝေဒနာရှင် မိခင်ကြီးကိုပင် ခေါ်လာပြီး သူ့စခန်း၌ နေခွင့်ပြုခဲ့ပါ၏။ အစကတော့ ကိုစောနွေသည်





သစ္စာရှိခဲ့ပါ၏။ နောက်ပိုင်းမှာ ကိုကျော်သာတို့က ရ,ရသလို သူတို့ဖို့ ထိမ်ချန်ထားရာမှစ၍ ဂိုဏ်းကွဲခဲ့သည်။

ကိုစောနွေကလည်း ရသမျှ သူချည်းယူထားရာမှ နောက် ဆုံး အများပိုင် ရွှေထုပ်ကို မြပန်းငုံသို့ ရောင်းချထုခွဲခိုင်းပြီး သူတစ်ဦးတည်း သုံးဖို့အတွက် အပိုင်စီးလိုက်တော့သည်။

မြပန်းငုံမှာ ကိုစောနွေကို သူရဲကောင်းကြီးတစ်ယောက် အဖြစ်နှင့် လေးစားအားကိုးစွာ ချစ်ပြီး သူ့ဘဝကိုပါ ပေးအပ်ခဲ့ သည့်သူပါ။

ကိုစောနွေကမူ မြပန်းငုံကို ခိုင်း၍ကောင်းသူ၊ မြို့ပေါ် မြေပေါ်သို့ ဆက်သွယ်ရေးကောင်းသူအဖြစ်နှင့်သာ အသုံးချ ကြောင်း မြပန်းငုံ သိလာရချိန်မှာ ကိုစောနွေတစ်ယောက် သူ့ တပည့်များအပေါ် သစ္စာဖောက်ခြင်း ပြဿနာဝင်လာသည်။

မြပန်းငုံ မန္တလေးအထိ ဆင်းခဲ့ရပြီး ပစ္စည်းများထုခွဲ၍ အပြန်မှာ. . .

"ကိုစောနွေသည် ဦးတောက်ထိန်၏သား"

ဆိုသော အသိကြောင့် သူတို့မိသားစုတစ်ခုလုံး၏ ဘဝကို ဖျက်ဆီးချိုးဖျက်ခဲ့လေသော မျိုးဆက်သွေး. . .

ယင်းအသိဖြင့် ကိုစောနွေကို ဥပဒေဘောင်၏ လက်သို့ အပ်လိုက်ရန် ဆုံးဖြတ်ပြီး ယခုလို တိုင်ကြားခေါ်ဆောင်ခဲ့ခြင်း ဖြစ်ပေသည်။

"အိမ်တံခါးလည်း ပိတ်ထားပါလား"

"အမေမှ နေကောင်းရဲ့မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



ပူပန်စိတ်ဖြင့် ညောင်ပင်များအောက်မှ ပျဉ်ထောင်အိမ်ငယ်လေးဆီသို့ မြပန်းငုံ ပြေး၍ သွားခဲ့သည်။

"အမေ. . . အမေ"

တံခါးကိုပုတ်၍ ခေါ်သည်၊ မထူး. . .

"အစ်ကို အစ်ကိုစောရွှေ ပန်းငုံပါ"

ဘာသံမျှမကြားရ၊ အိမ်ရှေ့တံခါးကိုလည်း အပြင်မှ အသေပိတ်ထား၍ မြပန်းငုံ ခုန်ဆင်းပြီး နောက်ဖေးဘက်သို့ ပြေးသွား၏။

နောက်ဖေးမှ ဝါးထရံတံခါးလည်း ပိတ်ထား၏။ မြပန်းငုံက ကိုယ်တစောင်းဖြင့် အရှိန်ယူပြီး အားနှင့်တိုက်ဖွင့်လိုက်တော့ တံခါးက ပတ္တာပြုတ်ကျပြီး ဝုန်းခနဲ ပွင့်သွားတော့သည်။

နောက်ဖေးမှတစ်ဆင့် တစ်လှမ်းချင်း အိမ်ရှေ့ခန်းသို့ ဝင်လာချိန်မှာ ရင်အေးဖွယ် မြင်ကွင်းကို မြင်လိုက်ရသည်။

"အင်း. . . တော်ပါသေးရဲ့၊ အမေရှိနေတာပဲ၊ ထုံးစံအတိုင်း အိပ်ဆေးတိုက်ထားလို့ အိပ်ပျော်နေရှာတယ်"

ဟူသော အတွေးဖြင့် အမေ့၏ ကွပ်ပျစ်ကလေးနား ကပ်သွားမိသည်။

"တစ်အိမ်လုံးမှာ အမေတစ်ယောက်တည်းပါလား"

ဆိုသော အသိဖြင့် ပိုပြီး ဒေါသထွက်ကာ တန်းလန်းကျနေသော အမေလက်ကလေးကိုဆွဲပြီး ရင်ဘတ်ပေါ် တင်ပေးရန် ကိုင်လိုက်သည်နှင့်. . .

"အမယ်လေး. . . အမေ အမေ"





မြပန်းငုံ လန့်ပြီး အော်ရင်း နောက်သို့ပင် တစ်လှမ်း ဆုတ်၍ ကြောင်ကြောင်ကြီး ကြည့်နေပြီးမှ. . .

"အို. . . အမေ အမေ မေ့မြောနေတာများလား"

ဟူသော အတွေးဖြင့် အမေ့ကို လှုပ်နှိုးကိုင်စမ်းကြည့်လိုက်တော့. . .

တောင့်နေပြီ. . .။

ဒေါ်နန်းလှ သေဆုံးပြီးချိန်မှာ ၂၄ နာရီထက် မလျော့နည်းနိုင်တော့။

"အမယ်လေး. . . အမေ အမေရယ်"

မြပန်းငုံ ရပ်တည်နေသော ကမ္ဘာမြေပြင်ကြီးတစ်ခုလုံး ပျောက်ဆုံးသွားပြီထင်၏။

သူမှာ အတွယ်မဲ့ အတောမဲ့ဖြင့် လဟာပြင်မှာ လွင့်မျောသွားသည်သို့ ရှိချေ၏။

မျှော်လင့်ချက်များအားလုံး ဆုံးရှုံးသွားလေပြီ ဟူသော အသိဖြင့်. . . မြပန်းငုံသည် သူ့အမေ၏ အေးစက်တောင့်တင်းနေသော အလောင်းကို ပြေးပွေ့ဖက်ပိုက်ပြီး. . .

"အမေ အမေရယ်"

"ဖြစ်မှဖြစ်ရလေရှင်"

"ပန်းငုံမရှိလို့ အမေ့သမီးလေး မရှိလို့ အမေသေရတာပါ"

"သိပ်ပြီး အဖြစ်ဆိုးတဲ့အမေ၊ သိပ်ပြီး သနားစရာကောင်းတဲ့ ပန်းငုံရဲ့အမေရေ"



www.burmeseclassic.com

www.burmeseclassic.com



သွက်လက်ဖျတ်လတ်ခြင်းများ ပျောက်ဆုံးသွားခြင်းနှင့် အတူ မြပန်းငုံမှာ သူ့မိခင်ကြီး၏ သက်မဲ့ခန္ဓာဘေးမှာ ကြာမြင့်စွာ ငိုရှိုက်နေမိ၍. . .

"အို. . . မြပန်းငုံ"

အဖွဲ့ခေါင်းဆောင်က သေနတ်နှင့် ချိန်ရွယ်ပြီး ခြေသံမကြားအောင် တက်လာချိန်မှာ သားအမိနှစ်ယောက်၏ မြင်ကွင်းကို တွေ့လိုက်ရသဖြင့် အံ့အားတသင့် ဖြစ်သွားခဲ့ရတော့သည်။

"ဒေါ်နန်းလှပါလား၊ အိမ်ကြီးထဲမှာပဲ နှစ်ပေါင်းများစွာ ပိတ်လှောင်နေလို့ တို့ကလည်း သူ့ကို မိုင်းပွန်မှာပဲ ရှိနေတယ် ထင်တာ၊ ဒီကို ဘယ်တုန်းက ပို့ထားတာလဲဟင်"

"ဒါတွေ နောက်မှပြောတော့မယ်၊ သူ့အဖေလက်ထက်တုန်းက လည်း အဖေ့ကို ရက်ရက်စက်စက်သတ်၊ သူ့သားလက်ထက်မှာ လည်း အမေ့ကို ရက်ရက်စက်စက် ထားပစ်ခဲ့ကြလို့ အမေသေရတာ၊ စောနွေဆိုတဲ့ လူယုတ်မာနောက်ကိုသာ လိုက်ပေးကြပါ ရှင်"

"ဘယ်မလဲ ဘယ်ကို လိုက်ရမလဲ"

"သူ ဘယ်ကိုသွားတယ်ဆိုတာ ပန်းငုံသိတယ်၊ လာ သွားကြမယ်၊ ပေးစမ်းပါရှင် ပန်းငုံကို သေနတ်တစ်လက်"

◆ ◆ ◆





အခြေအနေမှာ မျှော်လင့်ထားသလောက် ခက်ခဲရှုပ်ထွေးခြင်းမရှိပါဘဲနှင့် တိုက်ပွဲငယ်လေးတစ်ခုဖြင့်ပင် ကိုစောနွေ၏ ခခန်းခွဲငယ်တစ်ခုလုံးကို သိမ်းပိုက်လိုက်နိုင်သည်။

ကိုစောနွေ၏ တပည့်လေးဦး ကျဆုံးပြီး သုံးယောက်ကို အရှင်ဖမ်းမိသည်။

မြင်းများလည်း ကြောက်လန့်တကြားနှင့် ကြိုးလွတ်ပြီး တစဉ့်ကလျား ထွက်ပြေးသွားကြသည်။ မြင်းတို့၏ ကြောက်လန့်တကြား ဟီသံကြီးများကတော့ တောနက်အတွင်းမှာ ပဲ့တင်ရိုက်ဟည်းသွားတော့သည်။

အကွယ်အကာကောင်းသော နေရာမှာ ကိုစောနွေကို ဝိုင်းထားပြီး. . .

"စောနွေ လက်နက်ချပါ"

"တို့အားလုံး ဝိုင်းမိထားပြီ"

"လက်နက်ချ"

ဟူသော အော်သံတို့သည် တောင်ကမ်းပါးယံနှင့် ရိုက်ခတ်ပြီး အသံလှိုင်းတို့က ပဲ့တင်ပြန်လာသည်။

တောင်ကုန်းအောက်ချိုင့်ထဲမှ လက်နှစ်ဖက် မြှောက်၍ တဖြည်းဖြည်း မြင့်တက်လာသည်ကို မြင်လိုက်ကြရတော့သည်။

လက်ဆုံးတော့ ခေါင်းပေါ်လာပြီး တစ်ကိုယ်လုံး မတ်မတ် ရပ်လာသည်။ မြင့်မားသော အရပ် တောင့်တင်းကြံ့ခိုင်သော ကိုယ်ခန္ဓာနှင့် ကိုစောနွေမျက်နှာက တင်းတင်းမာမာပင်. . .။



www.burmeseclassic.com

www.burmeseclassic.com



သူသည် သူ့ကိုလာဖမ်းကြသော သူများကို ရဲဝံ့စွာ ရင်ဆိုင်၍ တစ်ယောက်ချင်း လိုက်ကြည့်နေချိန်မှာ. . .

"ဟင်. . . ပန်း. . . ပန်းငုံ"

သူ့အသံသည် ခံပြင်းခြင်း၊ နာကြည်းခြင်း၊ ဝမ်းနည်းခြင်း မမျှော်လင့်ခြင်း၊ ကြေကွဲခြင်းများဖြင့် ရောထွေးခံစားလျက်. . .

"လာစီးမယ်လို့ သတင်းရတာတောင် အစ်ကို ထွက်မပြေးဘဲ အမေ့ကို ပြုစုပေးခဲ့ပါတယ်၊ အခု သူသေမှ ဒီဘက် ထွက်ပြေးခဲ့တာ"

ကိုစောနွေသည် မြပန်းငုံသို့ တည့်တည့်ကြည့်ပြီး စောစောက မြင်ရသော မျက်နှာနှင့် ဆန့်ကျင်ဘက် ဖြစ်သွားတော့သည်။

"ဒါ ပန်းငုံလက်ချက်ကို. . . လုပ်ရက်လိုက်တာ"

ကိုစောနွေ၏ဘဝမှာ တစ်ခါမှ မမြင်ရဖူးသော မျက်နှာ မျက်ဝန်းအိမ်မှာ မျက်ရည်တို့ စို့လျက်။

"ပန်းငုံရဲ့ဘဝကိုတောင် မနွမ်းစေရက်ခဲ့ဘူး၊ အဲဒါ ပန်းငုံကို အစ်ကို သိပ်ချစ်လို့ပါ"

မြပန်းငုံသည် သူ့တစ်ကိုယ်လုံးကို ရေခဲတုံးများနှင့် အုံးထားလိုက်သလို အေးစက်တောင့်တင်းစွာ ပြူးပြူးကြောင်ကြောင်ကြီး ဖြစ်သွားချိန်မှာ. . .

"မထူးတော့ပါဘူးကွာ. . . ကဲ"

ကိုစောနွေက ဆတ်ခနဲ ငုံ့ချပြီး သေနတ်ကိုယူ၍ တရစပ် ပစ်ခတ်တော့သည်။





"ဒိုင်း ဒိုင်း ဒိုင်း ဒိုင်း"

"အား"

ဆိုသောအသံများ တစ်တောလုံး ဟိန်းထွက်သွားချိန်မှာ မြပန်းငုံလည်း မြေပြင်မှာ ပြားနေအောင် ဝမ်းလျားမှောက်ထား လိုက်ရသည်။ ကိုစောနွေ သင်ပေးခဲ့ဖူးသောပညာ။

မြပန်းငုံ ရပ်နေရာ လက်ဝဲဘက်အခြမ်းဆီသို့ လုံးဝ ကျည်ဆန်မလာ၊ လက်ယာဘက်အခြမ်းမှ တပ်သားအချို့ ဒဏ်ရာရသွားခဲ့သည်။ လျှပ်တစ်ပြက်လျှင်မြန်မှုဖြင့် သူ့ အမ်(မ) စစ်(ခ်စ်)တင်းသေနတ်ကို ကုန်းကောက်ပြီး ဆွဲမြှောက်ပစ်ခတ်ချိန်မှာ မတ်တတ်ရပ်လျက်. . .

ပစ်မှတ်အားလုံးသည် သူ့ဆီသို့ ဦးတည်လာတော့မည် ဆိုသည်ကို သိလျက်နှင့် ထွက်ပြေးခြင်း၊ ဝပ်ချခြင်း မရှိဘဲ တောင့်ခံထားသော ကိုစောနွေ။

သူ့ကိုယ်မှာ ကျည်ဆန်များ ပွပွကျဲအောင် ဝင်သွားသည့်တိုင် ရုတ်တရက် လဲကျမသွား။

လူသားတို့၏ စိတ်ဓာတ်နှင့် အားမာန်သည် အံ့သြဖွယ် ကောင်းလွန်းလှပေစွ။

သူ့လက်မှ သေနတ် လွတ်ကျသွားပြီ။

သူ လဲကျမသွားသေး။

တစ်ကိုယ်လုံး သွေးတို့ဖြင့် ချင်းချင်းနီနေပြီ။

သူသည် မြင်ရတော့မည် မဟုတ်သော်လည်း မြပန်းငုံ ရှိနေရာ လက်ဝဲဘက်ဆီသို့ မျက်နှာမူလျက်. . .



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ခန္ဓာမှ ဒဏ်ရာ၊ နှလုံးသားတွင်းမှ ဒဏ်ရာတို့၏ နာကျင်မှုများကို ပင်ပန်းကြီးစွာ ခံစားရင်း

ကြေကွဲလွန်းသော မျက်နှာဖြင့်ပင် နောက်ဆုံးထွက်သက်ကို ပင့်ရှိုက်လျက်. . .

မြေပြင်ပေါ်သို့ ဖြည်းဖြည်းချင်း ကွေးညွတ်ကာ မြပန်းဝိုင်း ခြေရင်းအနီးမှာ ကိုစောနွေ တစ်ယောက် လဲကျသေဆုံးသွားခဲ့လေပြီတကား။

◆ ◆ ◆



အခန်း ॥ ၃၄ ॥

လမ်းစဉ်အရကတော့ မိုင်းပွန်သည် လွိုင်လင်မြို့နယ်မှာမို့ လွိုင်လင်ဆေးရုံသို့ ပို့ပေးရမည်ဖြစ်သော်လည်း ဧည့်သည်လည်း ဖြစ်နေ၍ ဆန်မတက်တော့ဘဲ. . .

ပြည်နယ်မြို့တော်၏ ဆေးရုံဖြစ်သော တောင်ကြီးမြို့မှ စဝ်စံထွန်းဆေးရုံကြီးသို့ ပို့ဆောင်ပေးရန် သက်ဆိုင်ရာမှ သူနာပြုဆရာမ လိုက်ပို့မည့်သူများ၊ ကား. . . အစောင့် စသည်တို့ဖြင့် မလစ်ဟင်းအောင် စီစဉ်နေကြသည်။

မိုင်းပွန်ဆေးရုံလေး၏ရှေ့မှာ မြို့ခံလူတို့ ကူညီဖို့ ဝိုင်းဝိုင်းလည်နေကြလေသည်။

ကိုပိုင်စိုး၏ ဒဏ်ရာမှာ ပခုံးစွန်းမှ ကျည်ဆန်ဖောက်ဝင်သွားသဖြင့် ရင်ပြင်တစ်ခုလုံး သွေးတို့ဖြင့် ချင်းချင်းနီခဲ့သည်။ နှလုံးနှင့်အဆုတ်တို့ကို မထိမှန်၍ အသက်ဘေးမှာ သီရုံလေး လွတ်ခဲ့သော်လည်း သွေးမလွန်ခင် အချိန်မီ ခက်ခက်ခဲခဲ သယ်ယူလာခဲ့ကြရပေသည်။



www.burmeseclassic.com

www.burmeseclassic.com



စေတနာ ကောင်းလှသော ဆရာဝန်၏ ဂရုစိုက်လွန်းမှုကြောင့် ကိုပိုင်စိုးသည် တောင်ကြီးသို့ သယ်ယူသွားနိုင်သည့် အခြေအနေသို့ ရောက်ခဲ့ပြီး ဒဏ်ရာက ပြင်းလွန်းလှသဖြင့် စိတ်ချရလောက်သည့် အခြေအနေတော့ မရောက်နိုင်သေးပါချေ။

မြနန်းမုံသည်မူ. . .

သေနတ်ရသွားသည့် လူဆိုးက သေနတ်ကို လက်နှစ်ဖက်ဖြင့် ကိုင်တွယ်ချိန်ရွယ်ခိုက်မှာ လူဆိုးလက်က လွတ်သွားသည်နှင့် အဆင်ခြင်ကင်းမဲ့စွာ တအားစွတ်ပြေးလာခဲ့သည်။

ညောင်ပင်ကြီးနောက်မှာ ချစ်သူရှိနေသည်ဟူသော အသိဖြင့် ကြောက်အားလန့်အားနှင့် ပြေးလာခဲ့သော မြနန်းမုံမှာ. . .

ခလုတ်တိုက်၍ လဲကျသွားချိန်နှင့် လူဆိုး၏ သေနတ်သံတို့က တစ်ချိန်တည်းလို ဖြစ်သွားခဲ့သည်။

လူဆိုးသည် ထွက်ပြေးသော မြနန်းမုံကို ပစ်ခြင်းမဟုတ်၊ ကိုပိုင်စိုးရှိရာသို့ ပစ်လိုက်ခြင်းသာဖြစ်၏။

အကြောက်လွန်လွန်းသော မြနန်းမုံမှာ ခလုတ်တိုက်၍ လဲကျသွားသည်နှင့် လုံးဝ သတိလစ်သွားလေတော့သည်။

ကိုပိုင်စိုးသည်-

သူ့အချစ်ဆုံး မြနန်းမုံ သေနတ်ထိမှန်၍ လဲကျသေဆုံးသွားလေပြီဟူသော အသိဖြင့် သေနတ်ကို တရစပ် ပစ်ခတ်ရင်းမြနန်းမုံရှိရာသို့ ပြေးထွက်အလာမှာ ရန်သူ၏ကျည် သင့်ခဲ့ရခြင်းဖြစ်လေသည်။

ကိုပိုင်စိုး၏ ပစ်ကွင်းမှာလည်း ရန်သူကို တိုက်ရိုက်ထိမှန်ခဲ့သဖြင့် လူဆိုးများအားလုံး သေဆုံးသွားခဲ့လေသည်။

မေ့နေသော မြနန်းမုံနှင့်-

ဒဏ်ရာဖြင့် သတိလစ်နေသော ကိုပိုင်စိုး-

တို့ကို သက်ဆိုင်ရာက အချိန်မီ ရှာဖွေတွေ့ရှိနိုင်ခြင်းမှာ-

မြပန်းငုံ၏ ကျေးဇူးကြောင့်ပါပင်။

ကိုစောနွေ၏တပည့် ကိုကျော်သာတို့အဖွဲ့မှာ ကိုစောနွေနှင့် ဂိုဏ်းခွဲထွက်ပြီး လွယ်မွန်တောင်ခြေစခန်းမှာ ခြေကုပ်ယူကာ စခန်းချထားကြောင်း မြပန်းငုံ၏ သတင်းပေးချက်အရ. . .

ပြည်သူ့စစ်နှင့် သက်ဆိုင်ရာတို့က နှစ်ဖွဲ့ခွဲပြီး ကိုစောနွေ၏ စခန်းနှင့် ကိုကျော်သာတို့ စခန်းသို့ ပြိုင်တူဝင်ရောက်တိုက်ခိုက် သိမ်းပိုက်လိုက်နိုင်ခြင်းဖြစ်လေသည်။

ကယ်သူများ ရောက်လာပြီးချိန်မှာ မြနန်းမုံကို ပြန်လည်သတိရအောင် လုပ်လိုက်ကြတော့ ပွန်းပဲ့သော ဒဏ်ရာများမှလွဲ၍ မြနန်းမုံက အကောင်းပကတိ။

နီစွေးသော သွေးအိုင်ထဲမှ ကိုပိုင်စိုးကိုသာ မိုင်းပွန်မြို့သို့ အမြန်ဆုံးရောက်အောင် ထမ်းစင်များဖြင့် သယ်ယူလာခဲ့ကြရပေသည်။

◆ ◆ ◆







www.burmeseclassic.com

www.burmeseclassic.com



မြနန်းမုံသည် မြပန်းငုံကို ထိန်းသိမ်းထားရာ နေရာသို့ လာရောက် တွေ့ဆုံသည်။

တောတွင်းစခန်းနှင့် ဆက်သွယ်ခဲ့ခြင်း၊ ဆေးများ ပို့ပေးခြင်းနှင့် နောက်ဆုံး တိုက်ရာပါပစ္စည်းများကို ထုခွဲရန် ကြိုးစည်ဆောင်ရွက်ပေးခြင်း ဟူသော အမှုများကို ရင်ဆိုင်ဖြေရှင်းရန် အတွက် ဖြစ်ပေသည်။

သို့သော်လည်း နောက်ဆုံးအချိန်မှာ

မြပန်းငုံသည် တာဝန်သိပြည်သူတစ်ယောက်အဖြစ်နှင့် ပြည်သူစစ်နှင့် ကာကွယ်ရေးအတွက် သက်ဆိုင်ရာ ပုဂ္ဂိုလ်များနှင့် ပူးပေါင်းကူညီ ဆောင်ရွက်ပေးခဲ့သဖြင့်. . .

ဤနယ်တစ်ဝိုက်မျာ လုယက်တိုက်ခိုက်နေကြသော လူဆိုးအဖွဲ့သားများအားလုံးကို ဖမ်းဆီးနှိမ်နင်း နိုင်ခဲ့ကြလေပြီ။

ဤအချက်ကို ထောက်ရှုခြင်းအားဖြင့် မြပန်းငုံအတွက် ကြီးလေးသော အပြစ်ဒဏ်များ ခံရဖွယ်မရှိဟု မျှော်လင့်ရသည်။

"ပန်းငုံ. . . ညီမလေး"

ခုံလေးတစ်ခုပေါ်မှာ ထိုင်ပြီး ပြတင်းမှတစ်ဆင့် မှိုင်းညို့သော တောင်တန်းကြီးကိုသာ မြပန်းငုံ ငေးကြည့်နေသည်။ မြနန်းမုံဘက်သို့ လှည့်၍ပင် ကြည့်မလာ။

"မမမုံ တောင်ကြီး ခဏလိုက်သွားပါရစေနော်"

သူ ခေါင်းညိတ်၏။ ဘာမှမမေး။

"ကိုပိုင်စိုးဟာ မမမုံရဲ့အချစ်ကို ညာယူခဲ့သူတော့ မှန်တယ်၊ မမမုံရဲ့အသက်ကို သူ့အသက်နဲ့ စက်လဲပြီး ကယ်ပေးခဲ့





တဲ့အတွက်၊ ပြီးတော့ ကိုယ့်မြို့ ကိုယ့်ဒေသမှာ ဖြစ်ရတဲ့အတွက် မမမုံမှာ တာဝန်ရှိနေလို့ သူ့ကို တောင်ကြီးဆေးရုံအထိ လိုက်ပို့ခွင့်ပြုပါနော် ညီမလေး"

မြပန်းငုံသည် မြနန်းမုံဘက်သို့ ဖြည်းဖြည်းချင်း လှည့်ကြည့်လာသည်။ မြနန်းမုံမှာ နှလုံးပျက်ဖွယ်ရာ အဖြစ်ဆိုးများကြောင့် ရင်နှင့်တနင့် လှိုက်လှဲသည်းထန်စွာ ငိုကြွေးနေရှာပါသော်လည်း. . .

မြပန်းငုံ မျက်ရည်တစ်စက်မျှ မကျ။

ဘာစကားမှလည်း မတုံ့ပြန်။

မြပန်းငုံသည် ခံစားမှုအပေါင်း ဆုံးရှုံးသွားသလိုပင် ငြိမ်သက်တွေဝေစွာ တစ်နေရာတည်းသို့သာ စိုက်ကြည့်နေလေသည်။

မြပန်းငုံ၏ အမြင်အာရုံတွင်းမှာ တစ်ခုတည်းသော ရုပ်လွှာသည်သာ ရှင်သန်လျက်ရှိသည်။

"လာစီးမယ်လို့ သတင်းရတာတောင် အစ်ကို ထွက်မပြေးဘဲ အမေ့ကို ပြုစုပေးခဲ့ပါတယ်"

"ဒါ ပန်းငုံလက်ချက်ကိုး လုပ်ရက်လိုက်တာ"

"ပန်းငုံရဲ့ ဘဝကိုတောင် မနွမ်းစေရက်ခဲ့ဘူး"

"အဲဒါ ပန်းငုံတို့ အစ်ကို သိပ်ချစ်လို့ပါ"

တမလွန်ခရီးရှည်သို့ သွားရခါနီးဆဲဆဲမှာ မြပန်းငုံရှိရာ လက်ဝဲဘက်အရပ်ဆီသို့ မျက်နှာမူလျက် ကြေကွဲလွန်းသော အကြည့်ဖြင့် ကြည့်ရင်း ချင်းချင်းနီသော သွေးများယိုစီးလျက်ပြုံး



www.burmeseclassic.com

www.burmeseclassic.com



ဖြည်းဖြည်းချင်း လဲကျသေဆုံးသွားခဲ့ရှာလေသော အစ်ဆို့ စောနွေရယ်လေ. . .

သူသည် ပြတ်သားရဲရင့်ပြီး ရက်စက်ကြမ်းကြုတ်သူတစ်ယောက် ဖြစ်သော်လည်း သူ့ရင်ထဲမှာ သည်မျှလှပသော မေတ္တာပြည့်နှလုံးသား ရှိနေပေလိမ့်မည်ဟု မြပန်းငုံ မထင်မိခဲ့လေခြင်း။

"ပန်းငုံ ညီမလေးရယ် ဘာတွေ တွေးနေလဲ ဟင်၊ မမမုံကို ကြည့်ပါဦးကွယ်"

သည်တော့မှ မေ့မြောရာမှ နိုးထလာသူ တစ်ယောက်လို သက်ပြင်းမောကို ရှည်လျားစွာ ရှိုက်လိုက်ပြီးမှ. . .

"အမေ. . . အမေ့အတွက်"

"အားလုံး စီစဉ်ဆောင်ရွက်ပြီးပါပြီ၊ အလောင်းကို ခက်ခက်ခဲခဲ သယ်လာပြီး သူချစ်တဲ့ ငြိမ်းချမ်းမြေ မိုင်းပွန်မြို့လေးရဲ့ သုသာန်မှာပဲ မြှုပ်နှံလိုက်ပြီးပါပြီ ညီမလေး၊ အဖေ့ဂူဘေးမှာပါ၊ ဂူတော့ မသွင်းရဘူးလေ"

"အင်း"

"မနက်ကပဲ အမေ့အတွက် ဆွမ်းသွပ်အမျှဝေ ပြီးခဲ့ပါပြီ ညီမလေးရယ်. . ."

မြနန်းမုံ၏ နောက်ဆုံး စကားလုံးများ မပီပြင်တော့၊ ရှိုက်သံများနှင့် ရောထွေးစွာ ပြောရခြင်းမို့ပါ။

ခံစားမှုမဲ့ မျက်နှာနှင့်ပင် မြပန်းငုံသည် တွေဝေငြိမ်သက်စွာ ရှိနေဆဲ။





မြနန်းမုံ ယူဆောင်လာသော စားစရာများကိုလည်း မြပန်းငုံတစ်ခုမှ မစားနိုင်ရှာ။

"မမမုံ"

"ဟင်. . . ဘာလဲ ညီမလေး. . . ပြောလေ"

"စိုင်းရော"

"စိုင်းလား၊ စိုင်းမန္တလေး ဆင်းသွားတယ်လေ၊ မမမုံအကြောင်းစုံ စာရေးပေးလိုက်ပြီ"

"ဘာကိစ္စလဲ"

"ညီမလေး အမေဒေါ်လှရင်ဆီမှာ ထားခဲ့တဲ့ ရွှေထုပ်ကို ပြန်ယူခဲ့ဖို့ပေါ့၊ ပြီးတော့ စိုင်းဆီမှာ ပန်းငုံအပ်ထားတဲ့ ငွေတစ်သောင်းလည်း ပြန်ပေးခိုင်းလိုက်ပြီလေ"

"ကောင်းပါတယ်"

"စိုင်းနဲ့ တောင်ကြီးမှာ ပြန်ဆုံကြဖို့ ချိန်းထားလိုက်တယ်"

"အင်း"

"အဲဒါတွေ ပြန်ယူလာပြီးရင် ဘာလုပ်ရမလဲ ဟင်"

"ဘာလုပ်စရာလိုလဲ ပြည်သူတွေဆီက မတရားယူထားတဲ့ ပစ္စည်းပဲ၊ ရဲဖြစ်ဖြစ်၊ ကောင်စီဖြစ်ဖြစ် အပ်လိုက်ပေါ့"

"မမမုံကလည်း ဒီလိုပဲ ဖြစ်နေစေချင်တာပါ"

"တစ်ခုတော့ရှိတယ်လေ၊ ဒီပစ္စည်းတွေဟာ ဒီနယ်တစ်ဝိုက်က လူဆွေဆီက တိုက်ယူထားတာ၊ ပိုင်ရှင်တွေပဲ ပြန်ပေးလိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပဲ ဖြစ်မယ်ထင်ပါတယ်၊ သက်ဆိုင်ရာကလည်း ဥပဒေနဲ့အညီ ဆောင်ရွက်ကြမှာပေါ့ကွယ်"

"မမမို့"

"ဘာလဲ ညီမလေး ပြောလေ"

"အိမ်က ပန်းငုံရဲ့ သေတ္တာထဲမှာ ငွေရှိတယ်၊ အဲဒါယူပြီး ဆွမ်းသွပ်ပေးပါ"

"ပြီးပြီလေ၊ အမေ့အတွက်လုပ်တာ တူတူပေါ့"

"မဟုတ်ဘူး၊ အစ်ကိုစောနွေအတွက်"

"ဟင်"

"သူ့အတွက်လှူပြီး ရေစက်ချ အမျှဝေပေးပါ၊ သူကောင်းရာမွန်ရာ ရောက်ပါစေလေ"

"စိတ်ချ ညီမလေး၊ လုပ်ပေးပါ့မယ်ကွယ်၊ နောက်ရော ဘာလုပ်ပေးစေချင်သလဲဟင်"

မြပန်းငုံက ခေါင်းခါရင်း. . .

"အဲ့ဒါ ပန်းငုံဘဝရဲ့ နောက်ဆုံးဆန္ဒပါပဲလေ"

မြပန်းငုံ၏ မျက်နှာလေးကို ကြည့်ရသည်မှာ ရင်ထဲတွင် နင့်နေသည်။

သူငိုချလိုက်လျှင်ပင် သည်မျှလောက် သနားစရာကောင်းလိမ့်မည်မထင်။

ယခုတော့ မြပန်းငုံမှာ ခံစားမှုလွန် ဝေဒနာနှင့် သူ့ရင်ထဲ အသည်းနှလုံးတို့ မွမွကြေနေလေပြီဆိုသည်ကို မြင်ရှုနှင့် သိနိုင်ပါပြီ။





ကိုစောနွေကိုလည်း သူ့ဘဝထက်ပို၍ပြီး တွယ်တာမြတ်နိုးခဲ့ရှာသည်။ မြပန်းငုံက သူ့နှလုံးသားနှင့် သူ့ဘဝကို ပေးအပ်ခဲ့လျက် ကိုစောနွေက လက်မခံ၍ သူ အားလျှော့ခဲ့မိသည်။

မာကျောလွန်းသော ကိုစောနွေ၏ နှလုံးသားမှ မေတ္တာတရား ဘယ်သောအခါမှ ဖြစ်ထွန်းလာလိမ့်မည် မဟုတ်ပါဟု မြပန်းငုံ ယုံကြည်လိုက်ချိန်မှာ

ကိုစောနွေဘဝ၏ နောက်ဆုံးမိနစ်များ ကာလဆီ ကျကာမှ မြပန်းငုံသို့ ကြီးမားမြင့်မြတ်သော မေတ္တာဖြင့် ချစ်နေခဲ့ရှာလေသော ကိုစောနွေဟု မြပန်းငုံ သိခွင့်ရလာခဲ့သည်။

နောက်ဆုံး နှလုံးခုန် ရပ်ခါနီးအချိန်က ကိုစောနွေ၏ အပြောများ၊ အပြုအမူများ သူ့ကိုမှန်းဆ၍ ကြည့်သွားရှာသော ကိုစောနွေ၏ နွမ်းလျရုပ်သွင်ကို မျက်စိထဲက မထွက်တော့။

ဤမျှ မာကျောသော သူ့နှလုံးသားတွင်းမှာ မြပန်းငုံကို ချစ်တတ်လေသော မေတ္တာရေကြည် မရှိနိုင်ဟု ထင်မိမှားခဲ့လေခြင်းကွယ်။

အစ်ကိုစောနွေ၏ နှလုံးသားရင်ပြင်ကို ထိမှန်ခဲ့သော သေနတ်ဒဏ်ရာများထက်ပင် ပြင်းထန်သော ဒဏ်ရာများ မြပန်းငုံ၏ရင်မှာ ရရှိခဲ့ပါပြီ။

ဤဒဏ်ရာသည် မြပန်းငုံ၏ အသက်နှင့်အမျှ နာကျင်ကြေကွဲစွာ လောင်မြိုက်နေပေရော့မည်။

ယခုတော့ မြပန်းငုံ၏ဘဝသည်. . .



www.burmeseclassic.com

www.burmeseclassic.com



သူအချစ်ကြီးချစ်ခဲ့သော အစ်ကိုစောနွေလည်း သေဆုံး လေပြီ။

အစ်မမြနန်းမုံကလည်း သူ့စာသင်ဆောင်များရှိရာသို့ ပြန်သွားပေတော့မည်။

မြပန်းငုံ ဆက်လက်လျှောက်ရမည့် ဘဝ၏ ရှေ့လမ်း သည် ကွက်လပ်အတိ။

ဘာဆို ဘာမှမရှိ။

မျှော်လင့်နိုင်ဖွယ်မရှိသေးသော ကာလများအထိ အချုပ် အနှောင်ခံဘဝဖြင့် နေရဦးမည်ဆိုသည်ကိုလည်း မြပန်းငုံ ကြိုတင်သိရှိပြီးသားပါ။

မေတ္တာမဲ့၊ အကြင်နာမဲ့၊ မျှော်လင့်ချက်မဲ့သော အခြေ အနေများဖြင့် နေရမည့်ဘဝသည်လည်း အဓိပ္ပာယ်မဲ့ရချေပြီ။ မြပန်းငုံအတွက် အရာအားလုံးသည် တစ်ချိန်တည်း တစ်ပြိုင် တည်းမှာပင် ဆုံးရှုံးခဲ့ရပါလေပြီ။

"ညီမလေး ပန်းငုံ"

သူက မထူး။ တည်ငြိမ်ဝေမှိုင်းသော အကြည့်များဖြင့်သာ လှည့်ကြည့်လာသည်။

"ဘာမှာစရာရှိသေးလဲဟင်"

သူ ခေါင်းခါ၏။

"ဒါဖြင့် မမမုံ ပြန်တော့မယ်နော်"

သူ ခေါင်းညိတ်ပြ၏။

"တောင်ကြီးမှာ အားလုံး ပြန်ဆုံကြမှာပါလေ"





သူက ဖြည်းလေးစွာ ခေါင်းခါပြီး. . .

"ပန်းငုံ ဘာမှမဖြစ်ချင်တော့ဘူး၊ ပန်းငုံရင်ထဲမှာ ဆန္ဒ ဆိုတာ ဘာတစ်ခုမှ မရှိတော့ပါဘူး မမမုံရယ်"

"ညီမလေးရယ် ပန်းငုံရဲ့"

"မမမုံ ပြန်ပါတော့"

ညီမဖြစ်သူကို ထပ်မံ၍ အားပေးစကားပြောကြားနိုင် စွမ်းအား မရှိတော့၊ သူ့ကိုလည်း နှုတ်မဆက်ရက်တော့။

မြပန်းငုံကို ထိန်းသိမ်းချုပ်နှောင်ထားရှိရာ နေရာကို ကျောခိုင်းလျက် မျက်ရည်စက်လက်နှင့် ထွက်ခွာပြန်လာခဲ့ရ သော မြနန်းမုံသည်. . .

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ॥ ၃၅ ॥

တောင်ကြီးမြို့အဝင် ရ-ပ-ခ အနီးမှ စဝ်စံထွန်းဟူသော ပြည်နယ်ဆေးရုံကြီး၏ ရှေ့မှ ပြင်ပလူနာဌာနကို ဖြတ်ပြီး ခြံဝင်းအတွင်းသို့ ဝင်လိုက်သည်။ ခံ့ညားလှသော ဆေးရုံကြီးက တောင်ကြီးမြို့ကို ဝင်လျှင်ဝင်ချင်း တွေ့မြင်နိုင်ပါသည်။

မြနန်းမုံမှာ ဆေးရုံကြီး၏ ရှေ့မျက်နှာစာမှ ဝင်ပြီး လက်ဝဲဘက်ရှိ လှေကားအတိုင်း မှထမထပ်သို့ တက်လာခဲ့သည်။ မှန်တံခါးများ ကာခြားထားသည့်အတွင်းသို့ ဝင်လိုက်တော့ ခွဲစိတ်ဆောင်(၁)ကို မျက်နှာမူမိ၏။

လက်ဝဲဘက်ကို ချိုးလိုက်တော့ ထိပ်မှာ ဆရာဝန်များအခန်း ပြီးတော့ အခန်း အမှတ် ၁၂၊ ၁၃ နှင့် ၁၄ တွင် ခွဲစိတ်ပြီးသော လူနာများ ထားရှိလေသည်။

တစ်ခန်းတွင် လူနာလေးယောက် တက်ရောက်နိုင်ရန် ခုတင်လေးလုံး ထားရှိပါသော်လည်း 'ကိုပိုင်စိုး' တက်ရောက်နေရာ အခန်းအမှတ် ၁၄ မှာ တခြားလူနာမရှိ၊ သူတစ်ယောက်သာ နေခွင့်ရနေပါ၏။





စဝ်စံထွန်းဆေးရုံကြီးမှ ဆရာဝန်ဆရာမများ၏ စေတနာနှင့် ခွဲစိတ်ကုသမှု ကျွမ်းကျင်ခြင်းကြောင့် ကိုပိုင်စိုးမှာ လုံးဝကျန်းမာလာခဲ့ပါပြီ။

မြနန်းမုံက သူ့အတွက် ယူဆောင်လာသော စားစရာများကို နေသားတကျ ချပေးကာ ဆောင်ရွက်ဖွယ်များအပြီးမှာ. . .

"ကိုပိုင်စိုးလည်း နေကောင်းသွားပါပြီလေ၊ ရန်ကုန်ကိုပဲ ပြန်ပါတော့၊ နောက်ကို နန်းမုံလည်း မလာတော့ဘူးနော်"

ကိုပိုင်စိုးက မြနန်းမုံကို နားမလည်စွာကြည့်နေခဲ့သည်မှာ ကြာပြီ၊ သည်ဆေးရုံသို့ ရောက်ကတည်းကပါပင်။

မိုင်းပွန်မြေမှာတုန်းကတော့ ကိုယ်ကလည်း ဒဏ်ရာနှင့် ဝေဒနာနှင့်

မြနန်းမုံကလည်း သူ့မိခင်၏ ပရိဒေဝနှင့် ညီမ၏ သောကနှင့်

လုံးချာလိုက်နေကြ၍ သတိမထားမိခဲ့နိုင်။

ယခု တောင်ကြီးဆေးရုံရောက်လာပြီးမှ မြနန်းမုံက ဂရုတစိုက် ပြုစုခဲ့သည် မှန်ပါသော်လည်း 'မောင်'ဟုပင် မခေါ်၊ အကြည့်စိမ်းများဖြင့် ငေးကြည့်နေတတ်သည်ကိုလည်း သတိထားမိပါ၏။

သနပ်ခါးမကပ်သော မျက်နှာလေးမှာ မျက်ရည်အဝဲသားနှင့် အမြဲလို မြင်တွေ့နေရသော်လည်း 'သူ့ကြောင့်'လည်း ခံစားနေရရှာပါလားဟု ကိုပိုင်စိုး နည်းနည်းလေးမှ မတွေးမိခဲ့။

ယခုတော့ မြနန်းမုံက နှုတ်ဆက်နေလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"နန်းမုံ မောင်နဲ့ ပတ်သက်ပြီး တစ်ခုခုများ ခံစားနေရသလားဟင်"

မြနန်းမုံ သူ့ကို နာကြည်းစွာ ကြည့်လိုက်ပြီးမှ ခေါင်းခါပြလိုက်သည်။

နှုတ်က ဖြေရှင်းပြောကြားမနေချင်တော့ပါ။

မကြာခင်မှာပင် ကိုပိုင်စိုး၏ လျှို့ဝှက်လိမ်ညာထားခြင်းများကို မြနန်းမုံ သိရှိသွားလေပြီဆိုသည်ကို သူပြန်လည် သိရှိပေရော့မည်။

"အောက်မှာ စိုင်း စောင့်နေတယ်၊ နန်းမုံ သွားတော့မယ် ကိုပိုင်စိုး"

"ဟင်"

"အပြီးတိုင် နှုတ်ဆက်ခဲ့ပါတယ် ရှင်၊ နန်းမုံ ဘာကြောင့် နှုတ်ဆက်ခဲ့တယ်ဆိုတာ ဟောဒီအိတ်ထဲက ဓာတ်ပုံလေးတွေကို ဖွင့်ကြည့်ရင် အဖြေသိပါလိမ့်မယ်"

"နေဦး နန်းမုံ"

ကိုပိုင်စိုးက လက်ကိုဆွဲလိုက်သဖြင့် မြနန်းမုံက သူ့လက်ကို ဆောင့်ရုန်းလိုက်ပြီး. . .

"မနေနိုင်ဘူး၊ သက်ဆိုင်သူကိုပဲ လာပြီး ပြုစုခိုင်းတော့ စိုင်းကို အောက်မှာစောင့်ခိုင်းထားတယ်၊ သွားတော့မယ် ကိုပိုင်စိုး"

"နေစမ်းပါဦး အချစ်ရယ်၊ မောင့်မှာ ဘာအပြစ်တွေများ ရှိနေလို့ နှုတ်ဆက်တာတို့ ခွဲခွာတာတို့ ပြောနေရတာလဲ၊





မောင်ကတော့ နန်းမုံနဲ့အတူ သေရဲတယ်ဆိုတာ နန်းမုံ ယုံလောက်ပါပြီလေ"

"နန်းမုံရဲ့အသက်ကို ကယ်ခဲ့တဲ့အတွက် တစ်သက်လုံး ကျေးဇူးတင်နေမိမှာပါ၊ အဲဒါနဲ့အတူ တစ်သက်လုံးလည်း ရင်ကွဲအောင် ခံစားနေရမှာပါဆိုတာကိုပါ တစ်ဆက်တည်း ယုံကြည်လိုက်ပါတော့ ကိုပိုင်စိုးရယ်"

"အို နန်းမုံ"

"နန်းမုံ သွားတော့မယ်၊ နန်းမုံ သွားတော့မယ်"

မျက်ရည်မြစ်နှစ်သွယ် စီးဆင်းနေသော မျက်နှာလေးကို လက်ဝါးနှင့်အုပ်ကာပြီး အခန်းတွင်းမှ မြနန်းမုံ ထွက်ပြေးသွားလေပြီ။

ကိုပိုင်စိုးသည် အံ့အားတသင့် အံ့ဩတကြီးဖြင့် မြနန်းမုံ ချသွားသော ခုတင်ပေါ်မှ စက္ကူအိတ်ကလေးကို ကောက်ယူလိုက်ပြီး ဖွင့်ကြည့်သောလက်များပင် တုန်ယင်နေလေသည်။

"ဟာ. . . ကားရောက်တုန်းက ရိုက်ထားတဲ့ ငါ့ပုံပဲ"

"ဟင် ဒီမှာလည်း နောက်တစ်ပုံ"

ဒုတိယပုံကို ကြည့်ပြီးချိန်မှ ကိုပိုင်စိုး မျက်လုံးပြူးသွားသည်။

သူ့နဖူးကိုသူ လက်ဝါးနှင့် တအားရိုက်ချလိုက်ပြီး. . .

"သေလိုက်ပါတော့ကွာ"

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



အခန်း ။ ၃၆ ။

တောင်ကြီးမြို့၏ ဂေါက်ကွင်းမှာ မြန်မာပြည်အရပ်ရပ်ရှိ ဂေါက်ကွင်းများထဲမှာ အရှင်းပြန့်ဆုံးနှင့် အလှပဆုံးပင် ဖြစ်မည်ထင်သည်။

ဖျိုးထားသော မြက်ပင်တို့က အစိမ်းနုရောင် လွင်ပြင်ကြီးတစ်ခုလို လှနေသည်။

ယူကလစ်ပင်စည် ဖြူဖြူဖြောင့်ဖြောင့်လေးများက ကွင်းအနှံ့မှာ အစီအရီ ပေါက်နေကြသည်။

ဂေါက်ကွင်း၏ အနောက်တောင်ဘက်နားဆီမှာ တောင်မြင့်မြင့်ရှိသည်။

တောင်တက်လမ်း ခပ်ပြေပြေလေးကို ရေးရေးမြင်ရပြီး စေတီလေးတစ်ဆူကိုပါ ကြည်ညိုဖွယ်ရာ တွေ့နေရပေသည်။

ကောလိပ်ဂိုတ်ဆုံးသို့ သွားရာလမ်းနှင့်ကပ်လျက် ကျောခိုင်းထားသော နေရာတွင် ခုံတန်းလျားလေး ရှိလေသည်။

ထိုခုံတန်းလျားလေးကို ဝေ့ဝိုက်ပြီး နွယ်ပင်များ စင်တင်၍ ပေါင်းမိုးလေး လုပ်ထားသည်။ အောက်မှာ နှစ်ယောက်ထိုင်စရာ သစ်သားခုံတန်းလျားလေး ရှိနေပါ၏။

သာယာလွမ်းမောဖွယ်ကောင်းလှန်းသော ရှုခင်းများကို ငေးရင်း ခုံတန်းလျားလေးပေါ်မှာ. . .





စိုင်းနှင့် မြနန်းမုံ. . .

"ဘာပြုံးနေတာလဲ စိုင်း"

"သိပ်ပျော်နေလို့ပေါ့ မမမုံရဲ့"

စိုင်း၏ အပြုံးမျက်နှာကို မြနန်းမုံ မကြည့်မိအောင် သတိထားရင်း ရှေ့တည့်တည့်ကိုသာ အကြည့်ကို စိုက်ထားသည်။

"မမမုံ"

"မမမုံ"

"ဘာလဲ"

"စိုင်းရင်ထဲမှာလေ မမမုံကို ပျော်စေချင်တယ်"

"အားလုံးလည်း သိနေလျက်သားနဲ့များကွယ်"

"အင်းလေ မပျော်နိုင်သည့်တိုင် မမမုံ စိတ်အေးငြိမ်းစေချင်တယ်၊ သောကတွေ ပြေစေချင်တယ်၊ ကျန်းမာစေချင်တယ်၊ ပညာဆက်သင်စေချင်တယ်၊ ဒိုဗျာ. . . နောက်ဆုံးမှာ မမမုံ ခုလိုပဲ လှနေစေချင်တယ်"

"စိုင်းကလည်းဟယ်၊ စိတ်ညစ်ရတဲ့အထဲမှာ ဘာတွေလာပြောနေတာလဲ"

"ဒီမှာ မမမုံ၊ မမမုံရဲ့ဘဝ လှပသာယာမယ်၊ တိုးတက်အောင်မြင်မယ်ဆိုရင်လေ စိုင်းကိုယ်တိုင် ရယူပိုင်ဆိုင်နိုင်တာထက်ကို ပိုပြီး ဝမ်းမြောက်ဝမ်းသာဖြစ်မိပါတယ်ဆိုရင် မမမုံ ယုံပါ့မလားဟင်"

"အပိုတွေ ဘာလို့ ပြောနေတာလဲ"

"အပို မဟုတ်ဘူး မမမုံ၊ လိုအပ်လို့ ပြောနေတာပါ"



www.burmeseclassic.com

www.burmeseclassic.com



မြနန်းမုံသည် စိုင်းလွှမ်းအောင်ကို တစ်ချက် လှည့်ကြည့်ပြီးမှ မျက်လုံးချင်း မဆုံဖြစ်အောင် ပြန်လှည့်လိုက်ရသည်။

စိုင်းလွှမ်းအောင်၏ရင်ထဲမှ ကျန်ရှိနေဆဲ နောက်ဆက်တွဲစကားများကို မကြားချင်၊ မခံယူချင်။

ရင်၌ ဦးဆုံးသော အချစ်ကြောင့် နာကြည်း ကြေကွဲစွာခံစားနေရပါသည် ဆိုသော်လည်း ကိုပိုင်စိုး ဆိုသူ လူညာကိုဖြင့်ရင်ထဲမှ သံယောဇဉ် အမြစ်တွယ်ကာ ကျန်ရစ်နေဆဲပါ။

တစ်သက်မှာ တစ်ချစ်ဖြင့်သာ အသက်နှင့်အမျှ ကြေကွဲနေပါရစေတော့။

နောက်ထပ် ဝင်ရောက်လာဦးမည့် စိုင်းလွှမ်းအောင်၏ချစ်ခြင်းမေတ္တာ ဆိုသည်များကိုလည်း လက်မခံချင်တော့ပါ။

"မေတ္တာတရားဆိုတာ တကယ်ဆန်းတယ်နော်"

မြနန်းမုံ သက်ပြင်း ပြင်းပြင်းချလိုက်မိသည်။

"မမမုံ မိုင်းပွန်မှာ သော်ကပေါင်းစုံ ဖြစ်တုန်းက သိပ်ငိုခဲ့တယ်မဟုတ်လား"

"အင်းပေါ့"

"ဒီတုန်းက စိုင်းလည်း လိုက်ငိုခဲ့တယ်လေ၊ အခုတော့ မမမုံအတွက် စိုင်း သိပ်ပြီး ဝမ်းသာနေရပြီဗျာ"

"ဘာ. . . ဘာပြောတာလဲ"

"ဟော. . . ကားသံကြားပြီ၊ ထွက်ခေါ်လိုက်ဦးမယ်၊ ဒီနေရာမှာ ချိန်းထားတာဗျ"

စိုင်းလွှမ်းအောင် ထသွားတော့ မြနန်းမုံက နားမလည်





လွန်းစွာ ကြည့်ပြီး ကျန်ရစ်ခဲ့သည်။

သစ်ပင်ခြံစည်းရိုး၏ ပြင်ပမှာ လူသံများ၊ စကားပြောသံများ၊ ရယ်သံများနှင့် ကားတံခါးပိတ်သံများကို ဆက်တိုက် ကြားလိုက်ရပြီးသည်နှင့်. . .

"မမမုံ ဒီမှာ အစ်ကိုပိုင်စိုး"

"ဟင်"

ကိုပိုင်စိုးက ရွှန်းရွှန်းဝေအောင် ပြုံးလိုက်ပြီး. . .

"ဒေါ်မြနန်းမုံ ယုံအောင် ဗိုက်ပါပင့်ပြီးလာတယ် ခင်ဗျ"

"အို"

ကိုပိုင်စိုး၏နောက်မှာ ကိုယ်ဝန်ဆောင်ဝတ် အင်္ကျီနှင့်အမျိုးသမီး ခပ်ချောချောတစ်ယောက်။

သူတို့နောက်မှာ သမီးလေးတစ်ယောက်ကိုချီ၍ ဝင်လာသော အမျိုးသားတစ်ယောက်။

"ကဲ. . . ညီလေး မင်းခင်းတဲ့ဇာတ်ကို မင်းပဲ သိမ်းပေးပါတော့ကွာ"

"မမမုံ"

"ဟင်"

"ဒါက အစ်ကိုပိုင်စိုးရဲ့ အစ်မတစ်ဝမ်းကွဲဗျ၊ ဓာတ်ပုံထဲက အမျိုးသမီးလေ"

"အို"

"ဒါက သူ့ကလေး၊ ဟိုဟာက သူ့ယောကျ်ား၊ စင်ကာပူက ပြန်လာတာ မကြာသေးဘူး၊ သဘော်အရာရှိလေ၊ သူတားပို့



www.burmeseclassic.com

www.burmeseclassic.com



လိုက်တုန်းက အစ်ကိုပိုင်စိုးက ရွေးပေးပြီး ကားရတဲ့နေ့မှာ မောင်နှမနှစ်ယောက် ရိုက်ထားတာတဲ့ဗျ"

"ဟုတ်ပါတယ် ညီမလေးရယ်၊ မမမောင်လေးက မြနန်းမုံဆိုတဲ့ မိန်းကလေးကို တုန့်နိုင်းမရအောင် ချစ်နေရှာတာပါ၊ အသက်စွန့်ဝံ့တဲ့အထိပါလေ၊ အဲဒါတွေလည်း ဒီရောက်ပြီးမှပဲ အားလုံး သိရတော့တာပါ"

မြနန်းမုံ၏ မျက်နှာလေး ငုံ့ထားလိုက်ရသည်။

အခု မြနန်းမုံကို တစ်ခါတည်း လက်ထပ်ပြီး ရန်ကုန်ခေါ်သွားချင်လို့ မမတို့ အမြန်ဆုံး လိုက်ခဲ့ပါ၊ ခုလိုပဲ ရှင်းပြစရာရှိတယ်လို့ ဖုန်းဆက်တာနဲ့ အပြေးလိုက်လာခဲ့ရတာပါပဲ ညီမရယ်"

"အို. . . အားနာစရာရှင်၊ သူကလည်း"

ကိုပိုင်စိုးကို မျက်လုံးလေး ဝင့်ကြည့်ပြီး မျက်စောင်းထိုးလိုက်တော့. . .

"ဘာ. . . သူကလည်း. . . လဲ၊ ကိုယ့်ရည်းစားအရင်းခေါက်ခေါက်ကြီးပဲ၊ ဒီဓာတ်ပုံပြပြီး သူများတွေလို ငိုပါလား၊ ထုပါရိုက်ပါလား၊ ခုတော့ တစ်ယောက်တည်း ကျိတ်ခံစားပြီးမှ ဓာတ်ပုံပြပြီး ထွက်ပြေးရတယ်လို့ကွာ၊ ဒဏ်ကောင်းကောင်းပေးရဦးမယ်ဗျ သိရဲ့လား"

မြနန်းမုံ၏ အရှက်ဝေမျက်နှာ ပန်းနုရောင်လေးမှာ ထားစရာ နေရာမရှိတော့။

ကိုပိုင်စိုးက သူ့ယောက်ဖနှင့် အစ်မဘက်သို့လှည့်ပြီး. . .





"ကဲ အစ်ကိုနဲ့ မမနဲ့ နေခဲ့ကြတော့၊ ကျွန်တော် ကားယူသွားမယ်၊ လာ ကလေးမ၊ လူကြီးတွေ ကွယ်ရာမှာ ဆုံးမစရာရှိတယ်"

ကိုပိုင်စိုးက မြနန်းမုံ၏လက်ကို တင်းတင်းကျပ်ကျပ်ကြီးဆုပ်ကိုင်ဆွဲယူ၍ ထစေသည်။

"အို. . . မောင်ကလည်း"

"အရှက်ကြီးမလေးကြောင့် အလကား မခံစားသင့်ဘဲ ခံစားနေရတာ၊ လူတစ်ယောက်လုံးကို အထင်သေး အမြင်သေး အထင်မှား အမြင်မှား ကိစ္စတွေအတွက် ထိုက်သင့်တဲ့ အပြစ်ဒဏ်တော့ ခံရမှာပေါ့ဗျ"

မြနန်းမုံ၏ မျက်နှာလေးမှာ သောကအပေါင်းတို့ လွင့်စင်ရလေပြီ။

အားလုံး၏ ရယ်သံလွင်လွင်ကို ကြားနေပါ၏။

"လာ. . . သိဂီ မောင်တို့ ဂေါက်ကွင်းထဲ လျှောက်ကြည့်ရအောင်"

ကိုပိုင်စိုး၏ အစ်မ မိသားစုတို့ သူတို့နားမှ ထွက်ခွာသွားကြချိန်မှာ ကိုပိုင်စိုးက မြနန်းမုံ၏ ပခုံးစွန်းလေးနှစ်ဖက်ကို သူ့လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်လှုပ်ခါပြီး မချင့်မရဲ မျက်နှာနှင့် ကြည့်နေဆဲ. . .

"အစ်ကိုနဲ့ မမမုံ"

သည်တော့မှ သူတို့နားက စိုင်းလွမ်းအောင်ကို သတိတရလှည့်ကြည့်ဖြစ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် တရားခံပါ၊ ဒီဓာတ်ပုံတွေကို ကြုံကြုံဖန်ဖန် တွေ့လာရလို့ ခုလိုဖြစ်ရတာ၊ ကျွန်တော့်ကို ခွင့်လွှတ်ကြပါဗျာ"

"ဒီလိုဖြစ်ပေးမှ ပိုပြီး ချစ်လို့ကောင်းတာ ညီလေးရ"

"သွား. . . သူ ကျွန်ဩကိုမရှိဘူး"

"နှလုံးသားနဲ့ အသက်နဲ့ ရင်းပြီးမှ ခက်ခက်ခဲခဲ ရလာတဲ့ အချစ်လေးကို ကျွန်ဩကြီးတစ်ခွဲသားနဲ့ ကြည့်မနေနိုင်ဘူး၊ လာစမ်းပါ၊ ကားထဲသွားမယ်"

"မောင်ရယ်ကွယ်၊ နန်းမုံ တောင်းပန်ပါတယ်"

"ဘယ်နည်းနဲ့မှ ကျွန်တော် မကျေနပ်နိုင်ပါဘူးခင်ဗျာ၊ ထိုက်သင့်တဲ့ဒဏ် မပေးရမချင်းပေါ့"

ကိုပိုင်စိုး၏ ကြည်နူးမှုသံစဉ် ရယ်သံလွင်လွင်လေးက မောမြေတောင်တန်းအနှံ့သို့တိုင် ပျံ့ချေတော့မည်။

"လာ. . . ကားထဲသွားကြမယ်"

ဝေါက်ကွင်း၏ ပြင်ပသို့ ထွက်ခဲ့ကြသည်။

"မမုံ"

"ဩော်. . . စိုင်း"

လက်ချင်းတွဲယှက်ထားကြသော ချစ်သူနှစ်ဦးကို စိုင်းလွှမ်းအောင်က မျက်နှာလွှဲထားပြီး. . .

"မမုံကို တစ်ခုပြောစရာရှိလို့ပါ၊ ပန်းငုံနဲ့ ပတ်သက်လို့"

"ဘာလဲဟင် စိုင်း"

"သူ့အမှုက ပေါ့မှာပါ၊ တကယ်လို့ ထောင်ကျရင်လည်း တောင်ကြီးမှာ မထားဘူးလေ၊ မြင်းခြံဖြစ်ဖြစ် မန္တလေးဖြစ်ဖြစ်





ပို့လိမ့်မယ်၊ အဲဒီလိုဖြစ်ခဲ့ရင်လည်း ပန်းငုံအတွက် စိုင်းအစစ အရာရာ တာဝန်ယူပါတယ်လို့ မမမုံကို ပြောလိုက်ပါရစေနော်"

"ကောင်းပါပြီ မောင်လေးရယ်"

"တကယ်တော့ ပန်းငုံနဲ့ စိုင်းကသာ အဆင့်တူဘဝတူပါဗျာ၊ သူလက်ခံသမျှ ကိစ္စတိုင်းကို စိုင်းတစ်သက်လုံး ကူညီပေးနေပါ့မယ်၊ မမမုံ စိတ်ချသွားပါနော်"

"ဟင် မမမုံက ဘယ်ကိုသွားရမှာမို့ ဒီလောက်မှာနေရတာလဲ စိုင်းရဲ့"

စိုင်း မဖြေမီ ကိုပိုင်စိုးက. . .

"ဘယ်သွားရမှာလဲဗျ၊ ယောက်ျားယူပြီး ရန်ကုန်လိုက်သွားရမယ်လေ"

"အို"

"စိုင်း သွားတော့မယ် အစ်ကိုနဲ့ မမမုံ"

စိုင်းလွှမ်းအောင်က အမြန်ဆုံး နှုတ်ဆက်ထွက်ခွာသွားလေတော့မှ ကိုပိုင်စိုးက မြနန်းမုံကို ကားထဲသို့ ဆွဲခေါ်လာခဲ့သည်။

လူရှင်းနေသော ဝန်းကျင်ကို တစ်ချက် ကြည့်လိုက်ပြီးမှ မြနန်းမုံကို သူ့ရင်ခွင်ထဲမှာ နစ်နေအောင် ပွေ့ပိုက်ထားလိုက်ရင်းက. . .

"မြနန်းမုံ၊ မောင်သိပ်ချစ်ရတဲ့ နန်းမုံလေးရယ်"

စွန့်စားရဲသော အသက်ချင်းစက် လဲပေးရဲသော အချစ်ဦး၏ ရင်ခွင်သာမှာ မြနန်းမုံ ခိုလှုံရင်း အားကိုးထိုက်ဖွယ်ယောက်ျား



www.burmeseclassic.com

www.burmeseclassic.com



မြတ် အဖြစ်နှင့်လည်း နှစ်နှစ်ကာကာ ချစ်မြတ်နိုးစွာဖြင့် မောင့်တစ်ကိုယ်လုံးကို မြနန်းမုံ အားပါးတရ ပြန်လည် ဖက်တွယ်ထားလိုက်မိချိန်မှာ. . .

စိုင်းလွှမ်းအောင်သည်

သူတို့နှစ်ဦးကို ကျောခိုင်းလျက် မြနန်းမုံရှိရာသို့ သူလာနေကျ ကောလိပ်ဘေး လမ်းဘက်သို့ မျက်နှာမူ၍ တရွေ့ရွေ့လျှောက်လှမ်းသွားနေသည်။

နောင်ကာလများတွင် ဤနေရာ၌ သူ၏ လေးစားမြတ်နိုးအပ်သော ချစ်မမမုံ ရှိနေတော့မည် မဟုတ်ပါ။

စိုင်းလွှမ်းအောင်၏ မျက်ဝန်းတို့ ဝေမှိုင်းလာသည်။

သူ့နှုတ်ခမ်းမှာဖြင့် အပြုံးတွေဝေလို့ပါ. . .။

◆ ◆ ◆

ကလျာ (ဝိဇ္ဇာ-သိပ္ပံ)
၂၉-၆-၁၉၈၆
တောင်ကြီးမြို့



www.burmeseclassic.com